# အပြစ်ကင်းစင်သူ၏ ပုံသဏ္ဍာန်

ဂျက်ဖာဆွန်ဘောလီး၊ အင်ဒီယားနား၊ အမေရိကန်။

၆၂ - ၁၁၁၄ အမ်မ်

1 ၁။ ကျေးဇူးတင်ပါတယ်။ ဘုရားသခင် ကောင်းချီးပေးပါစေ။ ကျွန်တော်ဒီဗိမာန်တော်ကို ပြန်ရောက်တဲ့အတွက် အရမ်း ကောင်းမွန်တယ်လို့ခံစားရပါတယ်။ ဒီနေ့မနက် အင်မတန်သာယာ လှပပါတယ်။ အားလုံးကိုလည်း မင်္ဂလာရှိသောနံနက်ခင်း ကျေးဇူးတော် ခံစားရသောနံနက်ခင်း လို့နှုတ်ဆက်ပါရစေ။ ဘုရားသခင်ကလည်း ဒီနေ့တနေ့လုံး ကျွန်ုပ်တို့ အားလုံးနဲ့အတူ ရှိတော်မူပါစေလို့လည်း ကျွန်တော်ဆုတောင်းပြီးတော့ ယုံကြည်ပါတယ်။ ဒီမနက်သင်ခန်းစာတစ်ခု ကျွန်တော် ပြောဘို့ရှိပါ တယ်။ ဒီသင်ခန်းစာကို တိုက်ရိုက်ပြောရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အရေးကြီးလို့ဘဲ ဖြစ်တယ်။ ပရိသတ်ကို လည်း အကြာကြီးထိုင်ပြီး စိတ်မရှည် သီးမခံနိုင်လောက်အောင် မဖြစ်စေချင်ဘူး။ တချို့ဆိုလည်း မတ်တပ်ကြီး ရပ်နေကြရ တယ်။ သိပ်အချိန်ကြာနေမယ်ဆိုရင်လည်း အဲလိုမတ်တပ်ကြီး တွေရပ်နေမယ်ဆိုရင် မကောင်းပါဘူး။ ကျွန်တော် တိုက်ရိုက် ဘဲ သင်ခန်းစာ ကိုပြောကြားလိုပါတယ်။

2 ၂။ ယနေ့ည ကျွန်တော်ပြောလိုတဲ့ အကြောင်းအရာကတော့ ကျွန်တော့် ဘဝအသက်တာအတွက် လမ်းညွှန်ဆိုတဲ့ခေါင်း စဉ်ဘဲဖြစ်ပါတယ်။ ကျွန်တော် ဒီညတော့ လာနိုင်သမျှ များများလာဘို့အတွက်တော့ နဲနဲမြှော်လင့်ပါတယ်။ ခင်ဗျားတို့တော့ ဘုရားရှိခိုးကျောင်းတွေ ခင်ဗျားတို့သွားဘို့ရှိမယ် ဆိုလို့ရှိရင် သွားနိုင်ပါတယ်။ ခင်ဗျားတို့ ဘုရားကျောင်းမှာ ခင်ဗျားတို့ဒီည သွားဘို့သင့်ပါတယ်။ ခင်ဗျားတို့ အဲဒီမှာရှိဘို့ တာဝန်ရှိပါတယ်။ အဲဒီမှာ အလင်းဖြစ်စေရပါမယ်။

အခုကျွန်တော်တို့က အချိန်တိုင်းအချိန်တိုင်းမှာ ခင်ဗျားတို့ကို ပြန်လာစေချင်ပါတယ်။ နေရာရအောင်လည်း ကျွန်တော် တို့စီစဉ်ပေးမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့မှာ အခက်အခဲတွေရှိနေပါတယ်။ အဲဒီ အခက်အခဲ တွေကိုလည်း အမှုဆောင်ကော်မီတီက ဖြေရှင်းပေးဘို့ကြိုးစားပါတယ်။ တနေရာပြီးတနေရာ သူတို့ ပြင်ဆင်ပို့ဆောင် ပေးပါတယ်။ တနေရာ မှာအဆင်မပြေရင် တနေရာကိုအဆင်ပြေအောင် လုပ်ရပါတယ်။ ဒါပေမဲ့လည်း သိတဲ့အတိုင်းဘဲ စာတန်က ကျွန်တော်တို့ အမှန်တရားလုပ်နေတာကို အမြဲတိုက်ခိုက်ဖျက်ဆီးပါတယ်။ ကျွန်တော်တို့က အမှန်တရားဘက် ကဘဲ အမြဲရပ်တည်လျှက်ရှိပါတယ်။

3 ၃။ အန်ထော်နီဘယ်ရောက်နေသလဲဆိုတာကို ကျွန်တော်သိချင်ပါတယ်။ သူ့ကိုကျွန်တော် မတွေ့လို့ဖြစ်ပါတယ်။ အန်ထော်နီရဲ့အဖေက သူ့ကိုရှာနေတယ်။ ပရိသတ်ထဲမှာလည်း ကျွန်တော်ရှာကြည့်ပါတယ်။ ခင်ဗျား အဲဒီမှာ ထိုင်နေ တယ်လို့ သူကပြောပါတယ်။ ခင်ဗျားနဲ့ခင်ဗျားအဖေ ကျွန်ုပ်တို့နဲ့ အတူတကွရှိတဲ့အတွက် ကျွန်တော် ဝမ်းသာပါတယ်။ နယူးယောက်က ဘရာ သာနီလားနိုးလည်း အတူရှိနေပါတယ်။ ဒီတစ်ခါကျွန်တော် ပြည်ပခရီးထွက်ဘို့ မြှော်လင့်ပါတယ်။ နွေဦးပေါက်ရာသီ ရောက်လို့ရှိရင် နယူးယောက် ပြည်ပဖက်ကို ကျွန်တော် ထွက်မှာဖြစ်ပါတယ်။ တနေရာရာမှာ ဘုရားသခင် အလိုတော်ရှိတဲ့နေရာကို သွားရပါမယ်။ ခင်ဗျားတို့အားလုံးတစ်ယောက်စီအတွက် ကျွန်တော်တို့အလွန်ဘဲ ဝမ်းသာမိပါတယ်။ ဒီနေရာမှာရှိ နေတဲ့အတွက်လည်း အလွန်ကောင်းမွန်ပါတယ်။ မနေ့ညကလည်း အရမ်းဘဲခွန်အားရစရာ ဖြစ်ပါတယ်။ ဟေရှာယရဲ့ ဗိမာန်တော် ထဲက အကြောင်း အရာဖြစ်ပါတယ်။

ယနေ့မနက် ကျွန်တော်တို့သည် ဤဘာသာရပ်အကြောင်းကိုသွန်သင် ပြောပြလိုပါသည်။ ဘာသာ ရပ်၏ခေါင်းစဉ်မှာ ဘုရားသခင်၏အသက်ရှင် သောဗိမာန်တော်ကို တည်ဆောက်ခြင်း အပြစ်ကင်းစင်သော ဘုရားသခင်၏လူ ခေါင်းစဉ်ဖြစ်ပါသည်။ အသက်ရှင်တော်မူသော ဘုရားသခင်၏အသက်ရှင်တော်မူသော ဗိမာန်တော်ဖြစ်ပြီး ကိုယ်တော်ရှင် ကျိန်းဝပ်တော်မူသောနေရာ ဖြစ်ပါသည်။

4 ၄။ ကျွန်တော်နားလည်သည်မှာ ဤနေရာတွင်သူတို့သီချင်းကောင်းကောင်း ဆိုတတ်ပါသည်။ ကျွန်တော် မကြားဘူးပါ။ ယနေ့ည ဤနေရာတွင် ကျွန်တော်လာရောက်ပြီး ကျွန်တော်၏ဇနီးသည် ကျွန်တော့်ကို ဘရာသာ အမ်းဘရမ်းအကြောင်းကို ပြောပြပါသည်။ သူကကမ်မစီမြို့၌ လာရောက်ခြင်း ဖြစ်ပါသည်။ ယမန်နေ့ညက တည်းက သူရှိနေပါသည်။ ယနေ့မနက်တော့ သူ့ကိုမတွေ့ပါ။ တနေရာရာမှာ ရှိနေမည်ဟုထင်ပါသည်။ ယနေ့ည သူသီချင်းဆိုသည်ကို ကျွန်တော်ကြားလိုပါသည်။ ကိုယ်တော်ရှင်၏ဘုန်းဂုဏ်တော် ဒါမှမဟုတ်ကြီးမြတ်တော်မူခြင်းဆိုသောသီချင်းများကို ကျွန်တော် ကြားလိုပါသည်။ Down From His Glory သို့မဟုတ် How Great Thou Art ဖြစ်ပါသည်။ဘရာသာဘရမ်သီချင်းဆိုသည်ကိုဘယ်နှစ်ယောက် ကြားလိုပါသနည်း။ ကျွန်တော်သီချင်းဆိုကောင်းပါတယ်။ အလွန်နှစ်သက်ပါသည်။ ဂရီးဒါလည်း ထိုသို့သောအသံမျိုးကို နှစ်သက်ပါ သည်။ ဘရာသာဘက်ဒါ၏ အသံကိုပြန်လည်၍ သတိရစေပါသည်။ ဘရာဘက်ဒါလည်း သီချင်းဆို ကောင်းပါ သည်။ ကျွန်တော်တို့အားလုံးလည်း သိနေပါသည်။ Down From His Glory သို့မဟုတ် How Great Thou Artကို ကျွန်တော်တို့ကြား လိုပါသည်။ ယခုသူနေရာယူပြီဟု ကျွန်တော်ယုံကြည်ပါသည်။ ကောင်းပါသည် ဘရာ သာအမ်းဘရမ်း ယနေ့ ညခင်ဗျားဖြစ်နိုင်ရင်သီချင်းဆိုပြပါ။ ခင်ဗျားဆက်ပြီးတော့ ညဖက်ထိဆက်ပြီးနေမယ်ဆိုရင် ဆိုနိုင်ပါသည်။ တခြားယနေ့ည ဝတ်ပြုစည်းဝေးကို ခင်ဗျားဆက်နေမည် မဟုတ်ပါလား? ဆက်နေနိုင်မည် မဟုတ်ပါလား? ဘယ်သူ့ကိုမှ ကျွန်တော် စိတ်ဝမ်းကွဲစေတာကို မဖြစ်စေလိုပါ။ တံဆိပ်(၇)ခုအကြောင်း နဲ့ပတ်သက်လို့ ကျွန်တော်တရားဟောတဲ့အခါမှာ ခင်ဗျားလာမည်မဟုတ်ပါလား? ကျွန်တော်အခွေနဲ့ သွင်းထား လိုပါ သည်။ How Great Thou Art နှင့် Down From His Glory ကိုလည်း ထိုအချိန်မှာ သီဆိုစေလိုပါသည်။

5 ၅။ ဘုရားသခင်ကို အမှုတော်ဆောင်ရသည်မှာ မကောင်းပေဘူးလား? ကျွန်တော် ခရစ်ယာန်မဟုတ်ဘူးဆိုလို့ရှိရင် ဘယ်လိုနေမလဲ ကျွန်တော်လည်းမသိပါ။ ခရစ်ယာန်ဖြစ်ရတာ အလွန်နှစ်သက်စရာ ကောင်းပါသည်။ အပေါ်တက်လိုက် အောက်ဆင်းလိုက် ခုန်လိုက်ပေါက်လိုက် သံကုန်အော်ဟစ်လိုက်နှင့် ကျွန်တော်ခံစား ရပါတယ်။ ခရစ်ယာန်ဖြစ်ရခြင်းဟာ ခရစ်တော်၌သာ ကျောက်ချထားခြင်းဖြစ်ပါတယ်။

ကျွန်တော်အမည်ခေါ်တိုင်း မှားလေ့ရှိပါတယ်။ S.T သို့မဟုတ် T.S ဖြစ်ပါတယ်။ ဘရာသာစမ်မနန် အမည်ဖြစ်ပါ တယ်။

ဘရာသာစမ်မနန်ကို ကျွန်တော်ကျေးဇူးတင်ပါတယ်။ သူ့ဇနီးအတွက်လည်း ကျေးဇူးတင်ပါတယ်။ သူ့ဇနီးက (၆)လလောက်အချိန်ယူပြီးတော့ ကျွန်တော့်ရဲ့စာအုပ်ကို လက်နှိပ်စက်ရိုက်ပေးပါတယ်။ အသင်းတော်ကာလ(၇)ပါးအ ကြောင်း ဖြစ်ပါတယ်။ အခုတခါပြန်ပြီး လက်နှိပ်စက်ရိုက်ပြီး အမှားပြင်ဆင်ပြီးတော့ စာအုပ်ပုံစံနဲ့ ထုတ်ဝေမှာဖြစ်ပါတယ်။ အသင်းတော်ကာလ (၇)ပါးအကြောင်း စာအုပ်ဖြစ်ပါတယ်။

SisterSumner ဘယ်ရောက်ရောက် ကျွန်တော်တို့ ခင်ဗျားကိုပေးလိုပါတယ်။ အလုပ်အင်မတန်များ ခဲ့ပါတယ်။ ဘာကြောင့်လဲ? စာအုပ်ကအင် မတန်ထူလို့ ဖြစ်ပါတယ်။ ကျွန်တော် ပြန်ဖတ်ရင်တောင်မှ(၆)လ လောက်ကြာအောင် ဖတ်ရပါမယ်။ တိတ်ခွေမှပြန်ကူးပါ။ တခါပြန်ပြီးတော့ ထပ်ခါ ထပ်ခါ စစ်ဆေးပြီးတော့မှ စာအုပ်ထုတ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အခုအဆင်သင့် ဖြစ်ပါပြီ။ ပုံနှိပ်တိုက်ကို ပို့ရမှာဖြစ်ပါတယ်။ လူတိုင်းလူတိုင်း လက်ထဲမှာကိုင်ထားပြီး လေ့လာနိုင်ပါတယ်။ ဘီလီကအခုနကိုင်ထားပြီး ကျွန်တော့်ကိုပြပါတယ်။ ပုံနှိပ်စက်ကို ပို့ဘ်ို့ရန်အတွက် အားလုံးအဆင်သင့် ဖြစ်နေပါပြီ။

ဒါကြောင့်မို့လို့ စစ္စတာစမ်မနန်အနေနဲ့ ဗီမာန် တော်ကိုလာတဲ့အခါမှာ ဗီမာန်တော်က အဖိုးအခပေးလိုပါတယ်။ ဘာမှမလုပ်ဘဲ လက်ချည်းသက်သက် ပြန်တာ မဖြစ်စေလိုပါ။ စာအုပ်ရလို့ရှိရင် အဖိုးနှုန်းထား သတ်မှတ်ပြီးတော့ အဲဒီအဖိုးနှုန်းထားအတိုင်း ရောင်းချမယ်ဆိုရင် ငွေပြန်ရမှာဖြစ်ပါတယ်။ အမှုဆောင်အဖွဲ့ကိုလည်း စကားပြောပြီး ဖြစ်ပါတယ်။ အချို့နဲ့လည်း စကားပြောကြည့် နိုင်ပါတယ်။ စစ္စတာစမ်မနန်အတွက် သူတို့က ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဘုရားသခင် ကောင်းချီးပေးပါစေ။

6 ၆။ ဘရာသာနှင့်စစ္စတာတစ်တို့ ထိုင်နေတာတွေ့ရပါတယ်။ သူမကိုလည်း မကြာခင်ကတွေ့ခဲ့ရပါတယ်။ ဒီတခါတော့ နောက်ဆုံးတွေ့ရခြင်းဘဲ ဘရာသာဘီလီရယ်လို့ သူမကပြောပါတယ်။ ကျမအရမ်းအသက်ကြီးနေပြီလို့ သူမက ပြောပါတယ်။

ကျွန်တော်ကလည်း ဟာအဲလိုမပြောပါနဲ့။ အဲလိုပြောတာကို မကြားချင်ဘူး။ အမေအိုနဲ့အဖေအို ကလေးတွေလိုဘဲ ဖြစ်ပါတယ်။ ဘရာသာနဲ့စစ္စတာကစ်ကို ကျွန်တော်တို့ အားလုံးချစ်ပါတယ်။ လူတိုင်းချစ်ကြပါတယ်။ သူတို့ဘုရားကျောင်း ထဲဝင် လာတာကို တွေ့ရလို့ရှိရင် ကျွန်တော့်စိတ်ထဲမှာ အင်မတန်မှ နှစ်သက်ကြည် နူးမိပါသည်။ သူတို့ဟာဆိုလို့ရှိရင် ကျွန်တော် မမွေးခင်ကတည်းက ဧဝံဂေလိတရားကို ဟောပြောသူ ဖြစ်ပါ တယ်။ အခုခါမှာ ကျွန်တော်က အသက်ကြီးနေပါပြီ။ စဉ်းစားကြည့်ပါ။ ကျွန်တော် မမွေးခင်ကတည်းက သူတို့ကဧဝံဂေလိဟောနေကြတဲ့သူတွေပါ။ အခု ကျွန်တော် ဒီနေရာမှာ ရောက်နေတယ်။ ကျွန်တော် စဉ်းစားမိတယ်။ ကျွန်တော်လည်း အသက်ကြီးလာပြီ ဖြစ်ပါတယ်။ ကျွန်တော်ဟာ အရာခပ် သိမ်းကိုလက်မြှောက် အရှုံးပေးရမဲ့အချိန် ရောက်နေပါပြီ။ ဒါပေမဲ့လည်း ဘရာသာနဲ့ စစ္စတာကစ်တို့ဝင်လာတာကို တွေ့ရတဲ့အခါမှာ ဘုရားဘုန်းတော်ကိုချီးမွမ်းပါတယ်။ ကျွန်တော့်စိတ်ထဲမှာလည်း သက်သာတဲ့ခံစားမှုမျိုးကို ခံစားရပါ တယ်။

သူတို့နှစ်ယောက်က ကျွန်တော်တို့သူတို့ကို ကြည့်ခြင်းအားဖြင့် ခွန်အား အများကြီးတိုးပွားပါတယ်။ သူတို့ဟာ ကျွန်တော့်အသက်အရွယ်တုန်းကဆိုရင် အလုပ်လုပ်လို့ကောင်းတုန်း ကွင်းထဲမှာဆင်းပြီးတော့ သက်သေခံလို့ ကောင်းဆဲ ဖြစ်ပါတယ်။ ဒီမနက်လိုမျိုး သူတို့ရောက်လာပြီးစာအုပ်တွေကို ပေးဘို့မေးပါတယ်။ စာတွေကိုယူသွားပြီးတော့ ဖြန့်ဝေ ရောင်းချပါတယ်။ တိတ်ခွေတွေကိုလည်း သူတို့လိုချင်ပါတယ်။ သွားပြီးဖြန့် ဝေပြီးတော့ဝိညာဉ်တွေကို ဖမ်းနိုင်မှာဖြစ်ပါတယ်။ ဒီတိတ်ခွေတွေကိုဖွင့်ပြပြီးတော့ သက်သေခံနိုင်ပါတယ်။ သူတို့အသက်တွေဟာ (၁၀၀)နီးပါးရှိနေပါပြီ။ ဒီတောင်ပံ လေးနှစ်ခု ဟာ ညတုန်းက ဘာအကြောင်းပြောနေ ပါသလဲ? ပြန်ပြီးတော့ စဉ်းစားကြရအောင်။ စစ္စတာကစ် အသက်ဘယ်နှစ် နှစ်ရှိပြီလဲ? (၈၁)နှစ်ရှိပါပြီ။ ဘရာသာ ကစ်ကော အသက်ဘယ်နှစ်နှစ်ရှိပြီလဲ? (၈၂)နှစ်ရှိပါပြီ။ (၈၁)နဲ့(၈၂)နှစ် ရှိပေမဲ့လည်း ဒီသူတို့ရဲ့တောင်ပံလေးတွေဟာ အမြဲတမ်းဘဲခတ်လျှက်ရှိပါတယ်။ သူတို့ရဲ့တောင်ပံလေးတွေကို သူတို့ကအသုံးပြုနေဆဲဖြစ် တယ်။

7 ၇။ အိုဟိုင်းအိုးပြည်နယ်မှာ တချိန်ကဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်လေး အကြောင်းကို ပြန်လည်ပြောပြချင်ပါတယ်။ စစ္စတာကစ်သိပါတယ်။ အိမ်မှာ တယ်လီဖုန်းသံကြားရတဲ့အခါမှာ သူမကသွားပြီးတော့ နားထောင်ပါတယ်။ ကလေးငယ်လေး တစ်ယောက် မွေးဖွားလာပါတယ်။ ဒါပေမဲ့လည်း အဲဒီက လေးငယ်လေးရဲ့အူတွေဟာ အပြင်ကိုထွက်နေပါတယ်။ ဆီးအိတ် ရဲ့အပြင်ကိုထွက်နေတဲ့ကလေးလေး ဖြစ်နေပါတယ်။ ဆရာဝန်ကလည်း ဘာလုပ်ရ မှန်းမသိတော့ပါဘူး။ နောက်ပြီးတော့ ခွဲစိတ်ကုသရမှာကိုလည်း သူကစိုးရိမ် နေပါတယ်။ သူတို့ကလည်း ဆုတောင်းပေးပါတယ်။ ကျွန်တော်တို့ကလည်း အားလုံးဝိုင်း ဆုတောင်းပေးပါတယ်။ အူတွေကိုအော် ပရေးရှင်းလုပ်ပြီးတော့ ပြန်ထည့်ဘို့အတွက် ဒါပေမဲ့လည်း မဖြစ်နိုင်ဘူး။ အသက်ရှင်နိုင်မှာ မဟုတ်ပါဘူးလို့ ထင်ပါတယ်။ ဒါပေမဲ့လည်း ကြိုးစားကြည့်တဲ့အခါမှာ အောင်မြင်ပါတယ်။ အသက်ရှင် ခွင့်ရပါတယ်။ ဘာမှသွေးစီး ထွက်လာခြင်းတွေ မရှိပါဘူး။ အစားအသောက်တွေလည်း ဘာမှပြန်ထွက်မလာပါဘူး။ စစ္စတာကစ်က တဖန် ထပ်ပြီး ဖုန်းဆက်ပါတယ်။ ကျွန်တော်တို့အားလုံး ထပ်ပြီးဆုတောင်းပေးတယ်။ အခုခါမှာ ပုံမှန်ပြန်ပြီးတော့ ဖြစ်သွားပါတယ်။

သူမဟာ ဒီကိစ္စအတွက်သက်သေဖြစ်သလို ဆရာဝန်ကလည်း သက်သေဖြစ်ပါတယ်။ သခင် ယေရှုက တကယ့်ကြီးမားမြင့်မြတ်တဲ့ ဖန်ဆင်းရှင်ဖြစ်တယ်ဆိုတာကို သူတို့နှစ်ဦး သက်သေခံပါတယ်။ စာတန် ဘာကို လုပ်ဘို့ကြိုးစားသလဲ? ကလေးငယ်ရဲ့အသက်ကိုဖြတ်တောက်ပစ်ဘို့ကြိုးစားပါတယ်။ ကလေးငယ်ကို သေဆုံးအောင် ပြုလုပ်ပါတယ်။ ဒါပေမဲ့လည်း အမျိုးသမီးဟာ ကလေးငယ်အသက်ရှင်ခွင့်ရတာကို မြင်တွေ့တဲ့အခါမှာ ကိုယ်တော်ရှင်ထံကို ပြန်လာပါတယ်။ စစ္စတာကစ်ဟာ ကလေးငယ်ကလေးကို ဘုရားသခင် ထံတော်ပါးကို ပြန်လည်ရောက်ရှိစေပါတယ်။ ဒီအံ့သြဘွယ်နိမိတ်လက္ခဏာ ဖြစ်ပျက်ပြီးတဲ့နောက် ကလေးငယ်ရဲ့မိခင်ကို ခရစ်တော်အကြောင်း သက်သေခံပြီး ခရစ်တော် ထံကို ပို့ဆောင်ပေးခဲ့ပါတယ်။

8 ၈။ မနေ့ကလည်း ကယ်လီဖိုးနီးယားက ဖုန်းလာပါတယ်။ ဓမ္မအမှုတော် ဆောင်ငယ်ကလေးတစ်ဦး ကယ်လီဖိုးနီးယားမှာ ရောက်သွားတယ်။ အဲဒီ အချိန်တုန်းကလည်း ကျွန်တော်ကယ်လီဖိုးနီးယားကို ပထမဆုံးအချိန် ရောက်ခဲ့စဉ်က သူနဲ့ဆုံခဲ့ပါ တယ်။

သူ့ရဲ့သားရဲ့သားငယ်လေး တစ်ယောက် ရှိပါတယ်။ အဲဒီကလေးလေး မွေးလာတဲ့အခါမှာ နှလုံးမှာဖုံးအုပ်နေတဲ့ အမှေးပါးလေးသုံးလေးခု ရှိနေပါတယ်။ အဲဒီအကြောင်းကို ကျွန်တော်ကပြော ပြပါတယ်။ ဘုရားသခင်ဟာ ဖန်ဆင်း တော်မူတဲ့အရှင်ဖြစ်ပြီး ပုံမှန်ဖြစ်အောင် လုပ်ပေးနိုင်ပါတယ်။ ဒီကလေးငယ်လေးကို ရောဂါပျောက်ကင်းအောင် လုပ်ပေး နိုင်ပါတယ်။ ကလေးငယ်လေးကို သတ္တိရှိရှိနေပါလို့သာ ပြောပေးပါလို့ ကျွန်တော်ကပြောပါတယ်။ ဒီကလေးငယ်လေးဟာ ကျွန်တော်တို့ ကယ်လီဖိုးနီးယားကို ပထမဆုံး အကြိမ်ရောက်ရှိခဲ့စဉ်က စည်းဝေးပွဲမှာ တွေ့ရှိခဲ့ပါတယ်။ လွန်ခဲ့တဲ့(၁၈)နှစ်ကရှိသွားပါပြီ။ ကျွန်တော်ကယ်လီ ဖိုးနီးယားမှာ ရောက်ရှိစဉ်က အဲဒီကလေးငယ်ဟာ ဒီစည်းဝေးပွဲကို အလွန်ဘဲတက် ရောက်ချင်ပါတယ်။ သူဟာ ကလေးငယ်လေးဖြစ်ပြီးတော့ ဒီကလေးငယ်မှာ တစ်စုံတစ်ခု ချို့ယွင်းနေတယ်ဆိုတာကိုလည်း သူတို့တွေ့ရှိပါ တယ်။

ကလေးငယ်ဟာ ပြာနှမ်းပြီး သူတို့ကလည်း အောက်စီဂျင်ပေးဘို့ကြိုး စားကြပါတယ်။ ဒါပေမဲ့လည်း အသက်ရှင်မဲ့ပုံမ ပေါ်ပါဘူး။ ဆရာဝန်ကလည်းပြန်ပြီး စစ်ဆေးပါတယ်။ အဲဒီအချိန်မှာ နှလုံးအမှေးပါး(၃)ခုလောက် ပိတ်နေတယ်။ ဘယ်လိုမှဖွင့်လို့မရဘူးဆိုတာ တွေ့ရတယ်။ အမှေးပါးလေး တစ်ခုသာ တုန်ခါနေတယ် ဆိုတာကို တွေ့မြင်ရပါတယ်။ အဲ တော့ သူ့အဖေ ကိုခေါ်ပြီးတော့ အဖေ ဘုရားသာဘုရမ်ဟမ်ရောက်နေပါ တယ်လို့ ပြောလိုက်ပါတယ်။ ခရစ်တော်ဘုရားကို ဆုတောင်းပေးပါ။ ခရစ်တော်ဘုရား တတ်နိုင်ပါတယ်လို့ သူကပြောပါတယ်။ ဒီကလေးငယ်လေးဟာ အရမ်းဘဲ ယုံကြည် ချက်ကြီးမားတဲ့ သူလေးဖြစ်ပါတယ်။ မနေ့ညက ကျွန်တော်တို့ပြော ထားတဲ့အကြောင်းအရာတွေကို သူကမှတ်မိနေပါတယ်။

9 ၉။ ကျွန်တော်တို့ဆက်ပြီး စကားပြောနေတဲ့အခါမှာ အင်မတန်အေးချမ်းတဲ့ မနက်ခင်းမှာရှိတဲ့ နှင်းခဲတွေလိုဘဲ ဖြစ်နေပါတယ်။ အရမ်းကိုထူထပ်စွာ နှင်းတွေကျနေပါတယ်။ တစ်ခုနဲ့တစ်ခုလည်း ချိတ်ဆက်လျှက်ရှိပါတယ်။ ကျွန်တော်တို့ အား လုံးစုပြီး မိတ်သဟာရဖွဲ့ခွင့်ရတဲ့အတွက် ကျွန်တော်တို့အရမ်းဘဲ ဝမ်းသာနေပါတယ်။

အခုကျွန်တော်တို့အားလုံး တိတ်တိတ်နေပြီးတော့ ဒီသင်ခန်းစာကို ဆက်လက်ပြီးတော့လေ့လာကြပါစို့။ ဘလက် ဒိတ်ကိုလည်း ခင်ဗျားတို့မြင်ရမလား မမြင်ရလားဆိုတာကို ကျွန်တော်တို့မသိပါ။ ဒါပေမဲ့ ဒီအပေါ်ကို နည်းနည်းရွှေ့လိုက် မယ်။ ဆရာဝန်က အလင်းမီးထိုးပေးဘို့လိုသလားလို့ မေးပါတယ်။ အခုတော့မလိုဘူးထင်ပါတယ်။ ခဏကြာရင်တော့လိုမယ် ထင်ပါတယ်။ လိုတဲ့အခါမှ ကျွန်တော်တို့ဖွင့်မယ်။ အလင်းကိုတော့ အဆင်သင့်လုပ်ထားပါ။ ဒီဘက်ကို လှည့်ထားပါ။ ဟိုအနောက်ကလူတွေ တွေ့ကြရဲ့လား? မတွေ့ရဘူးဆိုလို့ရှိ ရင်ပြောပါ။ တွေ့ရတယ်ဆိုလို့ရှိရင် လက်ကိုမြှောက်ပါ။ ဖတ်ကြည့်ပါ။ မီးအလင်းထိုးထားပါ။ အဆင်သင့်လုပ် ထားပါ။

10 ၁၀။ ကျွန်တော်တို့ အဆင်သင့်ပြင်မဲ့အခါမှာ ဒီနေ့မနက်(၁၅)မိနစ်လောက်စော နေပါတယ်။အခုအချိန်အ ကြောင်းပြောမှာ ဖြစ်ပါ တယ်။ ကျွန်တော်တို့ လောလော လောလောမလုပ်ချင်ပါဘူး။ လောလော လောလော လုပ်ရင် အားလုံးပျက်စီးသွားပါတယ်။ ကျွန်တော်မနေ့ကတိတ်ခွေကို နားထောင်တဲ့အခါမှာ ခင်ဗျားတို့ကိုပြော တဲ့အခါမှာ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ပြီး ရှက်မိပါတယ်။ ကျွန်တော်ပြောတဲ့ အကြောင်းအရာကိုမဟုတ်ပါဘူး။ ကျွန်တော်ပြောနေတဲ့ပုံစံက သိပ်မြန်နေလို့ပါ။ အရမ်းကို အလောတကြီး ဖြစ်နေပါတယ်။ ကျွန်တော် ဖြည်းဖြည်းနှေးနှေးနဲ့ စောင့်ဆိုင်းသင့်ပါတယ်။

11 ၁၁။ ဟိုတစ်နေ့ကဆိုရင် သူတို့လူးဝစ်ဘဲလ်ရဲ့အလယ်တဲ့တဲ့မှာ တိရိစ္ဆာန်ရုံ ကြီးတစ်ရုံ ဆောက်ဘို့အတွက် ပြင်ဆင် နေကြတယ်ဆိုတာကို သိရပါတယ်။ မစ္စတာဘရောင်းကနေပြီးတော့ ဒေါ်လာငွေတစ်သန်းအလှူတော် ငွေကို ဒီတိရိစ္ဆာန် ဥယျာဉ် တည်ဆောက်ရေးလုပ်ငန်းအတွက် အလှူငွေထည့်ဝင်ပါတယ်။ ကျွန်တော်အဲဒီမှာ ရောက်နေမယ်ဆိုရင် အဲဒီတိရိစ္ဆာန် တွေအားလုံးကို လွတ်လိုက်မှာပါ။ အဲဒီတိရိစ္ဆာန်တွေကို လှောင်အိမ်ထဲမှာ ထည့်ထားတာကို ကျွန်တော်မကြိုက်ပါဘူး။ ကျွန်တော် တိရိစ္ဆာန်ရုံကိုသွားတဲ့အခါမှာ ဒီတိရိစ္ဆာန်လေးတွေ ကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိပါတယ်။ ခြင်္သေ့ကြီးများ၊ ဝက်ဝံကြီးများ၊ ဟိုဘက်လျှောက်လိုက် ဒီဘက်လျှောက်လိုက်နှင့်သူတို့ကို ထောင်ချထားသလို ဖြစ်နေပါသည်။ ထောင်ကျနေ သောဘဝမျိုး ဖြစ်နေပါသည်။ ကျွန်တော်စိတ်ထဲမှာ ခံစားရသည်မှာ မကောင်းပါ။ နောက်ပြီး သူတို့ကိုဖမ်းဆီးထားသော သူများမှာလည်း အသိတရားရှိသောသူများဖြစ်၍ ထိုတိရိ စ္ဆာန်များထက် သာလွန်သောသူများ ဖြစ်ပါသည်။ ထိုတိရိစ္ဆာန် ထက်သာ လွန်သောသူများက သူတို့ကိုဖမ်းဆီးပြီးချည်နှောင်ထားသကဲ့သို့ ဖြစ်နေပါသည်။

ကျွန်တော်သည်လည်း နတ်ဆိုးသာလုပ်သည့်အကြောင်းအား စဉ်းစားမိပါသည်။ နတ်ဆိုးသည် တန်ဖိုးရှိသောသူ များ၊ ဟိန်းဟောက်နိုင်သောသူများ၊ ဘုရားသခင်၏ကွင်းနေရာများတွင် တစ်ကယ်ပင်ကျယ်လောင်စွာ ဟစ်ကြွေးနိုင်သော သူများ ဖြစ်ပါသည်။ ထိုသူများကို ထောင်ထဲတွင်ထည့် ထားသကဲ့သို့ ဖြစ်နေပါသည်။ ဂိုဏ်းဂဏကြီးဟူသော ထောင်ချောက်ထဲတွင် ဖမ်းမိထားသကဲ့သို့ဖြစ်နေပါသည်။ ယုံကြည်ချက်များ၊ ခံယူချက်များ၊ ဂိုဏ်းဂဏများမှထိုသူများအား ချုပ်ကိုင်ထားပါသည်။ လွန်စွာထိတ်လန့် ဘွယ်ကောင်းသော အရာပင်ဖြစ်ပါ သည်။

ထို့ကြောင့် ကျွန်တော်သည် တိရိစ္ဆာန်ဥယျာဉ်များကိုမကြိုက်နှစ်သက်ပါ။ ထိုတိရိစ္ဆာန်ကလေးများကဲ့ သို့ပင် ကျွန်တော်ခံစားမိပါသည်။ ကျွန်တော်တို့သည် ထောင်ချောက်ထဲတွင်၊ လှောင်အိမ်ထဲတွင် ထိုကဲ့သို့ဖမ်း ဆီးခံနေရပြီး ကျွန်တော်တို့ကိုယ် ကျွန်တော်တို့လွတ်မြောက်အောင် ကြိုးစားလျှက်ရှိပါသည်။ တစ်ခုခုချည်နှောင်ခြင်းထဲမှ ရုန်းထွက်လျှက် ရှိပါသည်။

12 ၁၂။ နှုတ်ကပတ်တော်ကို ကျွန်တော်တို့မလေ့လာမီ နှုတ်ကပတ်တော်ကို ရေးသားသောအရှင်သခင်အား ခေါင်း ငုံ့၍ဆု တောင်းကြပါစို့။

ကြီးမြတ်တော်မူသော ကျေးဇူးတော်အပေါင်းနှင့်ပြည့်စုံတော်မူသော ကောင်းကင်ဘုံရှင်အဖ၊ ကျွန်တော်တို့ ယနေ့ မနက်အားလုံးစုဝေး၍ ကိုယ်တော်ရှင်ခရစ်တော်ဘုရားရဲ့နာမတော်မြတ်၌ ဆုတောင်းကြပါတယ်။ ဘုရားသခင်ဟာ ဒီကမ္ဘာ မြေကြီးပေါ်မှာ လူသားအသွင်နဲ့ကျွန်ုပ်တို့ရဲ့အပြစ် အဖိုးအခတွေအတိုင်း အသေခံပြီး ဖြောင့်မတ်ခြင်းတရားကိုပေးအပ်ခဲ့ပါ သည်။ သူ့ရဲ့ဖြောင့်မတ်ခြင်းအားဖြင့် ကျွန်ုပ်တို့ဟာ ကိုယ်တော်ရှင်၌အပြစ် ကင်းစင်ခွင့်ကို ရခဲ့ပါသည်။ ယခုအခါမှာ ကျွန်တော်တို့အားလုံး ကိုယ်တော်ရှင်နဲ့ မထိုက်တန်ကြောင်းကို

ဝန်ခံကြပါသည်။ ကျွန်တော်တို့အထဲတွင် ကောင်းသော အရာတစ်စုံတစ်ခုမျှ မရှိပါ။ ကျွန်တော်တို့သည်ထောင် အိမ်ကြီးတစ်ခုထဲတွင် ရောက်နေကြသည်။ မည်သည့်နေရာတွင် ရပ်တည်ရပ်တည် မည်သည့်ထောင့်တွင် ရပ်တည် ရပ်တည် ကျွန်တော်တို့သည် ထောင်ထဲတွင်သာ ရှိနေပါသေးသည်။ မည်သူမျှတစ်ဦးနှင့်တစ်ဦး မကယ်နိုင်ပါ။ သို့သော်လည်း ကိုယ်တော်ရှင်သည် ကြီးမားသောအတိုင်းအတာမရှိ မြင့်မြတ်လှသောဂရုဏာတော်ဖြင့် ကျွန်တော်တို့ထံသို့ဆင်းသက်ကာ ဤထောင်တံခါးများဖွင့်၍ ကျွန်တော်တို့ အားလွတ်မြောက် စေပါသည်။ ကျွန်တော်တို့သည် ထောင်ထဲတွင်လှောင် ပိတ်နေသောသူများမဟုတ်ကြပါ။ ကျွန်တော်တို့သည် ဤကမ္ဘာကြီး၏တိရိစ္ဆာန်ရုံထဲတွင်မဟုတ်တော့ပါ။ ကျွန်တော်တို့သည် လွတ်မြောက်သွားပါပြီ။ ကျွန်တော်တို့သည် အပြင်သို့ ရောက်လျှက် ရှိနေပါပြီ။

13 ၁၃။ ကျွန်တော်တို့ ကိုယ်တော်ရှင် ကို ချစ်ပါတယ်။ ကိုယ်တော်ရှင်ကို ဝတ်ပြုကိုးကွယ်ပါတယ်။ ကိုယ်တော်ရှင် ရဲ့ဂတိ တော်ဖြစ်တဲ့ ကွင်းပြင်ကျယ်ကြီးထဲတွင် ကျွန်တော်တို့ လျှောက်ရမည် ဖြစ်ပါသည်။ ကိုယ်တော်ရှင်ဖော်ပြ တော်မူသောအ ရာအား ကျွန်ုပ်တို့၏မျက်စိနှင့် ကိုယ်တွေ့မြင်ရတော့မည် ဖြစ်ပါသည်။ ဘုရားသခင်၏ထာဝရ အသက်နှင့် ယှဉ်သောအရာကို ကိုယ်တော် ရှင်ကိုယ်တော်တိုင် ကျွန်ုပ်တို့အားဖော်ပြလျှက်ရှိပါသည်။ မိမိကိုယ်တော်တိုင် အသက်ရှင်တဲ့အကြောင်းကို ဖော်ပြပါသည်။ ပရောဖက်များအား ဖော်ပြခဲ့သကဲ့သို့ ဖြစ်ပါသည်။ ကျွန်တော်တို့သည် စိတ်ချလက်ချဖြင့် ကိုယ်တော်ရှင်၌ ငြိမ်ဝပ်စွာနေရပါမည်။ တနေ့သောအခါတွင် ကိုယ်တော်ရှင်၌ ဤဘဝအသက်တာတွင် ပြန်လည်သင့်မြတ်ကြမည် ဖြစ်ပါ သည်။ ရှင်ပြန်ထမြောက်ပြီး ထာဝရအသက်သို့ ဝင်စားခွင့်လည်းရမည် ဖြစ်ပါသည်။ မည်သည့်အခါမှ ပျက်စီးဆုံးရှုံးခြင်းကို မရောက်တော့ပါ။ (မဿဲ၂၅း၁၂-၂၃) ကျွန်ုပ်တို့၏ကိုယ်ခန္ဓာများမှာ အိုသွားမည်မဟုတ်ပါ။ ကျွန်ုပ်တို့သေဆုံးမည် မဟုတ်ပါ။ ကျွန်ုပ်တို့ဆာလောင်မွတ် သိပ်မည်လည်း မဟုတ်ပါ။ လိုအင်ဆန္ဒလည်း ပြည့်ဝသွားပြီ ဖြစ်ပါသည်။ လိုချင်တပ်မက် သည့်စိတ်များလည်း မည်သည့်အခါမှ ဖြစ်တော့မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်နှင့်အတူ လျှောက်လိုက်မည်ဖြစ်ပါသည်။ ကိုယ်တော်ရှင်၏ အသံတော်ကို ကျွန်ုပ်တို့ကြားလိုပါသည်။ ကိုယ်တော်ရှင်၏ဝမ်းမြောက်ဘွယ်ရာများအ တွင်းသို့ဝင်ပါ။ သင်တို့အတွက် ပြင်ဆင်ထားပြီးသား ဖြစ်ပါသည်။ ကမ္ဘာဦးအစ ကာလကတည်းက ပြင်ဆင်ထား ခြင်းဖြစ်ပါ သည်။

အပြစ်ဤလောကကြီးထဲသို့ ဝင်ရောက်မလာမီက ကိုယ်တော်ရှင် အဘယ်ကဲ့သို့ ပြင်ဆင်ထားပါသနည်း? အာဒံနှင့်ဧဝအတွက် သူတို့သည် မည်သည့်အခါမှ ဖျားနာခြင်းမရှိပါ။ မည်သည့်အခါမှ ဒုက္ခအခက်အခဲနှင့် ရင်ဆိုင်ရမည် မဟုတ်ပါ။ ယခုအခါတွင်လည်း ကျွန်ုပ်တို့အတွက် ပြင်ဆင်ထားပြီးသား ဖြစ်ပါသည်။ ကိုယ်တော်ရှင်က ကျွန်ုပ်တို့ ရောက်လာ မည်ကို ကြိုတင်သိပြီး ဖြစ်ပါသည်။ အပြစ်ကသာ အတားအဆီးဖြစ်ခဲ့ပါသည်။ ထိုအပြစ်ကို သခင်ယေရှု၏အသွေး တော်အားဖြင့် ဖယ်ရှားပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဂတိထားတော်မူသော ပြည်သို့ ဂတိတော်အတိုင်း ထာဝရအသက်ကို ဝင်စားခွင့်ရမည် ဖြစ်ပါသည်။

14 ၁၄။ ကျွန်ုပ်တို့အား ကောင်းချီးပေးတော် မူပါအဖ၊ ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော်ကို လေ့လာသည်နှင့်အမျှ ကျွန်ုပ် တို့ပို၍ သိလိုသည်မှာ ကိုယ်တော်ရှင်သည် မည်ကဲ့သို့သောသူမျိုး ကျွန်ုပ်တို့အား သိစေလိုသည်ကို ကျွန်ုပ်တို့သိလိုပါသည်။ ယနေ့ ကျွန်ုပ်တို့အား ကူညီတော်မူပါ။ ဤသင်တန်းသို့ ကျွန်ုပ်တို့တက်ရောက်သည့်အ ခါမှာ ကိုယ်တော်ရှင်တည်းဟူသော ဆရာက ကျွန်ုပ်တို့နှင့်အတူ ပါရှိတော်မူပါ။ သန့်ရှင်းသောဝိညာဉ်တော်ဆင်း သက်တော်မူ၍ ကိုယ်တော်ရှင်ရဲ့နှုတ်က ပတ်တော်ကို ဖော်ပြတော်မူပါ။ ကျွန်ုပ်တို့အားလုံးသည် ကိုယ်တော်ရှင်ရဲ့ နာမတော် ဘုန်းတော်၌ ဆုတောင်းပါသည်။ အာမင်။

15 ၁၅။ ယခု(၂ပေအခန်းကြီး ၁)ကိုဖွင့်၍ ဖတ်စေလိုပါသည်။ (၂ပေ ၁)ဖြစ် ပါသည်။ ခင်ဗျားတို့ရဲ့ခဲတံနှင့်စာရွက်များကိုလည်း အဆင်သင့်လုပ်ထားကြပါ။ ကျွန်တော် ခေါင်းတစ်ဖက်ကိုလှည့်လိုက်ရင် မိုက်ခွက်အပေါ်မှာချိတ်ထားတဲ့ မိုက်ခွက်နဲ့ဝေး သွားရင် အသံကတိုးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် မို့ခင်ဗျားတို့ကို အဲလိုမျိုးမဖြစ်စေလိုပါ။ အသံကိုရှင်း လင်းပြီးတော့ ကြည်ကြည်လင်လင် ဖြစ်စေလိုပါတယ်။

16 ၁၆။ ကျွန်တော် စကားပြောနေတဲ့အခါမှာ ဝတ်ပြု စည်းဝေးပြီးတဲ့အခါမှာ စာနဲ့ရေးထားပြီးသားရှိနေရင် ပိုကောင်းပါတယ်။ ဒါဆိုရင် ကျွန်တော်တို့ ပြန်ကူး၍ လက်နှိပ်စက်ရိုက်နိုင်ပါတယ်။ အရှေ့မှာ လည်းမိုက်ခွက်ကို ချထားပါမယ်။ ပြန်ပြီးအသံ ဖမ်းကာဖွင့်၍ နားထောင်ချင်ပါကလည်း ရပါသည်။ ဒါမှကျွန်တော်တို့ နားလည်နိုင်မည် ဖြစ်ပါသည်။

17 ၁၇။ တံဆိပ်(၇)ခုအကြောင်းကို ကျွန်တော်တို့လေ့လာတဲ့အခါမှာ အသင်းတော်ကာလ(၇)ပါးအကြောင်း လေ့လာပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ်တော်ရှင်၏အသွေးတော်အားဖြင့် ကယ်တင်ခြင်းအကြောင်း လူတွေကို ချည်နှောင်ထားတဲ့အ ကြောင်း အရာအကြောင်းကို သွန်သင်ခြင်း ဖြစ်ပါတယ်။ အဲဒါပြီးရင် အသင်း တော်ကာလအကြောင်း ဆက်ပြီးသွန်သင်မည် ဖြစ်ပါသည်။

ထာဝရအသင်းတော်သည် နောက်ဆုံးသော တံဆိပ်အဆုံးမှာ ရှိပါသည်။ ကျွန်တော်တို့တံပိုး (၇)လုံးအ ကြောင်းကိုလည်း သိရှိကြပြီး ဖြစ်ပါသည်။ ဘေးဒါဏ်ကြီး(၇)ခု၊ အမျက်တော်ဖလား(၇)ဖလား စသည်တို့ ကိုလည်း ကျွန်တော်တို့ လေ့လာကြရမည်ဖြစ်ပါသည်။ ကျွန်တော်တို့ နေရာပိုပြီးကျယ်ကျယ်ဝန်းဝန်းရအောင် လုပ်ချင်ပါတယ်။ ဒါမှလူတွေလာပြီး ထိုင်နိုင်မှာ ဖြစ်တယ်။

ပြီးခဲ့တဲ့တစ်နေ့က ကျွန်တော်ရဲ့မိတ်ဆွေအရင်းအချာဖြစ်တဲ့ ကော့တ်နဲ့ ကင်တာကီမှာ တွေ့ခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်တို့သွားကြပြီးတော့ ရှဉ့်ကလေးတွေ လိုက်ပြီးဖမ်းဖို့အတွက် ကျွန်တော်တို့တိုင်ပင်ကြပါတယ်။ ရာသီ ကောင်းတဲ့ အခါမှာ ရှဉ့်ကလေးတွေ ထွက်ဖမ်းကြမယ်လို့ စီစဉ်ကြပါတယ်။ ကျွန်တော်ရဲ့မိတ်ဆွေဖြစ်တဲ့ ချားလ်(စ်)နဲ့တောထဲကိုရောက် ပါတယ်။ ထိုနေရာတွင်ရပ်နေ၍သူ၏ညီရော့တ်နီလည်းပါပါတယ်။ ဒါပေမဲ့ ရှဉ့်ကလေး တစ်ကောင်မှ မတွေ့ခဲ့ပါ၊ သူတို့လန့်ဖြန့်ပြီး ပြေးကြပြီလို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်က တောထဲတွင်သွား၍ အော်သည့်အခါတွင် ရှဉ့်ကလေး များအား ချောက်လှန့်သကဲ့သို့ ဖြစ်သွားပါသည်။ စစ္စတာ နယ်လီနှင့် စစ္စတာမာဂျီတို့ကို ကျွန်တော်တို့ပြီးခဲ့တဲ့ တနင်္ဂနွေနေ့၌ တွေ့သောအခါတွင် ကျွန်တော်သတိရပါသည်။ ဤသတင်းစကားနှင့်ပတ်သက်၍ ကျွန်တော်မည့်သည့်အရာ ပြောမည်ကို ပြန်၍တွေးမိပါသည်။ တောထဲတွင်သွား၍

အားရပါးရသွား၍အော်သည့်အခါတွင် ဝိညာဉ်သည် လွတ်လွတ်လပ်လပ် ဖြစ်သွားသကဲ့သို့ ခံစားမိပါသည်။

18 ၁၈။ ၁ ပေ(သို့)၂ပေ ပထမဆုံးအခန်းကြီးတွင် ပါသောကျမ်းပိုဒ်အချို့ကို ကျွန်တော်တို့ ဖတ်ကြည့်ကြပါစို့။ (၂ ပေ ၁း၁)ကိုဖတ်ကြပါစို့။

ယေရှုခရစ်၏ကျွန် တမန်တော် ရှိမုန်ပေတရုသည် ကယ်တင်တော်မူသောအရှင် ငါတို့ ဘုရားသခင်ယေရှု ခရစ်၏ ဖြောင့်မတ်ခြင်းတရားကို ငါတို့ယုံကြည်သည်နည်းတူ မြတ်စွာသောယုံကြည်ခြင်းကို ရသောသူတို့အား ကြားလိုက်ပါ၏။ ထိုသို့ စထားသည်ကို ကျွန်တော်နှစ်သက်မိပါသည်။ အကြောင်းမှာ ထိုအကြောင်းအရာနှင့် ပတ်သက်၍ အခြေခံကာဤမနက် ပြောကြားလိုပါသည်။ တခါထပ်မံ၍ ထိုကျမ်းပိုဒ်အား ဖတ်ပါရစေ။ ယေရှုခရစ်၏ ကျွန်တမန်တော် ငါရှိမုန်ပေတရုသည် ကယ်တင်တော်မူသောအရှင် ငါတို့ဘုရားသခင် ယေရှုခရစ်၏ဖြောင့် မတ်ခြင်းတရားကို ငါတို့ယုံကြည်သည်နည်းတူ မြတ်စွာသော ယုံကြည်ခြင်းကိုရသောသူတို့အား ကြားလိုက်ပါ၏။ (၂ပေ၁း၂-၄)

သတိထား၍ ကျမ်းချက်အားကြည့်ပါ။ သူပြောထားသော အကြောင်းအရာသည် ယုံကြည်ခြင်းကိုငါတို့သည် ယုံကြည်သည် နည်းတူ ယုံကြည်ခြင်းကိုရသောသူတို့အား ကြားလိုက်ပါ၏ဟု ဆိုထားသည်ကို တွေ့ရပါသည်။ ပြင်ပလောကကြီးကို ဆိုလိုခြင်းမဟုတ်ပါ။ အသင်းတော်ကို ဆိုလိုခြင်း ဖြစ်ပါသည်။ အသင်းတော်ထဲတွင် ရှိနေသောသူများအား ဆိုလိုခြင်း ဖြစ်ပါသည်။ ခရစ်တော်၌တည်နေသောသူများအား ဆိုလိုခြင်း ဖြစ်ပါသည်။

ယနေ့မနက် ကျွန်တော်ပြောကြားလိုသောအကြောင်းအရာမှာ ဤယုံကြည်ခြင်းအပေါ်၌ အားလုံးအ ခြေပြု၍ပြော ကြားမည် ဖြစ်ပါသည်။ ဘုရားသခင်ကိုင်း၊ ငါတို့ သခင်ယေရှုခရစ်ကို သိသောညဏ်အားဖြင့် ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်း သည် သင်တို့၌များပြားပါစေသော။ ထိုသို့နှင့်အညီ ငါတို့ကို ဘုန်းတန်ခိုးတော်နှင့် ခေါ်တော်မူသော ဘုရားကိုသိသောညဏ် အားဖြင့် ငါတို့အားအသက်ရှင်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းနှင့်စပ် ဆိုင်သောအရာရှိသမျှတို့ကို ဘုရားတန်ခိုးတော်သည် ပေးသနားတော်မူသည်။ ထိုသို့သောအားဖြင့်လည်း အလွန်ကြီးမြတ်၍အဖိုးထိုက်သောဂတိများကို ငါတို့၌အပ်ပေးတော်မူ သည်။ အကြောင်းမူကား ထိုဂတိတော်များကို အမှီပြု၍ သင်တို့သည်လောကီတပ်မက်ခြင်း၊ အညစ်အကြေးနှင့်ကင်းလွတ် သဖြင့် ဘုရားပကတိကို ဆက်ဆံရ သောသူဖြစ်ရမည် အကြောင်းတည်း။

19 ၁၉။ ယခုတစ်ဖန် ဆက်လက်၍ နက်နက်နဲနဲလေ့လာကြပါစို့။ ယနေ့မနက် တရားမဟောပါ။ သို့သော်လည်း သင်ချက် ချင်းဘဲပြုလုပ်ပါမည်။ ဘုရားသခင်၏သဘာဝ၊ ဘုရားသခင်၏သဘောတော်အကြောင်းကို လေ့လာမည်ဖြစ်ပါသည်။ (အခန်းငယ်၄)ကို တစ်ဖန်ထပ်၍ ဖတ်ပါဦးမည်။ ဒါမှသင်တို့ပို၍ နားလည်မည်ဖြစ်သည်။ ထိုသို့သောအားဖြင့်လည်း အလွန်ကြီးမြတ်၍အဖိုးထိုက် သောဂတိများကို ငါတို့၌အပ်ပေးတော်မူပြီ။ အကြောင်းမူကား ထိုဂတိတော် များကိုအမှီပြု၍ သင်တို့သည်လောကီတပ်မက်ခြင်း အညစ်အကြေးနှင့်ကင်း လွတ်သဖြင့် ဘုရားပကတိကိုဆက်ဆံသောသူ ဖြစ်ရမည်အ ကြောင်းတည်း။

ကမ္ဘာလောကကြီးကိုကြည့်ပါ။ ကျွန်တော်တို့သည် ကမ္ဘာလောကကြီးမှ လွတ်မြောက်သွားပါပြီ။ သူက ဤအကြောင်း အရာကို အသင်းတော်အား ပြောပြနေခြင်း ဖြစ်ပါသည်။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့ယနေ့မနက် ဤနေရာသို့ ရောက်ရှိပြီးနည်းလမ်းကို ရှာဖွေခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ လိုအပ်ချက်များမှာ အဘယ် အရာများဖြစ်သနည်း? ဤနေရာ တွင်ရှိနေသော သူတစ်ဦးတစ်ယောက်မျှ ဘုရားသခင်ကိုမချစ်ပါ။ သို့သော်လည်း ခရစ်တော်ကဲ့သို့ ဖြစ်လာရန်ခရစ်တော် နှင့်တူညီရန်အတွက် ဤနေရာတွင် ပြုလုပ်နိုင်ပါသည်။ ခရစ်ယာန်တိုင်းက ပြုလုပ်နိုင်ပါသည်။ ကျွန်တော်သည် စစ်သား ဟောင်းတစ်ဦး ဖြစ်ပါသည်။ ဂေါ်ဒန်နှင့် စစ္စတာကစ်တို့ ဤနေရာတွင်ရောက်ရှိနေသည်ကို ကြည့်ပါ။ ဤအဆောက် အဦကြီးထဲ၌သူတို့သည် အသက် အကြီးဆုံးသောသူများ ဖြစ်ပါသည်။ သူတို့အား ကျွန်တော်က ခင်ဗျားတို့ နှလုံးသားမှာ ဘာကိုဆန္ဒရှိသနည်းဟု မေးသောအခါ ဘုရားနှင့်ပို မိုနီးစပ်လိုသည်ဟု ဆိုပါသည်။

ခရစ်တော်အကြောင်းကို လေ့လာသောအခါ ကိုယ်တော်ရှင်အကြောင်း ကိုယ်တော်ရှင်သည် အင်မ တန်မြတ်နိုးစရာ ကောင်းကြောင်းကိုတွေ့ရပါသည်။ ကိုယ်တော်ရှင်နှင့် မှန်ကန်မှုရှိရန်သင် ကြိုးစားရပါမည်။

20 ၂၀။ ဤကဲ့သို့ ဖေါ်ပြခြင်းနှင့်ပတ်သက်၍ ခွင့်လွတ်ပါ။ မကြာသေးမီကာလက ကျွန်တော်၏ဇနီးသည်ကို ကျွန်တော်က အရင်ကလိုဘဲ မင်းငါ့ကိုချစ်သေးရဲ့လားဟု မေးပါသည်။

သူမက ချစ်ပါသည်ဟုဖြေသည်။ ကျွန်တော်ကလည်း ပြန်ပြောပါ သည်။

ငါမင်းကိုအရမ်းချစ်ပါသည်။ မင်းကိုယူပြီးတော့ ငါ့အထဲကိုထည့်သွင်းလိုက်ပြီးတော့ ငါတို့နှစ်ယောက် တစ်ယောက်ထဲ ပြန်၍ပေါင်းစပ်လိုပါသည်လို့ ပြောမိပါသည်။

ယခုအခါ သန်းပေါင်း (၁၀၀)ကိုမြောက်လိုက်ပါ။မည်သည့်အရာ တွေ့ရမည် ဆိုလျှင် ယုံကြည်သူတစ်ဦးသည် ခရစ်တော်နှင့်မေတ္တာ သက်ဝင် ဖြစ်သောအခါ ကိုယ်တော်ရှင်အထဲသို့ ဝင်လိုပါသည်။ အကြောင်းမှာ ချစ်ခြင်းမေတ္တာကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့အား ကိုယ်တော်ရှင်ကသူ၏ဂတိ တော်များကိုဖေါ်ပြမည်ဖြစ်သည်။ ထိုဂတိတော်များအတိုင်း ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်၏ ဘုရားသဘာဝကို လက်ခံရရှိမည် ဖြစ်ပါသည်။ မပျက်စီး နိုင်သောကိုယ်ခန္ဓာမျိုးကို ကျွန်ုပ်တို့ရရှိပါမည်။

21 ၂၁။ ကျွန်တော် ဤနေရာမှာ တစ်စုံတစ်ခုပြောပြလိုပါသည်။ ကျွန်တော် ယုံကြည်ရခြင်း၏အကြောင်းပြ ချက်ဖြစ်ပါသည်။ ဤနေရာတွင် တချိန်တစ်ခါက လူတစ်ယောက် ကျွန်တော့်အပေါ် မှားယွင်းမိပါသည် ဆိုကြပါစို့။ ကျွန်တော်သည် မစ်နီစထ ရယ်အဆိုရေးရှင်းမှ စာတစ်စောင်လက်ခံရရှိပါသည်။ ကျွန်တော်တို့မှာ ဝိညာဉ်အားဖြင့် မိတ်ဖက်လျှက်ရှိသည်ဟု ဆိုထား သည်ကို ကျွန်တော်ယုံကြည်ပါသည်။ ကျွန်တော်တို့ အပေါင်းအဖေါ် များကို ခွဲခွာလျှက် နေရပါမည်။ အကြောင်းမှာ ဝိညာဉ် အားဖြင့် မိတ်ဖက်မဖြစ်သောကြောင့်ဖြစ်သည်။

ကျွန်တော် တို့နှင့်ဝိညာဉ်အားဖြင့် မိတ်ဖက်မဖြစ်သော အခြားသူတစ် ယောက်ကို လက်ထပ်ပါကတစ်ကြိမ်ကြိမ်တွင် ကျွန်တော်တို့ ခွဲခွာရမည်ဖြစ်ပါသည်။

ကျွန်တော်ကလည်း ကျွန်တော်အပြစ်ရှိပါသည်။ ဤနေရာတွင် ကျွန်တော်သည် အယူမှားဝါဒကဲ့သို့ ဖြစ်သွားသော ကြောင့် အပြစ်ရှိပါသည်။ ကျွန်တော်သည်အမြဲတမ်းထိုအရာကို ဆန့်ကျင်လျှက်ရှိပါသည်။ ကျွန်တော် ထိုအချက်ကို မယုံကြည်ပါ။ ဘုရားသခင်က ကျွန်တော့်အား အဖေါ်ပေးသည်ဟု ကျွန်တော် ယုံကြည်ပါသည်။ မှန်လည်းမှန်ပါသည်။ ကျွန်တော်တို့ တစ်ယောက်နှင့်တစ်ယောက် တစ်စိတ်တစ်ပိုင်းစီ ဖြစ်ပါ သည်။ လူသားတစ် ဦးထိမ်းမြားလက်ထပ်ခြင်းမပြုမှီ ဤအရာများကိုသေချာစွာ စဉ်းစားသင့်ပါသည်။ လေ့လာ သင့်ပါသည်။

22 ၂၂။ တနေ့က လူငယ်တစ်ဦး ကျွန်တော့်ကို မေးပါသည်။ ကျွန်တော် လက်ထပ်သင့်ပါသလား ဘရာသာဘရမ်ဟမ် ထိုမိန်းက လေးတစ်ဦးတစ်ယောက်ကို လက်ထပ်သင့်ပါသလား?

ကျွန်တော်ကမင်း သူ့အကြောင်းကို ဘယ်လောက်စဉ်းစားထားသလဲ? ဟုမေးမိသည်။

သူကလည်း ကျွန်တော် ချစ်တာတစ်ခုဘဲသိတယ်ဟု ဖြေသည်။

ထိုအခါ ကျွန်တော်က ပြန်ပြီးကောင်းပြီ။ သူမမရှိဘဲနှင့် မင်းအသက်ရှင်ဘို့ မဖြစ်နိုင်ဘူးဆိုရင်တော့ လက်ထပ်လိုက်ပါ။ သူမမရှိဘဲနှင့် မင်းဆက်ပြီးနေနိုင်သေးတယ်ဆိုရင် လက်မထပ်ပါနဲ့။ မင်းကိုသေ စေန်ိုင်လောက်အောင် ဖြစ်နေမယ်ဆိုရင် ဆက်ပြီးသွားပါ။ လက်ထပ်လိုက်ပါ။

သူနားလည်ရန်အတွက် ကျွန်တော်ကြိုးစားနေသည့်အချက် ဖြစ်ပါသည်။ သင်လက်ထပ်ထိမ်းမြှားခြင်း မပြုလုပ်သေး မှီ အရာခပ်သိမ်းသည် ကောင်းမွန်၍သာယာစိုပြေလှပါသည်။ သို့သော်လည်း လက်ထပ်ပြီးသော အခါ ဘဝအသက်တာ၏အ ခက်အခဲမျိုးစုံကို ကြုံတွေ့ရပါသည်။ တစ်ယောက်နှင့်တစ်ယောက် နားလည်နိုင် လောက်အောင် တစ်ဦးကိုတစ်ဦး ချစ်ခင်ရပါမည်။ သူမကို သင်က စိတ်ပျက်ပြီး(သို့)သူမကလည်းသင့်ကို စိတ်ပျက်ပြီး သို့သော်လည်း တစ်ဦးနှင့်တစ်ဦး နားလည်နေရမည်ဖြစ်သည်။

23 ၂၃။ ခရစ်တော်၌လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။ ကိုယ်တော်ရှင် ကို အလွန်ချစ်ခင်၍ တစုံတစ်ခုကို ကိုယ်တော်ရှင်အား တောင်းသည့်အခါ ကိုယ်တော်ရှင်ကမပေးဘဲနေပါလိမ့်မည်။ ထိုအခါ ကျွန်ုပ်တို့ကတုန်လှုပ် စရာမလိုပါ။ အဘယ်ကြောင့်နည်း။ တစ်ခုတည်းသော နည်းလမ်းမှာ ကိုယ်တော်ရှင်၏ဘုရားဇာတိကို ခံယူရန်ပင် ဖြစ်ပါသည်။ သို့မှသာသင်သည် သင်တောင်းသည့်အရာကို ကိုယ်တော်ရှင်မပေးနိုင်ကြောင်း နားလည်မည် ဖြစ်ပါသည်။ ကိုယ်တော်ရှင် ၏ဘုရား သဘာဝကို ခံယူရမည်ဖြစ်သည်။ (၂ပေ၁း၄)

ကျမ်းစာကိုကြည့်ပါ။ သင်တို့သည် လောကီတပ်မက်ခြင်း အညစ်အကြေးနှင့် ကင်းလွတ်သဖြင့်ဟု ဆို ထားသည်ကို တွေ့ရပါသည်။ လုံးဝကင်း လွတ်လွတ်မြောက်သွားပြီ ကိုဆိုလိုပါသည်။ မည်သူ့ထံသို့ ဖြစ်ပါ သနည်း? အသင်းတော်ထံသို့ ဖြစ်ပါသည်။ ခရစ်တော်၌တည်နေသောသူတို့သည် အရာခပ်သိမ်းထက် ချီး မြှောက်ခြင်းခံရပါသည်။ မိမိကိုယ်ကိုချီးမြှောက် ခြင်းမဟုတ်ပါ။ ခရစ်တော်က သူ့အားချီးမြှောက်ခြင်းဖြစ်ပါသည်။

24 ၂၄။ ယနေ့မ နက်ရောက်ရှိလာသော အသားမဲ့ညီအစ်ကို ညီမများကို ကျွန်တော် ပြောကြားလိုပါသည်။ ကျွန်တော်ဤ ကဲ့သို့ခေါ်ရခြင်းမှာ အန္တရာယ်ပြုချင်သည် ဆိုသည့်သဘောမျိုးဖြင့် ခေါ်ခြင်းမဟုတ်ပါ။ ရှေးလွန် ခဲ့ပြီးသောအချိန်က ဤကဲ့သို့ ဝတ်ပြုစည်းဝေး၌ဗိမာန်တော်ထဲတွင် ကျွန်တော်ဤကဲ့သို့ ပြောမပြောလည်း ကျွန်တော် သတိမထားခဲ့မိပါ။ နေရာအတော် များများတွင် ကျွန်တော်ပြောခဲ့ဘူးပါသည်။

အသားမဲ့ညီအစ်မ တစ်ဦးက ပြောပါသည်။ ကျွန်မ သက်သေခံလို့ရမလား? ရပါတယ်အမ၊ လာပြီး သက်သေခံနိုင်ပါ တယ်ဟု ကျွန်တော်ဖြေကြားခဲ့ပါသည်။

သူမကဆိုသည်။ ဘုရားဘုန်းတော်ထင်ရှားစေရန်အတွက် ကျွန်မသက် သေခံန်ိုင်ပါသည်။ ကျွန်မဖြစ် ချင်တာ မဖြစ်ခဲ့ရပါ။ သို့သော်လည်း တစ်ခု တော့ သေချာပါသည်။ ကျွန်မဖြစ်သင့်သည်ကိုတော့ ဖြစ်ခဲ့ပါသည်။

25 ၂၅။ သူမသည် တနေရာမှ လာခဲ့ပါသည်။ သူမသည်ကြီးပြင်းလာခဲ့သည်။ ကျွန်တော်တို့ အသက်သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးမြောက်ကြရကြောင်း ကျွန်တော်တို့သိပါသည်။ ကျွန်တော်တို့လှည့်၍ ဘဝအသက်တာကို ပြန်လေ့လာဆန်းစစ်ရင် တွင်းနက်ကြီးကို တွေ့ရပါသည်။ ထိုတွင်းနက်ကြီးထဲမှ ကျွန်တော်တို့ ထွက်လာပါသည်။ ကျွန်တော် တို့ဖြစ်လိုသောအရာလည်း မဖြစ်ရပါ။ ကျွန်တော်တို့ ဖြစ်သင့်သည့်အရာလည်း မဖြစ်ပါ။ သို့သော် တစ်ခုတည်းသော အရာအတွက် ကျေးဇူးတင်ပါသည်။ ကျွန်တော်တို့ဖြစ်ခဲ့သည့် အတိုင်း မဖြစ်သော ကြောင့်ဖြစ်သည်။ မှန်ပါသည်။ ကျွန်တော် တို့သည် လမ်းမပေါ်တွင်ဖြစ်ပါသည်။ ကမ္ဘာလောကကြီး ပျက်စီးခြင်းထဲမှ လွတ်မြောက်လျှက်ရှိပါသည်။

26 ၂၆။ ကိုယ်တော်ရှင်ပြောနေသောသူ၏ ပုံစံပင် ဖြစ်ပါသည်။ ထိုသူသည် လောကီတပ်မက်ခြင်း အညစ်အ ကြေးနှင့် ကင်းလွတ်သောသူဖြစ်ပါသည်။ လောကီတပ်မက်ခြင်း အညစ်အကြေးကို ကြည့်ပါ။

ထိုသို့အလို့ငှာ သင်တို့သည် ယုံကြည်ခြင်း၌ သီလကိုင်ငင်း၊ သီလ၌ပညာကိုင်ငင်း၊

ပညာ၌ ကာမဂုဏ်ချုပ်တည်းခြင်း ကိုင်ငင်း၊ ကာမဂုဏ်ချုပ် တည်းခြင်း၌ သီးခံခြင်းကိုင်ငင်း၊ သီးခံခြင်း၌ ဘုရားဝတ်ကိုပြု၍ မွေ့လျော်ခြင်းကိုင်ငင်း၊

ထိုမွေ့လျော်ခြင်း၌ ညီအစ်ကိုစုံမက်ခြင်း ကိုရင်း၊ ညီအစ်ကိုစုံမက်ခြင်း၌ ချစ်ခြင်းမေတ္တာကိုရင်း အလွန်ကြိုးစားအား ထုတ်၍ ထပ်ဆင့်ကြလော့။

27 ၂၇။ ကိုယ်တော်ရှင်၌ ကျွန်ုပ်တို့အား ဘာလုပ်ရမည်ကို ဖေါ်ပြထားပါသည်။ မည်သို့လုပ်ရမည်ကို သိရှိရန် ဖြစ်ပါသည်။ ကျွန်တော်က ဆိုပါသည်။ ကျွန်တော်တို့ အားလုံးကြိုးစား၍ ဘုရားသခင်နှင့်နီးစပ်လာအောင် လုပ်ကိုင် ဆောင်ရွက်ပါသည်။ ထို့ကြောင့် ယနေ့ဤသတင်းစကားကို အသင်းတော်မှာ ပြောကြားဘို့ ကျွန်တော် ရွေးချယ်ခြင်း ဖြစ်ပါသည်။ လူများသည် ခရီးသွားလျှက်ရှိပါသည်။ မနေ့ညက ကျွန်တော်ပြောခဲ့ပါသည်။ ဘယ်နှစ်ယောက်များ ဒီမြို့ရဲ့အပြင်ကို ရောက်ခဲ့ပါသနည်း? ၉၈%လောက်သော သူများသည် မြို့ပြင်သို့ရောက် ကြပါသည်။ မိုင်ပေါင်းရာနှင့်ချီ၍ ဘယ်နှစ်ယောက် ရောက်ပါသနည်း? ကျွန်တော်တို့ အပြင်ထွက်ကြပြီး ၈၀% လောက်ရှိမည်ဟု ကျွန်တော်ခန့်မှန်းပါသည်။ မိုင်ပေါင်း (၅၀၀)ကျော်မျှဘယ်နှစ်ယောက် ရောက်ပါမည်နည်း? ဤနေရာမှာရှိသော သူများ၏သုံးပုံ တစ်ပုံနီးပါးခန့်သည် မိုင်ပေါင်း(၅၀၀)ကျော်ခရီးကွာဝေးစွာထွက်ခွာသွားရပါသည်။ စဉ်းစားကြည့်ပါ။ လူများသည် ခရီးသွားလာ လျှက်ရှိပါသည်။

ထိုသူများမှာ ဘုရားကျောင်းသို့ မလာရောက်နိုင်ကြပါ။ ပြင်ပကမ္ဘာ လောကကြီးက မည်ကဲ့သို့မြင်မည် နည်း။? အလုအပကို မည်ကဲ့သို့ တွေ့နိုင်မည်နည်း။ ဤဗိမာန်တော်၏ နေရာပတ်ဝန်းကျင်ကိုလည်း မည်ကဲ့ သို့တွေ့ မြင်နိုင်ပါမည်နည်း? သူတို့အားလုံးမှာ သာမန်လူများသာ ဖြစ်သည်။ ဆင်းရဲကြသည်။ ရိုးရိုးသာဝတ်ဆင် ကြပါသည်။ ကောင်း ကင်တမန်တို့၏ သံစုံကွာယာမှ သီချင်းကြီးများလည်း မရှိပါ။ ပိုက်အော်ဂင်ကြီးများလည်း မရှိပါ။ ပြတင်းပေါက်ကြီးများတွင် အရုပ်လှပစွာ ရေးထိုးထားခြင်းများလည်း မရှိပါ။ ကျွန်တော်တို့မှာ ခုံတန်း ရှည်ကြီးပေါ်တွင် နေရာတစ်နေရာစာရဘို့ရန် အလွန်ပင် ခက်ခဲပါသည်။ နံရံများမှာ တွယ်ကပ်၍ရပ်နေရပါသည်။

သူတို့ရောက်လာကြခြင်းမှာ ပကာသနအလှအပများအတွက် မဟုတ်ပါ။ သူတို့အထဲမှာ ရှိနေသောအရာက သဘာဝမျက်လုံးဖြင့် မတွေ့မြင်နိုင်သောအလှအပကို တွေ့မြင်သောကြောင့် ဖြစ်ပါသည်။ ဝိညာဉ်မျက် လုံးများကသာ ခရစ်တော်၏လှပမှုကို တွေ့ရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် သူတို့ ရောက်ရှိလာကြခြင်းဖြစ်သည်။

28 ၂၈။ ရက်ပေါင်းများစွာကြာ ဝတ်ပြုစည်းဝေးလုပ်ပါသည်။ ကျွန်တော် အမြဲတမ်း အဆက်မပြတ်ဆုတောင်း ပါသည်။ တောထဲသို့သွားသည်။ ဖနီးသည် အားလည်း ယနေ့မနက်ရှဉ့်ကလေးများ သွားဖမ်းမည်ဟုပြောပါ သည်။ ကျွန်တော်သည် ခဲတံနှင့်အရွက်ကို အိတ်ထဲသို့ထည့်သည်။ အလင်းရောင် တွေ့ရသည်နှင့် ကျွန်တော် ထိုင်၍ သစ်ပင်တစ်ပင်ကိုမှီပြီး လက်များကို မိုးကောင်းကင်သို့ မြှောက်လျှက် ကိုယ်တော်ရှင်အား စကားပြောပါ သည်။ ကိုယ်တော် ဒီနေ့ ကျွန်တော် ဘာလုပ်နိုင်ပါမည်နည်း? ကိုယ်တော်ရှင်၏ သားသမီးများအတွက် ကိုယ်တော်ရှင် ကျွန်တော့်အားဘာပေးပါမည်နည်း? တစ်စုံတစ်ခုကို ရိုက်လိုက်သောအခါ လောင်ကျွမ်းသွားပုံရပါသည်။ ဤကဲ့သို့ဖြစ်ပါသည်။ ကိုယ်တော်ရှင်နှင့် ပိုမို၍နီးလာသ ကဲ့သို့ ခံစားရပါသည်။ တစ်စုံတစ်ခုကိုကြားရပါ သည်။ အဝေးမှလာသောအသံဖြစ်သည်။ အောက်ပါအတိုင်း ဖြစ်ပါသည်။

နီးကပ်စွာနားထောင်ပါက

၂ကြိမ်_ ၂ကြိမ် = ၄ ၊

၂ကြိမ်_ ၂ကြိမ် = ၄ ၊

၂ကြိမ်_၂ကြိမ်= ၄ ၊

၂ကြိမ်_ ၂ကြိမ်= ၄ စသည်ဖြင့် ဖြစ်ပါသည်။

ကိုယ်တော်ရှင် ကြွလာတော်မူသကဲ့သို့ ကိုယ်တော်ရှင် နီးလာသကဲ့သို့ ဖြစ်ပါသည်။

29 ၂၉။ မိမိကိုယ်ကိုအားကိုးပါ။ နောက်ပိုင်းတွင် မိမိကိုယ်ကိုအားကိုးခြင်းမှ ကင်းလွတ်သွားပါမည်။ ရူပါရုံ တွေ့ရပါသည်။ ထိုနေရာ ထိုနေရာသို့သွား၍ ထိုအရာ ထိုအရာတို့ကိုလုပ်ပါ။ အာရုံပြုခြင်းအားဖြင့် စတင်ပါသည်။ မိမိအာရုံကို ဘုရားသခင် အပေါ်မှာထားပါ။ ကမ္ဘာလောကကြီးမှ ဝေးဝေးဖယ် ရှားထားပါ။ တောထဲတွင် မိမိကိုယ်ကိုအာရုံပြုပါ။ ၁၊ ၁ စသည်ဖြင့် ပြောပါ။ နံပါတ်ရေတွက်ပါ။ တဖြည်းဖြည်းနှင့်စတင်သကဲ့သို့ လုပ်ပါ။ တဖြည်းဖြည်း နှင့်ဝင်လာပါမည်။ ၎င်းနောက် တဖြည်းဖြည်း မြန်လာပါသည်။ ထိုနေရာတွင် သင်ထိုင်၍ လက်များကို မြှောက်ထားပါ။ စကားတစ်လုံးမှမပြောပါနှင့်။ လက်များကို လေထဲတွင်သာ မြှောက်ထားပါ။ သင် ပထမဆုံးသိမည့်အရာမှာ သင်တစ်ကိုယ်လုံးသည် ချီဆောင်ခြင်း ခံရသကဲ့သို့ ဖြစ်ပေမည်။ ၎င်းနောက် ကိုယ်တော်ရှင် သင့်အားသိစေချင်သောအရာများကို သင်မြင်တွေ့လာရပါမည်။ နောင် လာမည့်အရာများကို သင့်အား ဖေါ်ပြပါမည်။ တခါတရံတနေရာသို့ ရောက်တတ်ပါသည်။ ထိုတနေရာတွင် ရပ်တံ့သွားတတ် ပါသည်။ ရူပါရုံ ဖြစ်မလာပါ။ ထိုအခါ ကျမ်းချက်များ ဝင်ရောက်လာတတ်ပါသည်။ ကျွန်တော်က ခဲတံကိုကိုင်၍ မမေ့မလျော့ဘဲ ချက်ချင်းချရေးလိုက်ပါသည်။ ၎င်းနောက် အိမ်ပြန်လာပြီး ပြန်ကြည့်ပါသည်။ လေ့လာပါသည်။ တခါတရံ ကျွန်တော့်အတွက် ဘာမှအဓိပ္ပါယ်မရှိပါ။ ပြန်ပြီးကြည့်သောအခါတွင် အဓိပ္ပါယ်မရှိ ဖြစ်တတ်ပါသည်။

မကြာမီကာလမှာ ရောက်ရှိလာပါသည်။ ပြန်ပေါ်လာပြီး ပြန်ပျောက် သွားပါသည်။ ၎င်းနောက် ကျွန်တော်က စာအုပ်ငယ်ကလေး တစ်အုပ်ကိုယူ၍ ထပ်မံရေးခြစ်ထားလိုက်မိပါသည်။ ရေးခြစ်နိုင်သလောက်ရေး ခြစ်ပါသည်။ ကိုယ်တော် ရှင် ပြောထားသမျှကို ကျွန်တော်ရေးထားလိုက်ပါသည်။ ကျွန်တော့်စိတ်ထဲမှာလည်းကိုယ်တော်ရှင်သည်ကျွန်တော်ဟာ ဗိမာန်တော်ကိုသွားတော့မယ်။ သူတို့ကို ပြောပြတော့မယ်။ ကိုယ်တော်ရှင် လည်း ကျွန်တော်နဲ့အတူ ပါရှိပါ။ သူတို့အတွက် ကျွန်တော်ပြောစရာ ရှိပါတယ်။ စသည် ဖြင့်ပြောမိသည်။

ထိုအ ခါ ပြန်၍ရှုပါရုံများ ပေါ်လာတတ်ပါသည်။ တိတိကျကျပင် ပေါ်လာတတ်ပါသည်။ ကိုယ်တော်ရှင် ကျွန်တော့်အား ပထမဆုံး အကြိမ်ပေးသကဲ့သို့ ဖြစ်ပါသည်။ ကျွန်တော်ပြန်၍ မပြောပြတတ်ပါ။

ရေးမှတ်ထားသည့် အကြောင်းအရာကလေးများ ရှိပါသည်။ ကျွန်တော် ထိုရေးမှတ်ထားသည့်အရာက လေးကို ကြည့်မိပါသည်။ ကျွန်တော် ပထမဆုံးစတင် ရေးခြစ်ထားသည့်အရာကလေးများ ဖြစ်ပါသည်။ ထိုအပိုင်းကလေးများ ဤနေရာမှာ မရှိပါ။ လွန်ခဲ့သောတစ်ရက်နှစ်ရက်ခန့်တွင် တောထဲ၌ရေး မှတ်ထားခဲ့ခြင်း ဖြစ်ပါသည်။

30 ၃၀။ ပေတရုဖေါ်ပြထားသည့်အရာမှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏သဘာဝအတိုင်း ပါဝင်ကြရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ တစ်ဦးစီသည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်အတိုင်း ကြီးထွားရင့်ကျက်ရန် ကြိုးစားလျှက်ရှိပါသည်။

တံဆိပ်(၇)ခုအကြောင်း ကျွန်ုပ်တို့လေ့လာကြသောအခါ တံဆိပ်(၇)ခု နှင့်ပတ်သက်၍ တံပိုးမှုတ်သံ ကိုကြားရသော အချိန်တွင် တံဆိပ်ဆိုသည်မှာ အဘယ်အရာဖြစ်သည်ကို ကျွန်ုပ်တို့သိကြရပါသည်။ သာသနာ တစ်ခုကို ပြုလုပ်လိုက်ခြင်း၊ တံဆိပ်(၇)ခုကို ဖွင့်လိုက်ခြင်းပင်ဖြစ်ပါသည်။ ကားချပ်ပေါ်တွင် ကျွန်ုပ်တို့တွေ့ရပါမည်။ သတင်းတစ်ခုကို ထုတ်လွှင့် လိုက်ခြင်း၊ ခတ်နှိပ်ထားသော တံဆိပ်တစ်ခုကိုခွာလိုက်ခြင်း ပင်ဖြစ်ပါသည်။

31 ၃၁။ ပြီးခဲ့သောတနင်္ဂနွေနေ့ညက ကျွန်တော်သည် သော့အကြောင်းကို ဟောပြောခဲ့ပါသည်။ ကျွန်တော်သည် သော့ဆို သည်မှာ ယုံကြည်ခြင်းပင် ဖြစ်ပါသည်။ ယုံကြည်ခြင်းသည် သော့ကိုဆွဲကိုင်ထားပါသည်။ သော့သည် သမ္မာကျမ်းစာဖြစ်၍ ခရစ်တော်သည်တံခါးဖြစ်သည်။ ယုံကြည်ခြင်း၌ သမ္မာကျမ်းစာ၏ ပိတ်နေသောတံခါးကိုဖွင့်လျှက် ဘုရားသခင်၏ဘုန်း တော်နှင့် ဘုရားသခင်၏ကောင်းမြတ်ခြင်းကို ဖေါ်ပြပါသည်။ လူအများသိစေ ရန်အတွက် ဖြစ်ပါသည်။ ယုံကြည်ခြင်းသည် သော့ကိုဆွဲကိုင်လျှက် ခရစ်တော်ကို သော့ဖွင့်ပေးပြီး လူအများ ကိုဖေါ်ပြပါသည်။

ထို့ကြောင့် ယနေ့ ကျွန်တော်တို့သည် အဆိုပါသော့နှင့်ပင် လမ်းကိုဖွင့်လျှက် အပြစ်ကင်းစင်သော ခရစ်ယာန်များ ဖြစ်လာပြီး ဘုရားသခင်၏ပုံသဏ္ဍာန်တော်အတိုင်း အသက်ရှင် ကြမည်ဖြစ်ပါသည်။ အသက်ရှင် လျှက်ရှိသောဗိမာန် တော်တွင် အသက်ရှင်သော ဘုရားသခင်က ကိန်းဝပ်တော်မူမည် ဖြစ်ပါသည်။

ဘုရားသခင်က မိမိကိုယ်ကိုနည်း(၃)နည်းအားဖြင့် ဖေါ်ပြပါသည်။ ပထမဆုံးအကြိမ် မိမိကိုယ်ကိုမီးတိုင် အားဖြင့် ဖေါ်ပြသည်။ အဓိပ္ပါယ်မှာ ခမည်းတော်ဖြစ်ခြင်း ဖြစ်သည်။ ၎င်းနောက် ထိုဘုရားကပင် သခင်ယေရှု၌ မိမိကိုယ်ကို ဖေါ်ပြပါ သည်။ ကိုယ်ခန္ဓာကို တည်ဆောက်ခြင်းဖြစ်သည်။ ကိုယ်ခန္ဓာကို ပြုလုပ်ခြင်းဖြစ်သည်။ တတိယအနေနှင့် ထိုကိုယ်ခန္ဓာ သေဆုံးခြင်းအားဖြင့် ဖြစ်သည်။ အသင်းတော်ကိုတည်ဆောက်၍ ထိုအသင်း တော်ထဲတွင် သူကျိန်းဝပ်တော်မူပါသည်။ ကျွန်ုပ်တို့အထက်၌ရှိတော်မူသော ဘုရားဖြစ်ပါသည်။ ကျွန်ုပ်တို့နှင့်အ တူရှိတော်မူသောဘုရား ဖြစ်သည်။ ကျွန်ုပ်တို့အတွင်း၌ ကျိန်းဝပ်တော်မူသောဘုရားဖြစ်သည်။ တူညီသော တဆူတည်းသော ထိုဘုရားပင်ဖြစ်ပါသည်။

ထိုအကြောင်းကြောင့် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ဟု ခေါ်ဆိုခြင်းပင် ဖြစ်ပါသည်။ ဘုရား(၃)ပါးမဟုတ်ပါ။ ဘုရားသခင်တပါးတည်းဖြစ်၍ အမှုဆောင်ခြင်း(၃)မျိုး ဖြစ်ပါသည်။

နိစိန်ကောင် စီတွင် ထိုကဲ့သို့စဉ်းစားမိပါက ယခု အချိန်မှာရှုပ်ရှက်ခတ်နေမည် မဟုတ်ပါ။ ဘုရား(၃)ပါးမဟုတ်ပါ။

32 ၃၂။ သခင်ယေရှုသည် ခမည်းတော်ဘုရားကို မည်ကဲ့သို့စကားပြောကြောင်း လူတို့နားမလည်နိုင်ပါ။ သူနှင့်ခမည်းတော်မှာ တပါးတည်းဖြစ်ပါသည်။ ဘုရား(၃)ပါးမဟုတ်ပါ။ အမှုဆောင်ခြင်း(၃)မျိုး ဖြစ်ပါသည်။ ဘုရားသခင်သည် သူ၏ဖန်ဆင်းခြင်း များထက် သာလွန်ကြီးမြတ်ပါသည်။ ဘုရားသခင်က ဝတ်ပြုကိုးကွယ်ခံ လိုပါသည်။ ဘုရားဟူသော ဝေါဟာရ၏အဓိပ္ပါယ်မှာ ဝတ်ပြုကိုးကွယ်ရမည့်အရာ ဖြစ်ပါသည်။ ဘုရားသခင်က သူ၏လူများကိုပြုပြင်၍ သူတို့ထံမှ ပြန်လည်ရရှိအောင် ကြိုးစားပါသည်။ ထိုဘုရားသခင်သည် မိမိ၏သားသ မီးဖြစ်စေရန်မှတပါး အခြားဘာမှ သင့်ကိုလုပ်ရန်မရှိပါ။

သင်သည် ထိုအရာကိုလွဲချော်သွားပါက ဘုရားသခင်၏ သားသမီးဖြစ်ရသောအခွင့်ကိုလွဲချော်သွားပါက သင်သည်အ မှတ်အသား တစ်ခုကို လွဲချော်သွားပြီဖြစ်ပါသည်။ အပြစ်ဟူသော ဝေါဟာရ၏အဓိပ္ပါယ်မှာ အမှတ် အသားမှလွဲချော်သွားခြင်း ဖြစ်သည်။ အမှတ်အသားကို လွဲချော်သွားခြင်းပင် ဖြစ်သည်။ ကျွန်တော်သည် ပစ်မှတ်တစ်ခုကို ချိန်ရွယ်၍ ပစ်သည်ဆိုပါစို့။ ပစ်မှတ်မှာ ကိုက်ပေါင်း(၅၀)ခန့်အကွာတွင်ရှိသည်။ကျွန်တော်က ပစ်သည်။ ကျွန်တော်၏သေနတ်ကို ယူ၍ပစ်လိုက်သည်။ လေး၊ ငါးလက်မခန့် ကွာသွားသည်။ ဘာဖြစ်သနည်း ? ကျွန်တော်၏သေနတ်ကိုပြန်၍ ချိန်ရွယ်ရန်လိုအပ်ပါသည်။ သေနတ် မှာတစ်စုံတစ်ခု အမှားယွင်းဖြစ်နေပါသည်။ ဘုရားသခင်ကို ယုံကြည်ခြင်း၌ ကျွန်တော်လွဲချော်နေပါက ကျွန်တော်သည် ခရစ်ယာန် ဖြစ်ခြင်းကို လွဲချော်သွားပါက မှားယွင်းမည်ဖြစ်ပါသည်။ ဘုရားသခင်သင့်အား ဤနေရာတွင်ထားခြင်းမှာ ခရစ် ယာန်ဖြစ်ရန်အတွက် ထားခြင်း ဖြစ်ပါသည်။ လမ်းကြောင်းလွဲ၍ ဘေးဖယ်ထားပါက ပြန်လာပါ။ ပြန်၍ချိန်ရွယ်ပါ။ သင်ချိန် ရွယ်နိုင်ရန် တစ်ခုတည်းသော နည်းလမ်းသာ ရှိပါသည်။ ထိုနည်းလမ်းမှာ သမ္မာကျမ်းစာပင် ဖြစ်သည်။ သမ္မာကျမ်းစာဆိုင်ရာ ပြန်လည် ချိန်ရွယ်ခြင်းပင် သန့်ရှင်းသောဝိညာဉ်တော်က သင့်ကိုတိုက်ရိုက်ပြန်လည် ၍ပစ်မှတ်သို့ရောက် ရှိစေပါသည်။

33 ၃၃။ ကျွန်တော်တို့ဆက်လက်၍ နှုတ်ကပတ် တော်ကို လေ့လာပါမည်။ (တမန်၇း၄၄-၄၉) (တမန်တော် ၇)တွင် သတေဖန်က ပြောထားပါသည်။ ထိုအကြောင်းအရာကို ဖတ်ကြည့်ကြပါစို့။ ကျွန်တော်တို့သည် ဘုရားသခင်၏ဗိမာန်တော် အကြောင်းကို ပြောကြားနေကြပါသည်။ သတေဖန်က တစ်ကယ်အသက်ရှင်သော ဗိမာန်တော် အသက်ရှင်တော်မူသော ဘုရားသခင် ကိန်းဝပ်တော်မူသော

ဗိမာန်တော် ဖြစ်မည့်အကြောင်း ပြောပါသည်။ (တမန်တော် ၇း၄၄) မှစ၍ဖတ်ကြပါမည်။

မောရှေမြင်ရသောပုံနှင့်အညီ သက်သေခံတော်မူချက် ဌာပနာရာတဲတော်ကို လုပ်ရမည့်အကြောင်း အမိန့်တော်ရှိ သည်မှာ ထားတော်မူသည့်အတိုင်း ထိုတဲတော်သည် တောတွင်ငါတို့အဘများ၌ရှိ၏။

နောက်ကျသော ငါတို့အဘများသည် ထိုတဲတော်တွင် တပါးအမျိုးသားတို့၏ ပိုင်သောမြေထဲသို့ ယောရှုနှင့်အတူဆောင် ကျဉ်းကြ၏။ ထိုတပါးအမျိုးသားတို့ကို ဘုရားသခင်သည် ဒါဝိဒ်မင်းလက်ထက်တိုင်အောင် ငါတို့အဘများထံမှ နှင်ထုတ်တော်မူ၏။ ထိုဒါဝိဒ်သည် ဘုရားသခင်၏ ကျေးဇူးတော်ကိုခံစား၍ ယာကုပ်၏ဘုရားသခင် ကိန်းဝပ် တော်မူဘို့ရာ အရပ်ကိုတွေ့ခြင်းငှာ တောင့်တ၏။ ရှောလမုန် သည်လည်း ဗိမာန်တော်ကိုတည်ဆောက်ရ၏။

သို့သော်လည်း ကောင်းကင်ဘုံသည် ငါ့ပလ္လင်ဖြစ်၏။ မြေကြီးသည် ငါ့ခြေတင်ရာခုံဖြစ်၏။

34 ၃၄။ ဗိမာန်တော်သည် ကျွန်တော်တို့သွားရောက်၍ အနားယူရာခွန်အား ယူရာနေရာ ဖြစ်ပါသည်။ အိပ်ယာမှနိုး ထ၍ နားနေရာနေရာလည်း ဖြစ်ပါသည်။ (ဟေဗြဲ ၁၀း၅) ကိုဖတ်ကြည့်ပါက ရှင်ပေါလုဖေါ်ပြထားသည်ကို တွေ့ရပေမည်။

ထိုကြောင့် ခရစ်တော်သည်ဤလောကသို့ ကြွလာသောအခါ အိုဘုရားသခင်ကိုယ်တော်သည် ယဇ်နှင့်ပူဇော်သက္ကာကို အလိုတော်မရှိ သည်ဖြစ်၍ အကျွန်ုပ်အဖို့ကိုယ်ခန္ဓာကို ပြင်ဆင်တော်မူသည်ဟု ဆိုထားသည်ကို တွေ့ရပါသည်။

ဗိမာန်တော်သည် ယခုအခါတွင်ဘာဖြစ်သနည်း? ကိုယ်ခန္ဓာဖြစ်သည်။ ဘုရားသခင်၏ဗိမာန်တော်သည် ကိုယ်ခန္ဓာ ထဲတွင် တည်ရှိနေခြင်း ဖြစ်ပါသည်။

တခါက ဘုရားသခင်သည် အထက်အရပ်တွင်ရှိ၍ မြေကြီးပေါ်သို့ ဆင်းသက်လာသောအခါ တောင်ပေါ် တွင်နွား(သို့)ကျွဲတို့ကို တောင်ပေါ်တွင် တို့ထိရပါသည်။ နွား(သို့)ကျွဲကိုသတ်ရပါသည်။

ဘုရားသခင်သည် သန့်ရှင်း မြင့်မြတ် တော်မူသည်။ ယမန်နေ့ညနေက ထိုကောင်းကင်တမန်များ သူတို့၏မျက်နှာကို ဖုံးအုပ်၍ သန့်ရှင်းသော ရှရော်ပင်များသည် သန့်ရှင်းသောမျက်နှာများနှင့် အပြစ်ဆိုသည်မှာ ဘာဖြစ်မှန်းကိုပင် မသိကြပေ။ သူတို့သည် သူတို့၏မျက်နှာများကို ဖုံးကွယ်ထားရပါသည်။ ဘုရားသခင်၏ ရှေ့တော်တွင် မျက်နှာပင် မဖေါ်ဝံ့ပါ။ သူတို့၏ခြေဖျားများကိုလည်း ဖုံးအုပ် ထားရပါ သည်။

သန့်ရှင်းသောဘုရားသခင်သည် အပြစ်ကိုမပြုလုပ်နိုင်ပါ။ ထိုကြောင့် ဘုရားသခင်ရှိနေသောတောင်ကို မည်သူမှမတို့ ထိနိုင်ပါ။ ဘုရားသခင်သည် လူဇာတိကိုခံ၍ ကျွန်ုပ်တို့အထဲတွင် ကျိန်းဝပ်တော်မူသည်။ သခင်ယေရှု၏ပုံသဏ္ဍာန်တော်၊ သူ၏သားတော်၊ သူ၏ဖန်ဆင်းခြင်း၏ပုံသဏ္ဍာန်ပင် ဖြစ်ပါသည်။ ထိုသားတော်သည် အသက်ကိုပေးသည်။ ဘုရားသခင်၏ သွေးဖျန်းသည်။ ဖျက်ဆီးခြင်းခံရပြီး အသက်သည် ထိုသွေးမှတစ်ဆင့် ကျွန်ုပ်တို့ အတွင်းသို့ ထွက်လာပါသည်။

ထိုအသွေးတော်အားဖြင့် ကျွန်တော်တို့သည် သန့်ရှင်းခြင်းသို့ရောက်သည်။ ကျွန်ုပ်တို့၏အသွေး၊ ကျွန်ုပ်တို့၏အ သက်၊ ကျွန်ုပ်တို့၏အသက်တာဆိုသည်မှာ ဤလောကကြီးထဲသို့ မွေးဖွားခြင်းအားဖြင့် ရောက်ရှိလာသော အသက်တာကို ပြောပါသည်။ သခင်ယေရှု၏အသွေးတော်က ကျွန်ုပ်တို့အား ဆေးကြောသည်။ သန့်ရှင်းသောဝိညာဉ်တော် စေလွှတ်ခြင်း အားဖြင့် သဘာဝအားဖြင့် ကျွန်ုပ်တို့ကို ပြောင်းလဲစေပါသည်။ ထိုအခါ ကျွန်တော်တို့သည် ဘုရားသဘာဝအဖြစ်သို့ ရောက်ရှိလာပါသည်။ ဘုရားသခင်ကျိန်းဝပ်တော်မူရာနေရာ ဖြစ်လာပါသည်။

35 ၃၅။ သခင်ယေရှုက ငါသည်ခမည်းတော်၌ရှိသည်ကိုငှင်း၊ ခမည်းတော်သည် ငါ၌ရှိတော်မူသည်ကိုငှင်း၊ ယုံကြလော့ဟု ဆိုထားပါသည်။ ဘုရားသခင်သည် သူ၏အသင်းတော်တွင်ရှိနေကြောင်း၊ မည်သို့ရှိနေကြောင်း၊ သိရပါမည်။

အသင်းတော်သည် ယခုအခါတွင် ခရစ်တော်၏နေရာကို ယူထားပါသည်။ ကိုယ်တော်ရှင် ၏ သာသနာတော်ကို ဆက်လက်၍လုပ်ကိုင်လျှက်ရှိပါသည်။ ငါ့ကိုယုံကြည် သောသူသည် ငါပြုသောအမှုတို့ကိုပြုလိမ့်မည်။ ထိုအမှုတို့ထက် သာ၍ကြီး သောအမှုတို့ကိုလည်းပြုလိမ့်မည်။ ခဏကြာပြီးမှ လောကီသားတို့သည် ငါ့ကိုမမြင်ရကြ။ သင်တို့မူကား မြင်ရကြလိမ့်မည်။ ငါသည်လည်း ကပ် ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိလိမ့်မည်ဟု မိန့်တော်မူသည်။ ကိုယ်တော်ရှင်သည် ဆက်လက်၍သူ၏အမှုတော်မြတ်ကို ဆောင်ရွက်နေဆဲ ဖြစ်ပါသည်။

36 ၃၆။ သမ္မာကျမ်းစာက ဆိုထားပါသည်။ သတေဖန်သည် ရှောလမုန်မင်းကြီး ဗိမာန်တော်တည်ဆောက်သည့် အကြောင်း ကို ပြောပြပါသည်။ အမြင့်ဆုံးသော ဘုရားသခင်သည် လူလက်ဖြင့်လုပ်သော ဗိမာန်တော်များတွင် မကျိန်းဝပ်ပါ။ ကောင်းကင်သည် ငါ့ပလ္လင်ဖြစ်၏။ မြေကြီးသည် ငါ့ခြေတင်ရာခုံဖြစ်၏။ အဘယ်သို့သောဗိမာန်တော်ကို ငါ့အဘို့တည် ဆောက်ကြမည်နည်း? အဘယ်အရပ်သည် ငါ့ကျိန်းဝပ်ရာဖြစ်မည်နည်း? သို့သော်လည်း ကိုယ်တော်ရှင်အတွက် ကိုယ်ခန္ဓာ ကိုပြင်ဆင်ထားပါသည်။ အာမင်၊ ကိုယ်တော်ရှင်အတွက် ပြင်ဆင်ထားသော ကိုယ်ခန္ဓာဖြစ်ပါသည်။

ဘုရားသခင်သည် လူ၏ပုံသဏ္ဍာန်တော်ထဲတွင် ကျိန်းဝပ်တော်မူပါသည်။ မိမိကိုယ်ကို ပေါ်လွင်စေ၍ ဝတ်ပြုကိုး ကွယ်ခြင်းကို အပြစ်ကင်းစင်စွာ ဖြစ်ပေါ်စေပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွင်း၌ ဗိမာန်တော်ပြုလျှက် ကျိန်းဝပ်တော်မူပါသည်။ ဘုရားသခင်ဖေါ်ပြတော်မူခြင်းဖြစ်ပါသည်။ အပူဖြင့် မွှန်ထူသွားလောက်အောင် သင်သည် အဘယ် ကဲ့သို့ နေနိုင်မည်နည်း?

37 ၃၇။ ဘုရားသခင်သည် အမြဲတမ်းတချိန်လုံး လူအတွင်းမှနေ၍မိမိကိုယ်ကို ဖေါ်ပြလျှက်ရှိပါသည်။ မောရှေအထဲမှ ဘုရားသခင်ဖေါ်ပြပါသည်။ သခင် ယေရှုကိုကြည့်ပါ။ ခေါင်းဆောင်အဖြစ် မွေးဖွားလာပါသည်။ သူမွေးဖွား သည့်အချိန်တွင် ကလေးငယ်များအား သတ်ဖြတ်ခြင်း ခံရသည်။ သူ့အား ရှာဖွေကြသည်။ ခရစ်တော်ကဲ့သို့ပင် ဖြစ်ပါသည်။ သူ့အားထိုအ ချိန်တွင် လွတ်မြောက်စေခဲ့ပါသည်။ ခရစ်တော်လည်း ထိုနည်းတူပင် ဖြစ်ပါသည်။ သူသည်ပညတ်တရားကိုပေးသူဖြစ်သည်။ ခရစ်တော်လည်း ထိုနည်းတူပင် ဖြစ်သည်။ မောရှေသည် ရက်ပေါင်း(၄၀)တောင်ပေါ်သို့တက်၍ ပညတ်တော်များကို ရယူခဲ့သည်။ဝင်းနောက် တောင်ပေါ်မှပြန်ဆင်းလာသည်။ ခရစ်တော်သည်လည်း တောထဲတွင်ရက်ပေါင်း(၄၀)နေ၍ပြန်လာခဲ့ပါသည်။ပြန်လာသောအခါ အောက်ပါအတိုင်းပြောဆိုပါသည်။ ရှေးကာလက သူ့အကြောင်းကိုကြားခဲ့ပြီး ဖြစ်ပါ သည်။ သင်တို့သည် သူ့သားမယားကို မပြစ်မှားရ။ သို့သော်လည်း ငါသည်သင်တို့အားဆိုသည်မှာ မည်သူမဆို အမျိုးသမီး တစ်ဦးအား တပ်မက်သောစိတ်နှင့်ကြည့်လျှင် သူ့စိတ်ထဲတွင် သူမအား ပြစ်မှားပြီးဖြစ်သည်။ ဤကဲ့သို့ကွာခြား ချက်များအား ဖြင့် ဘုရားသခင်သည် မိမိကိုယ်ကိုဖေါ်ပြလျှက်ရှိပါသည်။

38 ၃၈။ ယောသပ်ကိုကြည့်ပါ။ ဝိညာဉ်လူကလေးအဖြစ် မွေးဖွားလာသည်။ ညီအစ်ကိုများစွာ ရှိပါသည်။ သူတို့အားလုံးမှာ လူကောင်းများဖြစ်ကြသည်။ ဘိုးဘေးတို့ဖြစ်ကြသည်။ သို့သော်လည်း ယောသပ်ကလေးမှာ တမူထူးခြားသည်။ သူသည် ရူပါရုံများကို မြင်သည်။ အိမ်မက်များကို အနက်ဖွင့်ဆိုနိုင် သည်။ သူ့အစ်ကိုများက သူ့ကိုထိုအကြောင်းကြောင့် မုန်းတီး သည်။ ဘုရားသခင်က သူ့အားကမ္ဘာမြေကြီးပေါ်သို့စေလွတ်ရခြင်း၏ အကြောင်းရင်းရှိ သဖြင့် သူ့အစ်ကိုများက သူ့အားမုန်း တီးပါသည်။ အားလုံးမှာ ကားတိုင် တော်ကိုလက်ညိုးညွှန်လျှက်ပင် ရှိပါသည်။

ငွေသား(၃၀)ဖြင့် ရောင်းစားခြင်းကိုခံရသည်။ သူ့အစ်ကိုများကသူ့ ကိုရောင်းစားကြသည်။ တွင်းထဲသို့သေပြီဟု အထင်နှင့်ပစ်ချခြင်းခံရသည်။ တွင်းထဲမှဆယ်ယူခြင်းကိုခံရသည်။ နောက်တွင် ဖာရောဘုရင်၏လက်ယာ ဘက်တွင်ထိုင် နေခြင်း အခွင့်ကိုရသည်။ မည်သူမှ ဖာရောဘုရင်ထံသို့မသွား နိုင်ပါ။ ထိုအချိန်ကာလက ကမ္ဘာလောကကြီးကို မည်သူထိန်း ချုပ်ထားပါသနည်း။ မည်သူမှ ဖာရောဘုရင်ထံသို့မရောက်ပါ။ မည်သူမှဖာရောဘုရင် ထံသို့ မသွားန်ိုင်ပါ။ ယောသပ်မှတစ် ဆင့်သာ သွားနိုင်ပါသည်။ မည်သူမှ ဘုရားသခင်ထံသို့မလာနိုင်ပါ။ ခရစ်တော်မှတစ်ဆင့်သာ သွားနိုင်ပါသည်။

ယောသပ်သည် နန်းတော်မှထွက်ခွာလာသောအခါ တံပိုးမှုတ်သံကို ကြားရပါသည်။ ရှေ့တော်ပြေးများ သူ့ရှေ့တွင်ကြို၍ သွားနှင့်ပါသည်။ ယောသပ်ကြွလာပြီ။ ဒူးထောက်ကြဟု သူတို့ကအော်ကြသည်။ သင်မည်သည့် နေရာမှာဘဲရှိရှိ၊ သင်ဘာဘဲ လုပ်လုပ် သင်သည်မည်မျှပင် အရေးကြီးသောအလုပ် လုပ်စေကာမူ ယောသပ်ကြွလာသောအခါ ဒူးထောက်၍နေရပါသည်။ (ရောမ ၁၄း၁၁)

တံပိုးမှုတ်သံကြားရသောနေ့တစ်နေ့တွင် လူတိုင်းဒူးထောက်၍ လူမျိုး တိုင်းဝန်ခံကြရပါမည်။ ခရစ်တော်တည်းဟူသော ကျွန်တော်တို့ဘုရားက ဘုန်းတော်နှင့်ကြွလာသောအခါ သင်လုပ်နေသောအလုပ်သည် ဘာမှအ ရေးမကြီးတော့ပါ။ လူတိုင်း ဒူးထောက်၍ လူတိုင်းကိုယ်တော်ရှင်သည် ဘုရားသခင်၏သားတော် ဖြစ်ကြောင်း ဝန်ခံကြရမည်ဖြစ်ပါသည်။

39 ၃၉။ ဒါဝိဒ်မင်းကြီး၏အသက်တာတွင် ကိုယ်တော်ရှင်အား ကျွန်ုပ်တို့တွေ့ မြင်ရပါသည်။ ဒါဝိဒ်မင်းကြီးသည် ငြင်းပယ်ခြင်း ခံရသည်။ သူ၏ညီအစ်ကို များ၊ သူ၏သားကပင်သူ့အားနန်းတော်ထဲမှ မောင်းထုတ်ခဲ့သည်။ သံလွင် တောင်ပေါ်တွင်ထိုင်၍ တောင်ထိပ်သို့သွားသောအခါတွင် ယေရုရှလင်မြို့ ကိုလှည့်ကြည့်ပြီး ငိုကြွေးပါသည်။ သူ၏လူမျိုးတော် သူ့အသေခံခဲ့သော ဘုရားအကြောင်းကို သွန်သင်ပြောပြခဲ့သောသူ သူ၏လူများက သူ့အားငြင်း ပယ်ကြပါသည်။ သူ့အားပစ်ပယ်ကြသည်။ တံတွေးနှင့်ထွေးကြသည်။ ပျက်ယယ်ပြုကြသည်။ တောင်ကုန်းပေါ်သို့ စ၍လျှောက်သောအချိန်မှစ၍ ငြင်း ပယ်ခြင်းခံရသည်။ (မဿဲ ၂၃း၃၇၊ လုကာ ၁၃း၃၄၊ လုကာ ၁၉း၄၁)

နောင်နှစ်ပေါင်း(၈၀၀)ခန့်ကြာသည့်အခါ ဘုရားသခင်၏သားတော် နှင့်တထေရာတည်းဖြစ်ပါသည်။ငြင်းပယ်ခြင်းခံရသောဘုရင်သည် တောင်ပေါ်တွင်ထိုင်၍ ယေရုရှလင်မြို့ကိုကြည့်ပြီးငိုကြွေးသည်။ မိမိ၏လူများက မိမိကိုပြန်၍ငြင်း ပယ်ခြင်းခံရ သော ဘုရင်ဖြစ်ပါသည်။ ဘုရားသခင်သည် မိမိကိုယ်ကို ပရောဖက်များအားဖြင့် ဖေါ်ပြသည်။ ခရစ်တော်အား ဖြင့်ဖေါ်ပြ သည်။

ဘုရားသခင်၏ပုံသဏ္ဍာန်တော်၊ အပြစ်ကင်းမဲ့ခြင်းသည် နောက်တစ် ခုအားဖြင့် ပေါ်လွင်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ အလယ်တွင် ရှိတော် မူခြင်းပင် ဖြစ်ပါသည်။ ထိုအချိန်မှစ၍ ကိုယ်တော်ရှင်သည် မိမိကိုယ်ကို ပေါ်လွင်စေသည်။ အသင်းတော်တွင် ပေါ်လွင်စေသည်။ ကားတိုင်ပေါ်တွင် ပေါ်လွင်စေသည်။ ထို့ကြောင့် သင်မြင်တွေ့ရပေမည်။ ကျွန်ုပ်တို့အား လုံးမှာ ဤကျိန်းဝပ်ရာနေရာကိုရောက်အောင် ကြိုးစားလျှက်ရှိပါသည်။ အသက်ရှင်တော်မူသော ဘုရားသခင်၏ဗိမာန်တော် ဖြစ်သည်။ (၂ပေ ၁း၅-၈)

40 ၄၀။ အချို့သောသူများသတိပြုမိသည့်အရာရှိပါသည်။ ကိုယ်တော်ရှင်က မိန့်တော်မူသည်မှာ ထိုသို့အလို့ငှာ သင်တို့သည် ယုံကြည်ခြင်း၌သီလကိုရင်း၊ သီလ၌ပညာကိုရင်း၊ ပညာ၌ကာမဂုဏ်ချုပ်တည်းခြင်းကိုရင်း၊ ကာမဂုဏ် ချုပ်တည်းခြင်း၌ သီးခံ ခြင်းကိုရင်း၊ သီးခံခြင်း၌ဘုရားဝတ်ကိုပြု၍မွေ့လျော် ခြင်းကိုရင်း၊ ထိုမွေ့လျော်ခြင်း၌ ညီအစ်ကိုစုံမက်ခြင်းကိုရင်း ဟုဆိုထား သည် ကိုတွေ့ရပါသည်။ ညီအစ်ကိုကြင်နာခြင်း၊ ချစ်ခြင်းနှင့်မေတ္တာအကြောင်းကို ဖေါ်ပြထားသည်။ ဤကျမ်းစာကို တစ်ဖန်ထပ်၍ဖတ်ပါဦးမည်။ သို့မှသာ သင်တို့လည်း သေချာစွာ သဘောပေါက်နားလည်မည်ဖြစ်သည်။ အခန်း ငယ် ၅မှစ၍ ပြန်ဖတ်ပါမည်။

ထိုသို့အလို့ငှာ သင်တို့သည်ယုံကြည်ခြင်း ၌သီလကိုရင်း၊ သီလ၌ပညာကိုရင်း၊

ပညာ၌ကာမဂုဏ် ချုပ်တည်း ခြင်းကိုရင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း၌သီးခံခြင်းကိုရင်း၊ သီးခံခြင်း၌ဘုရားဝတ်ကို ပြု၍မွေ့လျော်ခြင်းကိုရင်း၊

ထိုမွေ့ လျော်ခြင်း၌ ညီအစ်ကိုစုံမက်ခြင်းကိုင်း၊ ညီအစ်ကိုစုံမက်ခြင်း၌ ချစ်ခြင်းမေတ္တာကိုင်း၊ အလွန်ကြိုးစားအားထုတ် ၍ထပ်ဆင့်ကြလော့။ အကြောင်းမူကား ထိုပါရမီတို့သည် သင်တို့၌ရှိ၍ကြွယ်ဝလျှင် ငါတို့သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌မ ပျင်းရိစေခြင်းငှာရင်း၊ အကျိုးမဲ့မဖြစ်စေခြင်းငှာရင်း၊ ပြုပြင်တတ်ကြ၏။

ပေတရုက ထိုအကြောင်း အရာများကိုအတိုချုံး၍ ကျွန်ုပ်တို့အတွက် ဖေါ်ပြထားပါသည်။ မည်ကဲ့သို့ ကျွန်ုပ်တို့ရောက်ရှိကြောင်းကို တွေ့ရပါသည်။

41 ၄၁။ ယခု ကျွန်တော်ဤအကြောင်းကိုပြောလိုပါသည်။ အချို့သောသူများရှိ ကြပါသည်။ သူတို့သည် အသိပညာရှိခြင်း၊ အပြစ်ကင်းစင်ခြင်း၊ ပညာ ညဏ်နှင့်ပြည့်စုံခြင်း၊ သီးခံခြင်းတို့ကို ပိုင်ဆိုင်ထားကြပါသည်။ သို့သော် လည်း ခရစ်ယာန်များဟု မိမိတို့ကိုယ်ကိုမိမိတို့ မဝန်ခံကြပါ။ ကျွန်တော်တို့သည် Sunday School သင်ကြပါသည်။ မှန်ပါသည်။ အချို့သောသူများ သည် ခရစ်ယာန်အသက်တာတွင် ဟန်ဆောင်မနေကြပါ။

မဲနက်နေသောငှက်တစ်ကောင်သည် ဒေါင်းယောင်ဆောင်၍ ဒေါင်းတောင်များကို တပ်ထားသကဲ့သို့ဖြစ်ပါသည်။ မိမိကိုယ်ကို မိမိ မဝန်ခံနိုင်ပါ။ သူသည်ငှက်အမဲပင် ဖြစ်ပါသည်။ အမျိုးမျိုးကျင့်ကြံပြုမူကြိုးစားသော်လည်း ခရစ်ယာန်မဖြစ်ပါ။ ခရစ်ယာန် လည်း မဟုတ်ပါ။ သူသည်ဘယ်နေရာမှပင် မဝင်ဆံ့ပါ။ စိုက်ကမိုးသစ်ပင်က ပန်းသီးသီးရန်ကြိုးစားသကဲ့သို့ ဖြစ်ပါသည်။ ဘယ်လိုနည်းနှင့်မှမဖြစ်နိုင်ပါ။ သို့သော်လည်း သစ်ပင်တော့ဖြစ်ပါ သည်။ ပန်းသီးတော့မသီးနိုင်ပါ။

42 ၄၂။ မြည်းတစ်ကောင်မှနေ၍ သိုးမွေးများထုတ်လုပ်ရန် ကြိုးစားသကဲ့ သို့ဖြစ်သည်။ သိုးဖြစ်ရန်ကြိုးစားသော်လည်း သူသည်မြည်းသာဖြစ်ပါသည်။ သူသည်သိုးမွေးမထုတ်လုပ်နိုင်ပါ။ သူဘယ်လိုမှ မလုပ်နိုင်ပါ။ သိုးမွေးဆိုသည်မှာ သိုး၏အမွေး၊ သိုး၏ဆုကျေးဇူးပင်ဖြစ်ပါသည်။ မြည်းအတွက်မ ဟုတ်ပါ။ သူသည်သိုးကဲ့သို့ ကြိုးစားမည်ဖြစ်သော်လည်း သူသည်မြည်းသာ ဖြစ်နေဆဲ ဖြစ်ပါသည်။ ကျွန်တော်သည်သိုးကဲ့သို့ကြားနိုင်သည်။ သိုးကဲ့သို့ လုပ်နိုင်သည်။ သို့သော်သင်ဘာဘဲလုပ်နိုင် လုပ်နိုင်သင်သည် သိုးဖြစ်၍မ ရပါ။ သိုးဖြစ်မှသာလျှင် သိုးမွေးထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။

ဤနေရာတွင် ကျွန်တော်ခဏရပ်နားလိုပါသည်။ သိုးသည်သိုးမွေးမ ထုတ်လုပ်ပါ။ သူသည်သိုးမွေးတော့ရှိပါသည်။ သိုးဖြစ်သောကြောင့် ဖြစ်သည်။ လူပေါင်းမြောက်များစွာတို့က အောက်ပါအတိုင်း ကြိုးစား၍ပြောဆို ကြပါသည်။ ကျွန်တော် တို့ကောင်းအောင် ကြိုးစားကြမည်။ ကျွန်တော်တို့ ဤအရာကိုလုပ်နိုင်အောင် ကြိုးစားကြမည်။ ဘာမှထုတ်လုပ်ရန်မကြိုးစား ပါနှင့်။ သင်မပြုလုပ်နိုင်ပါ။ သိုးအားသိုးမွေးထုတ်လုပ်ရန်စေခိုင်းစရာမလို ပါ။ သိုးမွေးထုတ်လုပ်ရန်လည်း မြှော်လင့်စရာလည်း မလိုပါ။ သိုးမွေးရှိပြီး သားဖြစ်ပါသည်။ ထိုကဲ့သို့ရှိပြီးသားဖြစ်ခြင်းမှာ သိုးဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

သင်သည်ခရစ်ယာန်ဖြစ်ပါက ဝိညာဉ်တော်၏အသီးကို သီးမည်ဖြစ်သည်။ သင်ကထုတ်လုပ်စရာမလိုပါ။ သင်ကပြုလုပ် ရန်ကြိုးစားစရာလည်း မလိုပါ။ သင်မဖြစ်သောအရာတစ်ခုကို သင်ကြိုးစားပြုလုပ်၍မရပါ။ သင်သည် သင်လုပ်လိုသော အရာကိုသာလုပ်၍ ဖြစ်လာနိုင်ပါမည်။ ၎င်းနောက် မိမိကိုယ်ကိုမိမိဆက်လက်၍ ဂရုစိုက်သွားရမည်ဖြစ်ပါသည်။

43 ၄၃။ လူအများ ပြောသံကို ကြားဘူးပါသလား? ကျွန်တော်ပြောပြလိုပါသည်။ ဘုရားကျောင်းတစ်ခုတွင် ပါဝင်ပါသည်။ ကျွန်တော်လိမ်ညာလှည့်ဖျားမှုကို ကြိုးစား၍ ဖျောက်ဖျက်ပါသည်။ သင်သည် တစ်စုံတစ်ခုကိုထပ်မံ၍ ထုတ်လုပ်ရန်ကြိုး စားနေသည်ဆိုကြပါစို့။ သင်မပြုလုပ်နိုင်ပါ။ ကြိုးစားရန်လည်း မလိုပါ။ မြည်းသည်မိမိဖာမိမိ သိုးမွေးထုတ်လုပ်၍ မရနိုင်သ ကဲ့သို့ ဖြစ်ပါသည်။ သင်လည်းမပြုလုပ်နိုင်ပါ။ လင်းတသည် ချိုးငှက်နှင့်အတူ စားသောက်၍မ ရပါ။ လင်းတသည်လည်း ချိုးငှက်ဖြစ်ရန်ကြိုးစား၍ မရပါ။ လင်းတတစ်ကောင်ကို တွေးတောကြည့်ပါ။ ငါဟာချိုးငှက်ဖြစ်တယ်ဆိုပြီး ချိုးငှက် တောင်ပံကလေးများ သူ့အပေါ်တင်၍ကြည့်စမ်း ငါဘာနဲ့တူသလဲလို့ပြောရင် လင်းတနှင့်သာတူမည်ဖြစ်သည်။ ချိုးငှက်ပုံ သဏ္ဍာန်လုံးဝမရှိပါ။

သူမဟုတ်သည့်အရာကို ဟုတ်ပါသည်ဟုပြောသောသူတစ်ယောက် ရှိသည်ဆိုကြပါစို့။ သင်လည်းထိုကဲ့သို့ပြုလုပ်၍မရပါ။ သင်လည်းပြော၍ မရပါ။ ယခုကြည့်ပါ။ ကျွန်တော့်မှာအပြစ်မရှိပါ။ ကျွန်တော်အပြစ်ကင်းစင်ပါသည်။ ကျွန်တော်ဟာအ လွန်ဘုရားတရားမြဲပါသည်။ ကျွန်တော့်မှာ ရှိပါသည်။ အဘယ်ကြောင့်နည်း။ သင်သည်အခြားတောင်ပံ များကို သင့်ကိုယ် ပေါ်တပ်ဆင်ရန် သင်ကြိုးစားနေသည်။ သင်လှမ်း၍မမှီနိုင်ပါ။ ထိုတောင်ပံများကိုလည်း အခြားငှက်တစ်ကောင်၏ ကိုယ်ပေါ် တွင်တပ်ဆင်၍မရပါ။ ဘယ်လိုနည်းနဲ့မှမဖြစ်နိုင်ပါ။

44 ၄၄။ ထိုငှက်မှာ သူတော်ကောင်းယောင်ဆောင် ခြင်းသက်သက်သာဖြစ်သည် ဟု ပေါ်လွင်သွားပေမည်။ လင်းတကြီးတစ် ကောင်ကချိုးငှက်တောင်ပံလေးနှစ်ခုကိုတပ်ပြီး ဒီမှာကြည့်ပါဦး။ ကျွန်တော် ကချိုးငှက်ပါဟုပြောပါက ကျွန်ုပ်တို့အားလုံး သူ့အားလင်းတမှန်းသိပါသည်။ သူသည် လင်းတဖြစ်ကြောင်းကျွန်ုပ်တို့ အတိအကျပြောနိုင်ပါသည်။ (ယော၃း၇၊ ၁ ပေ၁း၂၃)

ခရစ်ယာန်ဘာသာကို ဤကဲ့သို့ထုတ်လုပ်ရန်ကြိုးစားနေသည့်နည်း လမ်းပင်ဖြစ်ပါသည်။ သင်ပြုလုပ်၍မရပါ။ ပထမဦး ဆုံးသင်ပြုလုပ်ရမည့် အရာမှာ ဒုတိယမွေးခြင်းခံရပါမည်။ သင့်အသက်တာပြောင်းလဲရပါမည်။ သင့်အသက်တာပြောင်း လဲသွားမှသာ သင်သည်အသစ်သော ပြုပြင်သော သတ္တဝါ၊ အသစ်ဖန်ဆင်းခြင်းခံရသောသတ္တဝါဖြစ်ပါမည်။ ထိုအခါကျမှ သင်သည်မှန်ကန်သွားပါမည်။ သင်တောင်ပံများအတွက် စိုးရိမ်စရာမလိုတော့ပါ။ သူ့ဖာသူဖြစ်သွားပါမည်။ သင်ဒုတိယ မွေးခြင်းခံပြီးနောက် အလို အလျောက်ပြောင်းလဲသွားမည်ဖြစ်ပါသည်။

ကျွန်တော်အမြဲတမ်း ပြောဆိုတတ်ပါသည်။ ဝက်တစ်ကောင်ကိုခေါ်၍ သေချာစွာပွတ်တိုက်ဆေးကြောပြီး လှလှပပ ဝတ်ဆင်ပေးပါ။ ထို့နောက် အပြင်သို့ခေါ်ထုတ်သွားပါ။ သူသည်ရွှံ့အိုင်တွေ့ပါက ဝင်၍လူးမည်ဖြစ်ပါသည်။ သူ့အတွက်

ရွံ့အိုင်မှာအလွန်မှာအလွန်ကောင်းမွန်သည်ဟုသူထင်ပါ သည်။ သူသည်ဝက်ဖြစ်ပါသည်။ သူ၏သဘာဝပင် ဖြစ်သည်။ ရွံ့အိုင်ထဲတွင် လူးရခြင်းမှာ သူ၏သဘာဝပင်ဖြစ်သည်။ သူ၏သဘာဝကို သင်က ပြောင်းလဲပေးရပေမည်။ ကျန်သောအ ရာများအားလုံးကို သူ့ဖာသာသူပြု ပြင်သွားမည်ဖြစ်သည်။

45 ၄၅။ သင်သည် ဒုတိယမွေးခြင်းခံရပါမည်။ ပြောင်းလဲခြင်းခံရပါမည်။ အပြောင်းအလဲတစ်ခုရှိကို ရှိရမည်ဖြစ်သည်။ သင်က ကျွန်ုပ်ကို ဘရာသာ ဘရမ်ဟမ် ထိုအမျိုးသမီးတစ်ဦးရှိသည်။ သူမကိုကျွန်တော်သိပါသည်။ သူ ဘာအမှားတစ်ခုမှ မပြုလုပ်ပါ။ သူမသည် မိန်းမကောင်းတစ်ဦး ဖြစ်ပါ သည်။ သို့မဟုတ် အမျိုးသားတစ်ဦးရှိသည်။ ထိုသူသည်လူကောင်းတစ်ဦး ဖြစ်သည်။ ဘာမှအပြစ်မလုပ်ပါ။ မည်သူ့ကိုမှလည်း ရန်မမူပါ။ ထိုသို့ ကောင်းမွန်ခြင်းကို ဆိုလိုခြင်းမဟုတ်ပါ။ သူသည် ကောင်းမွန်သောအိမ်နီး ချင်းတစ်ဦးဖြစ်ပေမည်။ သို့သော်လည်း သူသည်ဒုတိယမွေးခြင်းမခံမယူ သေးလျှင် ခရစ်ယာန် ကောင်းတစ်ဦး ဖြစ်မလာသေးပါ။

သခင်ယေရှုက လူတစ်ဦးသည်ဒုတိယမွေးခြင်းမခံမယူသေးလျှင် ကောင်းကင်နိုင်ငံတော်ကို မမြင်ရဟုဆိုထားပါသည်။ (ယော ၃)မြင်ခြင်းနှင့်ပတ်သက်သည့်အဓိပ္ပါယ်မှာ နားလည်ခြင်းပင် ဖြစ်ပါသည်။သင်တစ် ခုခုကိုကြည့်၍ ကျွန်တော်မမြင်ရ ပါဟုပြောလျှင် သင်ဆိုလိုသောအဓိပ္ပါယ် မှာ နားမလည်ဟုဆိုလ်ိုခြင်း ဖြစ်ပါသည်။

46 ၄၆။ လူများဘာကြောင့်အော်ရသည်ကို လူတစ်ဦးကနားမလည်န်ိုင်ပါ။ လူသားတို့၏ဘာသာစကား ဘာကြောင့်ပြောင်း လဲရကြောင်းနားမလည်န်ိုင်ပါ။ သူသည် အခြားသောဘာသာစကားအားဖြင့် ပြောဆိုနိုင်ပါသည်။ သာမန် လူသားတစ်ဦးသည် ဘုရားသခင်ဘုန်းတော်ကို မတွေ့မြင်ရပါ။ လူသား၏ မျက်စိဖြင့် မမြင်န်ိုင်ပါ။ သူသည် ရူပါရုံမြင်နိုင်ပါသည်။ အခြားသော သူတစ်ဦးကိုဘာလုပ်ရမည်ကို ပြန်လည်ပြောပြန်ိုင်ပါသည်။ ဘာဖြစ်လာမည်ကို လည်းပြောပြန်ိုင်ပါသည်။ နောင်ဖြစ်လာ မည့်အရာကိုလည်း ကြိုတင်ပြောပြ န်ိုင်ပါသည်။ ကိုယ်တော်ရှင်သည် ကျွန်တော်တို့အား ဘာဖြစ်မည်ကိုပြော ပြသကဲ့သို့ပင် ဖြစ်ပါသည်။ သာမန်စိတ်နှလုံးအားဖြင့် ကြိုးစား၍အဓိပ္ပါယ် ဖေါ်ထုတ်သောအခါ ကိုယ်တော်ရှင်ဘာလုပ်သည့်အကြောင်း၊ ကိုယ်တော် ရှင်မည်ကဲ့သို့သောအကြောင်းအရာကို အသုံးပြုသည့်အကြောင်း စသည်တို့ ကို သိနိုင်ပါသည်။ အခြားသောဘာ သာစကားကိုပြောဆိုသောသူနှင့် အနက်ပြန်ဆိုသောသူသည် အတိအကျပင် ပြောဆိုခဲ့ပါသည်။ သူတို့ကိုယ်တိုင် ဘာပြုလုပ် ခဲ့သည်တို့ကို တိတိကျကျဖေါ်ပြနိုင်ပါသည်။ ဘာလုပ်သင့်သည် စသည်တို့ကိုလည်း ဖေါ်ပြန်ိုင်ပါသည်။

သူတို့မှာ ထူးခြားသောအကြောင်းအရာ တစ်ခုရှိသည်ဟု သူတို့ထင်ပါသည်။ သူတို့အကြားတွင် တစ်စုံတစ်ခု အချိတ်အ ဆက်ရှိသည်ဟု သူတို့ထင်ပါသည်။ သူတို့နားမလည်န်ိုင်အောင်ဖြစ်ရပါသည်။ ဒုတိယမွေးခြင်းခံယူပြီး သောသူမှသာလျှင် နားလည်နိုင်ပါသည်။ သူသည်ဒုတိယမွေးခြင်းခံယူပြီး သောအခါ သူသည်အသစ်သောဖန်ဆင်းခြင်းခံရသဖြင့် အခြားသောသူ များနှင့် မိတ်သဟာရဖွဲ့န်ိုင်မည်ဖြစ်ပါသည်။ ဟောင်းသောအရာတို့သည် သူ့တွင်မရှိတော့ပါ။ သူ၏သံသယဖြစ်တတ်သော သဘောများလည်းသေ ဆုံးသွားပြီ ဖြစ်ပါသည်။ သူသည်အသစ်သောဖန်ဆင်းခြင်း ဖြစ်ပါသည်။ ဘာမှထပ်၍ပေါင်းထည့်စရာ မလိုတော့ပါ။ အလိုအလျှောက်ပေါင်းထည့် ထားပြီးသား ဖြစ်ပါသည်။

47 ၄၇။ သင်သည် ဒုတိယမွေးခြင်းခံယူရမည် ဖြစ်ပါသည်။ ဒုတိယမွေးခြင်းခံ ယူပြီးသောအခါ ယုံကြည်ခြင်းမရှိဘဲနှင့် မခံယူနိုင် ပါ။ ဒီမှာကျွန်တော်ရေး ထားသော ကားချပ်ကိုကြည့်ပါ။ အခြေခံဒီမှာ ရှိပါသည်။ အခြေခံသည် အားလုံး၏အခြေခံဖြစ်၍ ယုံကြည်ခြင်းပင် ဖြစ်ပါသည်။ ယုံကြည်ခြင်းမရှိ လျှင်ဘုရားသခင်၏စိတ်တော်နှင့်မတွေ့န်ိုင်ဟု ဆိုထားပါသည်။ ဘုရား သခင်ထံသို့လာသောသူသည် ယုံကြည်သောစိတ်နှလုံးနှင့် လာရမည်ဖြစ်ပါ သည်။ ကိုယ်တော်ရှင်ထံသို့လာသောသူသည် ယုံကြည်သောစိတ်နှလုံးနှင့် လာရမည်ဖြစ်ပါသည်။ ကိုယ်တော်ရှင်ကိုရှာဖွေသောသူသည် အရာခပ် သိမ်းကို ချီးမြှောက်၊ ချီးမြှင့်မည့်သူဖြစ်ပါသည်။ သမ္မာကျမ်းစာကိုသံသယ ဖြစ်ပါက နှုတ်ကပတ်တော်ကိုသံသယ ဖြစ်ခြင်းပင်ဖြစ်ပါသည်။ သင်ဝေး ဝေးမှရှောင်နေပါ။ ယုံကြည်ပြီးမှသာ သင်အနားသို့တိုးကပ်လာပါ။

အပြစ်ဆိုသည်မှာ ဘာဖြစ်ပါသနည်း ? မယုံကြည်ခြင်းပင် ဖြစ်ပါ သည်။ လူသားတစ်ဦးလျှင် အကြောင်းအရာ(၂)ခုသာ ရှိပါသည်။ ယုံကြည်ခြင်း(သို့)သံသယဖြစ်ခြင်း တစ်ခုမဟုတ်တစ်ခုဖြစ်ပါသည်။ တစ်ခုခုကိုပိုင် ဆိုင်ထားပါက သင်ပ်ိုင်ဆိုင်ထား သောအရာသည် သင့်အသက်တာကိုထိန်း ချုပ်ထားမည် ဖြစ်ပါသည်။ သင်၏ယုံကြည်ခြင်းရှိသည်နှင့်အမျှ သင်၏ဘဝမှာ လည်း မြင့်မားလာမည်ဖြစ်ပါသည်။ သို့သော်လည်း ပထမဆုံးယုံကြည်ရ မည်ဘို့လိုပါသည်။ အခြေခံအပေါ်မှာ ကျွန်တော် အဓိကထားပြီးပြောပါ မည်။

48 ၄၈။ ယုံကြည်ခြင်းဆိုသည်မှာ သင်ယုံကြည်ရမည့်အရာပင်ဖြစ်ပါသည်။ ယုံကြည်ခြင်းဆိုသည်မှာမြော်လင့်ထားသောအရာများပင်ဖြစ်သည်။သင် ယုံကြည်လျှင် သင်ရရှိပြီးဖြစ်သည်။ အကြောင်းမှာ ယုံကြည်ခြင်းအားဖြင့် ဖေါ်ပြပြီးသောကြောင့် ဖြစ်သည်။ ယုံကြည်ခြင်းဆိုသည်မှာ မြော်လင့်ထား သောအရာများကို ယုံကြည်နေခြင်းပင် ဖြစ်ပါသည်။ မည်ကဲ့သို့သောအ ထောက်အထားများ ဖြစ်ပါသနည်း ? သန့်ရှင်းသောအထောက်အထားများ ဖြစ်ပါသည်။ (ဟေဗြဲ ၁၁)တွင်ယုံကြည်ခြင်းနှင့်ပတ်သက်သည့် အထောက်အထားများကို ဖေါ်ပြထားပါသည်။ ယုံကြည်ခြင်းသည် မြော်လင့်သောအ ရာတို့ကို မျက်မှောက်ပြုခြင်းပင် ဖြစ်၏။ မမြင်သေးသောအရာတို့ကို သိ မှတ်စွဲလန်းခြင်းအကြောင်းဖြစ်၏။

သင်သည်ဘရာသာဘရမ်ဟမ် ကျွန်တော်သည်ဘုရားသခင်ကို အနာ ရောဂါငြိမ်းစေသောဘုရားအဖြစ် ယုံကြည်ပါသည်ဟု ဆိုလျှင်သင်လုံး၀ ယုံကြည်လျှင် ကိုယ်တော်ရှင်ကိုအနာရောဂါငြိမ်းစေသော ဘုရားအဖြစ် ယုံကြည်လက်ခံပါ။ လုံး၀မလိမ် ညာပါနှင့်။ သူ၏ဒါဏ်ချက်ရာများအားဖြင့် သင့်အနာကို ပျောက်စေပြီဆုသည်ကို လုံး၀ယုံကြည်ပါ။ သင့်အားလုံး၀ လှည့်ဖျား မည် မဟုတ်ပါ။ တစ်ကယ်ခိုင်မာသောအကြောင်းအရာ ရှိပါမည်။ သင့်မှာ မြော်လင့်ခြင်းရှိပါမည်။ သင်သည် ထိုမြော်လင့်ခြင်း အပေါ် ရပ်တည်ပါ။ စွဲမြဲစွာ လက်ကိုင်ထားပါ။ သင်သည် ယုံကြည်ခြင်းရှိပါက သင်သိ ပေမည်။ အကြောင်းမှာ အထောက်အ ထားခိုင်လုံ၍ သင်ရရှိထားပြီးသား

ဖြစ်ပါသည်။

49 ၄၉။ အော်ရာရော်ဘတ်အကြောင်း ယနေ့မနက် ကြားကြပါသလား? သူသည် ယနေ့မနက် တရားဟောပါသည်။ အော်ရာရော်ဘတ်ဖြစ်ပါသည်။ ကျွန်တော်သည် သူအကြောင်းအရာ တစ်ခုကိုပြောသည့်အကြောင်း ကြားရပါသည်။ ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းရသည့်အကြောင်း၊ ယုံကြည် ခြင်းနှင့်ဆုတောင်းသည့်အကြောင်း၊ စသည်အကြောင်းတို့ ဖြစ်ပါသည်။ သင်သည်ရေဒီယိုကိုကိုင်ထားပြီး အဆက်အသွယ်ပြုလုပ်ပါ။ သင်တစ်ခုခုကို ကိုင်ထား၍ အဆက်အသွယ်လုပ် ထားပါဟု သူကဆိုပါသည်။ သူထိုသို့ပြု လုပ်ရခြင်းမှာ လူများသည်သူတို့လက်က တစ်ခုခုကို ကိုင်ထားနိုင်စေရန် ဖြစ်ပါသည်။ ကျွန်တော့်လက်ထဲမှာ ရေဒီယိုကိုကိုင်ထားပါပြီ။ ထိထားပါပြီ ဟု ပြောနိုင်ရန်အတွက်ပင် ဖြစ်သည်။

စစ်မှန်သော၊ အမှန်အကန်ဖြစ်သောယုံကြည်ခြင်းသည် တစ်စုံတစ်ခုကို ကိုင်ထားရန်မလိုပါ။ ကျွန်တော်သည် ဘရာသာ အော်ရာရော်ဘတ်ကိုအ ပြစ်ဆိုနေခြင်းမဟုတ်ပါ။ လုံးဝအပြစ်ဆိုနေခြင်း မဟုတ်ပါ။ သူသည်ကြီးမား သောအလုပ်တစ်ခုကို လုပ်နေခြင်းဖြစ်ပါသည်။ သူသည်ဘုရားကိုချစ်သော သူဖြစ်ပါသည်။ ကျွန်တော်သည် အော်ရာရော်ဘတ်အကြောင်း ကိုလည်း အများကြီးစဉ်းစားပါသည်။

ကျွန်တော်ဆိုလိုသည့်အကြောင်းအရာမှာ ယုံကြည်ခြင်းအတွက် ဘာမှမလိုပါ။ ယုံကြည်ခြင်းသည် ဘုရားသခင်၏နှုတ်က ပတ်တော်ကိုယုံကြည်ခြင်း ဖြစ်သည်။ ယုံကြည်ခြင်းမှာ ထိတွေ့ခြင်းအားဖြင့် လာခြင်းဖြစ်ပါသလား? မဟုတ်ပါ။ ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့် ဖြစ်ပါသည်။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပါသည်။ ထိုအရာမှာ တည်မြဲသောအရာဖြစ်ပါသည်။ ယုံကြည်ခြင်းဆိုသည်မှာ ကျွန်တော်ပြောခဲ့ပြီးသကဲ့သို့ ဘာအ ကွာအဝေးမှ မရှိပါ။ ယခုဤနေရာ၌ပင်ရှိပါသည်။ ယုံကြည်ခြင်းသည် ဤနား၌ပင် ရှိပါသည်။

50 ၅၀။ စစ္စတာကစ်ပြောသကဲ့သို့ တနေ့က ကလေးငယ်ကလေး၏မိခင် ဖြစ်ပါသည်။ သူတို့ကလေးငယ်လေးမှာ အူများအပြင်သို့ ထွက်နေပါသည်။ အူမ ကြီးအပြင်ဘက်တွင် ပွင့်နေ၍အစာဟောင်းများထွက်ရန်အပေါက် မရှိပါ။ ထိုမိန်းမငယ်ကလေးသည် စစ္စတာကစ်သက်သေခံချက်အရ ယုံကြည်ပါ သည်။ ယုံကြည်ခြင်းဖြင့် ထိတွေ့ရပါသည်။ ကျွန်တော်နှင့်လည်းအဆက်အ သွယ်ရ ပါသည်။ ထိုကလေးငယ်ကလေးအတွက် ဆုတောင်းပေးပါသည်။

ဘုရားသခင်က ကျွန်ုပ်တို့အားလူများကို ပေးပါသည်။ ကျွန်တော်တို့ အချို့မှာဘုရားနှင့်ပတ်သက်၍ တစ်ကယ်ကိုစစ်မှန်သော အတွေ့အကြုံခံစား ချက်များရှိပါသည်။ ဘရာသာနဘေးလ်နှင့် စကားပြောရသကဲ့သို့ ဖြစ်ပါသည်။ သင်တို့တစ်ယောက် ယောက်နှင့် ထိတွေ့ဆက်ဆံစကားပြောရသကဲ့ သို့ပင် ဖြစ်ပါသည်။ ကျွန်တော်တို့တစ်ခါတစ်ရံလူများကို ကျွန်တော်တို့အ တွက် ဆုတောင်းခိုင်းတတ်ပါသည်။ ကျွန်တော်တို့ လုပ်လေ့လုပ်ထရှိပါ သည်။ ကျွန်တော်တို့မှာ ယုံကြည်ခြင်းရှိလျှင် ထိုအမျိုးသားဖြစ်စေ၊ အမျိုး သမီးဖြစ်စေ၊ မည်သူမဆို ကျွန်တော်တို့အတွက် ဆုတောင်းခြင်းမှာ ဘုရားသခင်နှင့်စကား ပြောခြင်းပင် ဖြစ်ပါသည်။ ကျွန်တော်တို့၏ယုံကြည်ခြင်းကို ဆုတ်ကိုင်လိုက်ခြင်းပင် ဖြစ်ပါသည်။ အခိုင်အမာတပ်စွဲထား သကဲ့သို့လည်း ဖြစ်ပါသည်။

51 ၅၁။ရောမစစ်သားတစ်ဦးသည် အပြင်သို့ထွက်သွားပြီး သခင်ယေရှု နှင့်တွေ့ဆုံသည်။ သူကလည်း ကိုယ်တော့် အိမ်အမိုးအောက်တွင် ဝင်ဘို့ကျွန်တော်နှင့် မထိုက်တန်ပါ။ ကျွန်တော်လုံးဝ မထိုက်တန်ပါဟု ဆိုပါသည်။ ကျွန်တော်၏သားသည် အလွန်ခါးနာနေပါသည်။ ကိုယ်တော်ရှင် စကားတစ်လုံးတည်းသာ ပြောပါ။ ကျွန်တော်၏သားလေး အသက်ရှင်မည် ဖြစ်ပါသည်။ အကွာအဝေးသည် အဓိကမဟုတ်ကြောင်း တွေ့ရပါသည်။ ဘုရားသခင်သည် နေရာတိုင်းတွင် ရှိပါသည်။ အရာခပ်သိမ်းကို တတ်နိုင်ပါသည်။ မည်သည့်နေရာတွင်မဆို ဘုရားသခင် ရှိ၏။ မည့်သည့်အရာမဆို တတ်နိုင်ပါသည်။ ဘုရားသခင်သည် နေရာတိုင်းတွင် ရှိသဖြင့်နေရာတိုင်းတွင် ကိုယ်တော် ရှင်ကမြင် နိုင်ပါသည်။ ဂျာမဏီ နိုင်ငံတွင် ဘုရားသခင်ကြီးမားမြင့်မြတ်သကဲ့သို့ ဆွစ်ဇာလန်နိုင်ငံ တွင်လည်း ကြီးမားပါသည်။ အာဖရိကတိုက်တွင်လည်း ဤအချိန်ဤမိနစ် စက္ကန့်ပိုင်းလေးအတွင်းမှာပင် ကိုယ်တော်ရှင်သည် ကြီးမားမြင့်မြတ်ပါ သည်။ ဤနေရာတွင်လည်း ကိုယ်တော်ရှင်ရှိတော်မူပါသည်။ ထိုနေရာမှာလည်း ကိုယ်တော်ရှင်ရှိတော်မူပါသည်။ (မဿဲ ၈း၈၊ လုကာ ၇း၆) ကျွန်တော်သည်ကိုယ်တော်ရှင်၏အိမ်အမိုးအောက်သို့ ဝင်ရန်မထိုက်တန်ပါဟု ပြောခဲ့သည်ကို သတိထား၍လေ့လာကြည့်ပါ။ ကိုယ်တော်ရှင်စကားတစ်လုံး သာပြောပါဟု သူကပြောပါသည်။ ထိုသို့ပြောသည်မှာ ဘယ်ကဲ့သို့အ ကြောင်းအရာဖြစ်ပါသနည်း။ ရောမသားတစ်ဦး၏ ယုံကြည်ခြင်းပင်ဖြစ် ပါသည်။ သူလုံးဝယုံကြည်ခြင်းပင်ဖြစ်ပါသည်။ သူလုံးဝယုံကြည်စိတ်ချမှု ရှိပါသည်။ (ယောဟ၄း၅၀) ၎င်းနောက်သခင်ယေရှုကပြန်ဖြေပါသည်။သင့်သွားလော့။ သင့်သားအ သက်ရှင်ပြီ ဟုဆိုထားပါသည်။ (ယော ၄း၅၁) (၂)ရက်ကြာခရီးသွားရပါမည်။ နောက် တစ်နေ့မှ သူအိမ်ပြန်ရောက်ပါမည်။ သူ၏အိမ်သို့ရောက်သောအခါ သူ့အိမ်စေများထွက်လာသည်ကို တွေ့ရပါသည်။သူတို့က မည်သို့ပြန်ပြောသနည်း ဆိုသည်မှာ သခင်၏သား အသက်ရှင်လျှက်ရှိပါသည် ဟု ပြန်ပြောပါသည်။ (ယော ၄း၅၂) ထိုအခါရောမစစ်သားကြီးမှာအလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပါသည်။ မည်သည့် အချိန်က ဤကလေးငယ်ပြန်၍ကျန်းမာသနည်းဟု မေးသောအခါ (ယော ဟန်၄း၅၀-၅၂) သူသည်(၁၁)နာရီအချိန်ခန့်က ပြန်ကောင်းပါသည်ဟု ဖြေကြပါသည်။ ထိုအခါရောမစစ်သားက အလွန်ပင် သခင်ယေရှုပြော သောအချိန်ဖြစ်သည်ဟု သူကချက်ချင်းသိပါသည်။ သူလည်းယုံကြည်ပါ သည်။ အာမင်၊

52 ၅၂။ အရာခပ်သိမ်းကို တတ်နိုင်သည်။ နေရာတိုင်းတွင် ရှိသည်။ အရာခပ် သိမ်းကို သိမြင်သည်။ အကန့်အသတ်မရှိ ကြီးမားမြင့်မြတ်တော်မူသည်ဆိုသည်မှာ ဘုရားသခင်ပင်ဖြစ်ပါသည်။ သူတို့သည် ဖုန်းဆက်၍ဆုတောင်းပါ ဟုပြောသောအခါ အဆက်အသွယ်လုပ်ခြင်းပင် ဖြစ်သည်။ သင်၏ယုံကြည် ခြင်းသည် ဘုရားသခင်ကိုခေါ်ဆောင်ခြင်းပင် ဖြစ်သည်။ ဆုတောင်းခြင်းနှင့်ဘုရားသခင်ထံ ဆက်ကပ်ခြင်းပင် ဖြစ်သည်။ ဆုတောင်းခြင်း၊ ယုံကြည် ခြင်း ဖြင့်ဤနေရာတွင် အပြောင်း အလဲများကို ဤနေရာမှာဖြစ်စေပါသည်။ အားလုံးကိုလည်း အတူတကွစုပေါင်း၍ ဖြစ်စေပါသည်။ (မဿဲ ၈း၈၊ လုကာ ၇း၇) စကားတစ်လုံးသာပြောပါ။

ကျွန်တော်ပြုလုပ်စေချင်သည့်အရာမှာ စကားတစ်လုံးသာပြောလျှင် ပြောခြင်းပင်ဖြစ်ပါသည်။ အရာခပ်သိမ်းအ ကောင်းဆုံး ဖြစ်သွားမည်ဖြစ်သည်။ သူထိုနေရာသို့ရောက်စရာမလိုပါ။ စကားတစ်ခွန်းသာ ပြောယုံပင်ဖြစ်ပါ သည်။ ဘုရားသခင်သည် နေရာတိုင်း တွင်ရှိသည်။ တန်ခိုးနှင့်ပြည့်စုံသည်။ ကမ္ဘာလောကကြီးပေါ်တွင်ဖြစ်စေ၊ ကမ္ဘာလောကကြီး ထိပ်တွင်ဖြစ်စေ၊ ကမ္ဘာလောကကြီးအောက်တွင်ဖြစ်စေ၊ မည်သည့်နေရာတွင်ဖြစ်စေ ကိုယ်တော်ရှင်သည် တန်ခိုးရှိပါသည်။ သူသည် ဘုရားဖြစ်ပါသည်။ ကိုယ်တော်ရှင်ပြုလုပ်မည့်အရာမှာ တစ်ခုတည်း ဖြစ်ပါသည်။ နှုတ်မှစကား တစ်ခွန်းကိုသာ ဆိုရန်ဖြစ်ပါသည်။ ယုံကြည်ခြင်း သည်အရာခပ်သိမ်းကို ပြုလုပ်နိုင်ပါသည်။ ကျန်သောအရာအားလုံးကို လည်း တတ်နိုင်ပါသည်။ ထို့ကြောင့် အခြေခံအားဖြင့် ယုံကြည်ခြင်းရှိရန်လို ပါသည်။ ခရစ်ယာန်သာသနာများအားလုံးသည် အဓိကအခြေခံအားဖြင့် နှုတ်ကပတ်တော်ကို ယုံကြည်ခြင်း၌သာ မူတည်လျှက်ရှိပါသည်။

53 ၅၃။ ထိုအကြောင်းကြောင့် ကျွန်တော်သည်နှုတ်ကပတ်တော်ကို ယုံကြည် ခြင်း ဖြစ်ပါသည်။ ကျွန်တော်၏ယုံကြည်ခြင်းကို ကျွန်တော်ဘယ်အရာပေါ် မှာမှ မထားနိုင်ပါ။ အသင်းတော်အပေါ်၌လည်း မထားနိုင်ပါ။ အသင်း တော်အပေါ်တွင်ထားမည် ဆိုပါက ကက်သလစ်၊ လူသဏ္ဍာန်၊ မက်သဒစ်၊ ဘက်ဖထစ်(စ်)၊အင်ကလီကန်၊ ပင်တီကော်စတယ်လ် စသည်ဖြင့် ကျွန် တော်မည်သည့်နေရာ၌ ယုံကြည်ခြင်းထားရမည်နည်း? ကျွန်တော်မည် သည့်နေရာတွင် ယုံကြည်ခြင်းထားရမည်ကို ကျွန်တော်မသိပါ။ အရာအားလုံးသည် ရှုပ်နေပါသည်။ ရှုပ်၍လိမ်ကောက်၍ တစ်ခုနှင့်တစ်ခုရောယှက် နေပါသည်။ ကျွန်တော် သည် နှုတ်ကပတ်တော်အပေါ်တွင် ယုံကြည်နေ လျှင် ကျောက်ချပြီးသား ဖြစ်ပါသည်။ မည်သူမျှအနက်ဖွင့်ဆိုနိုင်ခြင်း မရှိပါ။ ကိုယ်တော်ရှင်မိန့်တော် မူသည်ဆိုသည့် စကားတစ်ခွန်းသာ ရှိပါသည်။ ကျွန်တော်ယုံကြည်ပါသည်။ ထိုအရာမှာလည်း အခြေခံပင်ဖြစ်ပါသည်။

54 ၅၄။ မြို့ထဲ၌ရှိသောဆရာဝန်ငယ်ကလေးတစ်ဦးသည် ကျွန်တော့်သူငယ် ချင်းဖြစ်ပါသည်။ ဒေါက်တာ ရှမ်းအဂန်းဖြစ်ပါသည်။ ကလေးဘဝက ကျွန် တော်တို့အတူတကွကျောင်းနေဘက်များဖြစ်သည်။ သူ့နံမည်စမ်း(မ်) ဖြစ်သည်။ သူကကျွန်တော့်ကို ပြောခဲ့ဘူးပါသည်။

ထိုရူပါရုံရသောအခါ သူဘယ်နေရာတွင် သူ၏အဆောက်အအုံကို ဆောက်လုပ်ရမည် ဘယ်ပုံစံမျိုးစသည်တို့ကို တွက်ရပါ မည်။ မမှန်ဟုသူ ကထင်ပါသည်။ ထိုကဲ့သို့အဖြစ်အပျက်မျိုးမဖြစ်ပျက်မီ နှစ်နှစ်သုံးနှစ်ခန့်က ကြိုတင်မြင်ယောင်ခြင်း ဖြစ်ပါ သည်။ ဘယ်နေရာတွင်ရှိမည်ကိုလည်း ကြိုတင်ဖော်ပြပါသည်။ ကျွန်တော်ကလည်း ခင်ဗျားအနေနှင့်အဲဒီမြို့ထဲက အကွက် ကလေးကိုရယူသင့်ပါသည်။ သူ့အနေနှင့် ထိုအကွက်ကလေးကိုရရှိ ရန်အကြောင်းတစ်ခုမှလွဲ၍ ရရှိနိုင်သောအခြေအနေတွင် ရှိပါသည်။ ထိုနေရာကလေးသည် ပြန်လည်ထူထောင်ရေး နေရာကလေး ဖြစ်ပါသည်။ ဒေါက်တာအဘဲလ်က ကျန်သည့် နေရာအားလုံးကို ရရှိထားပြီး ဖြစ်ပါသည်။

ဒေါက်တာအဘဲလ်မှာ ထိုရူပါရုံအားအတိအကျပင် အကောင်အထည် ဖော်ပြနိုင်ပါသည်။ ထိုနေရာကလေးကိုပင် သူကပြောပြ တတ်ပါသည်။ (၂၅)နှစ်တိတိထိုနေရာကလေးကိုမည်သူမှမထိတွေ့နိုင်ပါ။တရားရင်ဆိုင် နေရာသောနေရာ ကလေးဖြစ်ပါသည်။ ကျွန်တော်ကလည်း ပြောပါသည်။ ဒေါက်တာ ခင်ဗျားကိုကိုယ်တော်ရှင်ပေးတယ်ဆိုတာ ခင်ဗျားရဲ့နှိမ့် ချခြင်းကြောင့် ဖြစ်ပါသည်။ သူကလည်း ကျွန်တော်က လူကောင်းတစ်ယောက် မဟုတ်ပါဘူးလို့ပြန်ဖြေပါသည်။ ကျွန်တော်က လည်း ခင်ဗျားဟာ လိပ်ကလေးတစ်ကောင်ပါဘဲ။ အပြင်မှာတော့ လိပ်ခွံရှိတယ်။ ခင်ဗျားဟာ ခင်ဗျားရဲ့မိတ်ဆွေတွေကို လိပ်ခွံကလေးထဲကနေ ချောင်းကြည့်တယ်။ တကယ့်တစ်ကယ်ကျတော့ ခင်ဗျားဟာအတွင်းမှာ လိပ်ကလေးတစ်ကောင် ပါဘဲ။ အဲဒီအခွံကြီးထဲကနေထွက်လာခဲ့စမ်းပါ။ ဘုရားသခင်ခင်ဗျားကို အဲဒီနေရာကိုပေးမှာပါ။ သူကလည်းပြန်ဖြေတယ်။ ကျွန်တော်သံသယမ ဖြစ်ပါဘူးဘီလီ။ ဒါပေမဲ့ နည်းနည်းတော့သံသယဖြစ်မိပါတယ်။ ကျွန်တော် ကလည်း ကဲ ခင်ဗျားရုံးကို ခင်ဗျားသွားပါလို့ ပြောလိုက်ပါတယ်။ ထိုအခါတွင် သူကအပြင်သို့ထွက်ခွာသွားပါသည်။ နောက်တစ်နေ့မနက်ရောက် သောအခါ သူကကျွန်တော့်အား ဖုန်းလှမ်းဆက်၍ပြောပါသည်။ ငါကတော့ သေလုမြောပါးကို ဖြစ်နေပြီ။ ကျွန်တော်ကလည်း ဘာကြောင့်လဲ¿ ဒီလကဂျူလိုင်လဘဲ ရှိသေးတယ်။ဘာဖြစ်လို့လဲဒေါက်တာ။ကျွန်တော်အဲဒီ နေရာကိုဝင်လိုက်ပြီဘီလီ။ မနေ့ညက ဘက်တန်မှာသူတို့စည်းဝေးလုပ်ကြ တယ်။ ကျွန်တော်အဲဒီနေရာကို ဒီမနက်ဘဲဝင်လိုက်တယ်။ ကျွန်တော်က လည်း ခင်ဗျားကိုကျွန်တော်ပြောခဲ့တယ်မဟုတ်လားဟု ပြန်ပြောလိုက် သည်။ တနေ့က ကျွန်တော်ထိုနေရာသို့ရောက်၍ သူနှင့်စကားပြောခဲ့ပါသည်။ ထိုအချိန်တွင် သေနတ်သံတစ်ချက်ကို ကြားရပါသည်။ သူကလည်း ပြောသည်။ လူထောင်ပေါင်းများစွာ ဤနေရာသို့လာမယ်လို့ ကျွန်တော် စိတ်ကူးယဉ်မိသည်။ အဲဒါဘာဖြစ်တာလဲ¿ ဘုရားသခင်တစ်စုံတစ်ခုကို ပြောလိုက်ပြီဆိုရင် တစ်ကယ်လည်း ဖြစ်လာမည်ဖြစ်ပါသည်။

55 ၅၅။ ယမန်နေ့ညနေက ကျွန်တော့်မိတ်ဆွေအချို့ လာကြပါသည်။ သူတို့သည် ရူပါရုံတစ်ခုထဲတွင် သမင်ကြီးတစ် ကောင်အကြောင်း တွေ့ရသည်ဟု ပြောကြပါသည်။ ထိုသမင်ကြီးမှာ (၄၂)လက္မခန့်ရှည်သော ဂျိုကြီးများရှိသည်။ ၎င်းနောက်ဝက်ဝံကြီးမှာငွေရောင်အဖျားများရှိသည့် အမွေးများရှိသည်ဟုလည်း ပြောကြပါသည်။ ကျွန်တော်လည်း လူဘယ်နှစ်ယောက် ထိုအိမ်သို့လာပြီး ကျွန်တော့်ကိုတွေ့လိုကြကြောင်း မပြောတတ်တော့ပါ။ ကျွန်တော်ကဆိုသည်။ ဒီမှာပေကြိုးရှိသည်။ သမင်ဂျိုများတိုင်းကြည့်ပါ။ အဖြစ်အပျက်တစ်ခုဖြစ်ပျက်မလာမီ ကြိုတင်၍ကြားသိရခြင်း ဖြစ်ပါသည်။ ဘာကြောင့်နည်း? ဘုရားသခင်ပြောပါသည်။ ဖြစ်ကိုဖြစ်လာမည်ဟု ကြိုတင်ပြောထားသောကြောင့် ဖြစ်ပါသည်။ အကြောင်းမှာ ထိုအကြောင်း ပင် ဖြစ်ပါသည်။ အခြေခံပင်ဖြစ်ပါသည်။

ယခုအခါမှာ ကယ်တင်ခြင်းနှင့်ပတ်သက်သည့် အစီအစဉ်အကြောင်း ပြောပါမည်။ သူ၏ရူပါရုံများအတိအကျဖြစ်ပါက၊ သူတို့ပြောသည့်အတိုင်း တစ်ကယ်လည်း မှန်ကန်ပါက ဒီမှာရှိသောအသင်းတော်က ၎င်းအရာသည် မှန်ကန်ကြောင်း သိနိုင်ပါသည်။ ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်နှင့် ပတ်သက်၍ မည်သို့ပြောကြားပါမည်နည်း။ ပို၍ရူပါရုံထက်ပင် မှန်ကန်ပါသည်။ ရူပါရုံသည် နှုတ်ကပတ်တော်အတိုင်း ပြောကြားခြင်းမရှိပါက ထိုရူပါရုံသည် မှားပါသည်။ နှုတ်ကပတ်တော် အရင်လာပါသည်။ အကြောင်းမှာ နှုတ်ကပတ်တော်သည် ဘုရားဖြစ်သောကြောင့်ဖြစ်သည်။ ကိုယ်တော်ရှင်သည် နေရာတိုင်းတွင် ရှိသည်။ ဤနေရာတွင်ကိုယ်တော်ရှင် စကားပြောသည်။ ကနေဒါနိုင်ငံတွင်ဖြစ်ပျက်သည်။ အာမင်၊ ကိုယ်တော်ရှင်သည် နေရာတိုင်း တွင် ရှိတော်မူပါသည်။ (ယော ၃း၇)

56 ၅၆။ ပထမဆုံးအနေနှင့်သင်သည် ဒုတိယမွေးခြင်းကိုခံရပါမည်။ သင်သည် ဒုတိယမွေးခြင်းခံရသောအခါ ယုံကြည်ခြင်း ရှိမည်ဖြစ်သည်။

နှုတ်ကပတ်တော်ကိုယုံကြည်ပါမည်။ သင်ဒုတိယမွေးခြင်းခံသည့်တိုင် သင်သည်ထိုအ ရာကို ဆန့်ကျင်ငြင်း ပယ်နေမည် ဖြစ်ပါသည်။ သင်သည် ဘာသာရေးအရ အလွန်တက်ကြွမှုရှိပါက သင့်ထံတွင်လူသား အသိဉာဏ်အနည်း ငယ်သာရှိမည်။ သင်အမှန်တရားကို လုပ်သည်ဟုသင်ထင်မြင်ယူဆပါမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်သည် ဘယ်သောအခါမှ ဝန်ခံမည်မဟုတ်ပါ။ သင်လုပ်နိုင်မည်မဟုတ်ပါ။ သင်သည် ဒုတိယမွေးခြင်းခံရပါမည်။ သို့မှသာ ယုံကြည်ခြင်းဖြစ်ပေါ်လာမည်။ သင်ယုံကြည်ခြင်းရရှိပါက ယုံကြည်ခြင်းအားဖြင့် သင်သည်ဆက်လက်၍ ကြီးထွားနိုင် မည့်အခြေအနေကို ရောက်ရှိပါမည်။

57 ၅၇။ လူပေါင်းများစွာတို့သည် ပလ္လင်ပေါ်သို့တက်၍ ဆုတောင်းကြပါသည်။ သူတို့က ကိုယ်တော်ရှင် ကျွန်တော့်ကိုခွင့် လွှတ်တော်မူပါဟု ဆိုသည်။ အလွန်ကြီးမားသော အတွေ့အကြုံများကိုလည်းသူတို့အပေါ် သက်ရောက် နေကြောင်း သူတို့ခံ စားရပါသည်။ ၎င်းနောက် သူတို့သည် ထိုပလ္လင်ရှေ့တွင် အော်ဟစ်၍နေကြပါသည်။ ဘုရားသခင် ကောင်းချီးပေးပါစေ။ ကျွန်တော် ရရှိပြီဟု သူတို့က ဆိုပါသည်။ သင်စတင်သည့်အရာမှာ သင်ကြီးထွားမည့် အရာပင် ဖြစ်ပါသည်။ သင်ဘာမှ မပြုလုပ်ရသေးပါ။ တစ်ခုတည်းသာ သင်ရရှိသောအရာမှာ အခြေခံချခြင်းသာဖြစ်ပါသည်။ သင်သည် အိမ်တစ်ဆောင်ကို ဆောက်လုပ်မည် ဆိုကြပါစို့။ အုတ်မြစ်အရင်ချရပါမည်။ သင်သည် အုတ်မြစ်ကိုချပြီးနောက် အိမ်ဆောက်လုပ်ပြီးပြီဟု သတ်မှတ်၍မရပါ။ သင်သည်အုတ်မြစ်ကိုချပြီး သင်၏အိမ်ကိုဆက်လက်၍ ဆောက်ရမည် ဖြစ်ပါသည်။ သင်သည် ယခုအိမ်ကို ဆက်လက်ဆောက်ရပါမည်။ မနက်ပိုင်းတွင် ပြုလုပ်မည့်အရာဖြစ်ပါသည်။ ဆက်လက်၍ထိုအကြောင်းအရာကို ပြောရပါဦးမည်။

အိမ်ဖြစ်ပါသည်။ အိမ်သည် အခြေခံအုတ်မြစ်မှာ ပထမဆုံးဖြစ်သည်။ ခရစ်ယာန်ဘာသာ၏ အခြေခံအုတ်မြစ်မှာ အဘယ်အရာနည်း? နှုတ်ကပတ်တော်ကို ယုံကြည်ခြင်းပင် ဖြစ်ပါသည်။ ထိုအရာမှာ အခြေခံ အုတ်မြစ်ပင် ဖြစ်ပါသည်။ ဆက် လက်၍ပင်ကြီးထွားရမည် ဖြစ်ပါသည်။ စတင်ရမည် ဖြစ်ပါသည်။ အုတ်မြစ်ကို ထပ်မံ၍ပင်တည်ဆောက်ရမည် ဖြစ်ပါသည်။

58 ၅၈။ အိမ်ဆောက်သည့်အခါ လိုအပ်သည့်အရာအားလုံးကို သင်စုဆောင်း ရပါမည်။ ဘရာသာဝပ်(တ်)နှင့်အချို့သောလက် သမားများ၊ ကန်ထရိုက် များရှိပါသည်။ သင်တို့မည်သို့အိမ်ဆောက်သနည်း ဆိုသည်ကို ပြောပြနိုင် ပါသလား? ဒါပေမဲ့ ကျွန်တော်ပြောလိုသည်မှာ သင်တို့ဝိညာဉ်အိမ်ကိုမည် ကဲ့သို့တည်ဆောက်မည်နည်း? ဘုရားသခင်ကျိန်းဝပ်မည့် ဝိညာဉ် အိမ်ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် သင့်အထဲ၌ကျိန်းဝပ်လိုပါသည်။ ကိုယ်တော်ရှင်သည် သင့်ကိုမိမိကိုယ်ကိုယ် ဖြစ်စေချင်သလို ဖြစ်စေချင်ပါသည်။ ကိုယ် တော်ရှင်သည် ရောင်ပြန်ဟပ်စေပါသည်။ ဘုရားသခင်မည်သို့ ဖြစ်စေကြောင်းကို ရောင်ပြန်ဟပ်စေပါသည်။

59 ၅၉။ ရှေးကာလအခါက ရွှေကျင်သောအခါ မကောင်းသောအရာများ အားလုံးကို မီးနှင့်ရှို့၍သန့်စင်စေပါသည်။ ၎င်းနောက် ရွှေကိုကျင်၍ထုတ် ပါသည်။ သံ၊ ကြေးနီစသည်တို့အားလုံးကို ခါထုတ်ပြစ်လိုက်ရပါသည်။ နာနာလေးခါထုတ်၊ ရိုက်ထုတ်၊ ပြောင်းပြန်လှန် ဟိုဘက်လှန် ဒီဘက်လှန် လှန်ပြီး ရိုက်ထုတ်ပြစ်လိုက်ပါသည်။ အိန္ဒိယလူနီများ ထိုကဲ့သို့ပြုလုပ်သည်။ ရွှေကိုထုတ်ယူခြင်း ဖြစ်သည်။ ရွှေထွက်လာရန်အတွက် သူတို့သည်ဟိုဘက် ဒီဘက် ရိုက်ခါထုတ်ပြစ်လိုက်ကြပါသည်။

သူတို့သည် သံများအမှိုက်သရိုက်အညစ်အကြေးများ အားလုံးကင်း စင်သွားသည်ဆိုသည်ကို မည်ကဲ့သို့ ပြောနိုင်ပါသနည်း? ထိုသို့ရိုက်ထုတ်ပြီး၍ မိမိ၏အရိပ်ကိုရွှေပြားပေါ်တွင် ပြန်မြင်ရသောအခါ ကြေးမုံပြင်ကဲ့သို့ မိမိကိုယ်ကို ပြန်မြင်နေရသည့်အ ခါတွင် သိရပါသည်။ အမှိုက်သရိုက်အညစ် အကြေးများ ကင်းစင်ကြောင်း ရိုက်ခါထုတ်ပြီး ပုံရိပ်ပြန်ထင်လာသောအခါ သိရပါသည်။ (ယောဘ ၁၄း၁၂)

ဘုရားသခင်လည်း ထိုနည်းအတိုင်းပင်ပြုလုပ်ပါသည်။ ဘုရားသခင်သည် ရွှေကိုယူ၍ရိုက်ထုတ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ထပ်ခါထပ်ခါ ရိုက်ထုတ်၍နောက်ဆုံး မိမိကိုယ်ကိုရောင်ပြန်ဟပ်၍ ပြန်လည်တွေ့ရှိရပါသည်။

60 ၆၀။ ကျွန်တော်တို့လည်း ထိုကဲ့သို့ပြုလုပ်ပါသည်။ ဘုရားသခင်၏သားတော်ပုံရိပ်ကို ရောင်ပြန်ဟပ်စေပါသည်။ ယခုအခါတွင် ကျွန်တော်တို့သည် ကိုယ်တော်ရှင်၏အလုပ်ကို လုပ်ရပါသည်။ ကိုယ်တော်ရှင်က ငါ့ကိုယုံကြည်သောသူသည် ငါပြုသောအ မှုတို့ကို ပြုရလိမ့်မည်ဟု ဆိုပါ သည်။

သင်သည်ခရစ်တော်၏လုပ်ငန်းများကို ရောင်ပြန်ဟပ်စပြုပါသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ခရစ်တော်၏ လုပ်ငန်း များကို ခရစ်တော်၏ ပုံသဏ္ဍာန်တော်ရောင်ပြန်မဟပ်မီ ကြိုတင်၍လုပ်ထားကြပါသည်။ ပြဿနာများဖြစ် ပေါ်လာပါသည်။ ထိုအရာများ ဖြစ်ပေါ်သည်ကိုတွေ့ရပါသည်။ သင်လည်း သိပါသည်။ ကျွန်ုပ်လည်း သိပါသည်။ ကျွန်တော်တို့သည် လမ်းခရီးတစ်လျှောက်လုံးထိမိ၍ လဲစရာများတွေ့ပါသည်။ ခရစ်ယာန်များ ပြုလုပ်သောသာသနာလုပ်ငန်းများ စုပုံနေပါသည်။ လမ်းဘေးတွင်စုပုံနေ ပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည်မှန်မှန်ကန်ကန် မလုပ်သောကြောင့် ဖြစ်ပါသည်။

ယနေ့မ နက် ကျွန်တော်သွန်သင်ပေးလိုသည့်အရာမှာ အသင်းတော်ကလေးနှင့် ကျွန်ုပ်အတွက်ပင် ဖြစ်ပါသည်။ အသက်ရှင်သော ဘုရားသခင် ကျိန်းဝပ်ရန် နေရာဖြစ်စ်ရန်ကျွန်ုပ်တို့မည်ကဲ့သို့ လုပ်ဆောင်နိုင် မည်နည်း? ဘယ်နှစ်ယောက် ဘုရားသခင် ကျိန်း ဝပ်ရန်နေရာ ဗိမာန်တော် ငယ်ကလေးဖြစ်လိုပါသနည်း?

61 ၆၁။ ကျွန်တော်တို့ဘာလုပ်သည်ကို ကြည့်ပါ။ ပထမဆုံးအရာမှာ မည်သည့်အရာဖြစ်သနည်း? ယုံကြည်ခြင်းရှိ၍ ဒုတိယမွေးခြင်းကို ခံယူပါ။ ထိုကဲ့သို့ပြုလုပ်ခြင်းမှာ အုတ်မြစ်ချခြင်းပင် ဖြစ်သည်။ အုတ်မြစ်ချပြီးနောက် ဒုတိယအနေနှင့် ထိုအုတ်မြစ်ပေါ်တွင် ထပ်မံ၍သင်၏ယုံကြည်ခြင်းကို ပေါင်းထည့်ပါ။ ပေတရုက ဤနေရာတွင် ဆိုထားပါ၏။ ပထမ ယုံကြည်ခြင်း ရှိရမည်။ နောက်မိမိ၏ယုံကြည်ခြင်းကို အပြစ်ကင်းစင်ခြင်းနှင့်ပေါင်းထည့် ရမည်။ နောက်ကဏ္ဍတစ်ခုပင်ဖြစ် ပါသည်။ ပထမဆုံး သင်၏အုတ်မြစ်ဖြစ်သည့် ယုံကြည်ခြင်းကို ချထားပါ။ ၎င်းနောက် ယုံကြည်ခြင်းကို အပြစ်ကင်းစင်ခြင်းနှင့် ထပ်မံပေါင်းထည့်ပါ။ (မာကု ၅း၃၀၊ လုကာ ၁၆း၁၉၊

လုကာ ၈း၄၆၊ ၂၄ေ ၁း၅)

ကျွန်တော်တို့အတော်များများ ဤနေရာတွင် ကျဆုံးရပါသည်။ သင်၏ယုံကြည်ခြင်းကို အပြစ်ကင်းစင်ခြင်းနှင့် ထပ်မံ၍ ပေါင်းထည့်ရပါမည်။ အပြစ်ကင်းစင်သောအပျိုကညာ၏ အသက်တာဖြင့် အသက်ရှင်ရမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ အပျို လူပျိုများနေထိုင်သကဲ့သို့ နေထိုင်ရမည်ဟုဆိုလို ခြင်းမဟုတ်ပါ။ ထိုကိစ္စမျိုးနှင့် ဘာမှမဆိုင်ပါ။ သမ္မာကျမ်းစာတွင် ကျွန် တော်တို့ဖတ်ရှုလေ့လာရသည်မှာ ရှင်လုကာခရစ်ဝင်ကျမ်း၌ ကိုယ်တော်အ ထဲ၌ တန်ခိုးထွက်သည်ဟု ဆိုထားသည်ကို တွေ့ရပါသည်။ ကိုယ်တော်ရှင်နှင့် ကျွန်ုပ်တို့တူညီပါက ကျွန်ုပ်တို့မှာ တန်ခိုးရှိရပါမည်။ ကိုယ်တော်ရှင်ကဲ့သို့ဖြစ်ရန် တန်ခိုး ရှိရန်လိုအပ်ပါသည်။

62 ၆၂။ ကျွန်တော် အလွန်နှစ်သက်သော သီချင်းတစ်ပုဒ်ရှိပါသည်။ ဓမ္မသီချင်းလည်း ဖြစ်ပါသည်။ ခရစ်တော်နှင့်တူရန် ဆိုသည့် ဓမ္မသီချင်းကြီးပင် ဖြစ်ပါသည်။ ကျွန်တော်သည်ခရစ်တော်နှင့် တူမည်ဖြစ်ပါသည်။ ကျွန်တော် တန်ခိုးရှိရန် လိုပါသည်။ ထိုတန်ခိုးသည် ကျွန်တော်မှထွက်၍ လူများထံသို့ ရောက်ပါမည်။ အကြောင်းမှာ ကိုယ်တော်ရှင်ထံမှ တန်ခိုးထွက်၍ လူများထံသို့ ရောက်ပါသည်။ တန်ခိုးရောက်ခြင်းဖြစ်သည်။ တန်ခိုးကို မထုတ်လွှတ် မီသင်သည်ပထမဆုံး တန်ခိုးရှိရန်လိုသည်။ သင့်ထံမှာတန်ခိုးမရှိပါက ထွက်လာမည် မဟုတ်ပါ။

တစ်စုံတစ်ယောက်က ကျွန်ုပ်တို့အထဲမှ တန်ခိုးကိုထုတ်သည်ဆိုလျှင် မည်ကဲ့သို့ ဖြစ်မည်နည်း? ချက်လက်မှတ်က မလုံလောက်သောငွေကြေး များဟု ပြန်လာပါမည်။ ဘာမှထုတ်၍မရသေး၍ ဖြစ်ပေမည်။ ချက်လက် မှတ် ပြန်ရောက်လာခြင်း ဖြစ်သည်။ တစ်စုံတစ်ယောက်သောသူက သင့်ကို ခရစ်ယာန်အဖြစ်နှင့်မနက်ဖန်တွင် သင်သည်အပြစ်သားကဲ့သို့ပင် အသက် ရှင်နေလျှင် တန်ခိုးမထွက်တော့မည် ဖြစ်သည်။ တန်ခိုးသည် ကျွန်ုပ်တို့အထဲတွင် ရှိနေပါသည်။ စစ်မှန်သောတန်ခိုးကို ကျွန်တော်တို့ရရှိပါက ကျွန် တော်တို့၏ယုံကြည်ခြင်းနှင့် ပေါင်းစပ်နိုင်ပါသည်။ ၎င်းအရာမှာ နောက် ထပ်အခြေခံအုတ်မြစ် တစ်ခုပင်ဖြစ်ပါသည်။

63 ၆၃။ ပထမဆုံး သင်သည်ယုံကြည် ခြင်းရှိရန်လိုသည်။ ယုံကြည်ခြင်း တစ်ခုတည်းဖြင့် မဖြစ်နိုင်ပါ။ ရှင်ပေတရု ပြောသ ကဲ့သို့ ယုံကြည်ခြင်း၌ ထပ်မံ၍တန်ခိုးနှင့်ပေါင်းစပ်ရပါမည်။ သင်၏ ယုံကြည်ခြင်းကို တန်ခိုးနှင့်ထပ်မံပေါင်းစပ်ရပါမည်။

ယနေ့အသင်းတော်မြောက်မြားစွာတို့သည် တန်ခိုးရှိရမည်ဆိုပြီး သွန်သင်ခြင်းမပြုလုပ်ပါ။ ရှေးကာလက တန်ခိုးရှိသည်။ ယခုအခါ မလိုအပ်တော့ပါ ဟုသွန်သင်သည်။ သိရန်လည်းမလိုအပ်ပါဟု သွန်သင်သည်။ အသင်းတော်တွင်သာ ပါဝင်ရန်လိုအပ်သည်ဟု ပြောကြပါသည်။ နေ့ရက် များသည် ကုန်ဆုံးခဲ့ပြီဖြစ်သည်။ တန်ခိုးသည် မည်သူမဆိုလိုအပ်ပါသည်။ တန်ခိုး၏အဓိပ္ပါယ်မည်သို့ဖြစ်သည်ကို သင်တို့နားလည်ကြပါသလား။ ထိုတန်ခိုးကို ကျွန်ုပ်တို့သိကိုသိရမည် ဖြစ်ပါသည်။

ဖျားနာနေသော အမျိုးသမီး၏ရောဂါကို ပျောက်ကင်းစေရန်အတွက် ကိုယ်တော်ရှင်ထံမှ တန်ခိုးထွက်သွားပါက ကိုယ်တော် ရှင်သည် သူ၏ အသင်းတော်မှတန်ခိုးကို မြှော်လင့်မည်ဖြစ်ပါသည်။ အကြောင်းမှာ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့၏ ပုံသက်သေဖြစ်သောကြောင့် ဖြစ်သည်။ သူ့ထံမှာ လူများကိုပေးရန်တန်ခိုးရှိပါက ကျွန်ုပ်တို့ထံမှာလည်း တန်ခိုးရှိ၍အခြား သောသူများကိုပေးရန် သူကမြှော်လင့်ပေမည်။

တန်ခိုးဆိုသည်မှာ အဘယ်နည်း။ တန်ခိုးဆိုသည်မှာ ခွန်အားတန်ခိုးပင် ဖြစ်သည်။ အချို့သောသူများက ဘုရားသခင်၏ တန်ခိုးတော်ကိုပင် မယုံကြည်ကြပါ။ သူတို့က မည်သို့ပြောသနည်း ဆိုသည်မှာ ဤအရာသည် ရှေးခေတ်က ဖြစ်သည်။ အမှန်တစ်ကယ် ကျွန်တော်တို့အတွက် လိုအပ်သည့်အရာတစ်ခုမှာ စာအုပ်ထဲတွင် ကျွန်တော်တို့၏အမည်များပါရန်ဖြစ် သည်။ ရေဖျန်းခြင်းခံ၊ ရေလောင်းခြင်းခံ(သို့) ရေနှစ်ခြင်းခံ မည်သည့်အရာမဆို သင်လုပ်ရမည့်အရာသည် ဤအရာဘဲဖြစ် သည်ဟု ဆိုပါကြသည်။

64 ၆၄။ ပေတရုက အောက်ပါအတိုင်း ပြောဆိုထားပါသည်။ တန်ခိုးနှင့် ပေါင်းစပ်ထားပါ။ ပေတရုသည် ဘုရားသခင်၏အိမ်ကို တည်ဆောက်သည့် အကြောင်းကို ပြောနေပါသည်။ ဘုရားသခင်၏ဗိမာန်တော် ဖြစ်သည်။ တနေရာရာတွင် တည်ဆောက်ခြင်းဖြစ်သည်။ သင့်ထံမှာ တန်ခိုးရှိလျှင် ရှိကိုရှိရမည် ဖြစ်သည်။ သင်ယုံကြည်ခြင်းရှိလျှင် ယုံကြည်ခြင်းနှင့်အတူ တန်ခိုးရှိရမည်ဖြစ်သည်။ မှန်ပါသည်။ တလောကလုံးအတွက် တန်ခိုးရှိပါ။

ကျွန်တော် တစ်ခါကတရားဟောချက် တစ်ခုပြောခဲ့ဘူးပါသည်။ လွန်ခဲ့သော နှစ်ပေါင်း(၂၀)ခန့်ကဖြစ်သည်။ သင်းအုပ်ဆရာ မှာ သိက္ခာတော်ရဆရာ မစ္စတာလီလီ ဖြစ်သည်။ သခင်ယေရှုပြောသောကျမ်းချက် ထဲမှ ယူ၍ဟောပြောခြင်းဖြစ်သည်။ လီလီပန်းကလေးများကို ကြည့်ပါ။ သူတို့ကို ဘာမှပင်ပင်ပန်းပန်း ကြိုးစားရက်လုပ်ခြင်း မရှိပါ။ သို့သော်လည်း ရှောလမုန် မင်းကြီး၏ ဘုန်းတော်ဖြင့် ကြီးမြတ်တော်မူခြင်းသည်ပင် ဤပန်း ကလေးများကို မမှီပါဟု ပြောဆိုထားပါသည်။

လီလီပန်းကလေးကိုကြည့်ပါ။ လီလီပန်းပင်ကလေးသည် မြေကြီး အနက်ထဲမှ လာပါသည်။ နေ့စဉ်၊ မိနစ်တိုင်း၊ စက္ကန့်တိုင်း သူကမြေကြီးပေါ်မှ ထွက်ပေါက်ကိုရှာပါသည်။ ထိုကဲ့သို့ထွက်သည့်အခါ ၎င်းနှင့်အတူ တန်ခိုးပါပါသည်။ မြေပေါ်သို့ထွက် လာပြီး အလွန်လှပသည့်အပွင့်ကလေး ပွင့်၍ပန်းကလေးကို နှစ်သက်သူများအတွက် အလွန်ကြည့်၍ကောင်းသော ပန်းက လေးဖြစ်ပါသည်။ ပန်းကလေးပွင့်အာလျှက် ပျားကလေးများလာ၍ ဝတ်ရည်များ အဆင်သင့်စုတ်ယူရန်ဖြစ်ပါသည်။ ပန်းကလေးကငြီးငြူခြင်း မပြုလုပ်ပါ။ သူ့ဘက်က ပေးရမည့်တာဝန်ရှိပါသည်။ ပျားကလေးရောက် လာပြီး ပျားရည်မရှိ၊ မလုံလောက်ဟုဆိုလျှင် ထိုပျားကလေးမှာ သူ၏ခေါင်းကိုခါပြီး ဘယ်လိုပန်းကလေးလဲဟု ဆိုပေလိမ့်မည်။

65 ၆၅။ ကယ်တင်ခြင်းရလိုသူ တစ်ဦး လာသည်ဆိုကြပါစို့။ ဘုရားကျောင်းထဲကိုသွားသည်။ အံ့ဘွယ်နိမိတ် လက္ခဏာများ သည် လွန်လေပြီးသောကာ လကလည်း ဖြစ်သည်ဟု ယုံကြည်ပါသည်။ ဂျက်ကူးတစ်ချိန်က ပြောခဲ့သောစကားကဲ့သို့ ဖြစ်သည်။ စား သောက်ဆိုင် တစ်ခုအတွင်း ဝင်သွားပြီး စားသောက်ရန်အတွက် စာရင်းကြီး ကိုကြည့်သည်။ စာရင်းထဲမှာ ပါသည့်အရာတစ်ခုချင်းကို ဖတ်ကြည့်သည့်အခါ

တီဘုန်းစတီဟု တွေ့ရသည်။ သူက ကကျွန်တော်တီဘုန်းစားမည်ဟု မှာလိုက်သည်။ ဒါပေမဲ့လည်း ဒီတီဘုန်းဆိုတာ ပြီးခဲ့တဲ့ရက်က စားစရာပါ။ အခုတော့မရှိပါဘူးဟု ပြန်ဖြေသည်။ အဲဒီအခါမှာ သူသည်စားသောက်စာ ရင်းမီနူးကိုချပြီး စားသောက်ဆိုင်ထဲမှထွက်သွားပါမည်။ အဘယ်ကြောင့် နည်းဆိုသော် စားစရာမည်သည့်အရာမျှ မရှိသောကြောင့်ဖြစ်သည်။ စားသောက်ဆိုင်တစ်ခုအတွင်းသို့ဝင်သွားပြီး မည့်သည့်အရာမျှစား သောက် ရန်မရှိဟု ဆိုပါက ဘာလုပ်မည်နည်း။

ဝိညာဉ်လူတစ်ယောက်သည် လိုအပ်ချက်များစွာရှိပါသည်။ အစာမျိုးစုံတို့ကို စားသုံးရပါမည်။ ဘုရားသခင်၏နှုတ်ကပတ် တော်ပင်ဖြစ်ပါသည်။ နှုတ်ကပတ်တော်တစ်လုံးစီကို ကျွန်တော်ယုံကြည်ပါသည်။ ဘုရားသခင်သည် သန့်ရှင်းသူများကို ကျွေးမွေးရန်စားပွဲကို ပြင်ဆင်လျှက်ရှိသည်။ သူရွေးချယ်ထားသောသူများကို ခေါ်ထုတ်၍လာ၍စားပါဟု ဖိတ်ခေါ်ပါ သည်။ ကိုယ်တော်ရှင်၏မန္နအားဖြင့် ကျွေးမွေးတော်မူသည်။ လိုအပ်သမျှ အရာအားလုံးကို ပံ့ပိုးပေးသည်။ တချိန်လုံး သခင်ယေရှုနှင့် အတူစား သောက်ရမည်မှာ အလွန်ကောင်းမွန်လှပါသည်။ မှန်ပါသည်။ အသင်းတော် မှာလည်းရှိပါသည်။ သူ့ထံမှာလည်း ရှိပါသည်။ အသက်ရှင်သော ဘုရားသခင်၏အသင်းတော် ဖြစ်သည်။ လုံးဝအပြစ်ကင်းစင်သော သူ၏ပုံ သဏ္ဍာန်တော်အ တိုင်း ကိုယ်တော်ရှင်ကို သိကျွမ်းခြင်း၌တည်ဆောက်ထား ခြင်း ဖြစ်ပါသည်။

66 ၆၆။ သင့်ထံမှာ တန်ခိုးရှိရပါမည်။

ကျွန်တော်ကပြောပါသည်။ အနန့်ကိုတစ်စုံတစ်ယောက်က ခံယူလိုပါ သည်။ သူသည်အတ္တဆန်ခြင်း မဟုတ်ပါ။ သူ့ထံမှာ အနန့်ရှိပါသည်။ သူ့အနန့် မပေးမှီ သူ့ထံမှာအနန့်ရှိဘို့လိုပါသည်။ သူသည် ပျားရည်ကိုမပေးနိုင်မှီ သူ့ထံမှာ ပျားရည်ရှိ ဘ်ိုလိုပါသည်။ သူသည်အလုအပကိုမပေးမှီ သူ့ထံမှာ အလုအ ပရှိဘို့လိုအပ်ပါသည်။ သင်တန်ခိုးထုတ်မပေးနိုင်မှီ သင့်ထံမှာ တန်ခိုးရှိရ ပါမည်။ သင်၏ယုံကြည်ခြင်းကို တန်ခိုးနှင့်ပေါင်းစပ်ပါ။ အာမင်၊ နားလည်ပါသလား ? ကျွန်တော်တို့ ဤအကြောင်း အရာကို အချိန်ဆွဲ၍လေ့လာရ မည်။ သို့သော်လည်း ကျွန်တော်တို့အချိန်သိပ်မရှိတော့ပါ။ ကျွန်တော်တို့၏ ယုံကြည်ခြင်းကို တန်ခိုးနှင့်ပေါင်းစပ်ရပါမည်။

67 ၆၇။ ပထမဆုံးမှာ ယုံကြည်ခြင်းဖြစ်သည်။ ၎င်းနောက် တန်ခိုးဖြစ်သည်။ ၎င်းနောက် တတိယမြောက်အနေဖြင့် အသိညဏ်ကို ပေါင်းထည့်ပါ။ အသိ ညဏ်ဆိုသည်မှာ လောကဆိုင်ရာ အသိပညာကိုဆိုလိုခြင်း မဟုတ်ပါ။ လောကဆိုင်ရာအသိပညာသည် ဘုရားသခင်အတွက် မိုက်မဲခြင်းသက် သက်သာဖြစ်ပါသည်။ အသိညဏ်ဆိုသည်မှာ စစ်ကြောစီရင်ရန် အသိတ ရားပင် ဖြစ်သည်။ ဘာကိုစစ်ကြောစီရင်မည်နည်း။ အမှားနှင့်အမှန်ကို ခွဲခြားခြင်းပင်ဖြစ်ပါသည်။

သင်မည်ကဲ့သို့ စစ်ကြောစီရင်မည်နည်း။ သင့်ထံမှာ ခရစ်ယာန်အသိညဏ်ရှိလျှင် သင်၏တန်ခိုးနှင့်ယုံကြည်ခြင်းသည် ဘုရားသခင်၏နှုတ်က ပတ်တော်သည် အမှားအမှန်မည်သို့ရှိသည်ကို သင်ခွဲခြားနိုင်မည် ဖြစ်သည်။ သင်၏ယုံကြည်ချက်များ၊ သင်၏မယုံကြည်ခြင်းများ၊ သင်လုပ်ခဲ့သမျှ အရာ အားလုံးကို သင်သည်ဘေးသို့ချထားပြီး သင်သည်ဘုရားသခင်ကို ယုံကြည် ခြင်းအသိတရားရှိပါက ကိုယ်တော်ရှင်သည် မလိမ်ညာကြောင်း သင့်အသိ တရားရှိမည်ဖြစ်ပါသည်။ လူတိုင်း၏စကားသည် လှည့်ဖျားခြင်းဖြစ်သော်လည်း ဘုရားသခင်၏စကားမှာ မှန်ကန်ပါသည်။ သင်ယခုအခါတွင် အသိ တရားရှိလာပြီ ဖြစ်သည်။ ကြီးမြတ်သောအသိတရား ဖြစ်ပါသည်။

ကောလိပ်ကျောင်းတစ်ခုမှ ဒီဂရီ(၄)ခုရရန်မလိုပါ။ သင်ရရှိသော တန်ခိုးများအားလုံးမှာ ဘုရားသခင်ထံမှ လာခြင်းဖြစ်ပါသည်။ သင်၏ယုံကြည်ခြင်းအုတ်မြစ်အပေါ် ဘုရားသခင်ကထပ်ဆင့်ပေးခြင်းဖြစ်ပါသည်။ ထို့ကြောင့်သင်သည်ဘုရားသခင်၏ အမှန်တစ်ကယ် အသက်ရှင်သောလူ သားတစ်ဦး၏ ပုံသဏ္ဍာန်အပြည့်အဝကိုရရှိပြီဖြစ်သည်။

68 ၆၈။ အသိတရားဖြင့် ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်ကို ပေါင်းစပ်ပါ။ သင်သည် ဤနည်းဖြင့် ယုံကြည်ရမည် ဖြစ်ပါ သည်။ ယနေ့သင်ယုံကြည်သကဲ့သို့ လက်ခံပါ။ ထိုအခါ အံ့ဘွယ်နိမိတ်လက္ခဏာ နေ့ရက်များ မကုန်ဆုံးသေးပါ။ ဘုရားသ ခင်၏မိန့်တော်မူသောနေ့ရက်များ မကုန်ဆုံးသေးပါ။ ဘုရားသခင်၏မိန့် တော်မူသမျှအားလုံးသည် သိခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို တတ်နိုင်ပါသည်။

အာဗြဟံလည်း ထိုအရာကိုယုံကြည်ပါသည်။ သူသည်အနှစ်(၁၀၀) အသက်ပြည့်သောအခါ ဘုရားသခင်၏ဂတိတော်ကို မယုံကြည်ဘဲမနေပါ။ မည်မျှရီစရာကောင်းသော နှုတ်ကပတ်တော် ဖြစ်ပါသနည်း။ သူသည်အ သက်(၁၀၀)ရှိပြီဖြစ်၍ကလေးမွေးရန်စောင့်မျှော်လျှက်ရှိပါသည်။ အသက်(၉၀)အရွယ်ရှိ ဇနီးသည်က မည်ကဲ့သို့မွေးနိုင်ပါမည်နည်း။ သားဖွားနိုင် သော အရွယ်ထက်နှစ်(၅၀)ပင်ကျော်လွန်သွားပါပြီ။သူမသည် ဆယ်ကျော် သက်အရွယ်(သို့)ငယ်ရွယ်သောအရွယ်မှစ၍ သူနှင့်အတူနေထိုင်ခဲ့သော ဇနီးသည်ဖြစ်ပါသည်။

သူ၏အသက်တာစီးဆင်းမှု စမ်းချောင်းလေးမှာ သေဆုံးပြီဖြစ်သည်။ စာရာ၏သားအိမ်မှာလည်း သေဆုံးပြီဖြစ်သည်။ မျှော်လင့်ချက်များအားလုံး ကုန်ဆုံးပြီ ဖြစ်သည်။ သို့သော်လည်း ထိုမျှော်လင့်ချက်ကို ဆန့်ကျင်လျှက် မျှော်လင့်ချက်ကို သူယုံကြည်ပါသည်။ ဘုရားသခင်သည် အရာခပ်သိမ်း ကိုတတ်နိုင်ကြောင်း ကိုယ်တော်ရှင် ဂတိထားတော်မူသည်အတိုင်း ဂတိ တည်မည်ဖြစ်ကြောင်း သူယုံကြည်ပါသည်။

69 ၆၉။ သင်လည်း ထိုကဲ့သို့ဖြစ်ပါက သင်၏ယုံကြည်ခြင်းကို ထပ်မံ၍တိုးပွားစေပါ။ စစ်မှန်သောတန်ခိုးကို သင် ၏ယုံကြည်ခြင်းနှင့် ထပ်မံပေါင်းစပ်လိုက်ပါ။

သင်သည် လမ်းမပေါ်တွင်ဖြတ်၍ ခရစ်ယာန်တစ်ဦးကဲ့သို့ လျှောက်လိုက်ပါက ခရစ်ယာန်ကဲ့သို့ပြုမူပါ။ ခရစ်ယာန် အဖြစ်နှင့် သင်၏ယုံ

ကြည်ခြင်းကို တိုးပွားစေပါ။ သင့်မှာအသိညဏ်ရှိလျှင် သင်သည်အောက်ပါ အတိုင်း ဆိုနိုင်ပါသည်။ ကျွန်တော် ယခုအခါမသိပါ။ ဤကျမ်းချက်သည် မှန်သလား၊ မှားသလား မသိနိုင်ပါ။ (တမန်တော် ၂း ၃၈) ကိုမည်သို့ယူဆရ မည်နည်း။(တမန်တော် ၂း၃၈)ကို မည်ကဲ့သို့ လုပ်ရမည် စသည်တို့ကို ကျွန်တော်မသိပါဟု ဆိုနိုင်ပါသည်။ (မဿဲ ၂၈း၁၉)

ဘာမှထပ်၍ ပေါင်းမထည့်ပါနှင့်။ အကြောင်းမှာ သင့်တွင်မရှိသောကြောင့် ဖြစ်သည်။ သင်ဘာလုပ်မည်နည်း။ သင်သည် အသိညဏ်အလုံအလောက်မရှိသဖြင့် ဘုရားသခင်ကိုမသိသေးပါ။ သမ္မာကျမ်းစာသည် မိမိဖာ သာမိမိ၏စကားကို ပြန်၍မ ဆန့်ကျင်ပါ။ ခဏထားလိုက်ပါ။ အဲဒီအ ကြောင်းနှင့်ပတ်သက်၍ ဘာမှမပြောပါနှင့်တော့။ ခဏသာ သူ့ဖာသူနေပါစေ။

သို့သော်လည်း သင်သည်သမ္မာကျမ်းစာသည် မိမိဖာသာမိမိပြန်၍ ဆန့်ကျင်နေသည် မဟုတ်ကြောင်း သင်သိမြင်သောအခါ သင်တွေ့မြင်ရသောအခါ ဘုရားသခင်၏ဗျာဒိတ်တော်ကို သိရှိလာမည်ဖြစ်ပါသည်။ နှုတ်ကပတ်တော်တစ်ခုလုံးမှာ နက်နဲရာများဖြင့် ရေးသားခြင်းဖြစ်ပါသည်။ ဘုရားသခင်ကိုသိသော အသိညဏ်ရှိမှသာ ဖော်ပြနိုင်မည်ဖြစ်ပါသည်။ ဘုရား သခင်၏နှုတ်ကပတ်တော်တစ်လုံးစီကို အဆုံး၌အာမင်ဟု အဆုံး သတ်ပါ။ ၎င်းနောက်သင်၏ယုံကြည်ခြင်းနှင့်ပေါင်းထည့်ပါ။

70 ၇၀။ သင်သည် ယခု အခါတွင် အလွန်ကောင်းသောသူတစ်ဦး ဖြစ်လာပါတော့မည်။ သင်သည် တိုးတက်လာပါသည်။ မည်သည့်အရာနှင့်နည်း။ ယုံကြည်ခြင်းနှင့် ဖြစ်ပါသည်။ ယုံကြည်ခြင်းကို တန်ခိုးနှင့်ပေါင်းစပ်ပါသည်။ ၎င်းနောက် အသိ ညဏ်ရှိလာပါသည်။ ဤနည်းဖြင့် လူတစ်ဦးအားတည်ဆောက်ခြင်း ဖြစ်ပါသည်။ မည်သို့မျှ လွတ်မြောက်ထွက်ပြေး၍ မရနိုင်ပါ။ ခရစ်တော်၌ပုံသ ဏ္ဍာန်အပြည့်အဝရှိလာနိုင်သည့် နည်းလမ်းပင် ဖြစ်ပါသည်။

စစ်ကြောစီရင်ရန်အတွက် မှန်ကန်စွာ စစ်ကြောစီရင်ပါ။ အမှားအ မှန်ခွဲခြား၍ စစ်ဆေးပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ယုံသင့်မယုံ သင့် ခွဲခြားဝေဖန်ပါ။ မိမိတို့၏ဂိုဏ်းဂဏသွန်သင်မှုကို အစေခံမည်လား။ ဘုရားသခင်ကို အစေခံမည်လား။ မှားသလား။ မှန်သလား။ ဒုတိယမွေး ခြင်းခံရမည်လား။ အသင်းတော်ကိုဘဲဝင်၍ အသင်သားအဖြစ် ခံယူရမည်လား။ သင်စဉ်းစားပါ။ မှန်ကန်စွာ ဆုံးဖြတ်ပါ။

တရားဟောဆရာကပြောပါသည်။ အံ့ဘွယ်နိမိတ်လက္ခဏာများပြု လုပ်သည့်နေ့ရက်များကုန်ဆုံးသွားပါသည်။ သမ္မာကျမ်း စာကဆိုပါသည်။ သခင်ယေရှုသည် မနေ့၊ ယနေ့၊ ထာဝရကာလအတူတူပင် ဖြစ်သည်။ သင်မည်သည့်အရာကို ယုံကြည်မည်နည်း။ သင်ကဘုရားသခင်ကို ယုံကြည်မည်ဟု ဆိုပါကတစ်ကယ်ဘဲ သင်ယုံကြည်သည် ဟုဆိုရာရောက်ပါ သည်။ တစ်ကယ့်နှလုံးသားထဲမှာ ယုံကြည်ခြင်း ဖြစ်ပါစေ။ သို့သော်လည်းတစ်ခါ တစ်ရံတွင် သင်၏ယုံကြည်ခြင်းကို ထုတ်ပယ်လိုက်သကဲ့သို့ ဖြစ်ပါသည်။ သင်၏ယုံကြည်ခြင်းက ကိုယ်တော်ရှင်သည် ဘာမှပြောင်းလဲခြင်းမရှိပါ။ ကိုယ်တော် ရှင်အကြောင်းကို ကျွန်တော်အလားတူပင် သက်သေခံခဲ့ပါ သည်။ ကျွန်တော့်အထဲမှ မည်သည့်အရာမှ ထုတ်ပယ်လိုက်၍ မရပါ။ ကိုယ်တော်ရှင်သည် အမှန်တစ်ကယ်ဖြစ်ကြောင်း ကျွန်တော်သိပါသည်။ ထိုခံယူချက်ကို သင်၏ယုံကြည်ခြင်းနှင့် ထပ်မံ၍ပေါင်းထည့်လိုက်ပါ။ အခြေခံအုတ်မြစ်အဖြစ် ချထားလိုက်ပါ။

71 ၇၁။သင်သည် ယခုအခါ တက်လာပါသည်။ နိုင်ငံတော် သို့ရောက်သည့်တိုင် တက်လာပါပြီ။ နောက်တစ်ခုပြောရ မည်ဆိုလျှင် တရားဟောဆရာကသင့်ကို ပြောပါလိမ့်မည်။ လူတော်တော် များများကလည်း ပြောပါသည်။ သင်ဤအကြောင်းအရာတို့ကို သမ္မာကျမ်းစာထဲတွင် ဖတ်ရပါသည်။ ၎င်းတို့မှာ ပြီးခဲ့သောနေ့က အကြောင်းအရာများ ဖြစ်ပါသည်။ ဘာကြောင့်လဲလို့ ကျွန်တော်ယခုပြောပါမည်။ ယနေ့ထိုအ ရာများကို ကျွန်တော်တို့မလိုအပ်သောကြောင့် ဖြစ်ပါသည်။ ကျွန်တော်တို့ မလိုအပ်ပါ။ လက်တွေ့ကျင့်သုံးရန်မလိုပါ။ အနာရောဂါငြိမ်းစေခြင်းလည်း မလိုပါဟု ကျွန်တော်တို့ထင်မြင် ယူဆကြပါသည်။ လက်တွေ့ကျွန်တော်တို့ အခြားသောဘာသာ စကားပြောဆိုခြင်းကို အသင်းတော်တွင် မပြုလုပ်ပါ။ ကျွန်တော်တို့အသင်းတော်ကို ဖြောင့်မတ်စေပါသည်။ ကျွန်တော်တို့ ထိုအရာ များမပြုလုပ်ပါ။ ကျွန်တော်သည် ကျမ်းချက်တစ်ချက်ကိုရေးချ လိုက်ပါမည်။ တစ်ကယ်လက်တွေ့လုပ်မလုပ် ကြည့်ပါ။ သို့သော်လည်း တစ်စုံတစ်ဦးက ကျွန်တော်မသိပါ။ ယနေ့မလုပ်သင့်ပါ။ ကျွန်ုပ်လုပ်သင့် သည့်အရာမှာ လူထုကြီး အား ကောင်းမွန်စွာစကားပြောရန်သာဖြစ်သည်။ ကျွန်တော်တို့ စိတ်ပညာဆိုင်ရာ ကျွန်တော်တို့၏စိတ်နှလုံးများကို စစ်ဆေး ရန်လိုပါသည်။ ကျွန်တော်တို့တတ်နိုင်မှုရှိမရှိ ကျွန်တော်တို့စစ်ဆေးရပါမည်။ လက်ရှိကျွန်တော်တို့၏အသက်တာ ကျွန်တော် တို့၏အသိတရား IQ မည်မျှမြင့်မားသည်ကို စစ်ဆေးရပါမည်။ ကျွန်တော်တို့တွင် အသင်းသား မြောက်မြားစွာ ရှိပါသည်။ ကျွန်တော်တို့အသင်းတော်တွင် အဖွဲ့အစည်း အလိုက်ကြီးကြီးမားမား ဖြစ်နေပါသည် ဟုဆိုကောင်းဆိုပေ လိမ့်မည်။

72 ၇၂။ ကျွန်တော်တို့သည် အဖွဲ့အစည်းကြီးတစ်ခုကို တည်ဆောက်နေခြင်း မဟုတ်ပါ။ ယနေ့မနက် ဤနေရာသို့ရောက် နေသည်မှာလည်း အဖွဲ့အစည်း တစ်ခုတည်ထောင်နေခြင်း မဟုတ်ပါ။ သခင်ယေရှုက ကျွန်တော်တို့အားအ ဖွဲ့အစည်းကြီး တည်ထောင်ရန်စေခိုင်းခြင်း မဟုတ်ပါ။ သခင်ယေရှုက ကျွန်တော်တို့အား တစ်ယောက်စီကို ခရစ်တော်၏ပုံသဏ္ဍာန်အ တိုင်းဖြစ်ရန် တည်ဆောက်ခြင်း ဖြစ်ပါသည်။ စေလွှတ်ခြင်းဖြစ်ပါသည်။ တစ်ကယ့်ကို တန်ခိုးနှင့်ပြည့်စုံသောအိမ် ဘုရားသခင် ၏နှုတ်ကပတ်တော်အားဖြင့် ဝိညာဉ်တော်ကိန်းဝပ်ရန် တည်ဆောက်သောနေရာ ဖြစ်ပါသည်။ ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပါသည်။ လူတစ်ဦးစီကို ထိုကဲ့သို့ သောနေရာမျိုးဖြစ်စေနိုင်ရန် တည်ဆောက်ပေးပါ။ အဖွဲ့အစည်းမှစ၍ ကြီးမားသော ဂိုဏ်းဂဏကြီးတည်ဆောက်ရန် မဟုတ်ပါ။ လူတစ်ဦးကို ဘုရားသခင်၏သားသမီးများဖြစ် စေရန် တည်ဆောက်ဘို့ရန် ဖြစ်ပါသည်။ (၂ပေ ၁း၅)သင်၏ယုံကြည်ခြင်းကို ထပ်မံ၍တန်ခိုးနှင့် ပေါင်းထုတ်ပေးပါ။ ထိုတန်ခိုးကိုလည်း အသိတရားနှင့်ပေါင်းစပ်လိုက်ပါ။ သင်လိုလားသော နေရာသို့ရောက်လာပြီ ဖြစ်ပါသည်။

73 ၇၃။ သူတို့ကပြောဆိုသည့်အခါ ယနေ့ကျွန်တော်တို့လက်ခံစရာမလိုပါဟု ပြောဆိုသည့်အခါ သင်ဘာလုပ်ရမည်နည်း။ သမ္မာကျမ်းစာသည် မလှည့်ဖျားတတ်ပါ။ မလိမ်ညာတတ်ပါ။ တစ်ကယ်လက်တွေ့အနက်အဓိပ္ပါယ် ဖွင့်ဆိုသည့်အခါ သမ္မာကျမ်းစာထဲတွင်

ရေးသားထားသည့်အတိုင်း သင်ယုံ ကြည်ရမည် ဖြစ်ပါသည်။ သင်ထိုအရာများရရှိရမည် ဖြစ်ပါသည်။ သင်ထို အရာများရရှိနိုင်ရန်တစ်ခုတည်းသော နည်းလမ်းမှာ ကောင်းကင်မှမွေးဖွား လာသော အသိတရားကို ရရှိရန်ပင် ဖြစ်ပါသည်။ ကောင်းကင်မှမွေးဖွား လာသော အသိတရားသည် နှုတ်ကပတ်တော်ကို ဖေါ်ပြမည်ဖြစ်ပါသည်။

သင်သည် ယုံကြည်ရမည်။ ယုံကြည်သကဲ့သို့ ပြုလုပ်ရမည်မဟုတ်ပါ။ ယုံကိုယုံကြည်ရမည် ဖြစ်ပါသည်။ သင်က ကျွန်တော်ရရှိပြီဟု ပြောသည့်အခါ ငှက်မဲလေးတစ်ကောင်ပေါ်တွင် ဒေါင်းတောင်တပ်ထားသကဲ့သို့ သင့်ကိုယ်သင် လှည့်ဖျား သကဲ့သို့ မဖြစ်ပါစေနှင့်။ ထိုကဲ့သို့ပြုလုပ်ပါက ထိုဒေါင်းတောင်ကလေးများအားလုံး ပြုတ်ထွက်သွားမည် ဖြစ်ပါသည်။ သဘာဝကျကျပေါက်နေသော အတောင်ကလေးများမဟုတ်ပါ။ တမင် သက်သက်စိုက်ထားခြင်း ဖြစ်ပါသည်။ (ဆာလံ ၁း၃)

74 ၇၄။ ဒါဝိတ်မင်းကြီး (ဆာလံ ၁)တွင်ပြောဆိုခဲ့သော အကြောင်းအရာကို ကျွန်တော်စဉ်းစားမိပါသည်။ အကြောင်းမူကား ထိုသူသည်မြစ်နားမှာ စိုက်လျှက်မိမိအချိန်တန်မှ အသီးကိုသီး၍ အရွက်မညိုးနွမ်းတတ်သော အပင်နှင့်တူ၏ဟု ဆိုထားသည်ကို တွေ့ရပါသည်။ စိုက်ထားသောအပင် နှင့်သဘာဝပေါက်ပင် ကွာခြားချက်ကို သင်သိမြင်ပါမည်။ ကြီးမား သော ဝက်သစ်ချပင်ကြီးကို စိုက်ထားပါသည်။ အမြစ်များသည် မြေပေါ်တွင် အမြစ်တွယ်လျှက် နက်နက်နဲနဲ စိုက်ဝင်လျှက် ခိုင်ခိုင်မာမာဖြစ်သွားပြီ ဖြစ်ပါသည်။ တုတ်ချောင်းလေးတစ်ချောင်းကို စိုက်ထားပါ။ ဘာဖြစ်မည်ကို သင်မသိနိုင်ပါ။ အမြစ်လည်းမရှိပါ။ ဘာအခြေခံအခိုင်အမာမှ မရှိပါ။

အချို့သောသူများသည် ကျမ်းစာကျောင်းအောင်ကြပါသည်။ ကျမ်းစာကျောင်းထွက်များဖြစ်ပါသည်။ ဒေါက်တာဘွဲ့များ ရကြပါသည်။ မည်သည့်ဒေါက်တာက ကျွန်တော့်အား သိက္ခာပေးပါသည် စသည်ဖြင့်ဆို ကြပါသည်။ ဘာမှကွာခြားချက် မရှိပါ။ ခရစ်တော်သည် သင်၏ယုံကြည် ခြင်းအားဖြင့် သင့်အထဲ၌မွေးဖွားလာပါသည်။ သင်သည် အသစ်ပြုပြင် ပြောင်းလဲ၍ မွေးဖွားလာပါသည်။ သင်သည်မွေးဖွားလာသောအခါ ကိုယ်တော်ရှင် မြှော်လင့်ထားသည့်အရာများ သင့်အထဲတွင် ထပ်မံ၍ ပေါင်းထည့် ပြီးသားဖြစ်ပါသည်။

75 ၇၅။ ဤအသိတရားနှင့်ပတ်သက်၍ အခြားအကြောင်းအရာတစ်ခုပြော စရာရှိပါသည်။ ဘုရားတရားနှင့်ဆိုင်သော အသိတရားပင် ဖြစ်ပါသည်။ သမ္မာကျမ်းစာကို ယနေ့ဆွဲကိုင်ထားပါ။ အဓိပ္ပါယ်များစွာရှိပါသည်။ လူပေါင်းများစွာတို့က သမ္မာကျမ်းစာ၏အဓိပ္ပါယ်အတိအကျကို နားမလည်ဟု ပြောကြပါလိမ့်မည်။ ဘုရားသခင် ကျွန်တော့်ကိုကြည့်နေပါသည်။ ကျွန်တော်အပြစ်လုပ်ရင် ကျွန်တော့်ကိုပြင်ဆင်မည် ဖြစ်ပါသည်။ ကျွန်တော်သည် ဘုရားသားဖြစ်ပါက ဘုရားသခင် ကျွန်တော့်အား အမှုပြုပါမည်။ ကိုယ်တော်ရှင်သည် ထိုနည်းအတိုင်း ပြုပြင်ခဲ့ပါသည်။ ဘုရားသားသမီး များသည် အမှားအ ယွင်းပြုလုပ်ပါက ဘုရားသခင်သည် အမြဲတမ်းအမှားကို ပြင်ဆင်ပေးပါသည်။

ဘုရားသခင်သည် သင်နှင့်ပတ်သက်၍ အရမ်းကိုအသေးစိတ်ပြု လုပ်မည်ဆိုပါက သင့်အားအမြဲတမ်းကြည့်ရှုနေမည် ဖြစ်ပါသည်။ အမြဲတမ်းအမှားပြင်နေမည် ဖြစ်ပါသည်။ သို့ဖြစ်လျှင် သူ၏နှုတ်ကပတ်တော်နှင့် ပတ်သက်၍ မည်မျှပြင်ဆင်ပါ မည်နည်း။ သင်၏ဥပမာအနေနှင့် မိမိကိုယ် ကိုမိမိမည်မျှ ပြင်ဆင်ပါမည်နည်း။ အစအဦးတွင် နှုတ်ကပတ်တော်ရှိသည်။ ထိုနှုတ်ကပတ်တော်သည်လည်း ဘုရားသခင်နှင့်အတူရှိသည်။ ထိုနှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်၏ဟု ထိုနှုတ်ကပတ်တော်သည် လူဇာတိကိုခံ၍ ကျွန်ုပ်တို့နှင့်အတူ ကျိန်းဝပ်တော်မူသည်ဟု ဆိုထားပါသည်။

76 ၇၆။ နှုတ်ကပတ်တော်သည် သခင်ယေရှုကို ဖေါ်ပြခြင်းပင် ဖြစ်ပါသည်။ သမ္မာကျမ်းစာက ဆိုထားပါသည်။ ခရစ်တော် သည် ဤနှုတ်ကပတ်တော် အားဖြင့် ဖေါ်ပြထားခြင်း ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် သင့်အားကြည့် မြင်နေမည်ဆိုပါက သင်သည်ပညတ်တော်များကို ကျူးလွန်မည်ဆိုလျှင် ကိုယ်တော်ရှင်သည် သင့်အားအပြစ်တင်မည် ဖြစ်သည်။ သူ၏နှုတ်က ပတ်တော် ပညတ်တော်များကို သူမည်မျှစစ်ကြောစစ်ဆေး၍ ကြည့်ရှုနေမည်နည်း။ မည်မျှပြင်ဆင်နေမည်နည်း။ အာမင်၊

စစ်မှန်သောဘုရားသခင် သန့်ရှင်းသောဝိညာဉ်တော် အသိတရားကို ကျွန်တော်ယုံကြည်ပါသည်။ သန့်ရှင်းသောဝိညာဉ် တော်၏ အသိတရားက ဘုရားသခင်၏နှုတ်ကပတ်တော်ကို အာမင်ဟုအဆုံးသတ်ပေးမည် ဖြစ်ပါသည်။ သင်သည်ထို အရာများ တစ်ခုနှင့်တစ်ခု အတိုက်အခံဖြစ်နေသည်ကို သမ္မာကျမ်းစာထဲတွင် တွေ့မြင်ရပါက သင်ထိုင်၍သေသေချာချာ ဆု တောင်းပြီးလေ့လာပါ။ ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်လှုပ်ရှား လာပါမည်။ မကြာမီ သင်သည်အားလုံးအတူတကွ ဆက်စပ်လျှက်ရှိ ကြောင်း သိလာမည်ဖြစ်ပါသည်။ ထိုအရာမှာ အသိညဏ်ပင်ဖြစ်ပါသည်။ (ဟေဗြဲ ၁၃း၈)

77 ၇၇။ အချို့တို့က ဆိုကြပါသည်။ သမ္မာကျမ်းစာဆိုထားသည်မှာ ကိုယ်တော်ရှင်သည် မနေ့၊ ယနေ့နှင့်ထာဝရကာလ အတူတူပင်ဖြစ်ပါသည်။ အသင်းတော်ကလည်း ဆိုထားပါသည်။ တစ်စုံတစ်ခုသော အတိုင်းအတာ အထိ သူသည်တူညီမှုရှိပါ သည်။ တစ်ခုနှင့်တစ်ခုအကြား ကွာဟချက်ကို မဖြေရှင်းလိုက်ပါနှင့်။

ကိုယ်တော်ရှင်သည် တူညီမှုရှိပါသည်။ သခင်ယေရှုသည်မနေ့၊ ယနေ့နှင့်ထာဝရကာလ အတူတူပင်ဖြစ်ပါသည်။ သူ့အထဲမှာ ကွာဟချက်လုံးဝမရှိပါ။ သူသည် သူ၏အသင်းတော်တွင် အ သက်ရှင်လျှက်ရှိပြီး အလားတူအရာကို ပြုလုပ်လျှက်ရှိပါသည်။

ခဏကြာသောအခါ ကမ္ဘာလောကကြီးသည် ကျွန်တော့်ကို တွေ့ရတော့မည် မဟုတ်ပါ။ သို့တိုင် သင်တို့သည် ငါ့ကိုတွေ့ရ မည်ဟု ကိုယ်တော်ရှင်က ဆိုပါသည်။ ငါသည်သင်တို့နှင့်အတူ ကပ်ကမ္ဘာကုန်ဆုံးသည့်တိုင် ရှိမည်ဟုလည်း ဆိုပါသည်။ တဖန်ကိုယ်တော်ရှင်က ငါပြုသောအမှုတို့ကို သင်တို့ပြုလိမ့်မည် ဟုလည်းဆိုပါသည်။ ငါသည် စပျစ်အနွယ်ပင် ဖြစ်၏။ သင်တို့သည် အခက်၊ အလက်၊ အကိုင်းများဖြစ်ကြ၏။ ဟုလည်း ဆိုပါသည်။ အကိုင်းသည် စပျစ်နွယ်ပင်အသက်ရှင် သည်နှင့်အမျှ အသက်ရှင်လျှက်ရှိပါသည်။ စပျစ်နွယ်ပင်မှ မည်သည့်အရာပင်ထွက်လာစေကာမူ အကိုင်းပင် ထွက်လာစေ ကာမူ ဘုန်းကြီးပါစေ။ ခရစ်တော်သည် မနေ့၊ ယနေ့၊ ထာဝရ ကာလ

အတူတူပင်ဖြစ်ပါသည်။ သခင်ယေရှု၏အသက်တာကို ထုတ်လုပ် ခြင်းဖြစ်ပါသည်။ အာမင်၊

78 ၇၈။ အသိညဏ် အကြောင်းပြချက်မဟုတ်ပါ။ လောကဆိုင်သောအရာ မဟုတ်ပါ။ လောကနှင့်ဆိုင်သောမည်သည့် အသိညဏ် အကြောင်းပြချက် ကိုမဆိုကြည့်ပါ။ သို့သော်လည်း ယုံကြည်ခြင်း၌ အကြောင်းပြချက် မရှိပါ။ ဘုရားသခင်သည် သင့်ကို မည်သည့်အရာဖြစ်မည် မည်သည့်အရာဖြစ်မည်ကို ကြိုတင်၍ ဖေါ်ပြပါသည်။

သမ္မာကျမ်းစာအားဖြင့် အသင်းတော်က ခံယူပါသည်။ (သို့) လူတစ်ယောက်သည် တစ်ကြိမ်တစ်ခါ ကြားနာခြင်းအားဖြင့် ယုံကြည်ပါ၏ဟုပြောပါသည်။ ကျွန်ုပ်သည် ထိုအရာသည် မမှားကြောင်း တွေ့ရပါသည်။ ထိုအရာမှ အစပြုကြပါသည်။

ဘုရားသခင်က နောဧအား ဤအရာများဖြစ်ပျက်မည်ဟု ကြိုတင် ပြောပြပါသည်။ သူကလည်း ယုံကြည်ပါသည်။ ဘုရားသခင်သည် မောရှေအား ထိုအရာများကြိုတင် ဖြစ်ပျက်မည်ဟု ပြောပါသည်။ သူကလည်း ယုံကြည်ပါသည်။ ဘုရားသခင်သည် တပည့်တော်များအား ဤအရာများ ဖြစ်ပျက်မည်ဟု ကြိုတင်ပြောပါသည်။ ပင်တေကုတ္တေနေ့တွင် သွား၍ စောင့်နေပါဟု မှာထားသည်။ သူတို့လည်း သွား၍စောင့်နေပါသည်။

79 ၇၉။ အသိညဏ် အကြောင်းပြချက်မဟုတ်ပါ။ လောကဆိုင်သောအရာ မဟုတ်ပါ။ လောကနှင့်ဆိုင်သောမည်သည့် အသိညဏ် အကြောင်းပြချက် ကိုမဆိုကြည့်ပါ။ သို့သော်လည်း ယုံကြည်ခြင်း၌ အကြောင်းပြချက် မရှိပါ။ ဘုရားသခင်သည် သင့်ကို မည်သည့်အရာဖြစ်မည် မည်သည့်အရာဖြစ်မည်ကို ကြိုတင်၍ ဖေါ်ပြပါသည်။

သမ္မာကျမ်းစာအားဖြင့် အသင်းတော်က ခံယူပါသည်။ (သို့) လူတစ်ယောက်သည် တစ်ကြိမ်တစ်ခါ ကြားနာခြင်းအားဖြင့် ယုံကြည်ပါ၏ဟုပြောပါသည်။ ကျွန်ုပ်သည် ထိုအရာသည် မမှားကြောင်း တွေ့ရပါသည်။ ထိုအရာမှ အစပြုကြပါသည်။ ကောင်းပြီ။ ထိုအရာသည် မမှားပါ။ ဘာကြောင့် အနောက်ဖက်မှာ ထားရသနည်း? မြင်လား?

80 ၈၀။ သူကလည်း ဆက်လက်၍ သမ္မာကျမ်းစာများအကြောင်း ဆွေးနွေးပါသည်။ သူ့လက်ထဲတွင် စီးကရက်ကြီး ကိုင်ထားသည်ကိုတွေ့ရပါသည်။ ဘရာသာ ဘရမ်ဟမ် ကျွန်တော်က ကျမ်းစာကျောင်းသားပါဟု သူကပြောပါသည်။ ကျွန်တော် ကလည်း သိရတာဝမ်းသာပါတယ် ဟုဆိုပါသည်။

သူကပြောသည်။ အယူသီးခြင်းနှင့်ပတ်သက်၍ ကျွန်တော်သိချင်ပါတယ်။ သင်ဝေငှတဲ့ လက်ကိုင်ပုဝါလေးများအတွက် သင်ငွေတောင်းခံတယ်လို့ ကျွန်တော်ကြားပါတယ်။ ဒီလက်ကိုင်ပုဝါလေးတွေပေါ်မှာ ဆုတောင်း ပေးတာကတော့ အနည်း ငယ်အယူသီးရာကျပါတယ်။ လက်ကိုင်ပုတွေကို ဝေငှပြီး ဘိသိတ်ပေးထားတဲ့ အဝတ်ကလေးတွေလို့ သင်ကခေါ်ပါတယ်။ နောက်ပြီးသင်က ထိုပိတ်စလေးများအတွက် ငွေတောင်းပါတယ်။ ကျွန်တော်ကလည်း ကျွန်တော်ငွေမတောင်းပါဟု ပြန်ဖြေလိုက်သည်။ သူကလည်း ဆက်ပြောပါသည်။ ဤလက်ကိုင်ပုဝါကလေးများနှင့် ပတ်သက်၍ အယူသီးသည်ဟု ပြောပါသည်။ ထို့ကြောင့် ကျွန်တော်က အယူသီးတယ်လို့ ခင်ဗျားပြောတယ်။ ခင်ဗျားပြောတာကလည်း ခင်ဗျားဟာ ကျမ်းစာ ကျောင်းသားတစ်ယောက်လို့ ပြောခဲ့ဘူးပါတယ်။ သူကလည်း ဟုတ်ပါတယ် လို့ ဖြေပါတယ်။

81 ၈၁။ ကျွန်တော်ကလည်း (တမန်တော် ၁၉း၁၁)ကိုဖတ်ကြည့်ပါ။ အသိပညာ ဖြစ်ပါတယ်။ သူ့ကိုယ်သူအတ္တကြီး မားခြင်းကို သူထောင်ချောက်မိသကဲ့သို့ ဖြစ်သွားပါတယ်။ သူကတခြားအကြောင်းအရာကို လမ်းလွဲပြောကြားဖို့ ကြိုးစားပါတယ်။ ကျွန်တော်ကလည်း တစ်ခါ (ယောဟန် ၅း၁၄) ကိုလည်း ဖတ်ကြည့်ပါဦး။ သူလည်းမတတ်နိုင်တော့ပါ။ ကျွန်တော်က ပြောတယ်။ (ယာကုပ် ၅း၁၄) ကိုဖတ်ကြည့်ပါ။ သူဘာမှမပြောနိုင်တော့ပါ။ ထိုအခါ ကျွန်တော် ဆက်လက် ၍ပြောပါသည်။ (ယော ၃း၁၆)ကိုလည်းသိသလား။ အသိညဏ်ရှိတယ်။ လောကဆန်တယ်။ အလွန်ကောင်းမြတ် ပါတယ်။ သူကလည်း ဆက်ပြောတယ်။ ဘရာသာဘရမ်ဟမ် ခင်ဗျားဟာ သမ္မာကျမ်းစာအားဖြင့် ဒီအမှုကိုစစ်ဆေးဖို့ ကြိုးစား နေတယ်။ ကျွန်တော်တို့ကတော့ နေရာ၊ ဥပဒေနဲ့ကြိုးစားနေခြင်း ဖြစ်ပါတယ်။ ကျွန်တော်ကလည်း နေရာဥပဒေတွေဟာ သမ္မာကျမ်းစာထဲမှာဘဲ အခြေပြုတယ်မဟုတ်လား။ ဤအရာသည်တရားမျှတမှုပင် မဟုတ်ပါလား။ အာမင်၊ မှန်ပါသည်။

82 ၈၂။ အသိပညာဖြစ်သည်။ လောကနှင့်ဆိုင်သော အသိပညာမဟုတ်ပါ။ ဝိညာဉ်ကိုသိသောအသိပညာ၊ နှုတ်ကပတ် တော်ကိုသိခြင်းပညာဟု ဘုရားသခင် ပြောခြင်းဖြစ်ပါတယ်။ ဘုရားကိုသိခြင်းပညာပင် ဖြစ်ပါသည်။ ဘုရားသခင် ပြောသည့် အတိုင်းလုပ်ပါ။ သင်ထိုအတိုင်း ပြုလုပ်မည်ဆိုပါက အရာခပ်သိမ်းကို ယုံကြည်နိုင်မည် ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် ဤအရာများ အားလုံးနှင့်ပတ်သက်၍ တူညီမှုရှိပါသည်။ နှုတ်ကပတ်တော် မည်သည့်အ ရာပြောသည်ကို သိခြင်းသည်လည်း မှန်ကန်ပါသည်။ နှုတ်ကပတ်တော် စာကြောင်းတစ်ကြောင်းစီကို အာမင်ဖြင့် အဆုံးသတ်ပါ။ သင်၏ယုံကြည်ခြင်းနှင့် ပေါင်း စပ်ပါ။ တစ်စုံတစ်ယောက်သောသူက သင့်အားသမ္မာကျမ်း စာသည်တန်ခိုး ပျက်ပြယ်သွားပေပြီ။ ဝိညာဉ်တော် ဗတ္တိဇံ ကဲ့သို့သောအရာ မျိုးမရှိတော့ပါဟု ပြောဆိုပါက မယုံပါနှင့်။ သူတို့ပြောသောစကားသည် မကြာမီ ပျက်ပြယ်သွား ပါလိမ့်မည်။ ကျောက်ပေါ်တွင် ရွှံ့ကိုတင်သကဲ့သို့ ပျက်ပြယ်သွားပါမည်။ ရပ်တည်နိုင်မည် မဟုတ်ပါ။ ပြိုကျပျက်စီးသွားမည် ဖြစ်ပါသည်။

83 ၈၃။ အချို့သူများကလည်း သမ္မာကျမ်းစာကို ယနေ့ယုံကြည်စိတ် ချမှု မရှိသင့်တော့ပါ။ သင်ဂရုစိုက်ရပါမည်။ တချိန်လုံး မယုံပါနှင့်ဟု ပြောပေလိမ့်မည်။ ထိုကဲ့သို့ပြောဆိုခြင်းများကို တချိန်လုံးကြားနေရပါသည်။

သမ္မာကျမ်းစာကို မယုံကြည်နိုင်တော့ပါဟု ဆိုကြသည်ကို အနည်း ငယ်ကြားရပေလိမ့်မည်။ သင့်စိတ်ထဲတွင်လည်း ထိုကဲ့သို့ ဖြစ်နေပါက ထပ်မံ၍မပေါင်းထည့်ပါနှင့်။ အကြောင်းမှာ ထိုသို့ပေါင်းထည့်ခြင်းဖြင့် ဘာမှအလုပ်ဖြစ် မည်မဟုတ်ပါ။ အဆောက် အဦကြီးတစ်ခုလုံး ပြိုကျပျက်

စီးသွားမည်ဖြစ်ပါသည်။ သမ္မာကျမ်းစာအား သန့်ရှင်းသောဝိညာဉ်တော် ဖြင့် အားဖြည့်ရမည် ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ပေါင်း စပ်ရမည်ဟု ဆိုလိုခြင်း ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်က တံဆိပ် ခတ်နှိပ်ရမည် ဖြစ်ပါသည်။

ရာဘာဖြင့်ပြုလုပ်ထားသော ပလပ်စတစ်သည် ရေရှည်ခံပါသည်။ သာမန်နည်းဟောင်းဖြင့် ဖာထားသောအရာထက် ပို၍ကြာ ရှည်ခံပါသည်။ အနည်းငယ်အပူပေး၍ မော်တော်ကားတာယာမှ အပေါက်ကိုဖာခြင်းဖြစ် သည်။ ထိုတာယာကို အနည်းငယ်အ ပူပေးပါ။ ထို့နောက် ကားကိုမောင်း ကြည့်ပါ။ သူ့အလိုအလျှောက် ပျော်ကျသွားပါမည်။ ယနေ့ လူမြောက်များစွာတို့သည် လည်း ထိုနည်းတူစွာပင် ဖြစ်ပါသည်။ သူတို့၏အသိညဏ်ကို လောက၏အသိညဏ်နှင့်ပေါင်းစပ်လိုက်ပါသည်။ လောကဆန်သည့်ကော်ကို အသုံးပြုပြီးပေါင်းစပ်ခြင်း ဖြစ်ပါသည်။ လေဝင်လာသောအခါ ခဏအကြာ ဖောင်းကားလာ ပါသည်။ အော်ဟစ်ခုန်ပေါက်၍ ပြေးလွှားသီချင်းဆို ခြင်းအားဖြင့် မပြီးသေးပါ။ မကြာမီလူများက သင်သည်တချိန်က လူးခဲ့ သောရွံ့အိုင်ထဲတွင် ပြန်ရောက်နေသည်ကိုတွေ့ရပါမည်။

သင်သည် သန့်ရှင်းသောဝိညာဉ်တော်အငွေ့ဖြင့်နေပါက နောက်ဆုံး သင်သည် တသားတည်းတစ်ကိုယ်တည်း ဖြစ်သွားသည့် အထိ နေသင့်ပါသည်။ သင်နှင့်တစ်လုံးတစ်ဝတည်း ဖြစ်သွားပေလိမ့်မည်။ သင်သည် ဘုရားသခင်၏ဂတိတော် များအားလုံး ကို တည်၍ဂတိတော်များနှင့် သင်သည် တစ်လုံးတစ်ဝတည်း ဖြစ်လာပါက ယုံကြည်ခြင်းနှင့် ပေါင်းစပ်နိုင်ပါသည်။ မဖြစ်နိုင်ပါက လုံးဝမပေါင်းစပ်ပါနှင့်။

84 ၈၄။ နှုတ်ကပတ်တော်ကို မယုံကြည်နိုင်ပါဟု သင်ကပြောဆိုလျှင် ထပ်မံ ၍ပေါင်းထည့်ရန်မကြိုးစားပါနှင့်။ သန့်ရှင်းသော ဝိညာဉ်တော်ဗတ္တိနှင့် ပတ်သက်၍ ဂတိတော်များသည် တမန်တော်(၁၂)ပါးအတွက်သာရည်ညွှန်း သည်ဟုသင်ကဆိုလျှင် ယနေ့အသင်းတော်အချို့၏ပြောဆိုချက်များကဲ့သို့ ဖြစ်နေလျှင် ထပ်မံ၍ပေါင်းထည့်ရန်မကြိုးစားပါနှင့်။ သူတို့၏အခြေခံအုတ် မြစ်အားလုံး ပြိုကျပျက်စီးသွားပေလိမ့်မည်။ (၄ရာ ၁၅း၅၊ ၂ရာချုပ် ၂၆း ၁၉-၂၁) ယမန်နေ့ညက လေ့လာခဲ့သောဥရိယ အကြောင်းကဲ့သို့ ဖြစ်ပါသည်။ သူ၏အခြေခံအုတ်မြစ်အားလုံးမှာ သူယုံကြည်စိတ်ချခဲ့သော်လည်း ပျက်စီးဆုံးရှုံးသွားခဲ့ရပါ သည်။ နောက်ဆုံးနူနာရောဂါစွဲခြင်းဖြင့် ဒါဏ်ပေး ခြင်းခံရပါသည်။ မကောင်းပါ။ တမန်တော်(၁၂)ပါးအတွက်သာဖြစ်ပါသည်။ တမန်တော်(၁၂)ပါးအတွက် သီးသန့်သာဖြစ်ပါသည်ဟု ဆိုကြသည်။

85 ၈၅။ ကျွန်တော်သည် ဘရာသာရိုက်တို့အိမ်တွင် ရောက်ရှိခဲ့စဉ်က တစ်ညတွင် သူ့အိမ်၌တရားဟောဆရာ တစ်ယောက် ရောက်နေပါသည်။ ကျွန်တော်လည်း ထိုတရားဟောဆရာ လေးငါးယောက်နှင့်အတူ စကားပြောပါသည်။ ထိုတရားဟော ဆရာက လက်ကိုမြှောက်၍ အောက်ပါအတိုင်း ပြောပါသည်။ ယခု ဤနေရာ၌ရှိ သောသူများကို ကျွန်တော်တစ်စုံတစ်ခု ပြောချင်ပါတယ်။ ခင်ဗျားတို့ဟာလူ ကောင်းတွေပါဘဲ ဟုသူကဆိုသည်။ ကျွန်တော်ကလည်း တစ်စုံတစ်ယောက် သောသူကို ကျွန်တော်ပြောခြင်းဖြစ်သည်။ ဟိုမှာထိုင်နေတဲ့လူတစ်ယောက် ရှိတယ်။ ကြည့်ပါဟု ကျွန်တော်ကပြောလိုက်သည်။ ထိုအခါ ဂျူနီဂျက်ဆင်က အနောက်ဖက်တွင် ထိုင်နေပြီးစကားပြောနေသည်ကို နားထောင်နေသည်။ သူကလည်း ဘုရားသခင် ကျေးဇူးတော်အကြောင်းကို ပြောကြားနေ ခြင်းဖြစ်ပါသည်။ သူကအလွန်တက်ကြွနေလျှက်ရှိပါသည်။ စောင့်ဆိုင်းနေ ရပါသည်။ သူမတ်တပ်ရပ်၍ သူကပြောကြားရန် ကြိုးစားလျှက်ရှိပါသည်။ ကျွန်တော်ပြောချင်တဲ့အရာမှာ မစ္စတာဘရမ်ဟမ် ဤနေရာမှာ ရှိနေပါတယ်။ ကျွန်တော်ပြောချင်ပါတယ်။ သူကတော့ အန္တိခရစ်ဘဲဟုဆိုပြီး စပြီး တော့ပြောလိုက်ပါတယ်။ တစ်ညလုံးပြောခြင်း ဖြစ်ပါသည်။

အချို့သောတရားဟောဆရာများကလည်း စတင်ပြောဆိုပါတယ်။ ကျွန်တော်က ခဏလောက်စောင့်ပါအုံး။ ဘာမှမပြောပါနဲ့ ညီအစ်ကိုတို့။ သူကတစ်ယောက်တည်းပါ။ ကျွန်တော်တို့ကအများစုပါ။ သူ့ဟာ သူတစ်ယောက်တည်း ပြောပါစေ။ သူကျွန် တော့်အကြောင်းကို တစ်ယောက် တည်းပြောပါစေဟု သူကပြောလိုက်ပါသည်။ ကျွန်တော့်အတွက် အလွန်မကောင်းပါ။ ကျွန်တော်လည်းဘာလုပ်ရမှန်း မသိပါ။

86 ၈၆။ သူကပြောပါသည်။ မစ္စတာဘရမ်ဟမ်က အန္တိခရစ်ပါဘဲဟု သူက ပြောပါသည်။ ထို့နောက်သူဆက်၍ အမျိုးစုံပြောပါ သည်။ သန့်ရှင်းသော ဝိညာဉ်တော်ဗတ္တိဇံအကြောင်းလည်း ပြောပါသည်။ သမ္မာကျမ်းစာထဲ၌တ မန်တော်(၁၂)ပါးသာသန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံရကြ ကြောင်းကိုသူက ပြောပါသည်။ အနာရောဂါငြိမ်းစေခြင်း အကြောင်းကိုလည်း ပြောပါ သည်။ တမန်တော်(၁၂)ပါးသာအနာရောဂါငြိမ်းစေခြင်းအခွင့်ရသည် ဟုသူကဆိုသည်။ ကျွန်တော်တို့ ယခုဤနေရာမှာ ပြောနေသည်မှာ သမ္မာကျမ်းစာပြောသည့်အတိုင်း ဖြစ်ပါသည်။ တိတ်ဆိတ်နေသောအခါ၌လည်း သမ္မာကျမ်းစာမှာ တိတ်ဆိတ်နေသည်ဟု သူကပြောပါသည်။

နာရီဝက်ကြာခန့် သူကပြောဆိုနေသည်ကို ကျွန်တော်စောင့်စား၍ နေရပါသည်။ ၎င်းနောက် ကျွန်တော်က ခဏစောင့်ပါအုန်း။ ကျွန်တော် ဒီမှာ အများကြီးရေးထားပါတယ်။ ကျွန်တော်ပြန်ဖြေကြားဘို့အခွင့်ကိုပေးပါ အုန်းဟု ကျွန်တော်ကဆိုလိုက်တယ်။ ၎င်းနောက် ကျွန်တော်ကထပ်ပြီး ပြောပါသည်။ သူကသမ္မာကျမ်းစာပြောသည့်အတိုင်း ပြောသည်ဟု သူကပြောပါသည်။ သူ့အသင်းတော်ကလည်း ထိုသို့ပင်ဖြစ်ပါသည်။ သမ္မာကျမ်းစာကလည်း တိတ်ဆိတ်နေသည့်အချိန်တွင် သူကတိတ်ဆိတ် နေသည်ဟု သူက ပြောပါသည်။ ခင်ဗျားတို့အားလုံး သက်သေဖြစ်ကြပါတယ်။ ဟုတ်ပါတယ်ဟု ပြန်ဖြေကြသည်။ (တမန်တော် ၁း၁၅) ကျွန်တော်ကဆက်ပြောပါသည်။ တမန်တော်(၁၂)ပါးသာသန့်ရှင်းသောဝိညာဉ်တော်ရသည်ဟုသူဆို ပါသည်။ ကျွန်တော့်ကျမ်းစာထဲမှာကတော့ လူ(၁၂၀)လောက်ဝိညာဉ်တော် ဗတ္တိဇံရတဲ့အကြောင်း ရေးထားပါတယ်။ အာမင်၊ ထိုကဲ့သို့ အသိညဏ်မျိုးကို ဖယ်ရှားပြစ်လိုက်ပါ။ သူကြိုးစား၍ပြောဆိုနေသည့်အကြောင်းကို ဖယ်ရှားပစ်လိုက်ပါ။

87 ၈၇။ ကျွန်တော်ကလည်းဆက်၍ပြောပါသည်။ တမန်တော်ကြီးရှင်ပေါလု သည် သန့်ရှင်းသောဝိညာဉ်တော်ကို မရရှိပါ။ သို့သော်လည်း သူရရှိသည် ဟုသူပြောခဲ့ပါသည်။ ဖိလိပ္ပုကလည်း ရှမာရိအမျိုးများကိုသွား၍ ဧဝံဂေလိ ဟောပါသည်။ သူတို့အားလုံး ခရစ်တော်၏နာမ၌ ဗတ္တိဇံကိုခံကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော် သူတို့အပေါ်သို့ မဆင်းသက်သေးပါ။ ၎င်း နောက်သူတို့က

ပေတရုနှင့်ယောဟန်ကိုလာရန်ခေါ်လိုက်ပါသည်။ ပေတရု နှင့်ယောဟန်တို့က သူတို့အပေါ်လက်တင်၍ ဆုတောင်းပေးသောအခါ သန့်ရှင်းသောဝိညာဉ်တော် သူတို့အပေါ်သက်ရောက်ပါသည်။ တမန်တော် (၁၂)ပါးသာဖြစ်သည် ဟုကျွန်တော်ထင်ပါသည်။

(တမန်တော် ၁၀း၄၉) တွင် ပေတရုသည်အိမ်ပေါ်ထပ်တွင်ရှိနေစဉ် အခါ ကောနေလိထံသို့သွားသော ရူပါရုံကိုတွေ့ရပါသည်။ ပေတရုသည် စကားများကိုပြောဆိုသောအခါ သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့အပေါ်သို့ သက်ရောက်၍ နှုတ်က ပတ်တော်ကိုကြားရပါသည်။ သမ္မာကျမ်းစာသည် စကားပြောနေဆဲပင် ဖြစ်ပါသည်။ သင်၏အသင်းတော်သည် အဘယ်မှာ ရှိပါသနည်း။ မတည်ထောင်ရသေးသောအသင်းတော် ဖြစ်ပါသည်။ နောင်လာမည့်အသင်းတော်ပင် ဖြစ်ပါသည်။ (တမန်တော် ၆း၈)

ကျွန်တော်က ဘုရားသခင် အနာရောဂါငြိမ်းစေခြင်းအကြောင်းကို ပြောပါသည်။ တပည့်တော်(၁၂)ပါးသာအနာရောဂါငြိမ်း စေနိုင်သည်ဟု သင်ကဆိုသည်။ သမ္မာကျမ်းစာက သတေဖန်သည်ရှမာရိသို့သွား၍ နတ် ဆိုးများကို မောင်းထုတ်သည်။ လူနာများကို အနာရောဂါ ပျောက်ကင်းစေပါသည်။ ထိုနေ့ရက်တွင် မြို့ထဲတွင်ရှိသောသူများ အလွန်ဝမ်းမြောက်ကြပါ သည်။ သတေဖန်သည် တပည့်တော်(၁၂)ပါးတွင်တစ်ပါးအပါအဝင်မဟုတ်ပါ။သူသည် သင်းထောက်တစ်ဦးသာ ဖြစ်ပါသည်။ သူသည် အနာရောဂါကို ငြိမ်းစေပါသည်။ အာမင်၊

88 ၈၈။ ရှင်ပေါလုသည် တပည့်တော်(၁၂)ပါးတွင်တစ်ပါးအပါ အဝင်မဟုတ်ပါ။ သူသည်အနာ ရောဂါငြိမ်းစေခြင်း ဆုကျေးဇူးကို ရရှိပြီးသူဖြစ်ပါသည်။ အနာရောဂါငြိမ်းစေခြင်း ဆုကျေးဇူးများကို ကြည့်ပါ။ နောက်နှစ်ပေါင်း(၃၀)အကြာတွင်သူသည် ကောရိန္တုအသင်းသားများအကြားတွင် လှည့်လည်၍ အနာရောဂါငြိမ်းစေသောအခွင့်နှင့်အတူ သခင်ခရစ်တော်၏ ကိုယ်ခန္ဓာအထဲတွင်ရှိ နေပါသည်။ (ဟေဗြဲ ၁၃း၈)

သင်လေ့လာထားသောစာအုပ်ထဲတွင် ဖေါ်ပြထားသော အသီညဏ်မျိုးကို ဖယ်ရှားလိုက်ပါ။ ဤအသီညဏ်မျိုးကိုသာ ရယူပါ။ ဘုရားသခင်သည် မနေ့၊ ယနေ့၊ နောင်ကာလ အတူတူပင်ဖြစ်သည်ဟု ဆိုထားပါသည်။ အာမင်၊ တမန်တော်(၁၂)ပါးသာမဟုတ်ပါ။ အားလုံးအတွက် ဖြစ်ပါသည်။ သင်သည်ထိုကဲ့သို့သောယုံကြည်ခြင်းရှိပါက သင်၏ယုံကြည်ခြင်းသည် အာမင်ဟူ၍ အဆုံးသတ်သောယုံကြည်ခြင်းမျိုးဖြစ်ပါစေ။ သို့မှသာသင်က ကောင်းပြီဟု ပြောနိုင်မည်ဖြစ်သည်။ (၂ပေ ၁း၅-၆)

89 ၈၉။ စတုတ္ထမြောက်အနေနှင့်ပြောရမည်ဆိုလျှင် ကျွန်တော်မြန်မြန်ဘဲ ပြောသွားမည်ဖြစ်သည်။ ကျွန်တော်ဒီနေရာမှာ ရပ်ပြီး ပြောရတာ ကျွန်တော် ခံစားရတာ အလွန်ဘဲကောင်းမွန်ပါတယ်။ စတုတ္ထမြောက်အနေနှင့် ပြောပါမည်။ ကျေးဇူးတင်ပါ သည်။ ကာမဂုဏ် ချုပ်တည်းခြင်း ကို ပေါင်းထည့်ပါ။ ကျွန်တော်တို့ ကာမဂုဏ် ထိန်းချုပ်ခြင်းအကြောင်း ရောက်လာပြီဖြစ်ပါ တယ်။ ပထမဆုံးအနေနှင့် ကျွန်တော်တို့ ယုံကြည်ခြင်းအကြောင်း ပြောပါတယ်။ ယုံကြည်ခြင်းနဲ့စတင်ရမှာ ဖြစ်ပါတယ်။ ပြီးရင်အဲဒီ ယုံကြည်ခြင်းကို သီလနှင့်ပေါင်းစပ်ရပါမယ်။ မှန်ကန်တဲ့သီလ ဖြစ်ပါတယ်။ နောက်ပြီးရင် အသိပညာနဲ့ ပေါင်းစပ်ရပါမယ်။ မှန်ကန်တဲ့အသိပညာလည်း ဖြစ်ပါတယ်။ ယခု အခါမှာ ကာမဂုဏ် ချုပ်တည်းခြင်းနဲ့ ပေါင်းစပ်ရပါမယ်။

ကာမဂုဏ် ချုပ်တည်းခြင်းနှင့် ပတ်သက်၍ပြောရမည်ဆိုလျှင် အရက်သေစာ သောက်စားခြင်းကိုရှောင်ကျဉ်ခြင်း၊ မိမိကိုယ်ကို စောင့်ထိန်းခြင်းဟု ဆိုလိုသောအဓိပ္ပါယ်မဟုတ်ပါ။ သမ္မာကျမ်းစာထဲ၌ပါသော ကာမဂုဏ် ချုပ်တည်းခြင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပတ်သက်ပါသည်။ အသွေးအသားနှင့် ပတ်သက်၍ရှောင်ရှားရမည် ဖြစ်ပါသည်။ ကျွန်တော်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပတ်သက်သော အကြောင်းအရာများ ပြောနေသည့်အတွက် သင်၏နှုတ်ကိုစောင့်ထိန်းခြင်း ဘဲဖြစ်ပါသည်။ စကားကိုအချည်းနှီး အလဟသပြောဆိုခြင်းမဟုတ်ဘဲ မိမိ၏နှုတ်ကို စောင့်ထိန်းရန်သာဖြစ်ပါသည်။ တစ်စုံ တစ်ယောက်သောသူ ကသင့်ကိုမကောင်းပြောသည့်အခါတွင် သင်သည်ချက်ချင်းနှုတ်တုန့်ပြန်ခြင်း၊ ရန်တွေ့ခြင်း စသည်တို့ ကို စောင့်ထိန်းရမည်ဖြစ်ပါသည်။ ဘုရားသခင်သည်သူ၏အသင်းတော်ထဲတွင်နေပြီး အံ့ဘွယ်နိမိတ်လက္ခဏာများကို ပြုလုပ်လျှက်ရှိပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် မိမိတို့၏နှုတ်ကို စောင့်ထိန်းရန်လိုပါသည်။

90 ၉၀။ ဤအရာများကို ပေါင်းထည့်ပါ။ ကာမဂုဏ် ချုပ်တည်းခြင်းကို ပေါင်းထည့်ပါ။ မိမိကိုဒေါသတကြီးဖြင့် လာ၍ပြောဆို သောအခါ ချစ်ခြင်းမေတ္တာဖြင့် ပြန်လည်ပြောဆိုရန်သာ ဖြစ်ပါသည်။ တစ်စုံတစ်ယောက်သောသူက သင့်အား ကနုန်လူးလိုမှ်၍ ဘုရားရှိခိုးသူများဟု ပြောဆိုသောအခါ ခုန်ထွက်ပြီးမိမိတို့၏ အင်္ကျီလက်များကို လိပ်တင်ပြီး ပြန်၍ရန်မ တွေ့ပါနှင့်။ ဘုရားသခင်၏ မေတ္တာနှင့်ပြန်လည်၍သီးခံပြီး ကြင်နာခြင်းနဲ့ ပြန်လည်၍တုန့်ပြန်ပါ။ ထိုအရာသည် မိမိကိုယ်ကို စောင့်ထိန်း ခြင်းသာ ဖြစ်ပါသည်။

သင့်အားရန်စခြင်းခံရပါက ပြန်၍ရန်တုန့်မမူပါနှင့်။ ကိုယ်တော်ရှင် သည်သင့်အတွက်ကောင်းသောပုံသက်သေဖြစ်ပါသည်။ သူတို့က ကိုယ်တော်ရှင်အား ဘုရားသားတော်မှန်လျှင် ဤကျောက်တုံးများကို မုန့်ဖြစ်စေပါဟု ပြောပါသည်။ ကိုယ်တော် ရှင်လည်း တတ်နိုင်ပါသည်။ သူသည်ဘုရား ဖြစ်ကြောင်း ပြနိုင်ပါသည်။ သို့သော်လည်း သူသည်သီးခံတော်မူပါသည်။ သူတို့က ကိုယ်တော်ရှင်အား ဗေလဇေဗုလဟုခေါ်ကြပါသည်။ ကိုယ်တော် ရှင်က သူတို့အားခွင့်လွှတ်ပါသည်။ သူတို့သည် ကိုယ်တော်ရှင်မျက်နှာအား တံတွေးနှင့်ထွေးကြသည်။ ကိုယ်တော်ရှင်၏မျက်နှာမှ မုတ်ဆိတ်များကိုဆွဲ နုတ်သည်။ ကားတိုင် ပေါ်မှဆင်းလာပါဟု သူတို့ကလှောင်ပြောင်၍ ပြောဆိုပါသည်။

ကိုယ်တော်ရှင်က အိုအဖသူတို့ကို ခွင့်လွှတ်တော်မူပါ။ သူတို့မသိသောကြောင့် သူတို့ဤကဲ့သို့ပြုမူပါသည်ဟု ဆိုပါသည်။

91 ၉၁။ ကိုယ်တော်ရှင်ထံမှာ ဆုကျေးဇူးရှိသောအခါ ကိုယ်တော်ရှင်သည် အရာခပ်သိမ်းကို သိမြင်တော်မူပါသည်။ ကိုယ်တော်ရှင် အတွင်း၌ ပြည့်ဝသော ဘုရားသခင်၏ပြည့်စုံခြင်း ရှိနေပါသည်။ ကိုယ်တော်ရှင်သည် အံ့ဘွယ်နိမိတ် လက္ခဏာများကိုပြုလုပ်ခြင်းအားဖြင့်

လူများကိုမိမိအပေါ် မည်ကဲ့သို့ မှားယွင်းခဲ့ကြောင်း ဖေါ်ပြပါသည်။ ကိုယ်တော်ရှင်၏ ခေါင်းပေါ်တွင် သူတို့က အဝတ်စုတ်ကိုတင်၍ မျက်စိကိုအုပ်ထားပါသည်။ ခေါင်းကိုတုတ်နှင့် ရိုက်၍ ပရောဖက်ပြုပါ။ ဘယ်သူရိုက်သလဲဆိုတာကို ပြောပါ။ ခင်ဗျားကို ကျွန်တော်တို့ ယုံကြည်ပါမည် ဟုဆိုကြသည်။ ကိုယ်တော်ရှင်သည် သီးခံ တော်မူပါသည်။ သင်လည်း ထိုကဲ့သို့ဖြစ်ပါက သင်၏ယုံကြည်ခြင်းကို ထပ်မံ၍ ပေါင်းထုတ်လိုက်ပါ။ သင်သည် ဒေါသတကြီး နှင့်ပြန်လည်ပြောဆိုခြင်း မျိုးပြုလုပ်ပါက သင်ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တော့ပါ။ သင်ထပ်မံ၍ ယုံကြည်ခြင်းအပေါ်မှာ သီးခံခြင်းကို မပေါင်းထည့်နိုင်တော့ပါ။

သင်သည်ရော်ဘာကို ပလပ်စတစ်အမာစား ဖြစ်အောင်မပြုလုပ် နိုင်တော့ပါ။ သင်သည်ရော်ဘာစကိုယူ၍ သံစတစ်စနှင့် ပေါင်းစပ်၍မရပါ။ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါ။ သံစသည်ရော်ဘာကဲ့သို့ ပျော့ပြောင်းနေရမည်။ သင်၏ယုံကြည်ခြင်းနှင့် သင်၏သီးခံခြင်းတို့ အမျိုးအစားတူမှသာ သန့်ရှင်းသောဝိညာဉ်တော်၏ သီးခံခြင်းမျိုးဖြစ်မှသာ ခရစ်တော်ကဲ့သို့သော သီးခံခြင်းမျိုးရှိမှသာ ကိုယ်တော်ရှင်နှင့်သင်သည် အတူတကွပေါင်းစပ်နိုင် မည်ဖြစ်ပါသည်။ သင့်အားပေါင်းထည့်၍ ရမည်ဖြစ် ပါသည်။

92 ၉၂။ သင်၏သီလသည် ကိုယ်တော်ရှင်၏ သီလကဲ့သို့ဖြစ်လျှင် ပေါင်းစပ် ၍ရပါသည်။ သင်၏အသိဉာဏ်သည် ကိုယ်တော်ရှင်၏အသိဉာဏ်ကဲ့သို့ ဖြစ်လျှင် ငါသည်လာ၍ အဖ၏အလိုတော်ကို ပြည့်စုံနိုင်သည်ဟုဆိုပါသည်။ ခမည်းတော်ဘုရား၏ နှုတ်ကပတ်တော်အားဖြင့် ကိုယ်တော်ရှင်သည် နတ်ဆိုးတို့ကို အောင်မြင်နိုင်မည်။ ကောင်းကင်နှင့်မြေကြီးသည် မတည်သော် လည်း ကိုယ်တော်ရှင်၏စကားသည် တည်မြဲမည်ဖြစ်ပါသည်။ သင်သည် ထိုကဲ့သို့သော အသိဉာဏ်မျိုးရှိပါက သင်၏ ယုံကြည်ခြင်းနှင့်ပေါင်းစပ်နိုင်မည်ဖြစ်ပါသည်။ သင်သည်မှန်ကန်သောသီးခံခြင်းမျိုးရှိပါက ကိုယ်တော်ရှင်ကဲ့သို့ဖြစ်ပါက ပေါင်းစပ်နိုင်မည်ဖြစ်ပါသည်။

သင့်ထံမှာ မရှိဘူးဆိုပါက လူသားတို့၏ဖန်တီးခြင်း တစ်ဝက်တစ်ပျက် ယုံကြည်ခြင်းမျိုးဖြစ်မည်ဆိုလျှင် သူ့အားပါးရိုက်လို သည့်စိတ်ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ မရိုက်ဘဲနေပါက ပိုကောင်းပါမည်။ သို့မဟုတ် ကျွန်တော်နံမည်ပျက်နေအုန်း မည်ဖြစ်သည်။ ထိုကဲ့သို့သော သီးခံခြင်းအကြောင်း ကိုယ်တော်ရှင်ပြောနေခြင်းမဟုတ်ပါ။ ထိုကဲ့သို့ သီးခံခြင်းမျိုးနှင့် မပေါင်း စပ်ပါနှင့်။ ဖြစ်နိုင်မည်မဟုတ်ပါ။

သင်သည်အမှန်တစ်ကယ်ဘဲ သင်၏စိတ်နှလုံးထဲမှ လူသားတိုင်းကို ခွင့်လွှတ်နိုင်ပါက ငြိမ်သက်ခြင်းကို လက်ကိုင်ထား နိုင်ပါက ပေါင်းစပ်နိုင် မည်ဖြစ်ပါသည်။ သင်၏ယုံကြည်ခြင်းကို ထပ်မံပေါင်းစပ်နိုင်မည်ဖြစ်ပါသည်။ သင်၏အသင်းတော်သည် အလွန်ပင်မပြည့်စုံသော်လည်း မည်သို့ ပင် ဖြစ်စေကာမူ သင့်အနေနှင့်ပြည့်စုံနေမည် ဖြစ်ပါသည်။

93 ၉၃။ ကျွန်တော်က နောင်တရပြီးရေနှစ်ခြင်းခံပါဟု ဆိုပါသည်။ သမ္မာကျမ်းစာထဲ၌ သခင်ယေရှု၏နာမတော်၌ နှစ်ခြင်း ခံပါဟု ဆိုသည်။ ထိုသို့ ဆိုသောအခါ အလွန်ပင်တင်းကျပ်စွာလိုက်နာတတ်သော ထရီနီတီယုံကြည် သူတစ်ဦးက ကျွန်တော် ပြောသည်ကို လက်ခံမည်မဟုတ်ပါ။ အန္တိခရစ် အလုပ်လုပ်နေပြန်ပါပြီ။ သူက ယေရှုနာမ၌ ဖြစ်ပါသည်။ သူ့ထံ၌ ယေရှုနာမ သာရှိပါသည်။ ကျွန်တော့်အနေနှင့်လည်း သင်၏သီးခံခြင်းကို နားမလည် နိုင်တော့ပါ။

သင်သည်လာပြီး ဘာကြောင့်မပြောဘဲ နေပါသလဲ? ငါတို့အားလုံး အကြောင်းကိုသေချာလေ့လာမယ် ဘရာသာဘရမ်ဟမ် ဒီအကြောင်းကို ရှင်းပြတာကို ကျွန်တော်နားထောင်ချင်ပါတယ်ဟု သင်ဘာကြောင့် မပြောပါသနည်း? လာပြီးတော့ သေသေ ချာချာ နားထောင်ပါ။ ကျွန်တော် သင့်ရှေ့မှာ ထိုအရာကိုသေချာထားပြီး ရှင်းပြလိုပါသည်။ မိနစ်အနည်းငယ် အတွင်း ဘုရားတရားကြည်ညိုခြင်းနှင့် ပတ်သက်သည့်အကြောင်းကို ကျွန်တော်တို့ ဆွေးနွေးလိုပါသည်။ သင့်အနေနဲ့ စိတ်မရှည်ဘူး။ မြန်မြန်ဆန်ဆန်ဘဲ ဆုံးဖြတ်ချက်ချနေမည်ဆိုပါက မသင့်လျော်ပါ။ သင်သမ္မာကျမ်းစာဆိုင်ရာ သီးခံခြင်းမျိုးရှိရ မည်ဖြစ်ပါ သည်။ မည်ကဲ့သို့ ပြန်ဖြေရမည်ကိုလည်း နားလည်ရမည်ဖြစ်ပါသည်။ သင်ထိုအရာများ ပြည့်စုံနေပြီဆိုပါက သင်၏ ယုံကြည်ခြင်းကို ထပ်မံပေါင်းထည့်နိုင်ပြီ ဖြစ်ပါသည်။

94 ၉၄။ ၎င်းနောက် စတုတ္ထမြောက်အနေနှင့် သင်၏ယုံကြည်ခြင်းကို စိတ်ရှည်သီးခံခြင်းနှင့် ပေါင်းစပ်ရပါမည်။ သင့်မှာ ယုံကြည်ခြင်းရှိပါက ယုံကြည်ခြင်းအားဖြင့် သီးခံခြင်းရှိလာမည် ဖြစ်ပါသည်။ သမ္မာကျမ်းစာက ဆိုပါသည်။ စိတ်ရှည် သီးခံခြင်းပင် ဖြစ်ပါသည်။ ဤပုံသဏ္ဌာန်တော်ပြည့်စုံခြင်း ကိုဆက်လက်၍ တည်ဆောက်ရန်အတွက် နောက်အချက် တစ်ချက်မှာ စိတ်ရှည်သီးခံခြင်းပင် ဖြစ်ပါသည်။ ဘုရားသခင်သည် သူ၏အဆောက်အအုံအတွက် ဆောက်လုပ်ရေး ပစ္စည်းအစစ်အမှန်များ လိုအပ်ပါသည်။ ကျွန်တော် တို့မှာမပြည့်စုံပါ။ ညီအစ်ကိုမောင်နှမတို့ ကျွန်တော်တို့မှာ ပြည့်စုံမှုမရှိပါ။ ကျွန်တော်တို့အခြေအနေကို ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ပြန်စစ်ဆေး ၍ကြည့်ပါ။ အမှန်ကို သိနိုင်မည်ဖြစ်ပါသည်။

ကျွန်တော်တို့မှာ ဘုန်းရှိပါသည်။ အော်၍ဆိုနိုင်ပါသည်။ သီချင်းများ ဆိုသည်သာမက အမျိုးမျိုးလုပ်ကိုင်နိုင်ပါသည်။ အ ကြောင်းမှာ ကျွန်တော် တို့တွင် ယုံကြည်ခြင်းရှိသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်တို့ ဤအရာ များနှင့်ရင်ဆိုင်ရသောအခါ ဘုရားသခင်သည် ကျွန်တော်တို့အား အပြစ်ကင်းစင်သောပုံသဏ္ဌာန်အဖြစ်နှင့် မတည်ဆောက်နိုင်သေးပါ။ ထိုကဲ့သို့ သောနေ ရာမျိုးဖြစ်ရန် ကိုယ်တော်ရှင်သည် ကျွန်တော်တို့အား မပြုလုပ်နိုင်သေးပါ။ အခြားအရာများအားလုံး လိုပါသေးသည်။ ကျွန် တော်တို့အားလုံး လမ်းလွဲလျှက်ရှိပါသည်။ ကိုယ်တော်ရှင်သည် သူ၏အသင်းတော်ကို မတည်ဆောက်နိုင်ပါ။

95 ၉၅။ ဘာကိုစိတ်ရှည်သီးခံရမည်နည်း? မည်ကဲ့သို့သော စိတ်ရှည်သီးခံ ခြင်းမျိုးဖြစ်ပါသနည်း။ ဘုရားသခင်နှင့်ပတ်သက်၍ စိတ်ရှည် သီးခံခြင်းမျိုးဖြစ်ပါသည်။ သင့်ထံတွင် စစ်မှန်သောယုံကြည်ခြင်းရှိပါက သင့်ထံတွင် စစ်မှန်သောစိတ်ရှည် သီးခံခြင်းရှိပါမည်။ အကြောင်းမှာ ယုံကြည်ခြင်းသည် စိတ်ရှည်သီးခံခြင်းကို ဖြစ်စေသောကြောင့်ဖြစ်ပါသည်။ ဘုရားသခင် သည် တစ်စုံတစ်ခုကို ပြောဆိုပါက သင်ယုံကြည်ပါ။ သင့်ထံမှာ စိတ်ရှည်သီးခံ ခြင်းရှိပါမည်။ ယမန်နေ့ညက ကျွန်တော့်အား အနာရောဂါငြိမ်းစေရန်အ တွက် ဆုတောင်းပါသည်။ သို့သော်လည်း ယနေ့မနက် ဖျားနာနေဆဲဖြစ်ပါ သည်။ မည်ကဲ့သို့သော စိတ်ရှည်သီးခံခြင်းမျိုး ဖြစ်နိုင်ပါမည်နည်း။ ဘုရား သခင်က အာဗြဟံအားပြောခဲ့ပါသည်။ (၂၅)နှစ်ကြာသောအခါ ဘာနိမိတ်လက္ခဏာတစ်ခုမှ ဖြစ်မလာပါ။ သို့သော်လည်း ဆက်လက်၍ယုံကြည်နေဆဲ

ဖြစ်ပါသည်။ သူသည်ဘုရားသခင်နှင့် ပတ်သက်၍စိတ်ရှည်ပါသည်။ ကိုယ်တော်ရှင်ကို အမြဲတမ်းဦးထိပ်ထားပါ။ ကိုယ်တော်ရှင်ကို အဓိကထားပါ။ ကိုယ်တော် ရှင်အား သင်က ကျော်ဖြတ်၍မရပါ။ ကိုယ်တော်ရှင် မိန့်တော်မူပါသည်။ ဤကဲ့သို့ ဖြစ်ပျက်မည်ဟု ကြိုတင်မိန့်တော်မူပါသည်။ ကိုယ်တော် ရှင်ကိုသင့်ရှေ့မှာ အမြဲတမ်းထားပါ။

96 ၉၆။ နောဧမှာစိတ်ရှည် သီးခံခြင်းရှိပါသည်။ နောဧသည် စစ်မှန်သောဘုရားကို ယုံကြည်ကြောက် ရွံ့သောစိတ်ရှည်သီးခံခြင်းရှိပါသည်။ ဘုရားသခင်က ဤကမ္ဘာကြီးကို မိုးရွာ သွန်းပြီး ဖျက်ဆီးပစ်မည်ဟုပြောသောအခါ နောဧကနှစ်ပေါင်း (၁၂၀)တိုင်တိုင် တရားဟောလျှက်ရှိပါသည်။ စိတ်ရှည်သီးခံစွာနှင့်ဟောပြောပါသည်။ ကောင်းကင်မှ မြူမှုန်ကလေးတစ်စက်တောင်ကျမလာပါ။ သူဟောပြောခြင်းသည် အချည်းနှီးမဖြစ်ပေဘူးလား။ နှစ်ပေါင်း(၁၂၀)လုံးလုံးဖုန်တ ထောင်းထောင်းနှင့် ဖြစ်ပါသည်။ သို့သော်လည်း နောဧကစိတ်ရှည်သီးခံခြင်းရှိပါသည်။

ငင်းနောက် ဘုရားသခင်က သင်၏စိတ်ရှည်သီးခံခြင်းကို ဆန်းစစ်ပါသည်။ ဘုရားသခင်သည် သူတို့အားစစ်ဆေးပါသည်။ ကိုယ်တော်ရှင်သည် နောဧအားပြောပြပြီးနောက် ယခုအခါကိုယ်တော်ရှင် ထပ်မံ၍ဆိုပါ သည်။ နောဧ သင်ရှေ့မှာသွား၍ သင်္ဘောကြီးကို ဆောက်ပါ။ ငါကတော့ တိရိစ္ဆာန်များကို အထဲသို့သွင်းပါမည်။ သင်အထဲသို့ရောက်ပြီးတော့ ဟိုအပေါ် သို့တက်ပါ။ ပြတင်းပေါက်မှနေ၍ အောက်သို့ကြည့်ပါ။ သင်အ ထဲဝင်သည်ကိုလည်း ငါအလိုရှိသည်။ ထိုသူများကိုလည်း ပြောပါ။ မနက်ဖန် နှစ်ပေါင်း(၁၂၀) ဟောပြောခဲ့သည့်အတိုင်း ဖြစ်ပျက်မည်။ ထိုကဲ့သို့ပြော၍ သူတို့အားလုံးကို သိစေပါဟု ဘုရားသခင် မိန့်တော်မူသည်။ ပထမဆုံးနိမိတ် လက္ခဏာမှာ အဘယ်သို့ဖြစ်သနည်း။ နောဧသည် သင်္ဘောကြီးထဲသို့ဝင် သည်။ သို့သော်လည်း မိုးလုံးဝမရွာပါ။

97 ၉၇။ နောဧသည် အဆင်သင့်ဖြစ်နေ သည်။ မိုးကာအင်္ကျီများဝတ်ထားပြီး ဖြစ်သည်။ သို့မှသာ သူသည်အပြင်သို့ ကြည့်၍အဆင်သင့်ဖြစ်ရန် ဖြစ်သည်။

သူ၏မိသားစုနှင့် သူ၏ချွေးမများနှင့်အားလုံးကို သူကပြောထားနှင့်ပြီ ဖြစ်သည်။ မနက်ဖန် သင်တို့တခါမှမမြင်ဘူးသော အရာကို သင်တို့တွေ့ ရပါလိမ့်မည်။ အကြောင်းမှာ ကောင်းကင်တပြင်လုံး မဲမှောင်နေပါသည်။ လျှပ်စီးလက်ခြင်း၊ မိုးချုန်းခြင်းများ ဖြစ်တော့မည်။ ဘုရားသခင်၏ ကြီးမားလှသော ဒါးတော်ကြီးသည် မိုးကောင်းကင်ကိုခွဲဖြဲလိုက်သလို ဖြစ်တော့မည်။ ဤအပြစ်သားများအား သူကတရားစီရင်တော့မည်ဖြစ်သည်။ နှစ်ပေါင်း (၁၂၀) လုံးလုံးသူ၏စီရင်ချက်ကိုချတော့မည်ဖြစ်သည်။ကြည့်ပါ။ တချို့ ယုံတစ်ဝက် မယုံတစ်ဝက်နှင့်ယုံကြည်သူများမှာ အနားသို့ကပ်လာကြပြီး သင်္ဘောကြီး ထဲသို့ မဝင်လာကြပါ။ သို့သို့သောလူသားမျိုးများယနေ့ ရှိသည်ကိုတွေ့ရပါသည်။ သူတို့တက်လာကြပါသည်။ ဒီအဖိုးကြီး ပြောတာ မှန်ကောင်းမှန်ပေလိမ့်မည်။ ငါတို့ခဏစောင့်ကြည့်ပြီးတော့ နောက်ရက် အနည်းငယ်ကြာရင် သင်္ဘောပေါ်ကို တက်ကြရအောင်။ မနက်စောစောထပြီး စောင့်ကြည့်ကြရအောင်ဟု သူတို့ကပြောကြသည်။

98 ၉၈။ နောက်တစ်နေ့မနက် မဲမှောင်နေသောမိုးသားများကို မမြင်တွေ့ရဘဲ နေထွက်လာသည်ကိုခါတိုင်း ကဲ့သို့ပင် တွေ့ရ ပါသည်။ နောဧကပြတင်းပေါက်မှ ထွက်၍ကြည့်ပြီး မိုးတိမ် များကို မတွေ့ရပါ။

ထိုသူပင်ရောက်လာပြီးတော့ ခင်ဗျားဟာ သူတို့ထဲက တစ်ယောက်ဘဲ။ မနေ့ကခင်ဗျားထွက်ကြည့်နေတာ ကျွန်တော်တွေ့တယ်။

ခွင့်လွှတ်ပါဆရာရယ်။ ကျွန်တော်က တော့ သင်္ဘောပေါ်တက်ချင်ပါတယ်။ နည်းနည်းတော့ စိတ်ပါပါတယ်ဟု လှောင်ပြောင်၍ပြောပါသည်။

သို့သော်လည်း နောဧကသီးခံသည်။ ဒီနေ့မဟုတ်ရင်တော့ နောက်တစ်နေ့တော့ ဖြစ်မှာပေါ့။

ဘာကြောင့်လဲဆိုတော့ ဘုရားသခင် ပြောထားတာကိုး။

ဘုရားသခင် ခင်ဗျားကိုဘယ်တုန်းက ပြောတာလဲ နောဧဟုထိုသူက မေးသောအခါ နောဧက လွန်ခဲ့သော နှစ်ပေါင်း(၁၂၀)ကတည်းကပြောထားတာဟု ပြန်ဖြေသည်။

ဒါကြောင့်မို့လို့ ကျွန်တော်အခုထက်ထိစောင့်ဆိုင်းနေခြင်းဖြစ် ပါတယ်ဟု သူကပြောတယ်။ ဘုရားသခင်ဟာ အသင်းတော်ကိုအကြာကြီး စောင့်ခိုင်းထားပါတယ်။ ဒါကြောင့်မို့လို့ ခင်ဗျား တို့ဘာမှမပူပါနဲ့။ ဘုရားသခင်ဂတိတော် ရှိပါတယ်။ ရှင်ပြန်ထမြောက်မဲ့အချိန်ကိုစောင့်ပါ။ ဖြစ်ကို ဖြစ်လာမှာပါ။ မပူပါနှင့်။ ဘုရားသခင် ဂတိတော်ရှိပါတယ်။ စိတ်ရှည်သီးခံပြီး စောင့်ပါ။

99 ၉၉။ခင်ဗျားအိပ်ပျော်သွားပါတယ်။ ခင်ဗျားတမေးလောက် အိပ်ကောင်း အိပ်သွားပါလိမ့်မယ်။ ဒါပေမဲ့ နိုးလာတဲ့အခါမှာ ကိုယ်တော်ရှင်ဂတိထား တော်မူသည်အတိုင်း ဖြစ်ပါတယ်။ တစ်မေးလောက် အိပ်ပျော်သွားတဲ့အခါမှာ ဘာဖြစ်မလဲ။ သေခြင်းလို့ခေါ်ဆိုရပါမယ်။ တစ်မေးလောက် ခဏလေး အိပ်ပျော်သွားတာ ဒါမှမဟုတ် ခရစ်တော်၌အိပ်ပျော်သွားခြင်း ဖြစ်ပါတယ်။ ခရစ်တော်၌ သေခြင်းမရှိပါဘူး။ အသက်ရှင်ခြင်းနဲ့သေခြင်း အတူတကွ မရှိပါဘူး။ ကျွန်တော်တို့တစ် မေးလောက် အိပ်ပျော်ပါတယ်။ ကျွန်တော်တို့၏ မိတ်ဆွေများ တစ်မေးလောက် အိပ်ပျော်သွားတဲ့အခါမှာ ကျွန်တော်တို့ကို မနှိုးပါဘူး။ ကိုယ်တော်ရှင်တစ်ပါးတည်းသာခေါ်နိုင်ပါတယ်။ ကိုယ်တော် ရှင်ခေါ်မှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ကျွန်တော်က ဖြေဆိုရမှာဟု ယောဘက ပြောပါသည်။ ယောဘကအခုဆိုရင် အိပ်ပျော်တာ နှစ်ပေါင်း(၄၀၀၀) လောက်အိပ်ပျော် နေပြီဖြစ်ပါတယ်။ ဒါပေမဲ့မပူပါနဲ့။ သူထမြောက်မှာပါ။ သူဟာ စောင့်ဆိုင်းနေဆဲဖြစ်ပါတယ်။

100 ၁၀၀။ နောဧလည်းစောင့်ဆိုင်း နေဆဲဖြစ်ပါတယ်။ (၄)ရက်လောက်ကြာသွားပေမဲ့လည်း မိုးမရွာပါဘူး။ ကိစ္စမရှိပါဘူး။ တနေ့ တော့ဖြစ်လာမှာဘဲဟု နောဧက ဆိုတယ်။ နောဧရဲ့ဇနီးကလည်းလာ ပြီးတော့ အဖေကြီးရယ်သေချာရဲ့လား ဟုထပ်မေး တယ်။ အဲဒီအခါမှာ

နောဇ အဲဒီလို မပြောနဲ့ သူ့ရဲ့သီးခံခြင်းရှိတယ်။ သူကယုံကြည်ခြင်းရှိတယ်။ သူ့မှာသီလရှိတယ်။ သူ့မှာပညာရှိတယ်။ ဘုရားသခင် မှန်ကန်ကြောင်းသူသိတယ်။ သူဟာ ကာမဂုဏ် ချုပ်တည်းခြင်း စောင့်ထိန်းနိုင်တယ်။ သူဟာလွယ်လွယ်ကူကူနဲ့ တော့စိတ်မပျက်ဘူး။ ဒါတွေအားလုံးဟာ ဘာကြောင့်လဲဆိုလို့ရှိရင် ကျွန်တော့်ရဲ့ကျော်ကြားမှုတွေ အားလုံးပျောက်ဆုံး သွားဖို့ဘဲ ဖြစ်တယ်။ လူတွေကလည်း ကျွန်တော့ကို လုံးဝဂရုမစိုက်တော့ဘူး။ ကျွန်တော်အပြင်ထွက် သွားပြီးတော့ အသစ်တဖန်ပြန်စမယ်။ သူအဲဒီလိုမျိုး မတွေးခေါ်ပါ။ သူ့မှာ စိတ်ရှည်သီးခံခြင်းရှိတယ်။ ဘုရားသခင်ရဲ့ဂတိ တော်ကိုလည်း သူယုံကြည်တယ်။ ဘုရားသခင်ကလည်း ကတိတည်မယ်ဆိုတာကို သူသိပါတယ်။

101 ၁၀၁။ ဘုရားသခင်မိန့်တော်မူသည့်အတိုင်း ဘုရားသခင်ဂတိတည်ပြီး ပြုလုပ်မှာ ဖြစ်ပါတယ်။ သူ့သားတစ်ယောက်က လည်းလာပြီးတော့ အဖေကြီးဟုခေါ်တယ်။ သူ့ရဲ့မုတ်ဆိတ်မွေးကိုသူသတ်ပြီးတော့ သူ့အသက်ကလည်းတစ်ရာ ကျော်နေ ပါပြီ။ အဖေဟာ ရှေးဘိုးဘေး ယုံကြည်သူ တစ်ယောက်ဖြစ်တယ်ဆိုတာ ကျွန်တော်သိပါတယ်။ အဖေကိုလည်း ကျွန်တော် ချစ်ပါတယ်။ ဒါပေမဲ့လည်း ဖြစ်နိုင်ပါ့လား။ အဖေတစ်နေရာရာမှာ မှားနေပြီထင်တယ်လို့ ပြောပါတယ်။

မမှားဘူး မမှားဘူး။

ဘာကြောင့်လည်း ဘုရားသခင်ပြော ထားလို့ဘဲ ဟုတ်ပါတယ်။

အဖေ ယခုဆို(၆)ရက်ရှိနေပြီ ကျွန်တော်တို့ဒီထဲမှာ ထိုင် နေကြရတယ်။ ဒီသင်္ဘောကြီးထဲမှာ ထိုင်နေတာကြာလှပြီ။ အပြင်ရောအတွင်းပါ ကျွန်တော်တို့က လှောင်ပိတ်နေတယ်။ ဒီနှစ်ပေါင်းများ စွာအတွင်း ကျွန်တော်တို့ ဒီသင်္ဘောကြီးထဲမှာဘဲ နေနေရတယ်။ အဖေက အပြင်မှာနေပြီးတော့ အပြင်မှာနေပြီးတော့ တရားဟောနေတယ်။ ယခု ဆိုရင် ခေါင်းတောင်ဖြူကုန်ပါပြီ။ ယခုကျွန်တော်တို့အားလုံး ဒီပေါ်ရောက် တယ် အဲဒီလိုမျိုးထပ် ပြီးပြောဖို့အတွက် ကြိုးစားနေကြတယ်။ လူတွေက လည်း ကျွန်တော်တို့ကို ဟာသလုပ်ပြီးတော့ ခရမ်းချဉ်သီးအပုပ်တွေဘာ တွေနဲ့ပေါက်နေကြပြီး။ အဖေဘယ်လိုလုပ်တာလဲ။

စိတ်ရှည်ပါသားရယ်။

အဖေသေခြာရဲ့လား။

မိုးရွာလိမ့်မယ်။

သူ့ချွေးမတစ်ဦးကလည်း အဖေ ကျွန်မပြောချင်တယ်။

မိုးရွာတော့မယ်ငါ့သမီး ဒါပေမဲ့အဖေရယ် ကျွန်မ တို့ဒီနှစ်ပေါင်းများစွာအတွင်း ဒီထဲမှာဘဲနေရတယ်။

ဒီအထဲမှာဘဲပြင်ဆင် နေရတယ်။ မိုးရွာတော့မယ်ဆိုပြီးတော့ လွန်ခဲ့သော အပတ်ကဘဲအဖေပြော တယ်။

ယခုဆိုရင် ကျွန်မတို့အားလုံးဒီထဲရောက်နေတယ်။ တံခါးတွေလည်း အားလုံးပိတ်ထားတယ်။ ဒီအထဲမှာဘဲလှည့်ပတ်လမ်းလျှောက်နေရတယ်။ နေကလည်းအရမ်း ပူနေလို့ ဘယ်လိုနေရမှာလဲ?

ဒါပေမဲ့လည်းမိုးရွာမယ်။ အဖေဘယ်လိုသိတာလဲ?

ဘုရားသခင်ပြောတာပေါ့လို့ နောဇပြန်ဖြေတယ်။

102 ၁၀၂။ သင်သည်လည်း ထိုနည်းအတိုင်းဖြစ်ပါက ထပ်မံ၍ပေါင်းထည့်ရန် ကြိုးစားပါ။ သို့သော်လည်း ထိုနည်းအတိုင်းမဖြစ် ပါက ထပ်မံ၍ပေါင်းထည့် ရန်မကြိုးစားပါနှင့်။ ဘာမှအလုပ်ဖြစ်မည်မဟုတ်ပါ။ အနာရောဂါငြိမ်းစေခြင်းနှင့် ပတ်သက်၍ ဘာအလုပ်မှ မဖြစ်ပါ။ ဘာကိစ္စမှလည်း ဘာအလုပ်မှ ဖြစ်နိုင်မည်မဟုတ်ပါ။ ၎င်းနှင့်အမျိုးအစားချင်းတူသည့်အရာဖြင့်သာ ပေါင်းစပ်နိုင်ပါသည်။ စိတ်ရှည်သီးခံခြင်းနှင့် ဘုရားသခင်၏ဂတိတော်ကို ပေါင်းစပ်နိုင်ပါသည်။ နောဇသည် ယုံကြည်ပါသည်။ သူသည် ဘုရားသခင် နှင့်ပတ်သက်၍ နှစ်ပေါင်း(၁၂၀)တိုင်စိတ်ရှည်သီးခံနိုင်ပါသည်။

103 ၁၀၃။ မောရှေသည် ဘုရားသခင်နှင့်ပတ်သက်၍ စိတ်ရှည်သည်။ မောရှေ ငါ၏လူများ အော်ဟစ်နေသံကို ငါကြားသည်။ သူတို့ဒုက္ခဆင်းရဲခြင်း နှိပ် စက်ခြင်းခံရသည်ကိုလည်း ငါမြင်တွေ့ပြီ။ ငါဆင်းလာ၍ သူတို့အားကယ် တင်မည်။ သင့်ကိုလည်း စေလွှတ်မည်ဟု ဘုရားသခင်ကဆိုသည်။

ဘုရား သခင်နှင့်မောရှေကြားအနည်းငယ် ကွာဟချက်ရှိပါသည်။ ဘုရားသခင်က မောရှေအား မိမိ၏ဘုန်းကိုထင်ရှားပြသသည်။ သူကလည်း ကျွန်တော်သွား ပါပြီ ဟုဆိုသည်။ ဘုရားသခင်၏ဘုန်းတော်ကို သူတွေ့မြင်ရသောအခါ သူယုံကြည်ပါသည်။

မောရှေသင့်လက်ထဲတွင် ဘာရှိသနည်း ဟု ဘုရားသခင်ကဆို သည်။

သူကလည်းတောင်ဝှေးရှိသည်ဟုဆိုပါသည်။ ကိုယ်တော်က ပစ်ချလိုက်ပါဟု ဆိုသည်။ ပစ်ချလိုက်သောအခါ မြွေတစ်ကောင်ကဲ့သို့ ပြောင်းလဲသွားပါသည်။ သူသည်အံ့အားသင့်သွားပါ သည်။

ဘုရားသခင်က မောရှေ တုတ်ကိုပြန်၍ကောက်ယူပါဟု ဆိုသည်။ ဒီတောင်ဝှေးကို မြွေဖြစ်အောင် ငါပြောင်းလဲနိုင်ပါက တဖန်မြွေကနေ တောင်ဝှေးဖြစ်အောင် ငါပြန်ပြောင်းလဲနိုင်တယ်ဟု ဘုရားသခင်ကဆိုပါသည်။ အာမင်။ ဘုရားသခင်သည် ကျွန်တော့်အား သဘာဝအသက်ကို

ပေးနိုင်ပါက ဝိညာဉ်အသက်တာကို ပေးနိုင်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်အား ပထမမွေးခြင်းကိုပေးနိုင်လျှင် ဒုတိယမွေးခြင်းကိုလည်း ပေးနိုင်ပါသည်။ အာမင်။

ဘုရားသခင်က အနာရောဂါငြိမ်းစေခြင်း ဖြင့်ပျောက် ကင်းစေနိုင်လျှင် သူကတစ်ဖန်ပြန်လည်၍ ရှင်ပြန်ထမြောက်အောင် ပြုလုပ်ပေးနိုင်ပါသည်။ နောက်ဆုံးသော နေ့ရက်များတွင် သူ၏ဘုန်းကိုထင် ရှားစေမည်ဖြစ်ပါသည်။ ငါသည် ဤတုတ်ချောင်းကိုပစ်ချ၍မြွေအဖြစ် ပြောင်းလဲနိုင်ပါက ဤမြွေကို တုတ်ချောင်းအဖြစ် ပြောင်းလဲပေးနိုင်ပါသည်။ အမြီးကနေကိုင်ပြီး ပြန်၍ဖမ်းယူလိုက်ပါဟု ဘုရားသခင်က မောရှေအား ပြောသောအခါ မောရှေသည် ကုန်း၍အမြီးမှဆွဲယူလိုက်ပါသည်။ ထိုအခါ မြွေမှာတုတ်ချောင်း ပြန်ဖြစ်သွားပါ သည်။ သူသည် ထိုအခါမှစ၍အသိတ ရားရှိလာပါသည်။ မောရှေသင်၏လက် ဘာဖြစ်သနည်းဟု ဘုရားသခင် မေးပါသည်။ ဘာမှမဖြစ်ပါဟု မောရှေကပြန်ဖြေပါသည်။

သင်၏ရင်ဘတ်ထဲသို့ လက်ကိုထည့်ပါဟု ကိုယ်တော် ရှင်ပြောသည်။ဘာဖြစ်သနည်း ဟုလည်း ကိုယ်တော်ရှင်ကမေးသည်။

နူနာစွဲ၍ဖြူဖွေးနေပါသည်။ အိုအဖ ကျွန်တော်၏လက် ကို ကြည့်ပါဟုဆိုသည်။ ထိုအခါ သင့်ရင်ဘတ်ထဲသို့ တစ်ခါပြန်သွင်းပါဟု ဘုရားသခင်ကခိုင်းသည်။ ပြန်၍ ထည့်လိုက်သည်။ နောက်တစ်ခါပြန်၍ထုတ်လိုက်ပါကပကတိအတိုင်း ပြန်၍ ဖြစ်သွားပါသည်။ ကိုယ်တော်ရှင်သည် သူတို့နှင့်ပတ်သက်၍ ဤကဲ့သို့ အမှုကိုစတင်ခဲ့ပါသည်။

104 ၁၀၄။ ပထမဆုံးအနေနှင့် သူကသွားပါသည်။ ကိုယ်တော်ရှင်က မိန့်တော်မူသည်။ ငါ၏လူများကို လွှတ်စေပါဟု ဆိုသည်။ ဖာရော ဒီအမှုကို သင်သိစေလိုသည်။ ငါသည် ဘုရားသခင်၏ကိုယ်စား လှယ်အဖြစ်လာခြင်းဖြစ်သည်။ ငါ့စကားကို သင်နာခံရမည်ဟု မောရှေက ဆိုသည်။

ဖာရောဘုရင်ကလည်း နာခံရမယ်ဟုတ်လား။ ငါဘယ်သူလဲဆို တာ မင်းမသိဘူး လား။ ငါဟာဖာရောဘုရင် မင်းလိုကျွန်တစ်ယောက်ကို ငါက နာခံရမှာလားဟု ပြန်ဆိုသည်။

မောရှေကလည်း မင်းငါ့ကိုနာခံပါ။ ဒါမှမဟုတ်မင်းပျက်စီးခြင်းကို ရောက်လိမ့်မယ်။ မင်းဟာဘာဘဲဖြစ်ဖြစ် လုပ်နိုင်တယ်။ မင်းလုပ်ချင်တာ ငါ့ကိုမင်းလုပ်နိုင်မယ်။ ဘယ်သူ့ကိုဘဲဖြစ် ဖြစ် မင်းလုပ်ချင်တာကို လုပ်နိုင်တယ်ဟု မောရှေပြောလိုက်သည်။ အဘယ် ကြောင့်နည်း။ သူဘာပြောနေသည်။ ဘယ်သူ့ကိုပြောနေသည်ကို သူသိပါ သည်။ သူ့မှာ မဟာတာဝန်ကြီးရှိပါသည်။ သူသည်မဟာတာဝန်ကြီးအ တွက် ထိုနေရာသို့ရောက်ရှိခြင်း ဖြစ်သည်။ သူသည် ဘုရားသခင်ကို စကားပြောသည်။ သူ့မှာ ယုံကြည်ခြင်းရှိသည်။ သူဘယ်ရောက်နေလဲဆိုတာ ကိုလည်း သူ့ကိုယ်သူသိသည်။ မင်းက ငါမင်းကိုနာခံစေချင်တယ်။ မင်းဒီ နေရာကထွက်သွားဟု ဖာရောဘုရင်ကဆိုသောအခါ မောရှေက ငါမင်းကို ပြမယ်။ မင်းကငါ့ကိုပြမယ်။ နိမိတ်လက္ခဏာပြမယ်။ ပြပါဟုဖာရောဘုရင်ကပြော၍မောရှေက သူ၏တောင်ဝှေးကို ပစ်ချလိုက်သောအခါ တောင်ဝှေး သည်ချက်ချင်း မြွေအသွင်ပြောင်းလဲသွားပါသည်။ (ထွက် ၇း၁၁-၁၂)

105 ၁၀၅။ ဖာရောဘုရင်ကလည်း ဒါအင်မတန်အပေါ်စားဆန်တဲ့ မျက်လှည့် ပညာဘဲ။ ခဏလေးနေပါဦး။ ဂျမ်းနီးနဲ့ဂျမ်းဘရီး ဒီဘက်ကိုခဏလာပါဦး။ မင်းတို့ရဲ့တောင်ဝှေးတွေကို ပစ်ချလိုက်ပါဟု ဖာရောဘုရင်ကဆိုသည်။ သူတို့ကလည်း သူတို့၏ တောင်ဝှေးများကို ပစ်ချလိုက်သောအခါ မြွေဖြစ်သွားသည်ကို တွေ့ရသည်။ မင်းပြတဲ့မျက်လှည့်ကတော့ အရမ်းကိုအပေါ်စား ဆန်ပါတယ်။ ဒီမှာလာပါဦး။ ငါကအီဂျစ်ဘုရင်၊ ဖာရောဘုရင်ပါ။ မင်းဒီလိုအ ပေါ်စားဆန်တဲ့မျက်လှည့်ပညာလေးနဲ့လာ ပြီးတော့ လှည့်ဖျားရသလား။ မင်းတို့ရဲ့ပုံပြင်ဆန်တာတွေ၊ လှည့်ဖျားတာတွေ စိတ်ကိုသိရအောင်၊ မနော စိတ်ကိုဖောက်ထွင်း မြင်နိုင်ရအောင်လုပ်တာတွေ ဘာအဓိပ္ပါယ်လဲ။ ဒါစိတ် ပိုင်းဆိုင်ရာ ဦးနှောက်ပိုင်းဆိုင်ရာ တယ်လီပသီလို့ဘဲ မင်းတို့ကထင် နေသလား။ ဒါမှမဟုတ်တစ်ခုခုဘဲ မင်းတို့ကထင်နေသလား။ ဒီကိုလာပါဦး။ မင်းတို့ငါ့ကိုလည်း အဲဒီလိုဘဲလုပ်လို့ရတယ်လို့ မင်းတို့ယူဆနေသလား။ မောရှေနှင့်ပတ်သက်၍ ဘာဖြစ်နေပါသနည်း။ မောရှေကတော့ ဘာမှပြန် မပြောပါ။ ဖာရောဘုရင် ကျွန်တော်ဝမ်းနဲပါတယ်။ ခင်ဗျားထံမှာ ကျွန်တော် ကျွန်ခံပါမယ်။ စသည်ဖြင့် မောရှေကလုံးဝမပြောပါ။ သူရပ်နေပါသည်။ အာမင်။ ထိုနေရာမှာ မားမားမတ်မတ်သာရပ်နေပါသည်။ ဘုရားသခင်မိန့် တော်မူသည်ကို သူလုံးဝသံသယမဖြစ်ပါ။ သူ့စိတ် နှလုံးထဲတွင် ဘာသံသယ မှမရှိပါ။ သင့်ရဲ့ငြိမ်သက်ခြင်းကို ခဏထားထားပါ။ ခင်ဗျားကို ကျွန်တော် တစ်ခုခုပြပါဦးမယ်။

106 ၁၀၆။ ကိုယ်တော်ရှင်မိန့်တော်မူသည်အတိုင်း အတိအကျသင်တစ်ခုခုလုပ် ပါက တစ်ခုခုများအမှားအယွင်း ဖြစ်ပါသလား။ ရပ်နေပါ။ စိတ်ရှည်ပါ။ မောရှေကပြောသည်။ ကျွန်တော်သည် ထိုအခြေခံအုတ်မြစ်ကို ချသောအ ခါ၌ စိတ်ရှည်သီးခံခြင်းကိုပါ အုတ်မြစ်ချရပါတယ်။ ထို့ကြောင့်စောင့်ပါ။ ဘုရားသခင်မည်သို့အမှုပြုလုပ်မည်ကို စောင့်ကြည့်ပါ။

ထိုမြွေကြီးနှစ်ကောင်မှာ တွားသွား၍ တစ်ကောင်နှင့်တစ်ကောင် ဟောက်နေကြပါသည်။

မောရှေ၏မြွေကြီးကသွား၍ အခြား မြွေတစ်ကောင်အား မြိုချလိုက်ပါသည်။ မောရှေသည် စိတ်ရှည်သီးခံခြင်းရှိပါသည်။

ကိုယ်တော်ရှင်ကို မြော်လင့်လျှက် ရှိသောသူများသည် ခွန်အားသစ်ကို ပြန်ရပါမယ်။

ရွှေလင်းယုန်ကဲ့သို့ တောင်ပံနှင့် ပြန်လည်၍ခွန်အားဖြည့်ပြီး လေဟုန်စီး ရပါမည်။

သူတို့ပြေးသော်လည်း မမောပါ။ လျှောက်သော်လည်း မူးမိုက် ခြင်းမရှိပါ။

ကိုယ်တော်ရှင်ကိုသာ စောင့်မြော် လျှက်ကြည့်ပါ။ စိတ်ရှည်သီး ခံပါ။

107 ၁၀၇။ ဣသရေလလူမျိုးများအား အီဂျစ်ပြည်မှ ကယ်ထုတ်တော့မည်ဖြစ် ပါသည်။ ကြီးမားလှသော အဖြစ်အပျက်များ ဖြစ်ပျက်ပါသည်။ မောရှေက စောင့်ဆိုင်းပါသည်။ မောရှေသည် တောထဲရောက်သွားပါသည်။ သုံးလေးရက် ခရီးနှင်ရပါသည်။ မိုင်(၄၀)သာကွာသော်လည်း သူတို့ဖြတ်ကျော်သွား ရမည့်နေရာကိုရောက်ရှိပါသည်။ သူတို့ဖြတ်ကျော်သွားရမည့်နေရာနှင့်ဆို လျှင် မိုင်(၄၀)သာရှိပါသည်။သို့သော်လည်း မောရှေမှာတောထဲတွင် နှစ်ပေါင်း(၄၀)ကြာခန့်လည်နေရပါသည်။

108 ၁၀၈။ စိတ်ရှည်သီးခံခြင်း ရှိခဲ့ပါသည်။ အာမင်။ သူသည်တောထဲတွင် နှစ်ပေါင်း(၄၀)ကြာစောင့်ဆိုင်းခဲ့ရပါသည်။

ကျွန်တော်တို့လည်း တစ်ဦးနှင့်တစ်ဦး ထိုကဲ့သို့စိတ်ရှည်သီးခံခြင်းမျိုး ရှိရပါမည်။ ကျွန်တော်တို့တစ်ဦးနှင့်တစ်ဦး အလွန်ပင် စိတ်မရှည်နိုင်ကြပါ။ ကျွန်တော်တို့သည် မောရှေကဲ့သို့ဖြစ်ရပါမည်။ မောရှေသည် လူအများကို စိတ်ရှည်ပါသည်။ သူတို့ဘာ ကြောင့် အီဂျစ်ပြည်မှ မထွက်ခွာလိုကြပါသနည်း။

သင်သည် တစ်စုံတစ်ခုကိုလုပ်ရန်ကြိုးစားပါက ကျွန်တော်ကဲ့သို့ဤ သတင်းစကားကို ဗိမာန်တော်တွင် ဟောပြောရန်ကြိုးစား သည့်အခါ ဗိမာန် တော်၌ရှိသောလူတိုင်း တစ်ယောက်စီသည် ဤသတင်းစကားကို လက်ခံရန် ခက်ခဲခဲ့ပါသည်။ ကျွန်တော်က စိတ်ရှည်သီးခံရပါသည်။ အားလုံးပေါင်း နှစ်ပေါင်း(၃၃)နှစ်ကြာခဲ့ပါသည်။ စိတ်ရှည်သီးခံပါ။ အမျိုးသမီးများသည် ဆံပင်များကိုတိုတိုလေးများဖြတ်ထားကြပါသည်။ သို့သော်စိတ်ရှည်ကြပါ။စိတ်ရှည်သီးခံ၍ စောင့်ပါ။ ထိုကဲ့သို့စောင့်ဆိုင်းရ မည် ဖြစ်ပါသည်။ တစ်ခုခု ဖြစ်ပါက ကိုယ့်ဖာသာကိုယ်တစ်ခုခုကိုလုပ်ရန် မဆုံးဖြတ်ပါနှင့်။ စိတ်ရှည် စွာဖြင့်သာ စောင့်ဆိုင်းပါ။

109 ၁၀၉။ တစ်ချိန်ကပုန်ကန်သော ဣသရေလလူတစ်စုကြောင့် မောရှေဟာ တော်တော်လေးကို စိတ်မရှည်ဖြစ်ခဲ့ရပါတယ်။ အမှားအယွင်းကို ပြုလုပ်ခဲ့မိပါတယ်။ သို့တိုင်အောင်လည်း တချိန်ကိုရောက်လာတဲ့အခါမှာ ဘုရားသခင်ဟာ သူတို့ရဲ့အပြုအ မူတွေကြောင့် အရမ်းဘဲစိတ်ဆိုးခဲ့ပါတယ်။ ဘုရားသခင်က မောရှေကိုသင်သီးခြားခွဲနေပါ။ သူတို့အားလုံးကို ငါအဆုံးစီ ရင်ပစ်ပြီး အသစ်တစ်ဖန်ပြန်ပြီးတော့ စမယ်လို့ပြောပါတယ်။

သူသည်ဝန်ချတောင်း ပန်ပါသည်။ ပြာလူး၍ အစာရှောင်ဆုတောင်းပါသည်။ ဘုရားသခင် ထိုသို့မလုပ်ပါနှင့်ဟု မောရှေက တောင်းပန်ပါသည်။ အဘယ်ကြောင့်နည်း။ လူများအားသူက စိတ်ရှည် သီးခံ၍သာ ဖြစ်ပါသည်။ သူ့ကိုပုန်ကန်သော်ငြားလည်း သူကလူများအား စိတ်ရှည်သီးခံဆဲ ဖြစ်ပါသည်။ ကျွန်တော်တို့ကော ထိုကဲ့သို့ မပြုလုပ်နိုင် ပေဘူးလား?

၁၁၀။ သင်မတတ်နိုင်ပါက ကြိုးစား၍ မလုပ်ဆောင်ပါနှင့်။ အကြောင်းမှာ အပြောင်းအလဲဖြစ်မည် မဟုတ်သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့်ပထမဆုံးအရာကို ပလပ်စတစ်ဖြစ်ရန်အတွက် အပူပေးခဲ့ခြင်း ဖြစ်ပါသည်။ လူတိုင်းကိုလည်း ထိုကဲ့သို့ပြောင်းလဲစေရန်အတွက် ပြုလုပ်ရ မည်ဖြစ်ပါသည်။ သင်မပြောင်းလဲပါက သင်သည် အသက်ရှင်တော်မူသောသူ ဘုရားသခင်ကျိန်းဝပ်တော်မူရာ ပုံသဏ္ဍာန်တော်ကို ရောက်ရှိလာမည် မဟုတ်ပါ။ သင့်ထံမှာ စိတ်ရှည်သီးခံခြင်းမရှိပါ။ တစ်ဦးနှင့်တစ်ဦး စိတ် ရှည်သီးခံခြင်းမရှိပါ။

110 ၁၁၀။ သင်မတတ်နိုင်ပါက ကြိုးစား၍ မလုပ်ဆောင်ပါနှင့်။ အကြောင်းမှာ အပြောင်းအလဲဖြစ်မည် မဟုတ်သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့်ပထမဆုံးအရာကို ပလပ်စတစ်ဖြစ်ရန်အတွက် အပူပေးခဲ့ခြင်း ဖြစ်ပါသည်။ လူတိုင်းကိုလည်း ထိုကဲ့သို့ပြောင်းလဲစေရန်အတွက် ပြုလုပ်ရ မည်ဖြစ်ပါသည်။ သင်မပြောင်းလဲပါက သင်သည် အသက်ရှင်တော်မူသောသူ ဘုရားသခင်ကျိန်းဝပ်တော်မူရာ ပုံသဏ္ဍာန်တော်ကို ရောက်ရှိလာမည် မဟုတ်ပါ။ သင့်ထံမှာ စိတ်ရှည်သီးခံခြင်းမရှိပါ။ တစ်ဦးနှင့်တစ်ဦး စိတ် ရှည်သီးခံခြင်းမရှိပါ။ ဟေဗြဲသားသမီးတို့သည် အလွန် စိတ်ရှည်သီးခံကြပါသည်။ အမှန်တစ်ကယ်ပင် သူတို့စိတ်ရှည်သီးခံကြ ပါသည်။ သူတို့အားဘုရားသခင်က ဂတိပေးတော်မူပါသည်။ ရုပ်တုဆင်း တုကိုဦးမချနှင့်ဟု ဘုရားသခင်မိန့်တော်မူခဲ့ပါသည်။

သို့သော်လည်း သူတို့စိတ်ရှည်သီးခံခြင်းရှိပါသည်။ ငါတို့ဘုရားက တတ်နိုင်ပါတယ်။ ငါတို့ကလည်း သင်တို့၏ရုပ်တုဆင်း တုတွေကို ဦးမချဘူး ဟုဆိုပါသည်။ စိတ်ရှည်သီးခံပါတယ်။ ဘုရားသခင်က နောက်ဆုံးသောနေ့ရက်မှာ သူ့ကိုပြန်လည် ရှင်ပြန်စေဦးမည်ဆိုသည်ကို သူတို့ယုံကြည်ကြပါ သည်။ သူတို့သိကြပါတယ်။ ဤဘ၀ ဤအသက်တာမှာ ဘာမှအဓိပ္ပါယ်မရှိ ပါ။ ဘုရားသခင်က ထပ်မံ၍ရှင်ပြန်စေပြီး နောက်ဆုံးသောနေ့ရက်များတွင် ပြန်လည်၍ အသက်ရှင်ပြန်စေမှာဖြစ်ပါသည်။ ရုပ်တုဆင်းတုများကို ဦးချရန်အတွက် အချိန်ရောက်လာသောအခါ ကျွန်တော်တို့ဦးမချကြပါ။ ကဲသာဘုရင်ကို ကဲသာဘုရင် နှင့်ဆိုင်သောအရာကို ပေးဆပ်မည်။ သို့သော်လည်း ကဲသာဘုရင်သည် ဘုရားနှင့်ပတ်သက်သောအရာကို ဝင်ရောက် စွပ် ဖက်သောအခါ ဘုရားသခင်ကိုသာ ဦးစားပေးမည်။ ဘုရားသခင်ကို ပထမဦးစားပေးနေရာတွင်ထားပါသည်။ ဘုရားသခင်က ဆိုပါသည်။ ရုပ်တုဆင်းတုကိုဦးမချနှင့် ဟုဆိုထားပါသည်။ ကျွန်တော်ဦးမချပါ။ ဘုရားသခင်က ကျွန်ုပ်တို့ အားကယ် တင်နိုင်ပါသည်။ မကယ်တင်ပါကလည်း ကျွန်တော်တို့သည် ရုပ်တုဆင်းတုကို ဦးမချပါ။ သူက ဆိုပါသည်။ ကောင်းပြီ။ ဟိုမှာ မီးဖိုကြီးရှိသည်။ သူတို့ကလည်း ကောင်းပြီ။ ဒီညတော့မိုးသည်းထန် စွာရွာမည်လို့ ကျွန်တော်တို့ ထင်ပါတယ်။ အဲဒါမှ မီးငြိမ်း သွားမှာဖြစ်ပါတယ်။ သို့သော်လည်း ထိုညကမိုးပြင်းထန်စွာမရွာပါ။ မီးလည်းမငြိမ်းပါ။ သူတို့က စိတ်ရှည်သီးခံဆဲဖြစ်ပါသည်။

111 ၁၁၁။ နောက်တစ်နေ့မနက်တွင် သူတို့ကိုတရားရုံး ရှေ့သို့ခေါ်လာပါသည်။ ရုံးတော်ရှေ့တွင် နေဗုခ်နေဇာမင်းကြီးထိုင်နေ သည်။ သူက လူကလေးတို့ မင်းတို့အားလုံးဟာဆိုရင် ငါ့ကိုဘုရင်အဖြစ်သိနေကြ သေးရဲ့လား။ မှန်ပါတယ် ဘုရင်မင်းမြတ် သက်တော်ရာကျော်ရှည်ပါစေ။ ငါ့ရဲ့ရုပ်တုရှေ့မှာ ဦးချကြ။ ဦးမချလိုပါဘူး ဟုသူတို့က ပြိုင်တူဖြေဆိုကြသည်။ (ဒံယေလ ၃း၁၅) ဒါဆိုရင်မင်းတို့ကိုမီးဖိုထဲသို့ထည့်ပြီး မီးလောင်တိုက်သွင်းရတော့မယ်။ မင်းတို့ကပညာရှိတွေဘဲ။ မင်းတို့ကသိပ် တော်ကြတယ်။ မင်းတို့က ငါ့အတွက်လည်း အများကြီးအထောက်အကူဖြစ်တယ်။ ငါတို့နိုင်ငံအတွက်လည်း အများကြီး ကောင်းချီးဖြစ်တယ်။ ငါဒီလိုမလုပ်ချင် ဘူးဆိုတာ

မင်းတို့သိရဲ့လား။ ဒါပေမဲ့လည်း ငါကကြေငြာပြီးသား ဖြစ်နေတယ်။ ကြေငြာပြီးသားဖြစ်နေတော့ လုပ်ကိုလုပ်ရတော့မယ်။ မင်းတို့ကိုငါ မီးဖိုထဲကို ပစ်မချချင်ဘူး။ မင်းတို့ဘယ်လိုဖြစ်နေကြ တာလဲ။ ဒါအင်မတန် ကောင်းတယ်လို့ ငါထင်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ရဲ့ဘုရားက ကျွန်တော်တို့ကို ကယ်တင်မှာပါ။ စိတ်ရှည်သီးခံပါ။ မီးဖိုဖက်သို့စတင် လျှောက်သွားပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။ ဘာမှ မဖြစ်ပါဘူး။ ဘာမှမဖြစ်ပါဘူး။ ငါတို့စိတ်ရှည်သီးခံဘို့ဘဲ လိုတယ်ဟု ဆိုကြ သည်။ (ဒံယေလ ၃း၂၅-၂၇)

တစ်ဆင့်သွားသည်။ ဘုရားသခင်မရှိပါ။ ခြေလှမ်းနောက်ထပ်နှစ် လှမ်းသွားပြန်တော့လည်း ကိုယ်တော်ကိုမတွေ့ပါ။ သုံးလှမ်း၊ လေးလှမ်း၊ ငါးလှမ်း ဆက်ပြီးတော့သွားပါတယ်။ ကိုယ်တော်ရှင်ထိုနေရာမှာ မရှိပါ။ သူလည်း နောက်ဆုံးမီးဖိုကြီး ဘေးနား ရောက်တဲ့အခါမှာ စိတ်ရှည်သီးခံ လျှက်သွားကြရပါတယ်။ သို့သော်လည်း ကိုယ်တော်ရှင် ထိုနေရာမှာ ရှိပါတယ်။ မီးတောက်မီးလျှံများဟာ သူတို့ရဲ့ခြေထောက်များ၊ လက်များမှာရှိတဲ့ အကျီစများကို လာပြီးထိပါတယ်။ နောက်ဆုံးသူတို့သည် မီးဖိုတွင်းကြီး၏ အဆုံးအထိရောက်သွားပါတယ်။ ကိုယ်တော်ရှင် ထိုနေရာမှာရှိပါတယ်။ သူတို့သည် စိတ်ရှည်သီးခံလျှက် ရှိပါတယ်။ (ဒံယေလ ၆း၁၀-၁၆)

112 ၁၁၂။ ဒံယေလလည်း ထိုနည်းအတိုင်းပင် ဖြစ်ပါသည်။ ဒံယေလမှာ စိတ်ရှည်သီးခံခြင်းရှိပါတယ်။ လွယ်လွယ်နှင့်အလျော့ မပေးတတ်ပါ။ သူဘာလုပ်ပါသနည်း။ သူသည်ပြတင်းပေါက်များကို ဖွင့်၍ဆုတောင်းပါသည်။ ဘုရားသခင်အတွက် လိုအပ် ချက်ဘဲ ဖြစ်ပါတယ်။ သူ့မှာစိတ်ရှည်သီးခံခြင်း ရှိတယ်။ ဘုရားသခင်ကို သူကစောင့်စားတယ်။ ဘုရားသခင်က သူ့ရဲ့နှုတ် ကပတ်တော်အတိုင်း ကျင့်မယ်ဆိုတာကို သူသိပါတယ်။ သူ့ကို ခြင်္သေ့တွင်းထဲ ကိုချပါတယ်။ ခြင်္သေ့တော့မင်းကို အကုန်လုံးစားသွားမှာဘဲလို့ ဆိုကြပါတယ်။ (ယော ၆း၃၉) သူကကိစ္စမရှိပါဘူး။ သူ့မှာစိတ်ရှည်သီးခံခြင်းရှိပါ တယ်။ ဘာကြောင့်လဲ။ ငါဟာ ဘုရားသခင်ကို တချိန်လုံးစောင့်စားခဲ့ပါတယ်။ နောက်ထပ်နှစ်ပေါင်း ထောင်နဲ့ချီပြီး စောင့်ရအုန်းမယ် ဆိုလည်း ငါစောင့်ပါမယ်။ နောက်ဆုံးသောနေ့ရက်ကာလမှာ ငါဟာရှင်ပြန်ထ မြောက်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စိတ် ရှည်သီးခံရမှာဖြစ်တယ်။ စောင့်ဆိုင်းရမှာ ဖြစ်တယ်လို့ဆိုပါတယ်။ ပေါလုမှာလည်း စိတ်ရှည်သီးခံ ခြင်းရှိပါတယ်။ အမှန်တစ်ကယ်ဖြစ်ပါတယ်။ ပေါလုဘာလုပ်ရသလဲဆိုတာ ကိုကြည့်ပါ။ (လုကာ ၂၄း၄၉)

113 ၁၁၃။ စိတ်ရှည်သီးခံခြင်း အကြောင်းပြောတဲ့အခါမှာ ပင်တေကုတ္တေအဖွဲ့များ အနေနှင့်မည်သို့ရှိပါမည်နည်း။ သူတို့မှာ မဟာတာဝန်ကြီးရှိနေသမျှ ကာလပတ်လုံး စောင့်ဆိုင်းရမှာ ဖြစ်ပါတယ်။ တန်ခိုးကိုရသည့်တိုင်အောင် သူတို့စောင့်ဆိုင်းရမှာ ဖြစ်ပါတယ်။ မည်မျှကြာအောင် စောင့်ဆိုင်းရမည် နည်း။ မည်မျှကြာမည်နည်း ဆိုသည်ကိုမေးခွန်းထုတ်စရာ မလိုပါ။ အဖြေရှိ ပြီးသားပါ။ စောင့်ဆိုင်းရမည်။ ဝိညာဉ်တော်တန်ခိုး သက်ရောက်သည်အထိ စောင့်ဆိုင်းရမည်ဖြစ်ပါသည်။ သူတို့ကအထက် ခန်းမဆောင်သို့တက်သွား၍ (၁၅)မိနစ်ကြာရင်ဝိညာဉ်တော်တန်ခိုးသက်ရောက်မည်ဟု ဆိုကြပါသည်။ ဝိညာဉ်တော်သက် ရောက်ပြီးနောက် ကျွန်တော်တို့ဟာ သာသနာတော်ကို စတင်ရတော့မှာ ဖြစ်ပါတယ်။ (၁၅)မိနစ်ကြာပါတယ်။ မည်သူ့အပေါ်မှ ဝိညာဉ်တော်မသက်ရောက်ပါဘူး။ (၁)ရက်ကြာပါတယ်။ မည်သူ့ အပေါ်မှာမှ ဝိညာဉ်တော်မသက်ရောက်ပါ။ နှစ်ရက်၊ သုံးရက်၊ လေးရက် ငါးရက်၊ ခြောက်ရက်၊ ခုနစ်ရက်၊ တချို့လူများကပင် အောက်ပါအတိုင်း ပြောဆိုကြပါတယ်။ ကျွန်တော်တို့ ရပြီနဲ့တူတယ်။ မရသေးပါ။ ကဲအပြင် ထွက်ဘို့ဘဲကောင်းပါတယ်။ ဆက်မနေနဲ့တော့။ အပြင်ထွက်လာကြတော့ ဟုဆိုပါ တယ်။ နတ်ဆိုးကလည်း မင်းတို့လိုချင်တာ မင်းတို့ရပြီဘဲ။ ထွက်ခဲ့ပါ။ ဆက်သွားပါ။ သာသနာလုပ်ငန်းတွေကို စတင်ပါဟု ဆိုသည်။ (ဟေရှာ ယ ၂၈း၁၁-၁၂)

သာသနာတော်ကို စတင်၍မဖြစ်သေးပါ။ အကြာင်းမှာ ကိုယ်တော်ရှင်က သန့်ရှင်းသောဝိညာဉ်တော်ကြွလာသောအခါ နှုတ်မှအခြားသော ဘာသာစကားများကို ပြောဆိုလိမ့်မည်။ (ဟေရှာယ ၂၈း၁၉) ထို့ကြောင့် ဘယ်အချိန်မှာရောက်လာမလဲ ဆိုတာကို သိရမှာဖြစ်ပါတယ်။ ၎င်းကြွလာ တော်မူတဲ့အခါမှာ ကျွန်ုပ်တို့သိရမှာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့သိကို သိရမှာပါ။ ခမည်းတော်ဘုရားရဲ့ ဂတိတော်ဖြစ်ပါတယ်။ သူတို့သည်(၉)ရက်တိုင်တိုင် စောင့်ပါတယ်။ (၁၀)ရက်မြောက်တဲ့နေ့မှာ ကိုယ်တော်ရှင်ကြွလာတော်မူပါတယ်။ သူတို့ဟာ စောင့်ဆိုင်းတဲ့နေရာမှာ စိတ်ရှည်သီးခံခြင်းရှိကြပါတယ်။

114 ၁၁၄။ သင်သည် ထိုကဲ့သို့သောစိတ်ရှည်ခြင်းမျိုးရှိပါက ဘုရားသခင်၏ ဂတိတော်လည်း ရှိတယ်။ ကျမ်းစာထဲမှာလည်း တွေ့ရတယ်ဆိုရင် သင်ပိုင်ဆိုင်ရမည် ဖြစ်ပါသည်။ ထို့ကြောင့် စောင့်ပါ။ သင့်၌ထိုကဲ့သို့သော စိတ်ရှည် ခြင်းမျိုးရှိမည်ဆိုပါက ယုံကြည်ခြင်းဖြင့် ပေါင်းစပ်ပါ။ သင်မည်မျှမြင့်မား လာသည်ကိုသင်တွေ့ရပါမည်။ အခုအချိန်မှစပြီး အထက်အရပ်မှာ မြင့် မားလျှက်ရှိပါတယ်။ နာရီလက်တံဟာ တဖြည်းဖြည်းနှင့်ကုန်လွန်လာပါပြီ။ သင်၏ယုံကြည်ခြင်းကို စိတ်ရှည်သီးခံခြင်းဖြင့် ပေါင်းပါ။

ကိုယ်တော်ရှင် ကိုအမြဲဦးထိပ်ထားပါ။ ကိုယ်တော်ရှင်သည် ဂတိပေးတော်မူသည့်အကြောင်း အမြဲသတိရပါ။ ကျွန်ုပ်ကသတိပေးခြင်း မဟုတ်ပါ။ သင်းအုပ်ဆရာက သတိပေးခြင်း မဟုတ်ပါ။ ကျွန်တော်တို့ရဲ့သင်းအုပ်ဆရာဖြစ်တဲ့ ဘရာသာနဘေးလ်က ဂတိပေးခြင်းမဟုတ်ပါ။ တစ်ခြား သင်းအုပ်ဆရာတွေကလည်း ဂတိပေးခြင်း မဟုတ်ပါ။ ပုပ်ရဟန်းမင်း ကြီးက ဘုန်းကြီးတို့က လည်းဂတိပေးတာမဟုတ်ပါ။ ဒီကမ္ဘာပေါ်မှာရှိတဲ့ လူသားတွေက ဂတိပေးခြင်းမဟုတ်ပါ။ ဂတိပေး တော်မူသောသူသည် ဘုရားသခင်ဖြစ်ပါသည်။ ဘုရားသခင်သည် သူဂတိပေးတော်မူသည်အတိုင်း အမြဲတမ်းပြည့်စုံစေ ပါသည်။

115 ၁၁၅။ သင့်မှာ ထိုကဲ့သို့သောယုံကြည်ခြင်းမျိုးရှိတယ်။ ဘုရားသခင်လည်း ဂတိပေးတော်မူတယ်ဆိုပါက ယခုပင် အောက်ပါအတိုင်း ပြောဆိုပါ။ ဘရာသာဘရမ်ဟမ် ကျွန်တော် နေမကောင်းဖြစ်ပါတယ်။ ကျွန်တော်က အနာ ရောဂါငြိမ်းခြင်းကို အရမ်းဘဲလိုအပ်ပါတယ်ဟု ဆိုပြီး လက်ခံပါ။ သင့်အား ဆုကျေးဇူးပေးအပ်ပြီး ဖြစ်ပါတယ်။ သင်မယုံ မကြည်ဘဲ မဖြစ်ပါနှင့်။ သင်ကယုံကြည်ပါတယ်ဟု ပြောပါက အားလုံးကိုမေ့ ပျောက်လိုက်ပါ။ ယုံကြည်စိတ်ချလျှက်သာ စောင့်ဆိုင်းလျှက်နေပါ။

သင်သည်စိတ်ရှည်သီးခံခြင်းမရှိပါက ဤအဆောက်အဦးကြီး လုံး၀ ပျက်စီးပြိုကျသွားမည်ဖြစ်သည်။ ကျန်သောအဆောက် အဦအားလုံးကိုလည်း ထိခိုက်ပျက်စီးစေမည်။ ထို့ကြောင့် သင်စိတ်ရှည်သီးခံဘို့လိုသည်။ မရှိပါက သင်၏အဆောက်အဦ

တစ်ခုလုံးပြိုကျသွားနိုင်ပါသည်။ ထို့ကြောင့် သင်ရှိဘို့လိုပါသည်။ သင်ထံမှာ သီလမရှိဘဲနှင့် သင်၏ယုံကြည်ခြင်းကို ပေါင်းမထည့်နိုင်ပါက သင့်မှာလည်း ယုံကြည်ခြင်းမရှိပါက သီလကိုပေါင်းထည့်နိုင်ဘို့ ကြိုးစားပါ။ သင်၏ယုံကြည်ခြင်းကို ပျက်စီးသွားစေ မည်ဖြစ်ပါသည်။ အမှားတစ်ခုခုပြုလုပ်မိပါကလည်း ဘုရားသခင်သည် ဘုရားမဟုတ်ဟု သင်ထင်မြင်ယူဆ မည်ဆိုပါက ဘုရားမရှိဆိုပြီး အယူအဆ ဖြစ်မည်။ ထိုကဲ့သို့အမှားအယွင်းမျိုးဖြစ်မည်။ ထိုကဲ့သို့အမှားအယွင်း ဖြစ် မည်ဆိုပါက ပျက်စီးစေခြင်း ဖြစ်မည်ဖြစ်သည်။

116 ၁၁၆။ သင့်ထံမှာ စစ်မှန်သောယုံကြည်ခြင်းမရှိလျှင် စစ်မှန်သော သီလနှင့်ပေါင်းစပ်ပါ။ စစ်မှန်သော အသိတရားနှင့်ပေါင်း စပ်ပါ။ စစ်မှန်သော သီးခံခြင်းနှင့်ပေါင်း စပ်ပါ။ စစ်မှန်သော စိတ်ရှည်ခြင်းနှင့်ပေါင်းစပ်ပါ။ ဒါဆိုရင် သင်သည် လမ်းကြောင်း မှန်ပေါ်သို့ တည့်တည့်မတ်မတ်ရောက်ရှိနေပြီ ဖြစ်ပါသည်။

ပဥ္စမမြောက်အနေနှင့်ပြောရလျှင် ဘုရားတရားကြည်ညိုခြင်းပင် ဖြစ်ပါသည်။ ဘုရားတရားကြည်ညိုခြင်းဖြင့် ပေါင်းထည့် ရမည်ဖြစ်ပါသည်။ ဘုရားတရားကြည်ညိုခြင်း၏အဓိပ္ပါယ်သည် အဘယ်သို့ဖြစ်ပါသနည်း။ ကျွန်တော်သည် အနက်ဖွင့်အ ဘိဓါန်ကျမ်း လေးငါးကျမ်းကို ရှာဖွေသိပါသည်။ ဘာမှရှာလို့မတွေ့ပါ။ နောက်ဆုံးတွင် ကျွန်တော်ဘရာသာ ဂျက်ဖရီ တို့အိမ် သို့ ရောက်ရှိသွားပါသည်။ ထိုအခါကျွန်တော်တို့ အဘိဓါန်ကျမ်းတစ် စောင်ကိုတွေ့ပါသည်။ ဘုရားတရားကြည်ညိုခြင်း၏ အဓိပ္ပါယ်မှာ ဘုရားကဲ့ သို့ဖြစ်ခြင်းပင် ဖြစ်ပါသည်။ သင့်ထံမှာယုံကြည်ခြင်းရှိပါက သီလ၊ ကာမဂုဏ်ချုပ်တည်းခြင်း၊ စိတ်ရှည်သီးခံခြင်းတို့ ပေါင်းထည့်ပါ။ ထိုအရာများရှိ ခြင်းသည် သင်သည်ဘုရားကဲ့သို့ ဖြစ်ခြင်းပင်ဖြစ်ပါသည်။

သင်ကပြောပေမည်။ ဘရာသာဘရမ်ဟမ် ကျွန်တော်အဲဒီလို မလုပ်နိုင်ဘူး။ သင်တစ်ကယ်တမ်းတော့ လုပ်နိုင်ပါပြီ။ ခင်ဗျားကို ကျွန်တော် ကျမ်းချက်အနည်းငယ် ဖတ်ပြချင်ပါတယ်။ (မဿဲ ၅း၄၈) ဖြစ်ပါသည်။ဤကျမ်းချက်အားယူ၍ဖတ်ကြည့်ကြရ အောင်။ (မဿဲ ၅း၄၈) ဖြစ်ပါသည်။ဘုရားကဲ့သို့ဖြစ်အောင်သင်မည်သို့နေထိုင်ရမည်ကိုဖေါ်ပြထားပါသည်။ (ဆာလံ ၈၂း၆၊ မဿဲ ၅း၄၈၊ ယော ၁၀း၃၄)

သမ္မာကျမ်းစာတွင် ဖေါ်ပြထားသည့် ကျမ်းချက်ကလေးတစ်ချက် ရှိပါသည်။ သင်တို့သည် ဘုရားများဖြစ်ကြသည်ဟု ဆိုထားပါသည်။ သခင်ယေရှုကလည်း ပြောပါသည်။ ဘာကြောင့် ပြောရပါသနည်း။ ဘုရားသခင် အတွင်း၌ရှိသောအရာ များသည် သင့်အထဲ၌လည်းရှိပါသည်။ သခင်ယေရှုက မင်္ဂလာတရားတော်များတွင် ဆိုထားပါသည်။ (မဿဲ ၅း၄၈) ဖြစ်ပါသည်။ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဖသည် စုံလင်တော်မူ သည်နည်းတူ သင်တို့သည် စုံလင်ခြင်းရှိကြလော့။ စုံလင်ခြင်းဆိုသည်မှာ ဘာကိုဆိုလိုပါသနည်း။ သင်ထိုကဲ့သို့ပြုလုပ်ရန်အတွက် တောက်လျှောက် ပေါင်းထည့်လာရခြင်း များပြုလုပ်ရပါသည်။ ပထမဆုံးလိုအပ်သည့်အရာ များကိုပေါင်းထည့်ရပါသည်။ နောက်ဆုံးတွင် ကျွန်တော်တို့လိုချင်သောနေ ရာကိုရောက်ပါသည်။ ကိုယ်တော်ရှင်က သင့်အားစုံလင်ခြင်းရှိလော့ဟု ဆိုပါသည်။ ဘုရားတရားကြည်ညိုခြင်း၊ ဘုရားတရား သားသမီးကဲ့သို့ ဖြစ်ခြင်းပင်ဖြစ်သည်။ ဘယ်နှစ်ခုကျွန်တော်တို့ ဤလမ်းကြောင်းအတိုင်းလိုက် လျှောက်ရမည် ဆိုသည်ကို သင်မှတ်မိပါသလား?

117 ၁၁၇။ (ဖေက်၄)သို့ကြည့်ကြပါစို့။ မည်၍မည်မျှကျွန်တော်တို့လုပ်ရမည်ကို ဖေါ်ပြထားပါသည်။ (ဖေက် ၄း၁၂)မှစ၍ဖတ်နိုင်ပါသည်။ (ဖေက် ၄း၁၂) မှစ၍ဖတ်ပါ။ (အခန်းငယ် ၁၁)စ၍ဖတ်လျှင်ပိုကောင်းပါလိမ့်မည်။

ခရစ် တော်၏ကိုယ်တော် ကိုတည်ဆောက်၍ ဓမ္မဆရာ၏အမှုကို ပြုတော်မူမည့် အကြောင်း သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလို့ငှာ ထိုသခင်သည် လူအချို့ တို့ကို တမန်တော်အရာ၌၎င်း၊ အချို့တို့ကို ပရောဖက်အရာ၌၎င်း၊ အချို့တို့ ကို သာသနာပြုအရာ၌၎င်း၊ အချို့တို့ကို သင်းအုပ်ဆရာ အရာ၎င်း၊ ခန့်ထားတော်မူ၏။

ယမန်နေ့ညကပြောခဲ့သည်ကို သတိရပါ။ အခြားသော သူတစ်ဦး၏လုပ်ငန်းကို သွား၍လုပ်ဆောင်ဘို့ မကြိုးစားပါနှင့်။ ပြည့်စုံခြင်းဆိုသည်မှာ ကြီးရင့်သောလူအဖြစ်သို့ရောက်ရခြင်းကို ဆိုလိုခြင်းဖြစ် ပါသည်။

118 ၁၁၈။ ပြည့်စုံခြင်းဟုဆိုပါသည်။ ဘုရားတရားကြည်ညိုခြင်းကို ယူပါ။ သင်သည်ယုံကြည်ခြင်းကို ဘုရားတရားကြည်ညိုခြင်းနှင့် ပေါင်းစပ်ရပါမည်။ ပထမဆုံး စစရခြင်းမှာ တန်ခိုးနှင့်ပေါင်းစပ်ရပါမည်။ နောက်ပြီးရင် အသိပညာ၊ စောင့်ထိန်းခြင်း၊ စိတ်ရှည် သီးခံခြင်း၊ ထိုအရာများပေါင်းထည့် ပြီးနောက် သင်သည်ဘုရားတရား ကြည်ညိုခြင်းအဖြစ်သို့ ရောက်ရှိသွားပါသည်။

ကျွန်တော်တို့အချိန်တဖြည်းဖြည်းကုန်သွားပါသည်။ ဒါပေမဲ့လည်း ဘုရားတရားကြည်ညိုခြင်းအဓိပ္ပါယ်ကို သင်တို့နား လည်ပြီ ဖြစ်ပါသည်။ သင်တို့သီချင်းဆိုကြပါသည်။

သီချင်းမှာ သခင်ယေရှုကဲ့သို့ဖြစ်သည်။

သခင်ယေရှုကဲ့သို့ ဖြစ်သည်။

ဤလောကကြီးမှာ ကိုယ်တော်ရှင်ကဲ့သို့ဖြစ်ရန် လိုလားပါသည်။

ဤလောကခရီးတလျှောက်လုံး ကမ္ဘာကြီးပေါ်မှနေ၍ ဘုန်းဝင်စားသည့်အခါ ကိုယ်တော်ရှင်ကဲ့သို့ဖြစ်ရန်တောင်းခံပါသည် ဆိုသည့်သီချင်းကလေး ဖြစ်ပါသည်။ (ဟေရှာယ ၅၃း၇၊ ယောဟန် ၈း၂၉)

ထိုအရာမှာ ဘုရားတရားကြည်ညိုခြင်းပင် ဖြစ်ပါသည်။

ကိုယ်တော်ရှင်အား မျက်နှာတော်မှာ ပါးတစ်ဘက်ကို ရိုက်လိုက် သည့်အခါ အခြားတစ်ဘက်ကိုလည်း ရိုက်ပါဦးဟု သူကထိုး၍ခံပေးပါသည်။

ကိုယ်တော်ရှင်အား ကြမ်းတမ်းသောစကားကို ပြောသောအခါ ကိုယ်တော်ရှင်က လုံးဝပြန်မပြောပါ။ ပြန်၍ဆဲဆိုခြင်း မပြုလုပ်ပါ။ ဘုရားကဲ့သို့ဖြစ်ခြင်းသည် အမြဲတမ်း တစ်ခုတည်းကို ကြည့်ခြင်းဖြစ်ပါသည်။ ခမည်းတော်ဘုရားအလိုတော်နှင့် သည်အရာကို ကျွန်တော်အမြဲတမ်းလုပ်ပါသည်။ မှန်ပါသည်။ အမြဲတမ်းဖြစ် ပါသည်။ ထိုအရာမှာ ဘုရားတရားကြည်ညိုခြင်း၊ ဘုရားကဲ့သို့ဖြစ်ခြင်းပင် ဖြစ်ပါသည်။

119 ၁၁၉။ တနေရာမှ တနေရာ၊ တနေရာမှတနေရာ သင်သည်တဆင့် ပြီးတဆင့်ပြောင်းလဲလျှက် နောက်ဆုံးပြည့်စုံသော အဖြစ်သို့ရောက်ပါသည်။ ဘုရားသားတော်ကဲ့သို့ ဖြစ်လာမည် ဖြစ်ပါသည်။ သို့သော်လည်း သင်ပထမ ဆုံးရှိရမည့်အရာကို နောက်တစ်ခုနှင့်ထပ်၍ ပေါင်းထည့်ရပါမည်။ ဤအရာကို ရရှိရန်အတွက် သင်သည်ပထမဆုံး စရပါမည်။ ထိုကဲ့သို့သော ပြည့်ဝသောအဖြစ်မျိုး ရောက်ရန်အတွက် သင်စတင်ဘို့လိုပါသည်။

ငှက်မဲလေးတစ်ကောင် ခေါင်းတောင်တပ်ထားသည်ကို သတိရပါ။ သင်တစ်ကယ်ဘဲ ဒုတိယမွေးခြင်းမခံရဘဲနှင့် ထိုကဲ့သို့ပေါင်းထည့်ရန် မကြိုးစားပါနှင့်။ အကြောင်းမှာ ဘာမှအလုပ်ဖြစ်မည် မဟုတ်သောကြောင့် ဖြစ်ပါသည်။ အလုပ်ဖြစ် လာရန် သင်မည်သို့မျှလုပ်၍မရပါ။ ဤအရာပြီးရင် ဤအရာဆိုပြီး ပေါင်းထည့်သော်လည်း တနေရာရောက်ရင်ပြိုကျ ပျက်စီး သွားမည်။ တစ်ကယ်စစ်မှန်သော ဒုတိယမွေးခြင်းတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော် ချိုးငှက်ကိုရရှိမှသာ သင်သည် တစ်ခုပြီးတစ်ခုပေါင်း ထည့်နိုင်မည်ဖြစ်ပါသည်။ သူ့ဟာသူပေါင်းထည့်လာမည် ဖြစ်ပါသည်။ သင် ကပေါင်းထည့်စရာမလိုပါ။ သူ့ဟာသူ တဖြည်းဖြည်းတက်လာမည် ဖြစ်ပါသည်။

120 ၁၂၀။ နောက်ဆုံးပြည့်စုံသောအဆင့်သို့ ရောက်ရှိမည်ဖြစ်သည်။

ဆဋ္ဌမမြောက်အကြောင်းမှာ သမ္မာကျမ်းစာဆိုထားသည့်အတိုင်း ညီအစ်ကိုချင်းချစ်သည့်မေတ္တာမျိုး၊ ညီအစ်ကိုချင်း ထားရှိသည့် ကြင်နာမှုမျိုး ထားရှိရမည်ဖြစ်ပါသည်။

အလွန်ကောင်းသောအရာပင်ဖြစ်ပါသည်။ ဆဋ္ဌမမြောက် (၆)ခုမြောက် သောအကြောင်းအရာပင် ဖြစ်ပါသည်။ (၆)ခု ပြီးလျှင်(၇)ခုဖြစ်မည် ဖြစ်ပါသည်။ ညီအစ်ကိုချင်း ကြင်နာခြင်း၊ ချစ်ခြင်းအ ကြောင်းပင် ဖြစ်ပါသည်။ ညီအစ်ကိုချင်း ကြင်နာခြင်းနှင့်ပတ်သက်၍ သူ့၏နေရာတွင် မိမိညီအစ်ကို၏ နေရာတွင်နေကြည့်ပါ။ မိမိညီအစ်ကိုသည် မိမိကိုပြစ်မှားသည်ဆိုသည့်အခါ ရှင်ပေတရုပြောသကဲ့သို့ သူ့ကိုခွင့် လွှတ်ရမည်လော။ သူက(၇)ကြိမ်ခွင့် လွှတ်ရမည်ဟု ဆိုထားပါသည်။ သို့သော်လည်း ကိုယ်တော်ရှင်က (၇)ကြိမ် (၇၀)ခွင့်လွှတ်ရမည်ဟု ဆိုထားပါသည်။

ညီအစ်ကိုချင်း ချစ်ခြင်းမေတ္တာဟု ဆိုထားပါသည်။ မိမိညီအစ်ကို တစ်ဦးသည် လမ်းမှားသို့ရောက်သွားပါက သူ့အားစိတ် မရှည်ခြင်း၊ သီးမခံ နိုင်ခြင်း မဖြစ်ပါနှင့်။ သူ့အားကြင်နာပါ။

121 ၁၂၁။ ညီအစ်ကိုချင်းကြင်နာခြင်းဖြစ်ပါသည်။ တနေ့သောအခါမှာ သူ့အားမြှော်လင့်ထားရပါမည်။ စိတ်ရှည်သီးခံရပါမည်။ သူနှင့်အတူခံစား ရပါမည်။ သူဘာယုံကြည်သည်ကို နားလည်မှုအသိတရား ရှိနေရပါမည်။ ထိုအရာမှာ သူ့၏နှလုံးသားထဲ တွင်ရှိသည်။ ဘာရှိသည်ကိုသိရပါမည်။ သင်ကိုယ်၌အထဲမှာ တန်ခိုးရှိပါမည်။ ထိုတန်ခိုးကို ကြင်နာခြင်းနှင့်အတူ ပေါင်း၍ ထွက်လာပါစေ။ သူ့အပေါ်မှာ ညင်သာခြင်းနှင့်ဆက်ဆံပါ။ တနေ့သောအခါတွင် ဘုရားသခင်က သူ့ကိုပြန်၍ခေါ်မည်ကို ယုံကြည်ပါ။ ညီ အစ်ကိုချင်း ချစ်ခြင်းမေတ္တာရှိရပါမည်။ (၇)ခုမြောက်သောအချက် ဖြစ် ပါသည်။ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ အချက်(၇)ချက်ပင် ဖြစ်ပါသည်။

နောက်တစ်ခုမှာ ချစ်ခြင်းမေတ္တာပင် ဖြစ်ပါသည်။ ဤအရာမှာ ထိပ်ဆုံးမှ ကျောက်ပင်ဖြစ်ပါသည်။ ကျွန်တော်သည် ဤသွန်သင်ချက်ကို ဩဝါဒအဖြစ် သွန်သင်ခြင်းမဟုတ်ပါ။

122 ၁၂၂။ ကျွန်တော်ယခုအချိန်မှာ ပြောကြားလိုသည့်အရာမှာ သင်တို့သည်ဖော်ပြလိုခြင်းပင် ဖြစ်ပါသည်။ ဘုရားသခင် ၏အကူအညီဖြင့် အမှန်တစ်ကယ်အကြောင်းအရာမှာ ဘာဖြစ်သည်ကို ဖော်ပြလိုခြင်းပင် ဖြစ်ပါသည်။

ဘုရားသခင် ပထမဆုံးရေးသားထားသောကျမ်းစာမှာ ကောင်းကင်ပေါ်တွင် အမှတ်အသားများပင် ဖြစ်ပါသည်။ စတင် သည့်အခါမှာ အပျိုကညာဖြင့်စတင်၍ အဆုံးမှာ ခြင်္သေ့ဖြင့်အဆုံးသတ်ပါသည်။ ကျွန်တော် နံ ပါတ် ၆ နှင့် နံပါတ် ၇ တံဆိပ်များအကြောင်းကို လေ့လာသည့်အခါ အခြားတံဆိပ်ကို ဖွင့်လိုက်သည့်အခါ အမှတ်အသားမှာ ကင်ဆာဖြစ်ပါသည်။ ကြက်ခြေခတ်ထားသော ငါး ဖြစ်ပါသည်။ ကျွန်တော်တို့အသက် ရှင်နေထိုင်သော ခေတ်ကာလမှာ ကင်ဆာခေတ်ကာလပင် ဖြစ်ပါသည် ဟု ဖော်ပြထားခြင်း ဖြစ်ပါသည်။ နောက်တံဆိပ်တစ်ခုကို ခွာချလိုက်သောအခါ ခြင်္သေ့ကိုဖော်ပြပါသည်။ သခင်ခရစ်တော် ဒုတိယအကြိမ်ကြွလာတော်မူခြင်း ဖြစ်ပါသည်။ သူသည် ပထမဆုံးအကြိမ် အပျိုကညာထံသို့ ကြွလာပါ သည်။ နောက်တစ်ခေါက်ကြွလာသောအခါ ခြင်္သေ့၊ ယေသုဒါ ခြင်္သေ့ဖြစ်ပါသည်။ လူပျိုဟုလည်း ခေါ်ပါသည်။

သင်တို့အား အကောင်းဆုံးကျွန်တော်ဖော်ပြနိုင်ရန်အတွက် အဆင့်ဆင့်ကို ပစ်ရမစ်ပုံဖြင့် ဖော်ပြပါမည်။ ဘုရားသခင်ရေးသား သော ဒုတိယ ကျမ်းစာဖြစ်ပါသည်။ ဧနောက်က ရေးသားထားခြင်းဖြစ်၍ ပစ်ရမစ်ထဲတွင် ထည့်ထားခြင်းဖြစ်ပါသည်။

123 ၁၂၃။ တတိယမြောက်အချက်မှာ ဘုရားသခင်သည် သူ့ကိုယ်သူ့နှုတ်ကပတ်တော်ဖြစ်စေခြင်း ဖြစ်ပါသည်။ တတိယ မြောက်ဆိုသည်မှာ ဘုရားသခင်သည် အမြဲတမ်းတတိယမြောက်ပင် ပြည့်စုံခြင်း ဖြစ်ပါသည်။ ပစ်ရမစ်တွင် ဖော်ပြထား သည်ကို သတိရကြပါသလား။ ခင်ဗျားတို့ထဲမှာ စစ်သားမြောက်မြားစွာ ရှိကြပါသည်။ အီဂျစ်နိုင်ငံသို့လည်း ရောက်ဘူးကြပါ သည်။ ပစ်ရမစ်အပေါ်တွင် ဘယ်သောအခါမှ ဖုံးအုပ်ထားသောအဖုံးမရှိပါ။ ကျောက်တုံးသာရှိပါသည်။

သင့်အိတ်ထဲတွင် ဒေါ်လာရှိပါက ထိုဒေါ်လာကိုကြည့်လိုက်ပါ။ ညာဘက်ဒေါင့်တွင် ရွှေလင်းယုန်မျက်လုံးနှင့် အမေရိကန်အ လံကို တွေ့ရပါသည်။ အမေရိကန်နိုင်ငံ၏တံဆိပ်ဟုလည်း ရေးသားထားသည်ကို တွေ့ရပါမည်။ အခြားတစ်ဘက်တွင် ပစ်ရမစ်ကိုတွေ့ရပြီး အလွန်ကြီးမားသော ကျောက်တုံးကြီးနှင့် လူ၏မျက်စိကိုတွေ့ရပါမည်။ ထိုဘက်တွင်မူ တံဆိပ်ကြီးဟု ရေးသားထားသည်ကို တွေ့ရပါမည်။ ဤနိုင်ငံသည် ကြီးမားသောနိုင်ငံ ကြီးတစ်နိုင်ငံဖြစ်ပါက ဤတံဆိပ်ကြီးသည် သူ၏ကိုယ်ပိုင်တံဆိပ် ဘာကြောင့် ဖြစ်ရပါသနည်း။ သူတို့ဘယ်နေရာသွားသွား ဘုရားသခင်က သူတို့အား သက်သေအဖြစ် ထားပါသည်။

124 ၁၂၄။ တစ်ချိန်က ကျွန်တော်သည်ဆရာဝန် တစ်ဦးနှင့်စကားပြောပါသည်။ သူသည်အနာရောဂါငြိမ်းစေသည့်အကြောင်း ကျွန်တော့်ကိုမေးခွန်းများ ကျွန်တော့်ကိုထုတ်ပါသည်။ ကျွန်တော်တို့ လမ်းမပေါ်တွင် ရပ်နေခြင်းဖြစ်ပါသည်။ သူက မစ္စတာဘရမ်ဟမ် ခင်ဗျားက လူတွေကိုသက်သက် ရှုပ်ထွေးကုန်အောင်လုပ်နေတာဘဲ။ ဆေးဆရာကလွဲရင် ဘယ်သူမှ အနာရောဂါမငြိမ်းစေပါဘူး ဟုသူကပြောသည်။ (ထွက် ၁၅း၂၆၊ တောလည် ၂၁း၉၊ ဆာလံ ၁၀၃း၃)

ကျွန်တော်ကလည်း သူ့ကားဘက်သို့လှည့်ကြည့်လိုက်သောအခါ တောင်ဖေးပေါ်တွင် မြွေလိမ်နေသည့် အမှတ်အသားကို တွေ့ရပါသည်။ ထိုအခါ ကျွန်တော်ကခင်ဗျားကားပေါ်က အမှတ်အသားကို ခင်ဗျားဖျက် လိုက်ဘို့ကောင်းတယ်။ ဘာကြောင့် လဲဆိုတော့ အဲဒီအမှတ်အသားက ဘုရားသခင်ဟာ အနာရောဂါငြိမ်းစေတဲ့သူဖြစ်တယ်ဆိုတာ ကိုဖေါ်ပြတဲ့ အမှတ်အသားဘဲ။ တစ်ကယ်စစ်မှန်တဲ့ ဆရာဝန်တွေကတော့ အဲဒါကိုယုံ ကြည်တယ်။ တောင်ဖေးပေါ်က မြွေအမှတ်အသားဘဲဖြစ်ပါတယ်။ မောရှေက အဲဒီတောင်ဖေးပေါ်မှာ မြွေကိုမြှောက်ပြီးထားတဲ့အခါမှာ ဘာပြောသလဲဆိုရင်ငါဟာ သင်တို့ရဲ့ဘုရားသခင်ဖြစ်ပြီး တော့ သင်တို့ရဲ့အနာရောဂါ အားလုံးကို ငြိမ်းစေသောသူဖြစ်တယ်လို့ ဆိုပါတယ်။ သူတို့ဟာ အနာရော ငြိမ်းစေဘို့အတွက် အဲဒီမြွေကိုမော့ပြီး ကြည့်ရပါတယ်။ အဲဒါတောင် ခင်ဗျားက ဒီအမှတ်အသားကိုဆန့်ကျင်နေတယ်။ ခင်ဗျားတို့ရဲ့ကိုယ်ပိုင် အမှတ်အသားက ဒီအမှတ်အသားကို ဆန့်ကျင်နေတယ်။ ခင်ဗျားတို့ရဲ့ ကိုယ်ပိုင် အမှတ်အသားက သက်သေခံနေတယ်။ ခင်ဗျားကတော့ ဆန့်ကျင်နေတယ်။

125 ၁၂၅။ ကျွန်တော်တို့၏နိုင်ငံသည် ကျွန်တော်တို့ ဘာဖြစ်နေသည်ဆိုသည့် အကြောင်းကို ဖေါ်ပြပါသည်။ ဤအကြောင်း အရာများအားလုံးကို ပျက်ယယ် ပြုနေပါသည်။ သူတို့၏ ကိုယ်ပိုင်သုံးသည့်ငွေပေါ်တွင် သက်သေခံလျှက် တံဆိပ် ရှိနေပါသည်။ တလောကလုံးကို ပိုင်သတော်မူသော ဘုရားသခင် ၏တံဆိပ်ဖြစ်ပါသည်။ မျက်လုံးကိုလည်းတွေ့ရပါသည်။ ဒေါ်လာပေါ်မှ မျက်လုံးဖြစ်ပါသည်။ ထိုမျက်လုံးမှာ ကြီးမားသောတံဆိပ်ကြီးပင် ဖြစ်ပါသည်။ ပစ်ရမစ်အပေါ်မှ ဘယ်သော အခါမှ မထားရပါ။ သူတို့နားမလည်နိုင်အောင် ဖြစ်ရသည်။ အဖုံးကျောက်တုံးကို ငြင်းပယ်ထားပါသည်။ ထိပ်ဆုံးမှာရှိသော ကျောက်သည် ခရစ်တော်ပင် ဖြစ်ပါသည်။ တနေ့သောအခါမှာ ပြန်လာမည်ဖြစ်ပါသည်။

126 ၁၂၆။ သီလကိုတည်ဆောက်ခြင်း အမှတ်အသား၊ ရုပ်တုကိုတည်ဆောက်ခြင်း၊ ပုံသဏ္ဍာန်တော်အတိုင်း ဖြစ်လာရန်တည် ဆောက်ခြင်း အားလုံးကို စတင်တည်ဆောက်သည့်အခါမှာ အခြေခံအုတ်မြစ်ကျောက်နှင့် စတင်ရပါ သည်။ ယုံကြည်ခြင်း၊ သီလ၊ အသိတရား၊ ကာမဂုဏ် စောင့်ထိန်းခြင်း၊ သီးခံခြင်း၊ ကောင်းမြတ်ခြင်း၊ ညီကိုချင်းကြင်နာမှု စသည်တို့ဖြစ်ပါသည်။ ၎င်းနောက် ဘာလာပါသလဲ ? ၎င်းနောက် ထိပ်မှကျောက်တုံးဖြစ်သော ချစ်ခြင်းမေတ္တာပင်ဖြစ်ပါသည်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်၍ သူသည်အရာခပ်သိမ်းကို ထိန်းချုပ်တော်မူပါသည်။ ဤအရာများအားလုံး၏ ခွန်အားလည်း ဖြစ်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်အားဖြင့် ဆင်းသက် တော်မူပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် အရာခပ် သိမ်းနှင့်အဆက်အသွယ်ရှိပါသည်။ အားလုံးကိုပေါင်းစပ်စေသည်။ ဘာကိုတည် ဆောက်ပါသနည်း။ အပြစ်ကင်းစင်သောအ သင်းတော်ဖြစ်၍ထိပ်ဆုံးမှ ကျောက်ဖြစ်စေရန် တည်ဆောက်ခြင်း ဖြစ်ပါသည်။ တဖန်ပြန်၍ ဘာပြုလုပ် ဦးမည်နည်း။ အသင်း တော်ကာလကြီး (၇)ပါးတွင် ဖေါ်ပြခြင်းဖြစ်ပါသည်။ သတင်းစကားပို့ဆောင်ပေးသော အသင်းတော်(၇)ပါးပင် ဖြစ်ပါသည်။

127 ၁၂၇။ ပထမဆုံးအသင်းတော်သည် မည်သည့်အချိန်တွင် စတင်တည် ထောင်ခဲ့ပါသနည်း။ ပထမဆုံးပင်တေကုတ္တေသည် မည်သည့်နေရာတွင် စတင်ခဲ့ပါသနည်း။ ဧဖက်မြို့တွင် တမန်တော်ကြီးရှင်ပေါလုက စတင်ခဲ့ပါသည်။ ဧဖက်အသင်း တော်ကာလ၏ကြယ်တစ်ပွင့် ဖြစ်ပါသည်။ ဒုတိယအ သင်းတော်ကာလမှာ စမုနရဖြစ်၍ သီလရှိခြင်းပင် ဖြစ်ပါသည်။ အာရီးနိ ယက်ဖြစ်သည်။ တမန်တော်ကြီးရှင်ပေါလု၏ ဧဝံဂေလိတရားကို ပြန်လည်ဟောကြားသော ကြီးမားသောပုဂ္ဂိုလ်ကြီး အာရီးနီး ယက်စ်ပင်ဖြစ်ပါသည်။ နောက်အသင်းတော်ကာလတစ်ခုမှာ ပေရဂံအသင်းတော်ပင် ဖြစ်ပါသည်။ ထိုခေတ်ထိုကာလက မာတင်မှာကြီးမားသောပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ ပေါလု၊ အာရီးနီးယက်စ်၊ မာတင်တို့ဖြစ်ကြပါသည်။ ၎င်းနောက် သွာတိရအ သင်းတော်ကာလတွင် ကိုလံဘတ်စ်ဖြစ်ပါသည်။ ကိုလံဘတ်စ်တစ်ဦးတည်းကို ဆွဲထုတ်၍ရပါသည်။ ကိုလံဘတ်စ်၏ ခေတ်ကာလနောက်ပိုင်းတွင် အမှောင်ခေတ်ကာလ ရောက်ရှိလာပါသည်။

၎င်းနောက် သာဒိမြို့ရှိအသင်းတော်ခေတ်ကာလဖြစ်သည်။ အဓိပ္ပါယ်မှာ သေခြင်းဖြစ်ပါသည်။ လူသာ၏ခေတ်ကာလပင် ဖြစ်ပါသည်။ ဟာလေုယာ။ ထိုခေတ်ကာလနောက်ပိုင်း ဘာဖြစ်လာပါသနည်း။ သာဒိမြို့ အသင်းတော်၊ လူသာ၏ခေတ် ကာလ နောက်ပိုင်းတွင် ဖိလဒေဖိအသင်း တော်ကာလပင် ဖြစ်ပါသည်။ ဘုရားတရားကြည်ညိုခြင်း ဖြစ်သည်။ ဝက်စလီ၏ သန့်ရှင်း ဖြောင့်မတ်ခြင်း၊ ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်း အားဖြင့်အသက်ရှင်မည်ဟု လူသာကဆိုပါသည်။ သန့်ရှင်း စေခြင်းမှာ ဝက်စလီအားဖြင့် ဖြစ်ပါသည်။ ၎င်းနောက် ညီအစ်ကိုချင်းချစ်ခြင်းမေတ္တာကို လောဒိကိမြို့အသင်းတော်ကာ လအားဖြင့် ရောက်လာပါသည်။ ကျွန်တော်တို့သည် ဧလိယဒုတိယအကြိမ်ပြန်လာ၍ သတင်းစကားကိုပြောဆိုမည်ဟု ယုံကြည်ကြပါသည်။ နောက်ဆုံးသောနေ့ရက်တွင် ဤလောကကြီးကိုပြန် လာ၍သတင်းစကားကို ကြေငြာမည်ဖြစ်ပါသည်။

128 ၁၂၈။ ယခုကျွန်တော်တို့ အသင်းတော်ကာလ(၇)ပါး၊ အဆင့်(၇)ဆင့်ကို ရောက်ရှိနေပါသည်။ ဘုရားသခင်သည် သူ၏အ သင်းတော်ကို တည်ဆောက်နေပါသည်။ လူတစ်ဦးကိုတည်ဆောက်သကဲ့သို့ မိမိ၏ကိုယ်ခန္ဓာအတွင်းသို့ တည်ဆောက်ပါ သည်။ ဘုန်းထင်ရှားစေပါသည်။ ဘုရားသခင်၏ တန်ခိုးတော်သည် သူ့အားဖြင့် ဆင်းသက်လာပါသည်။ ကျွန်ုပ်တို့တစ်ဦးစီ ကို ဆက်စပ်ပေးခြင်းဖြစ်ပါသည်။

ပင်တေကုတ္တေသမားများသည် လူသဏ္ဍာန်တို့၊ ဝက်စလီယာန်တို့ အားလုံးကို ထွက်ပေါ်လာစေသောသူများဖြစ်သည်။ သူတို့ဘာအကြောင်း များပြောသည်နေသည်ကို သူတို့မသိပါ။ သူတို့သည် ဗိမာန်တော်၏ တစ် ဖက်တွင်ရောက်နေပါသည်။ ဤနည်းဖြင့် အချို့သောသူများအထက်မြင့် မားစွာရောက်ရှိလာပြီး ပြန်လည်ကျဆင်းသွားနိုင်ပါသည်။ ထိုအဆောက် အအုံကိုအမှန်တစ်ကယ် တည်ဆောက်နေသောစစ်မှန်သည့် အစိတ်အပိုင်း ရှိပါသည်။ ကိုယ်တော်ရှင်က ငါပြန်လည်၍ တည်ဆောက်မည်ဟု ဆိုထားပါသည်။

သင်သည် သတို့သမီးသစ်ပင်ကို သတိရပါသလား။ သတို့သမီးသစ် ပင်နှင့်ပတ်သက်၍ တရားဟောချက်ကိုဆိုလိုခြင်း ဖြစ်ပါသည်။ သူတို့က ထိုအပင်ကို စားပစ်လိုက်ပါသည်။ သို့သော်လည်း ကိုယ်တော်ရှင်က ပြန်လည်၍ပြုပြင်ယူပါသည်။ ဂိုဏ်းဂဏဆိုင်ရာ အခက်အလက်များစွာ ဖြာထွက်သည်။ ကိုယ်တော်ရှင်က ပြန်လည်၍ပြုပြင်ပါသည်။ ဖြတ်တောက်ပါသည်။ နောက်အသင်းတော်တစ်ခုကို စတင်တည်ထောင်၍ ဂိုဏ်းဂဏအကိုင်း အခက်အလက်များ ဖြာထွက်စေသည်။ ကိုယ်တော် ရှင်က ပြန်လည်၍ ပြုပြင်သည်။ ထိုသစ်ပင်၏အဓိကကျသော နှလုံးသားအပိုင်းမှာ ဆက်လက်၍ ရှင်သန်လျှက်ရှိပါသည်။

ညနေစောင်းအချိန်အခါတွင် အလင်းကိုမြင်တွေ့ရမည်ဟု ဆိုထားသောကျမ်းပိုဒ်တပိုဒ်ရှိပါသည်။ ထိုအချိန်မှာ ခရစ်တော် ဘုရားကြွလာတော် မူသောအချိန်ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ကြွလာတော်မူသော အချိန်ဖြစ်ပါသည်။ ခရစ်တော် သည် ဆင်းသက်၍ မိမိကိုယ်ကိုအသင်း တော်၏ဦးခေါင်းဖြစ်စေပါသည်။ ၎င်းနောက် သူသည်ဤအသင်းတော်တွင် ပြန်လည် ၍ ရှင်ပြန်ထမြောက်ပါသည်။ မိမိ၏ပင်ကိုယ် ကိုယ်ခန္ဓာကဲ့သို့ ဖြစ်စေပါသည်။ ထိုအထဲတွင် ကိုယ်ခန္ဓာရှိပါသည်။ ကျွန်ုပ်တို့ တစ်ဦးစီကိုလည်း ထိုနည်းအတိုင်း ကိုယ်တော်ရှင်ကဖြစ်စေပါသည်။ သူ၏အသင်းတော်ကို သူကကြီးထွားစေလိုသကဲ့သို့ ကျွန်ုပ်တို့တစ်ဦးစီကိုလည်း ဘုရားသခင်က ကြီးထွားစေလိုပါသည်။ မည်သည့်ခေတ်ကာလတွင်မဆို အသင်းတော်ကြီး တစ်ခုပင် ဖြစ်ပါသည်။

129 ၁၂၉။ ကိုယ်တော်ရှင်သည် သူ၏အသင်းတော်ကို ကြီးထွားစေပါသည်။ သူ၏လူမျိုးတော်ကို ပို့ဆောင်သကဲ့သို့ အသင်း တော်ကိုလည်း ပို့ဆောင်ခဲ့ ပါသည်။ ပေတရုက အရာ(၇)မျိုးကို ပထမဆုံးဖေါ်ပြခဲ့ပါသည်။ ယုံကြည်ခြင်း၊ သီလရှိခြင်း၊ အသိညဏ်ရှိခြင်း၊ ကာမဂုဏ်စောင့်ထိန်းခြင်း၊ စိတ်ရှည်ခြင်း၊ ကောင်းမြတ်ခြင်း၊ ညီအစ်ကိုချင်းချစ်ခြင်းနှင့် ညီအစ်ကိုချင်းကြင် နာခြင်း ၎င်းနောက် ဘုရားသခင်၏မေတ္တာတည်းဟူသော သန့်ရှင်းသော ဝိညာဉ်တော်ပင်ဖြစ်ပါသည်။

ခရစ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ပုဂ္ဂိုလ်အားဖြင့် ကျွန်တော်တို့အား စစ်မှန်သောသန့်ရှင်းသော ဝိညာဉ်တော် ဗတ္တိဇံပေးခြင်းအားဖြင့် သက်ရောက်ပါသည်။ သင်သည်လည်း တန်ခိုးများအားလုံးကို သင့်အထဲ၌ တံဆိပ်ခတ် ခြင်း ခံရပါသည်။ ဘုရားသခင်သည် ဗိမာန်တော်၌ ကျိန်းဝပ်သောအခါ ဗိမာန်တော်ကို အဆောက်အအုံဟု ခေါ်ပါသည်။ အသက်ရှင်သောဗိမာန်တော် ဘုရားသခင်ကျိန်းဝပ်ရာနေရာပင် ဖြစ်ပါသည်။

130 ၁၃၀။ လူပုဂ္ဂိုလ်တစ်ဦးသည် ဤအရာများအား ပိုင်ဆိုင်ရပါက ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော် သူ့အပေါ်သက် ရောက်ခြင်းပင်ဖြစ်ပါသည်။ သင်သည် အခြားသောဘာသာစကား ပြောမည်ဖြစ်သည်။ ဘုရားသခင်ထံမှာရှိသော မည်သည့်ဆုကျေးဇူးမဆို သင်လက်ခံရရှိမည်ဖြစ်သည်။ သင်ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ ဤတန်ခိုးများအားလုံး သင့်အထဲ တွင်ရှိပါက သင်သည်စစ်မှန်သော ယုံကြည်ခြင်းအခြေခံကို ရရှိမည်ဖြစ်သည်။ ဤတန်ခိုးများအားလုံး ကြီးထွားလာပါက သင်သည်ထပ်မံ၍ပေါင်း ထည့်နိုင်မည်ဖြစ်သည်။ သင်သည် အသက်ရှင်သော မှတ်ကျောက်တစ်ခုပင် ဖြစ်သည်။ သင်သည် အသက်ရှင်၍လှုပ်ရှားနေသော ရုပ်တုပုဂ္ဂိုလ် တစ်ပါးပင် ဖြစ်ပါသည်။ စံပြပုဂ္ဂိုလ်ပင် ဖြစ်သည်။

သင်သည် တပါးအမျိုးသားများကို သိပါသည်။ သူတို့သည် ရုပ်တုရှေ့ တွင် သူတို့ကိုယ်သူတို့ရုပ်နေသည်။ သူတို့သည် ဘုရားအဖြစ် အာရုံပြု၍ စဉ်းစားနေကြသည်။ ထိုကဲ့သို့ အာရုံပြုစဉ်းစားသည့်နည်းဖြင့် သူတို့ယုံကြည် သည်မှာ ထိုဘုရားသည် သူတို့ကိုပြန်၍စကားပြောသည်ဟု သူတို့ထင်မြင် ယူဆကြပါသည်။ သူတို့မှာ တပါးအမျိုးသား ဝတ်ပြုကိုးကွယ်မှုပင် ဖြစ် သည်။ ရောမပုံစံလည်း ဖြစ်သည်။ သူတို့သည် သူတော်စင်မျိုးစုံရဲ့ရှေ့မှာ အရာခပ်သိမ်းရဲ့ရှေ့မှာ ဦးညွတ်ကြသည်။ သူတို့ထံမှာ စိန့်စီးစီးလျှက် ဟု ခေါ်သော အိမ်တွင်းဘုရားရှိပါသည်။ ထိုကဲ့သို့သော အရာများစွာလည်း ရှိပါသည်။ သူတို့သည် ထိုကဲ့သို့သော စဉ်းစား၍ဆင်ခြင်၍ အာရုံပြု၍ဦး ညွတ်ရှိခိုးကြပါသည်။ ယုံကြည်ကြပါသည်။ အမှန်တစ်ကယ်စစ်မှန်၍ အ သက်ရှင်သောဘုရားသခင်သည် မည်ကဲ့သို့သော ပုံစံမျိုးဖြစ်မည်နည်း။

131 ၁၃၁။ သို့သော်လည်း ကျွန်တော်တို့မှာ စဉ်းစားဆင်ခြင်စိတ်ကူးယဉ်သောနည်း မဟုတ်ပါ။ တစ်ကယ်အသက်ရှင်သော ဘုရားသခင်ရှေ့တွင် ရပ်တည်နေခြင်း ဖြစ်ပါသည်။ တစ်ကယ်အသက်ရှင်သောတန်ခိုး၊ အမှန်တစ်ကယ် ပင်အသက်ရှင်သော အသိညဏ်၊ အမှန်တစ်ကယ်အသက်ရှင်သောသီးခံ ခြင်း၊ အမှန်တစ်ကယ်ပင် အသက်ရှင်သော ကောင်းမြတ်ခြင်း ဖြစ်ပါ သည်။ အသက်ရှင်သောဘုရားသခင်ထံမှလာသော အသက်ရှင်သော တန်ခိုးဖြစ်၍ အသက်ရှင်သောသူသည် အသက်ရှင် သော ပုံသဏ္ဍာန် ပုံရိပ် အတိုင်းဖြစ်လာပြီး ဘုရားသခင်၏ပုံသဏ္ဍာန်တော်အတိုင်း ပြောင်းလဲလာ မည်ဖြစ်ပါသည်။

သူသည် ဘာလုပ်နေပါသနည်း။ သခင်ယေရှုပြုလုပ်သည့်အရာများ အားလုံးကို သူပြုလုပ်ပါသည်။ ကိုယ်တော်ရှင် လျှောက် လိုက်သော နည်းလမ်းအတိုင်း သူလျှောက်လိုက်ခဲ့ပါသည်။ ကိုယ်တော်ရှင် ပြုလုပ်သောနည်း ကိုလည်း သူပြုလုပ်ခဲ့ပါသည်။ အကြောင်းမှာ စဉ်းစားဆင်ခြင်စိတ်ကူးယဉ် ခြင်းမဟုတ်ဘဲ အမှန်တစ်ကယ်ဖြစ်သည့်အတွက် ခိုင်လုံသောအထောက် အထားဖြစ်နေခြင်း ပင်ဖြစ်ပါသည်။ ကျွန်တော်ဘာကို ဆိုလိုသည်ကို သ ဘောပေါက်ပါသလား။ ဤကဲ့သို့သောတန်ခိုးများ ဤကဲ့သို့သော တည်ဆောက်သည့်ကရိယာများ၊ အသင်းတော်သတင်းစကားပို့ဆောင်သူ၏ ပုံစံများနှင့်တကွ အသင်းတော် ကာလများပင် ဖြစ်ပါသည်။ တနေ့သောနေ့ရက် တွင်

ဤစကားလုံးများကို ကျွန်ုပ်တို့ကောက်ယူ၍ သေချာစွာလေ့လာမည်။ သက်သေအထောက်အထား ခိုင်လုံရန်ပြသမည်ဖြစ်သည်။ အားလုံးမှာ တညီတညွတ်တည်းဖြစ်ပါသည်။ သေချာပါသည်။ မည်ကဲ့သို့ လုပ်ဆောင်ခဲ့ ကြောင်းတွေ့ရသည်မှာ အလွန်ပင်အံ့သြဘွယ်ရာ ဖြစ်သည်။

132 ၁၃၂။ ထိုအိမ်မှာ ဘုရားသခင်ကျိန်းဝပ်တော်မူသောအိမ် ဖြစ်ပါသည်။ အဆောက်အဦကြီးမားကြီးဖြစ်ပြီး ထိပ်မှာခေါင်း လောင်းရှိသော အဆောက်အဦ၊ အလွန်မြင့်မားသော မျှော်စင်ကြီးရှိသော အဆောက်အဦမဟုတ်ပါ။ သို့သော်လည်း ကိုယ် တော်ရှင်ပြင်ဆင်ထားသော ကိုယ်ခန္ဓာဖြစ်ပါသည်။ ဘုရားသခင်ကိုယ်တိုင် ကျိန်းဝပ်နိုင်မည်ဖြစ်သည်။ ဘုရားသခင်ကိုယ်တိုင် လျှောက်နိုင်မည်ဖြစ်သည်။ ဘုရားသခင် ကိုယ်တိုင်တွေ့မြင်နိုင်မည်ဖြစ်သည်။ ဘုရားသခင်စကားပြောနိုင်မည်ဖြစ်သည်။ ဘုရားသခင် အလုပ်လုပ် နိုင်မည်ဖြစ်ပါသည်။ အာမင်။ ဘုရားသခင်အတွက် တန်ဆာပလာအဖြစ် အသက်ရှင်ခြင်းပင် ဖြစ်သည်။ ဘုရားသခင်သည် သင့်အတွင်း၌ ခြေနှစ်ဖက်ဖြင့် လျှောက်ခြင်းပင် ဖြစ်သည်။ ဖြောင့်မတ်သောသူ၏ ခြေရာများ သည် ဘုရားသခင်စီစဉ်သည့်အတိုင်း ဖြစ်သည်ဆိုသကဲ့သို့ ဘုရားသခင်သည် သင့်ထဲ၌လျှောက်ခြင်း ဖြစ်သည်။ အကြောင်းမှာ သင်သည်လူသားတိုင်း ဖတ်ရှုနိုင်မည့်ဩဝါဒစာဖြစ်သည်။ ခရစ်တော် သင့်အထဲ၌ကျိန်းဝပ် တော်မူသော အသက်တာသည် ခရစ်တော်လိုက်လျှောက်၍ သက်သေခံ သောအသက်တာဖြစ်ပါသည်။

133 ၁၃၃။ ကျွန်တော်အမြဲတမ်းပြောသကဲ့သို့ပင် ဖြစ်သည်။ ဖိချ် အပင်မှအ စည်းလေးကို ထုတ်လိုက်ပါ။ ထိုအစည်းကလေးအား ပန်းသီးပင်ထဲသို့ သွားကာပြောင်းလဲ၍ထိုးသွင်းလိုက်ပါ။ ပန်းသီးပင်သည် ဖိချ်အသီးကလေး များသီးမည် ဖြစ်ပါသည်။ အမှန်တစ်ကယ်ပင် သီးပါမည်။ မည်သို့ပင် အကိုင်းအခက်အလက်များ ဖြာထွက်နေစေကာမူ ပန်းသီးပင်၏ အစည်းကို ရရှိထားသည့်အတွက် မည်သည့်အပင်ဘဲဖြစ်ဖြစ် ပန်းသီးသာသီးမည် ဖြစ် ပါသည်။

ပန်းသီးပင်ထဲမှ ပန်းသီးပင်၏ အသက်မျိုးကို အားလုံးကိုထုတ်လိုက်ပါ။ အစည်းကိုပြောင်းလဲ၍ ထည့်ပေးလိုက်ပါ။ ဖိချ်အပင် ထဲမှ အစေ့များ အားလုံးကို ပန်းသီးပင်ထဲသို့ပြောင်းလဲ ထည့်ပေးလိုက်ပါ။ ဘာဖြစ်လာမည်နည်း။ ဖိချ်အသီးလုံးဝသီး တော့မည် မဟုတ်ပါ။ ဖိချ်အသီးပင်၏ အသက် တာသည် ပန်းသီးပင်ထဲကိုရောက်လာသောအခါတွင် ပန်းသီးသီးတော့မည် မဟုတ်ပါ။ ဖိချ်အသီးများသာ သီးတော့မည်။ အကြောင်းမှာ ဖိချ်၏အသက် တာသူ၏အပင်ထဲသို့ ရောက်ရှိသွားသောကြောင့် ဖြစ်ပါသည်။

134 ၁၃၄။ ကျွန်ုပ်တို့ကို ဘူးသီးအရိုင်းပင်ကဲ့သို့ သဘောထားပါ။ ဘူးသီးအသီးကဲ့သို့ သဘောထားပါ။ ကျွန်တော်တို့အတွက် ဘာမှမဟုတ်ပါ။ ကျွန်တော်တို့မှာ အပြစ်နှင့်သေဆုံးနေပြီ ဖြစ်ပါသည်။ ကျွန်တော်တို့၏ အခြေအနေမှာ ထိုကဲ့သို့သောအခြေ အနေမျိုးဖြစ်ပါသည်။ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ဘာမှမတတ်နိုင်တော့တဲ့အတွက် အားလုံးကို လက်လျှော့ထားရ သည့် အခြေအနေမျိုးဖြစ်ပါသည်။ ဘုရားသခင်သည် သူ၏ဆေးထိုးအပ်ကိုယူပြီး သခင်ယေရှု၏ နာမကို ကျွန်တော်တို့အ ထဲသို့ပြောင်းလဲ၍ ကိုယ်တော်ရှင်၏ အသက်တာကို ထိုးသွင်းလိုက်ပါသည်။ ယေရှုနာမမှလွဲ၍ကောင်းကင် အောက်မည်သည့် နာမမှ လူသားတို့ကို ကယ်တင်နိုင်ခြင်း မရှိပါ။

ဤကဲ့သို့သော ယုံကြည်ခြင်းမျိုး ကျွန်တော်တို့မှာရှိပါသည်။ ခရစ်တော်၌ရှိသော ယုံကြည်ခြင်းမျိုး ဖြစ်ပါသည်။ ခရစ်တော် ၏ယုံကြည်ခြင်း ဖါရိရှဲ၊ ဇဒုက္ကဲတို့၏ယုံကြည်ခြင်းကို အခြေပြုခြင်း မဟုတ်ပါ။ သူတို့၏အိုးများ ခရားများ၊ ဒယ်အိုးများ၊ သူတို့၏ ရေဇလုံများထဲတွင် မရှိပါ။ ဘုရားသခင်၏ နာမတော်ကို အခြေခံခြင်းဖြစ်ပါသည်။ အာမင်။ ခရစ်တော်သည် နှုတ်က ပတ်တော်ပင် ဖြစ်ပါသည်။ နှုတ်ကပတ်တော်သည် လူ့ဇာတိကို ခံယူခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့သည် ဤတန်ခိုးဖြင့် ပြုပြင်ပြောင်းလဲခြင်းကိုခံရပါက ကျွန်ုပ်တို့၏အတွေးအခေါ်၌ ကျွန်ုပ်တို့သည် အသေဖြစ်ပါ သည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် စစ်မှန်သောယုံကြည်ခြင်း ဖြစ်လာပါသည်။ ဟာလေလုယာ။ ခရစ်တော်၏အသက်တာ သည် ကျွန်ုပ်တို့အထဲသို့ပြောင်း လဲထိုးသွင်းခြင်း ခံရပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏အသက်ရှင် သောသတ္တဝါ များဖြစ်လာပြီး သန့်ရှင်းသောဝိညာဉ်တော် ကျိန်းဝပ်ရန်နေရာ ဖြစ်လာပါသည်။ ကိုယ်တော်ရှင်၏ကောင်းချီးမင်္ဂလာ ရောင် ခြည်များ ကျွန်ုပ်တို့ထဲမှတဆင့်စီးဆင်း၍ ကျွန်ုပ်တို့သည် ခရစ်တော်၏ပုံသဏ္ဍာန် တော်နှင့်အညီ ဖြစ်လာပါသည်။

135 ၁၃၅။ သခင်ယေရှုက ငါသည် ဘုရားသားတော်ဖြစ်သည်ဟု ပြောသောအခါ သင်တို့က ငါ့အားကျိန်ဆိုကြသည်ဟု ရေးသားထားသည် မဟုတ်လား။ သင်တို့သည် ဘုရားများဖြစ်ကြသည်ဟုလည်း ရေးသားထားသည် မဟုတ်ပါလား။ သင်တို့၏ပညတ်တရားများကပင် ထိုသို့ဆိုသည် မဟုတ်ပါလား။ မောရှေကဲ့သို့၊ ဧလိယကဲ့သို့၊ ပရောဖက်ကဲ့သို့ ပင်ဖြစ်ပါ သည်။ ထိုပရောဖက် များသည် ဘုရားသခင်နှင့်အတူ နီးစပ်စွာအသက်ရှင်ခဲ့ကြပါသည်။ ဘုရားသခင်က သူ့ကိုယ်သူထို သူများအထဲသို့ ပြောင်းလဲပေးခဲ့ပါသည်။ သူတို့ သည်သူတို့ကိုယ်တိုင်ပြောဆိုခြင်းမဟုတ်ဘဲ ဘုရားသခင်က သူတို့အားဖြင့် ပြောဆိုခြင်း ဖြစ်ပါသည်။ သင်တို့ဘာပြောရမည်ကို မစိုးရိမ်နှင့်။ အကြောင်းမူကား သင်တို့ပြောဆိုမည်မဟုတ်ပါ။ သင်တို့အ ထဲ၌ ကျိန်းဝပ် တော်မူသောခမည်းတော်က ပြောဆိုမည်ဟု ဆိုထားပါသည်။ ဤစကားများသည် သူ၏စကားများမဟုတ်ပါ။ သူ့မှာအသက်မရှိတော့ပါ။ သူသည်အသေ ဖြစ်နေပြီ ဖြစ်ပါသည်။

136 ၁၃၆။ သင်သည်သေဆုံးသွားသော လူတစ်ဦး၏ကိုယ်ခန္ဓာထဲမှသွေးများကို ထုတ်ယူပါသည်။ သူ့အားမပုပ်မသိုးအောင်လုပ် ပါသည်။ များသောအားဖြင့် ဖြစ်သောပြဿနာမှာ လူများစွာကိုမပုပ်မသိုးအောင် လုပ်ထားပါသည်။ ထိုသူ၏အသွေးများကို လည်း အားလုံးထုတ်ယူလိုက်ပါသည်။ သူသည် ပျောက်ဆုံးသွားပြီ ဖြစ်ပါသည်။ ၎င်းနောက် သင်လုပ်နိုင်သောအရာတစ် ခုရှိပါသည်။ အခြားသောသူတစ်ဦး၏အသွေးကို သူ့အထဲသို့ ထိုးသွင်းရမည် ဖြစ်ပါသည်။ သူသည်သို့မှသာ ပြန်လည်၍ အသက်ရှင်လာနိုင်မည်ဖြစ်သည်။ သင်သည်သူ၏သွေးကို ထုတ်ယူလိုက်ပါသည်။ (၂ပေ ၁း၅-၇)

၎င်းနောက်သင်သည် သခင်ယေရှု၏အသွေးကို ထည့်ပါသည်။ သခင်ယေရှု၏ယုံကြည်ခြင်း၊ သခင်ယေရှု၏သီလ၊ သခင် ယေရှု၏အသိဉာဏ်၊ သခင်ယေရှု၏ကာမဂုဏ် ချုပ်တည်းခြင်း၊ သခင်ယေရှု၏သီးခံခြင်း၊ သခင်ယေရှု၏ ကောင်းမြတ်ခြင်း၊ သခင်ယေရှု၏ညီအစ်ကိုချင်း ချစ်ခြင်း မေတ္တာကြင်နာခြင်း၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတည်းဟူသော သခင်ယေရှုကို

သင်ကထည့်သွင်းလိုက်ပါသည်။ သူသည်သင့်အား ထိန်းချုပ်သည့် ဦးခေါင်းပင် ဖြစ်ပါသည်။ သင်၏ခြေများသည် အခြေခံ အုတ်မြစ်များပင် ဖြစ်သည်။ ယုံကြည်ခြင်းပင် ဖြစ်သည်။ အာမင်။ ဦးခေါင်းက ထိန်းချုပ်ထား မည်ဖြစ်သည်။ ဘုရားသခင်၌ ပြည့်စုံသောလူသားတစ်ဦး သင်ဖြစ်လာပေမည်။ ဤအရာများအားလုံးကိုပိုင်ဆိုင်ပါက သင်သည် ဘုရားသခင်၌ပြည့်စုံ သောလူသားပင်ဖြစ်ပါသည်။

137 ၁၃၇။ ၎င်းနောက် ဘုရားသခင်သည် မိမိ၏အသင်းတော်ကို သတို့သမီးအဖြစ် ကိုယ်စားပြုပါသည်။ သတို့သမီးမှာ အသင်းတော်ဖြစ်ပါသည်။ ဘုရားသခင်သည် သူ၏အသင်းတော်ကို သတို့သမီးအဖြစ်တင်ဆက်ထား ပါသည်။ လူတစ်ဦးစီကို သူ၏သားတော်ထဲသို့ခေါ်ဆောင်ပြီး တစ်ဖန်သတို့ သမီးထဲသို့ပို့ဆောင်ပါသည်။ သူသည်သတို့သမီးကိုလည်း ဤခေတ်ကာလ တောက်လျှောက် ပို့ဆောင်ခဲ့ပါသည်။ နောက်ဆုံး ပြီးပြည့်စုံသော အသင်းတော်ကြီးတစ်ခုထဲသို့ ပို့ဆောင်ခဲ့ပါသည်။

ကျွန်တော်၏ခြေထောက်များ လှုပ်ရှားနေပါသည်။ အဘယ်ကြောင့်နည်း။ အကြောင်းမှာ ကျွန်တော်၏ဦးခေါင်းက ဆိုသော ကြောင့်ဖြစ်သည်။ ကျွန်တော်၏လက်ကဲ့သို့ မလှုပ်ရှားနိုင်ပါ။ အကြောင်းမှာ ခြေဖြစ်နေသော ကြောင့်ဖြစ်သည်။ ကျွန်တော် တို့ပြုလုပ်သည့်အရာများကို လူသာကမပြု လုပ်နိုင်ပါ။ မက်သဒစ်များကလည်း မပြုလုပ်နိုင်ပါ။ အကြောင်းမှာ သူတို့သည် ကျွန်တော်တို့နှင့် မတူညီသော အခြားအရာတစ်ခုရှိနေသောကြောင့် ဖြစ်သည်။ ခေါင်းကပြောသည့်အတိုင်း ခြေများကလှုပ် ရှားရပါသည်။ ခေါင်းကလည်းခြေများကို လက်များဖြစ်ပါဟူ၍ မခိုင်းပါ။ နားများကိုလည်း မျက်စိများဖြစ်ပါ ဟူ၍မခိုင်းပါ။

ခေတ်ကာလတိုင်းတွင် ဘုရားသခင်ကဤအရာများကို သူ၏အ သင်းတော်တွင် ပြင်ဆင်ပေးထားပါသည်။ တစ်ဦးစီသည် ထိုအရာများကို ပြိုင်ဆိုင်ကြပါသည်။ ထိုအရည်အချင်းများအားလုံးကို တစ်ဦးစီပြင်ဆင်ကြ ပါသည်။ လုံးဝပြည့်စုံစေသော အရာမှာ အသင်းတော်ပင် ဖြစ်ပါသည်။ ဘုရားသခင်၏အသင်းတော်ဖြစ်ပြီး ချီဆောင်ခြင်းကိုခံရမည့် တစ်ခုတည်း သောအသင်းတော်ပင် ဖြစ်ပါသည်။ အသက်ရှင်လျှက်ရှိသော လူသားတစ်ဦးသည် ပြည့်စုံသွားပါက ဘုရားသခင်၏အ စေခံဖြစ်ပြီး ဘုရားသခင်၏ အသင်းတော်၌ အစေခံရပါသည်။ ၎င်းနောက် ချီဆောင်ခြင်းထဲသို့ရောက် သွားပါသည်။ ဘုန်းကြီး ပါစေ။ ကျွန်တော်ဘာကိုဆိုလိုသည်ကို သဘော ပေါက်ပါသလား။ လုံးဝပြည့်စုံသောအရာကိုဆိုလိုခြင်း ဖြစ်ပါသည်။

138 ၁၃၈။ အခြေခံအုတ်မြစ်ချပေးသောပုဂ္ဂိုလ် ရှင်ပေါလုဖြစ်ပါသည်။ ရှင်ပေါလုချပေးသော အုတ်မြစ်ထဲသို့ အရီးနီးယက်စ်က တဖန်လောင်းထည့်ပါသည်။ နောက်တစ်ဦးကလည်း ထပ်မံ၍လောင်းထည့်ပါသည်။ တဖန် နောက်တစ်ဦးက ထပ်မံ၍လောင်း ထည့်ပြန်ပါသည်။ နောက်ပြီးလျှင်နောက် တစ်ယောက် တစ်ခုပြီးတစ်ခု တစ်ခုပြီးတစ်ခု နောက်ဆုံးသောကာလ ရောက် သည့်အထိ ရောက်ရှိလာပါသည်။ ၎င်းအရာသည် အဘယ်အရာ ဖြစ်ပါသနည်း။ တစ်ပါးတည်းသော ဝိညာဉ်တော်ဖြစ်သည်။ ကျွန်ုပ်အထဲ၌ ကျိန်းဝပ်တော်မူသော တစ်ပါးတည်းသောဝိညာဉ်တော်ဖြစ်ပါသည်။ ထိုဝိညာဉ်တော်က လက်များဤသို့ လှုပ်ရှားပါ။ ထိုဝိညာဉ်ကပင် ခြေထောက်များ လှုန်းပါ ဟုဆိုပါသည်။ ကျွန်တော်ဆိုလိုသည့်အဓိပ္ပါယ်ကို သဘော ပေါက်ပါသ လား။ သင်၏ပုံသဏ္ဍာန်တစ်ခုလုံးကို ဤအရာများက ထိန်းချုပ် အုပ်စိုးထားပါသည်။ ဤအရည်အချင်းများအားလုံးကိုလုံး၀ အပြည့်အစုံ ပိုင်ဆိုင်မှုမရှိခဲ့ပါက အပြည့်အဝထိန်းချုပ်နိုင်မည်မဟုတ်ပါ။

139 ၁၃၉။ သင်ကြားဘူးပါသလား။ ထိုအကြောင်းအရာကို ကျွန်တော်ပြောပြ လိုပါသည်။ အမှန်တစ်ကယ်ပင် ဖြစ်ပျက်ခဲ့သော အကြောင်းအရာပင် ဖြစ်ပါသည်။ သင်သေချာစွာ နားထောင်ပါ။ သံကြိုးတစ်ချောင်းသည် အားအနည်းဆုံး အချိတ် အဆက်သည့်အပိုင်းတွင် အခိုင်အမာဆုံးဖြစ်သည်ဟု ဆိုထားပါသည်။ အားအနည်းဆုံး ချိတ်ဆက်ထားမှုသည် အခိုင်မာ ဆုံးဖြစ်ပါသည်။ မည်မျှပင်ခိုင်မာစွာ တည်ဆောက်ထားပါစေ။ တည်ဆောက်ခြင်း သာဖြစ်ပါသည်။ တည်ဆောက်ခြင်း အချိတ်အဆက်အားနည်းပါက သူကျိုး ပျက်သွားမည် ဖြစ်ပါသည်။ ထို့ကြောင့်အားအနည်းဆုံး အချိတ်အဆက် ထက်ပို၍ အင်အားမကြီးနိုင်တော့ပါ။

သင်သည် တစ်စုံတစ်ခုကိုရရှိပြီး ပိုင်ဆိုင်သည်ဟု သင်ထင်ပါက သင့်မှာ မရှိသေးပါ။ ထိုနေရာတွင် အားနည်းနေပါပြီ။ သင်ရရှိပါက တစ်ကယ့်တစ်ကယ်မရရှိသေးပါ။ ထိုနေရာတွင် ကျိုးပျက်သွားနိုင်ပါသည်။ သင် ဤအရာကိုရရှိပြီ။ သို့သော် လည်း ထိုအရာကိုမရရှိသေးပါ။ ပျက်စီးသွားနိုင် ပါသည်။ ဤအရာကိုမရရှိသေးပါ။ ကျိုးသွားနိုင်ပါသည်။ ဤအရာနှင့်ဤအ ရာကို မရရှိသေးပါက ပျက်စီးသွားနိုင်ပါသည်။ ဤအရာကိုမရှိဘဲနှင့်ဤအ ရာကို သင်မရရှိနိုင်ပါ။ သင်လုံးဝလက်မြှောက် သွားပြီဆိုပါက သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်အထဲသို့ဤတန်ခိုးများကို လောင်းထည့်မည် ဖြစ်ပါသည်။ ထိုအခါ သင်သည်အသက်ရှင်သော ဗိမာန်တော်ဖြစ်လာပါသည်။

ထိုအခါ လူများကကြည့်၍ ပြောပါသည်။ ထိုသူသည် သီလနှင့် ပြည့်ဝသည်။ အသိတရားနှင့်ပြည့်ဝသည်။ နှုတ်ကပတ်တော် ကိုလည်း ယုံကြည်သည်။ ကာမဂုဏ် စောင့်ထိန်းခြင်း၊ သီးခံခြင်း၊ ဘုရားတရားကြည်ညိုခြင်း၊ ညီအစ်ကိုချင်းချစ်ခြင်းမေတ္တာ၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာ အားလုံးရှိ နေပါသည်။ ထိုသူ၌ပြည့်စုံနေသည်ကို ကျွန်တော်တို့တွေ့ရပါသည်ဟုဆိုကြ ပေမည်။ သင့်အားမယုံကြည်သူများက ကြည့်၍မြင်နိုင်သော ပုံသဏ္ဍာန်တော်များပင် ဖြစ်ပါသည်။ ထိုနေရာမှာ ခရစ်ယာန် တစ်ဦး ရှိပါသည်။ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ သင်ဘာပြောနေသည်ကို သိသောသူဖြစ်ပါသည်။ သင်သည် သူ့ထက်ပို၍ချစ်တတ်သော၊ ကြင်နာတတ်သော၊ ဘုရားတ ရားကြည်ညိုသောသူကို တွေ့ဘူးမည်မဟုတ်ပါဟု ဆိုပေမည်။

140 ၁၄၀။ သင်သည် တံဆိပ်ခတ်ထားပြီးသားဖြစ်သည်။ တံဆိပ်သည် နှစ်ဖက်စလုံးမှ ဖေါ်ပြလျှက်ရှိသည်။ သင်သွားသည် ဖြစ်စေ၊ လာသည်ဖြစ်စေ တံဆိပ်ကို ထိုအတိုင်းပင် မြင်နေရပါသည်။ ထိုတံဆိပ်ကို အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ ပိုင်ဆိုင်ရပါက ထိပ်ဆုံးမှကျော်သည် ဆင်းသက်၍ သူတို့ကိုဘုရားသခင်၏နိုင်ငံအတွင်းသို့ တံဆိပ်ခတ်လိုက်ပါသည်။ ထိုအရာမှာ သန့်ရှင်းသောဝိညာဉ်တော်ပင် ဖြစ်သည်။ ၎င်းနောက် နှုတ်ကပတ်တော်သည် ဤနေရာမှလာ၍ ဤသူများတစ်ဦး စီအားဖြင့် မိမိကိုယ်ကို ဖေါ်ပြပါသည်။ အသက်ရှင်သော ဘုရားသခင်၏ဗိမာန်တော်အဖြစ်နှင့် ပြည့်စုံခြင်း သို့ရောက်ပါသည်။ ခရစ်ယာန်သာသနာ၏

အသက်ရှင်သောဥပမာ၊ အသက်ရှင်သောအသက်တာလမ်းခရီးကို လျှောက်ပြခြင်းပင်ဖြစ်သည်။ (ကောလောသဲ၃း၃)

ခရစ်တော်သည် သူတို့၏အသက်တာထဲတွင် ရှိနေသောအခါ သူတို့ မှာ ခရစ်တော်အထဲ၌ရှိပါသည်။ သူတို့၏အသက်တာမှာ သေသွားပြီဖြစ်၍ ခရစ်တော်အားဖြင့်သာ ဘုရားသခင်၏အသက်တာအားဖြင့် အသက်ရှင်မည်ဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် တံဆိပ်ခတ်ပြီးဖြစ်ပါသည်။ (၁ကော ၁၂) မှန်ပါသည်။သင်သည်အသေဖြစ်သွားပြီဟုသင့်ကိုယ် သင်မှတ်ထားလိုက်ပါ။ ၎င်းနောက် သင်သည်ယုံကြည်ခြင်းအားဖြင့် ပြန်လည်၍ မွေးဖွားလာသည်။ ၎င်းနောက် တန်ခိုးကိုရရှိ သည်။ ၎င်းနောက် အခြားသောအရာမှ ထပ်မံတိုးပွားလာသည်။ နောက်ဆုံး သင်သည်အသက် ရှင်တော်မူသော ဘုရား သခင်၏အပြစ်ကင်းစင်သော ပုံသဏ္ဍာန်တော်သို့ ရောက်ရှိသွားပါသည်။

141 ၁၄၁။ ထိုအရာသည် နှစ်သက်ဘွယ်မကောင်းပေဘူးလား။ ဘုရားသခင်သည် ထိုအရာအားဖြင့် အသင်းတော်ကာလကြီး (၇)ပါးထဲသို့ ယူဆောင်လာပြီး အဆင့်ဆင့်တိုးပွားလာရန် အဆင့်(၇)ဆင့်ကို ပြသခဲ့ပါသည်။ လူတစ်ဦးစီကို မိမိ၏ပုံသဏ္ဍာန် တော်အတိုင်း တည်ဆောက်ရန် ဖန်တီးခဲ့ပါသည်။ သူ၏ပုံသဏ္ဍာန်တော်အတိုင်း ပြည့်စုံသောအသင်းတော်ကို တည်ဆောက် ခဲ့ပါသည်။ ရှင်ပြန်ထမြောက်သည့်အချိန်တွင် ဤပြည့်စုံသောကိုယ်ခန္ဓာသည် ထမြောက်၍ကိုယ်တော်ရှင်နှင့်အတူ အမြဲထာဝရအသက်ရှင်မည်ဖြစ်ပါ သည်။ အကြောင်းမှာ သတို့သမီးဖြစ်သောကြောင့် ဖြစ်ပါသည်။ ခေတ်အဆက်ဆက် ထိုအတိုင်းပင်ဖြစ်ပါမည်။ (ဟေဗြဲ ၁၁း၃၂-၄၀)

၎င်းနောက် ထိုထက်မက လိုအပ်ချက်များပိုမို၍ များစွာရှိပါသေးသည်။ ပေါလုက (ဟေဗြဲ ၁၁)တွင်ဘာကိုဆိုလိုထားသည်ကိုမှတ်မိပါသလား။ ကျွန်တော်ထပ်မံ၍ ထိုအကြောင်းအရာများကို ဖတ်ပြပါဦးမည်။ သင့်အတွက် ထူးထူးဆန်းဆန်း ခံစားရမည် ဖြစ်ပါသည်။ ကျွန်တော်လည်း အမြဲတမ်း ဤကျမ်းပိုဒ်ကိုဖတ်ပါသည်။ (ဟေဗြဲ ၁၁း၃၂)မှစ၍ဖတ်ပါမည်။ ထိုမှတပါးအ ဘယ်သို့ ပြောစရာရှိသေးသနည်း။ ဂိဒုန်၊ ဘာရက်၊ ရှေဖသ၊ ရှံဆုန်၊ ရှမွေလမှစ၍ ပရောဖက်တို့အကြောင်းများကို ပြော၍မ ကုန်နိုင်။ ထိုသူတို့သည် ယုံကြည်ခြင်းအားဖြင့် အခြားသောတိုင်းနိုင်ငံကိုအောင်ခြင်း၊ တရားသဖြင့်စီရင်ခြင်း၊ ဂတိတော်ကို ဝင်စားခြင်း၊ ခြင်္သေ့နှုတ်ကိုပိတ်ခြင်း၊ မီးအရှိန်ကိုငြိမ်းစေခြင်း၊ ဓါးလက်နက်ဘေးနှင့်ကင်းလွတ်ခြင်း၊ အနာမှထ မြောက်၍ ကျန်းမာခြင်း၊ စစ်တိုက်သောအခါ ခွန်အားနှင့်ပြည့်စုံခြင်း၊ တပါး အမျိုးသားတို့၏ တပ်များကိုဖျက်ဆီးခြင်းအမှုများကို ပြုကြ၏။ မိန်းမတို့သည်လည်း သေခြင်းမှထမြောက်သောမိမိတို့သားကို ရပြန်ကြ၏။ အချို့သောသူတို့သည် သာ၍မြတ်သော ထ မြောက်ခြင်းသို့ ရောက်လိုသောငှာ လွတ်ခြင်းကိုမခံမယူဘဲ ပြင်းစွာသောညှင်းဆဲခြင်းကို ခံကြ၏။ အချို့သော သူတို့သည် ကဲ့ရဲ့ရိုက်ပုတ်ခြင်း၊ ချည်နှောင်ခြင်းကိုခံ၍ ထောင်ထဲမှာနေရသ ဖြင့်စုံစမ်းခြင်းကို ခံရကြ၏။ ကျောက်ခဲနှင့်ပစ်ခြင်း၊ လွှနှင့်အပိုင်းပိုင်းတိုက် ဖြတ်ခြင်း၊ စုံစမ်းနှောင့်ယှက်ခြင်း၊ ဓါးလက်နက်နှင့်ကွပ်မျက်ခြင်းကို ခံရကြ၏။ အလွန်ဆင်းရဲလျှက်၊ ညှင်းဆဲနှိပ်စက်ခြင်းကိုခံလျှက် သိုးရေဆိတ်ရေကို ဝတ်၍ လှည့်လည်ရကြ၏။ ဤလောကသည် သူတို့နှင့်မထိုက်မတန်၊ သူတို့ သည်တောကြိုတောင်ကြား ဥမင်မြေတွင်းထဲမှာအပြောင်းပြောင်းအလည် လည်နေရကြ၏။ ထိုသူအပေါင်းတို့သည် ယုံကြည်ခြင်းအားဖြင့် ချီးမွမ်းခြင်းသို့ ရောက်သော်လည်း ဂတိတော်အတိုင်း အကျိုးကျေးဇူးကို မခံရကြ။ အဘယ်ကြောင့်နည်း ဟူမူကား ထိုသူတို့သည် ငါတို့မပါဘဲ စုံလင်ခြင်းသို့မ ရောက်ရမည်အကြောင်း ငါတို့အဘို့အလို့ငှာ သာ၍မြတ်သောကျေးဇူးကို ကြိစည်တော်မူ၏။

142 ၁၄၂။ သေဆုံးသွားသောသူတို့သည် ကျွန်တော်တို့အပေါ်မူတည်၍ ကျွန်တော်တို့အားလည်း စောင့်ဆိုင်းနေပါသည်။ ဤအသင်းတော်သည် ပြည့်စုံခြင်းသို့ရောက်မှသာ ရှင်ပြန်ထမြောက်ခြင်း ဖြစ်နိုင်ပါသည်။ ပလ္လင်အောက် မှရှိသောဝိညာဉ် များကို ဆိုလိုခြင်းဖြစ်ပါသည်။ သူတို့သည် အသင်းတော်သည် ပြည့်စုံသောအခြေအနေသို့ရောက်သည်အထိ စောင့်ဆိုင်း လျှက်ရှိပါသည်။ ထိုအချိန်မှာ ခရစ်တော်ကြွလာမည့်အချိန်ဖြစ်ပါသည်။ ဤအသင်းတော်သည် လူအနည်းစုကလေး ဖြစ်ပါသည်။ ကျွန်တော်ပုံဆွဲပြထားသည့် အတိုင်း ဖြစ်ပါသည်။ ကျွန်တော်သည်ကားတိုင်ကို ရေးဆွဲပြထားပါသည်။ အပ်ဖျား ကလေးကဲ့သို့ ထိပ်ဖျားအထိရောက်လာရမည်။ အသင်းတော်၏ လုပ်ငန်းသည် သူ၏နေရာသို့သူရောက်လာပြီး သူလုပ် ဆောင်ရမည့်သာ သနာကို သူလုပ်ဆောင်ရပါမည်။ အကြောင်းမှာ ထိပ်မှကျောက်တုံးသည် ပြန်လာရမည်ဖြစ်သောကြောင့် ဖြစ်သည်။

အိတ်ကလေးကဲ့သို့ဖြစ်နေပါသည်။ ထိုနေရာတွင် ထိုင်ရမည် ဖြစ်သည်။ ပုံမှန်ပစ်ရမစ်ပေါ်တွင်ရှိနေပါသည်။ ထိပ်ဆုံးမှ ကျောက်သည် ထိပ်ဆုံးမှထပ်၍ထိုင်သော ပုံသဏ္ဍာန်မဟုတ်ပါ။ အနည်းငယ်စောင်းပါသည်။ ထိုနေရာတွင် အထိုင်ကျရမည် ဖြစ်သည်။ အကြောင်းမှာ ထိုနေရာမှရေရရှိ မည်ဖြစ်သည်။ ၎င်းကြွလာတော်မူသောအခါ ဤအသင်းတော်မှာ ချီးမြှောက်ခြင်း ခံရပါမည်။

ပစ်ရမစ်ထဲတွင်ရှိသော အခြားသောကျောက်တုံးများသည် ပြည့်စုံ စွာဖြည့်စွက်ထားပြီး ချထားပြီးသား ဖြစ်ပါသည်။ တစ်ခုနှင့် တစ်ခုစေ့စပ် လျှက်ရှိသည့်အတွက် ဘရိတ်ဓါးကလေးကပင် ၎င်းတို့အကြားတွင် ထိုးဖြတ် ၍မဝင်နိုင်ပါ။ တန်ပေါင်းများစွာ အလေးချိန်ဖြင့် ဖိကပ်လျှက်ရှိပါသည်။ မည်ကဲ့သို့ သူတို့သည်ကျောက်တုံးများကို ဆွဲယူ၍တည်ဆောက်ပါသနည်း။ သူတို့ဘယ်လိုတည်ဆောက်ခဲ့သည်ကိုလည်း မသိရပါ။ နောက်ဆုံး ဤပစ်ရမစ်၏ထိပ်ဆုံးကျောက်တုံး အဆင့်သို့ရောက်လာ ပါသည်။ ပစ်ရမစ်ကိုယ် ထည်ဖြစ်ပါသည်။ ခရစ်တော်၏ကိုယ်ခန္ဓာသည် ထိပ်ဆုံးမှရှိနေရပါမည်။ ယုံကြည်ခြင်း၊ ခံယူချက်၊ ဩဝါဒ၊ သက်သက်မဟုတ်ပါ။ ခရစ်တော်၏ပုံသဏ္ဍာန်တော်အတိုင်း လုံးဝပြည့်စုံခြင်းကိုဆိုလိုပါသည်။ ကိုယ်တော်ရှင်ကြွ လာတော်မူသည့်အခါတွင် သူ၏သာသနာတော်သည် ထိုနေရာတွင်အံဝင် ဂွင်ကျဖြစ်၍ ပစ်ရမစ်ထိပ်ဆုံးတွင် ပုံကျလျှက်ရှိနေ မည်ဖြစ်သည်။ ၎င်းနောက် ချီးဆောင်ခြင်းခံရပြီး အိမ်သို့ပြန်ရမည်ဖြစ်ပါသည်။

143 ၁၄၃။ ယခုကျွန်တော်တို့ အသက်ရှင်နေသောခေတ်ကာလကို ကြည့်ပါ။ လောဒိကိအသင်းတော်ခေတ်ကာလပင် ဖြစ်ပါ သည်။ အသင်းတော်ခေတ် ကာလများထဲတွင် အဆိုးဆုံးဖြစ်ပါသည်။ သမ္မာကျမ်းစာတွင် ကျွန်တော်တို့ ဖတ်ရှုလေ့လာရသည် မှာ ဤအသင်းတော် တပါးတည်းသာလျှင် ဘုရားသခင်ကို အသင်းတော်၏ပြင်ပတွင်ချုပ်ထား သည်ကိုတွေ့ရပါသည်။ ကိုယ် တော်ရှင်သည် တံခါး၏ပြင်ပတွင်

ရပ်လျှက်ခေါက်နေရပါသည်။ သူ၏အဆောက်အအုံထဲသို့ သူကပြန်ဝင်ရန်ကြိုးစားနေရပါ သည်။ ဂိဏ်းဂဏများ၊ ယုံကြည်ချက်များသည် ကိုယ်တော်ရှင်အား ကိုယ်တော်ရှင်၏အသင်းတော် တွင်းမှထုတ်ပယ်ထားပါ သည်။ (ဗျာဒိတ် ၃း၂၀)

ငါသည်တံခါးရှေ့မှာ ရပ်၍ခေါက်လျှက်နေ၏။ အကြင်သူသည် ငါ၏ အသံကိုကြား၍ တံခါးကိုဖွင့်အံ့။ ငါသည်လည်း အတွင်းသို့ဝင်၍သူနှင့်အတူ စားသောက်မည်ဟု ဆိုထားပါသည်။ ဤခေတ်ဤကာလကို ဆိုလိုခြင်းဖြစ် ပါသည်။ တဖြည်းဖြည်းနှင့် ကိုယ်တော်ရှင်ကို အပြင်သို့ပထုတ်ထားကြပါသည်။ နောက်ဆုံး လုံးဝကိုယ်တော်ရှင်သည် အပြင်ဘက်သို့ရောက်နေပါ သည်။ ကိုယ်တော်ရှင်နှင့်ပတ်သက်၍ သူတို့ဘာမှလိုလားမှုမရှိပါ။

ယနေ့ ကျွန်တော်တို့မည်သည့်နေရာတွင် ဦးတည်နေကြောင်းသင် တွေ့ရပါမည်။ လောဒိကိအသင်းတော်ကာလ ကုန်ဆုံးခါနီး အချိန်တွင် ပိုမို ၍ပုံမှန်ကျလာပါမည်။ ကက်သလစ်ဝါဒသည် ဤနေရာတွင် ထိုးဖောက်၍ ဝင်ရောက်လာပါသည်။ ဝင် ရောက်လာ၍ကြီးမားသော အသင်းတော်ကြီး ပုံသဏ္ဍာန်နှင့် သူကစည်းရုံးထားပါသည်။ အခြားသောအသင်းတော်က လေးများလည်း ပါဝင်ပါသည်။ သူနှင့်သဘောထားခြင်းတူညီသော အသင်းတော်ကလေးများဖြစ်ပါသည်။

144 ၁၄၄။ ကွာခြားချက်မှာ တစ်ခုတည်းရှိပါသည်။ သင့်အား သူတို့ပြုလုပ်စေလို သောအရာတစ်ခုကို သင်ပြုလုပ်နိုင်ပါက ထိုအရာမှာ ပွဲတော်ယူခြင်းပင် ဖြစ်ပါသည်။ကက်သလစ်များနှင့် ပရိုတက်စတင့်များအတူတကွပူးပေါင်း၍ ပွဲတော်ဝင်နိုင်ရန်အ တွက် ဒိုင်ရိုသီမှနေ၍တားဆီးထားပါသည်။ ထိုအတား အဆီးမှာ တစ်ခုတည်းသော အတားအဆီးပင် ဖြစ်ပါသည်။ ကက်သလစ်အ သင်းတော်က ထိုအရာသည် ကိုယ်ခန္ဓာဖြစ်သည်ဟု ဆိုထားပါသည်။ ပရိုတက်စတင့်အသင်းတော်က ကိုယ်ခန္ဓာကို ကိုယ်စားပြုခြင်းဟု ဆိုထားပါ သည်။ ထိုကွာခြားချက်တစ်ခုသာ ရှိပါသည်။

ကက်သလစ်သည် ထိုအထဲမှနေ၍ မားစ်ကိုပြုလုပ်ပါသည်။ မားစ်တွင် သူတို့ပွဲတော်ဝင်ကြပါသည်။ သူတို့အပြစ်ဖြေလွှတ် ခွင့်ရသည်ဟု မြော်လင့်ကြပါသည်။ ပရိုတက်စတင့်များက ယုံကြည်ခြင်းအားဖြင့် ခံယူကြပါသည်။ ပွဲတော်အားဖြင့် သူတို့သည်အပြစ်ဖြေလွှတ်ခွင့်ရသည်ဟု ဘုရားသခင်ကို ကျေးဇူးတော်ချီးမွမ်းကြပါသည်။ ပရိုတက်စတင့်တစ်ဦးက ငါတို့ အားဘုရားသခင်ခွင့်လွှတ်ပြီဟု ဆိုသည်။ ကက်သလစ်တစ်ဦးကမူ ငါတို့အား ဘုရားသခင်ခွင့်လွှတ်ပါပြီဟု မြော်လင့်ပါသည် ဟု ဆိုသည်။ မားစ်နှင့် ကွန်မြူနီယန်ပွဲတော်ယူခြင်း၏ ကွာခြားချက်ပင်ဖြစ်ပါသည်။ ကက်သလစ် များက မားစ်ဟုခေါ်သည်။ ပရိုတက်စတင့်များက ကွန်မြူနီယန်ဟု ခေါ်ပါသည်။ မားစ်ဆိုသည်မှာ မြော်လင့်ခြင်းပင်ဖြစ်ပါသည်။ ကွန်မြူနီယန်မှာ ရရှိပြီးဆိုသည်ကို သိရှိခြင်းဖြစ်သည်။ ကိုယ်တော်ရှင်ကို ကျေးဇူးတော်ချီးမွမ်းခြင်း ဖြစ်သည်။ ဤတစ်ခုတည်းသော အကြောင်းအရာကြောင့် သူတို့ သည် အတူတကွပေါင်းစပ်၍မရနိုင်ပါ။

145 ၁၄၅။ သူတို့ကြိုးစားကြပါမည်။ သူတို့သည် ပေါင်းစည်းရအောင် လုပ်ကြပါမည်။ ဘာကြောင့်နည်း။ သမ္မာကျမ်းစာဆိုထားပါ သည်။ ဤသားရဲတို့သည် သူတို့၏တန်ခိုးအာဏာကို ပြည်တန်ဆာအားပေးသည် ဟုဆိုကြပါသည်။ သူတို့ကိုယ်သူတို့ အတူ တကွပေါင်းစည်းကြပါသည်။ သမ္မာကျမ်းစာဆိုသည့် အတိုင်း အတိအကျပင် ဖြစ်ပါသည်။ သူတို့ထိုသို့ ကြိုးစားနေကြသည်။ ယခုအခါကတည်းက စတင်၍ကြိုးစားနေကြပါသည်။

ကက်သလစ်ဘာသာဝင်များအား ကျွန်တော်ဆန့်ကျင်၍ ပြောကြား ခြင်းမဟုတ်ပါ။ ပရိုတက်စတင့်များကဲ့သို့လည်း မဟုတ်ပါ။ သင်တို့သည် မက်သဒစ်များ၊ နှစ်ခြင်းများ၊ များသောအားဖြင့် ပင်တေကုတ္တေအသင်း သားများ ဖြစ်ကြပါသည်။ သင်တို့၏အ သင်းတော်များသည် ထိုအသင်း တော်များ ကောင်စီထဲသို့ရောက်သွားကြပါက သူတို့ပိုမိုကြီးထွားလာသော အဆောက် အဦကြီးကို နယူးယောက်မြို့တွင် တည်ဆောက်ကြပါသည်။ အသင်းတော်များကောင်စီ ဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂကဲ့သို့ စုပေါင်းရသည့်အဖွဲ့အစည်းများကဲ့သို့ ဖြစ်ပါသည်။ သူတို့သည် ပရိုတက်စတင့်များ အားလုံးကိုလည်း ပေါင်းစည်းရန်ကြိုး စားကြပါသည်။ (ဆာလံ ၃၇း၉၊ ဟေ ရှာယ ၄၀း၃၁)

ကက်သလစ်များက အသိညဏ်ရှိကြပါသည်။ ပုပ်ပ်ရဟန်း(၂၃)ယောက်မြောက်လား။ ဒါမှမဟုတ် (၂၂)ယောက်မြောက်လားမသိ ပါဘူး။ ဘယ်နှစ်ယောက်မြောက်ဘဲဖြစ်ဖြစ်သူဟာအင်မတန်နှိမ့်ချပြီးကျိုးကျိုးနွံနွံနဲ့ပရိုတက်စတင့်တွေရဲ့ယုံကြည်ခြင်း နဲ့ကက်သလစ်တွေရဲ့ ယုံကြည်ခြင်းကို တစ်ခုတည်းဖြစ်အောင် ပေါင်းစပ်ပါတယ်။ သူတို့ထိုသို့ပြုလုပ်မယ်လို့ သမ္မာကျမ်းစာက ဖေါ်ပြထားသကဲ့သို့ ဖြစ်ပါတယ်။ ပရိုတက်စတင့်များကလည်း သူတို့ရဲ့ လမ်းကြောင်းကနေပြီး လွဲပြီးတော့ နစ်မြုပ်သွား ကြပါတယ်။ သူတို့ဘာကြောင့်ဖြစ် ကြရပါသနည်း။ သူတို့မှာပိုင်ဆိုင်သင့်တဲ့ အရာများမရှိလို့ပါဘဲ။ နှုတ်ကပတ်တော်ရဲ့အ ခွင့်အာဏာတည်းဟူသော အသိပညာ၊ သီးခံခြင်း၊ ကိုယ်တော်ရှင်ကိုစောင့်ဆိုင်းပြီးတော့ သီးခံခြင်း စသည်တို့ မရှိလို့ပါဘဲ။

146 ၁၄၆။ မက်သဒစ်ဘီးရှော့တစ်ဦးပြောသကဲ့သို့ ဖြစ်ပါသည်။ သူတို့ဟိုတစ်နေ့ ကဖြတ်သွားတဲ့အခါမှာ ပြောသွားပါတယ်။ သူတို့ဟာဆုတောင်းချက်တစ်ခု ကိုဆုတောင်းပြီးတော့ အသင်းတော်ထဲမှာဖြစ်ဖြစ်၊ ကျောင်းမှာဖြစ်ဖြစ် သူတို့ ဆုတောင်းချင် တာကို ဆုတောင်းကြပါတယ်။ သူတို့ဟာဆိုရင် ပရက်စ်ဘီ တေးရီးယန်းရဲ့ဆုတောင်းစာအုပ်၊ ဒါမှမဟုတ်တစ်ခုခုနဲ့ ဆု တောင်းကြခြင်း ဖြစ်ပါတယ်။ မိဘတွေဟာ ဤအရာကိုလက်မခံဘူး။ ကျောင်းမှာ ဒီဆု တောင်းချက်တွေကို မဆိုသင့်ဘူးဆိုပြီး မိဘတွေက ပြောကြပါတယ်။ မက်သဒစ်ဘီးရှော့ကြီးကတော့ အင်မတန်မှဘဲ ပညာရှိပါတယ်။ သူကမတ်တပ် ရပ်ပြီး အဲဒါမှားတယ်။ အဲဒါဥပဒေနဲ့မညီဘူး။ သူကမက်သဒစ်အသင်းတော် ကဲ့သို့ဖြစ်ရမယ်လို့ဆိုပါတယ်။ ကျွန်တော်တို့က မက်သဒစ်အသင်းတော်မှာ ဆိုရင် လူများစွာတို့ဟာ ဟောလီးဝုဒ်ပုံစံကို ပြောကြားပါတယ်။ ဟောလီး ဝုဒ်ပုံစံနဲ့ စကားပြော ဆိုကြပါတယ်။ ၉၅%လောက်ကတော့ သွားပြီးတော့ ကြည့်နေကြပါတယ်။ အဲဒီတော့ ဘာဖြစ်လာပါသလဲ။ သူတို့ဟာဆိုရင် သမ္မာတရားလမ်းကို ပယ်ဖျက်ပြီးတော့ သူတို့သွားချင်တဲ့လမ်းအတိုင်း သူတို့ လိုက်လျှောက်သွားကြပါတယ်။

147 ၁၄၇။ တနေ့က ကျွန်တော်သည်ဤအခန်းထဲ၌ပင် စကားပြောပါသည်။ Falls City မှာရှိတဲ့အသင်းတော်ရဲ့ အကြီးမားဆုံး မက်သဒစ်အသင်းတော်ရဲ့ အမှုဆောင်တစ်ဦးနဲ့စကားပြောခြင်း ဖြစ်ပါသည်။ မက်သဒစ်အသင်းတော် မှာဆိုရင် အများဆုံး ဝိညာဉ်ရေးရာကြီးမားတဲ့ အသင်းတော်ဖြစ်ပါတယ်။ မက်သဒစ်ခေတ်ကာလရဲ့နောက်ပိုင်းမှာ ကျွန်တော်တို့ရဲ့ခေတ်ကာလဖြစ် ပါတယ်။ ပင်တေကုတ္တေကာလဖြစ်ပါတယ်။ ထိုသူကပြောပါတယ်။ မစ်ဇူးရီ ပြည်နယ်မှာရှိတဲ့ စိန့်လူးဝစ်မြို့မှာ ဆိုရင်စစ်တမ်း ကောက်ယူလိုက်သောအခါတွင် လွန်ခဲ့တဲ့ သုံးလေးလအတွင်းက တွေ့ရှိချက်တစ်ခုရှိပါတယ်။ ထိုသူဟာ ဒီမနက် ဤနေရာမှာ ထိုင်ကောင်းထိုင်နေပါလိမ့်မယ်။ သူဟာအဲဒီ အဆောက်အအုံရဲ့ ကွန်ထရိုက်တာတစ်ဦး ဖြစ်ပါတယ်။ ကျွန်တော် တို့အတွက် အဆောက်အအုံ ဆောက်လုပ်ပေးမဲ့သူတစ်ဦး ဖြစ်ပါတယ်။ သူ့ရဲ့အသင်းတော်ကတော့ မိန်းစ္စိ မက်သဒစ်အ သင်းတော်ဘဲ ဖြစ်ပါတယ်။ ဘရာသာလွန်းမ်က အဲဒီမှာ သင်းအုပ်ဆရာဖြစ်ပါတယ်။

အဲဒီမှာ ကျွန်တော်တို့လေ့လာတွေ့ရှိချက်ကတော့ ၇၀%လောက်မှာ ဆိုရင် မက်သဒစ်၇၀%လောက်ကို ဆိုလိုခြင်း ဖြစ်ပါ တယ်။ အဲဒီစစ်တမ်း ကောက်ယူချက်အရ စိန့်လူးဝစ်စ်မြို့မှာတင် ၇၀%လောက်ရှိတဲ့ မက်သဒစ်တွေဟာ စီးကရက် သောက်ကြပါတယ်။ ၆၈%လောက်ကတော့အရက် သောက်ကြပါတယ်။ ထူးခြားသောအရာတစ်ခုမှာ အမျိုးသားနှင့်အ မျိုးသမီး အကြား ခန့်မှန်းချေသုံးသပ်ထားခြင်းပင် ဖြစ်ပါသည်။ အမျိုးသမီးမှာ ၇၀%ရှိ၍ အမျိုးသားမှာ ၅၀%ရှိပါသည်။အမျိုး သမီးများက အမျိုးသားများထက် ဆေးလိပ်ပို၍ သောက်ကြသည်။ ၇၀%ခန့်ဖြစ်ပါသည်။ အမျိုးသားများထက် အမျိုးသမီး များက ပို၍များပြားနေကြပါသည်။

148 ၁၄၈။ သမ္မာကျမ်းစာ သွန်သင်ချက်များနှင့်ပတ်သက်၍ ဆက်လက်၍ လေ့လာမည်ဆိုပါက ဆံပင်တိုတိုထားခြင်း၊ စကပ်တိုတိုလေးများဝတ်ခြင်းနှင့် ပတ်သက်၍ မည်ကဲ့သို့သွန်သင်ထားသည်ကို တွေ့ရပါသနည်း။ ဤကဲ့သို့ ဝတ်စားဆင် ယင်ခြင်းမှာ ဘုရားတရားမကြည်ညိုရာရောက်ပါသည်။ အမျိုးသမီးများမှာ ဘုရားတရားကြည်ညိုသည်ဟု ပြောကြပြီး ဖဲကစားကြသည်။ စကားအလကားထိုင်၍ ပြောကြသည်။ သူတို့၏နှုတ်၊ သူတို့၏လျှာကိုပင် သူတို့မစောင့်ထိန်းနိုင်ကြပါ။ လျှောက်လှည့်ပတ်ပြီး စကားပြောနေကြပါ သည်။ အမျိုးသားများလည်း မည်သို့ဖြစ်ပါသနည်း။ အမျိုးသားများမှာလည်း ဖဲကစားခြင်း၊ ဂေါ့ကစားခြင်း၊ အဝတ်အစားပြည့်ပြည့်စုံစုံမဝတ်ဘဲ ညစ်ညစ်ပတ်ပတ် ဝတ်စားဆင်ယင်ခြင်း၊ အမျိုးသမီးများ မှာလည်း ထိုကဲ့သို့ ပင်ဝတ်စားဆင်ယင်ပြီး လမ်းမပေါ်ထွက်သွားလာခြင်းတို့မှာ ဘုရားသခင် နှစ်သက်သောအရာ မဟုတ်ပါ။

ကျွန်တော်တို့ ထောင်တရားဟောဆရာတစ်ဦးဖြစ်သူအပေါ်မှာ ယနေ့မနက်တွင်ပင် လုပ်ကြံပြောဆိုသည့် အကြောင်းအ ရာတစ်ခုကို ကြားရပါသည်။ ထိုတရားဟောဆရာမှာ အပြစ်ရှိသည်ဟု ကျွန်တော်မယုံကြည်ပါ။ သူတို့က သူ့ကိုမည်သို့လုပ် ပါသနည်း။ သူ၏အမည်မှာလည်း ကျွန်တော် မမှတ်မိပါ။ ထောင်တရားဟောဆရာ ဂန်းဂေးဇစ် ဖြစ်ပါသည်။ ဂန်းကို ဝင်၍ လွန်ခဲ့သောလ အနည်းငယ်အတွင်းက လူတစ်ယောက်က သတ်ဖြတ် ခဲ့ပါသည်။ ထိုသူ၏ဇနီးမှာလည်း ယခုအခါက လေးငယ်လေးတစ်ဦး မွေးဖွားပါသည်။ ဂန်းသေဆုံးသွားပြီ ဖြစ်ပါသည်။ ထိုကလေးငယ်ကို သွေးအစားထိုး ကုသ၍မရပါ။ သူမက ဂန်းသူမအား မတရားကျင့်သည်ဟု ဆိုပါသည်။ ကလေးငယ်ကလေးမှာလည်း ဂန်း၏ကလေးငယ်ကလေးဖြစ် သည်ဟု ဆိုပါသည်။ ကျီးကန်းမှာ ခိုအတောင်များတပ်ထားသည်ကို ကျွန်တော်မယုံသကဲ့သို့ ထိုစကားကိုလည်း ကျွန်တော် လုံးဝမယုံပါ။ လိမ်ညာလှည့်ဖျားသည်ဟုသာ ကျွန်တော်ထင်ပါသည်။ ဂန်းဂေးဇစ်သည် ဘုရားသခင်၏သားတစ်ဦး ဖြစ်ပါ သည်။ စာတန်မာရ်နတ်၏ သွေးဆောင်လှည့်ဖျားခြင်းဟုသာ ကျွန်တော်က ထင်မြင်ယူဆပါသည်။

149 ၁၄၉။ ထိုကဲ့သို့သော အကြောင်းအရာများအတွက် ကျွန်တော်တို့ဆုတောင်း ကြပါသည်။ မက်သဒစ်ဘီးရှော့ကြီးမှာလည်း အလွန်တော်ပါသည်။ ထိုအကြောင်းအရာကို သူလည်းသတိပြုမိပါသည်။ တစ်စုံတစ်ခုသောအရာက လွှမ်းမိုးနေခြင်းဖြစ်ပါ သည်။

တောင်ပိုင်းတွင် ဖြစ်ပေါ်နေသောခွဲထွက်ရေး ပြဿနာကဲ့သို့ပင် ဖြစ်ပါသည်။ လူသားတိုင်းကို လွတ်လပ်ခွင့်ပေးသင့်သည်ဟု ကျွန်တော်ယုံကြည်ပါသည်။ ဤနိုင်ငံတော်မှာလည်း လွတ်လပ်ရေးအတွက် ရပ်တည်နိုင် သောနိုင်ငံပင်ဖြစ်ပါသည်။ သမ္မတကနေဒီကိုလည်း စစ်တပ်များစေလွှတ် သည့်အတွက် ကျွန်တော်အပြစ်မဆိုပါ။ သို့သော်လည်း ကျွန်တော်ကအ သစ်တီထွင်သူတစ်ဦးတော့ မဟုတ်ပါ။ ကျွန်တော်က ဒီမိုကရက်တစ် ယောက်တော့မဟုတ်ပါ။ ကျွန်တော်က ရစ်ပါပလက်ကင် တစ်ယောက်လည်း မဟုတ်ပါ။ ကျွန်တော်က ခရစ်ယာန်တစ်ယောက်သာ ဖြစ်ပါသည်။ ကျွန် တော်ထိုကိစ္စမျိုးကို မယုံပါ။

အသားအရောင်ကွဲပြားလျှက်ရှိသောသူများ သူတို့၏သားဦးအရာကို ရောင်းချသည့်ကိစ္စမျိုးကို ကျွန်တော်မယုံကြည်ပါ။ ရစ်ပါပလက်ကင်ပါတီ ပင် ဖြစ်ပါသည်။ အာဗြဟံလင်ကွန်း၏သွေးက ထိုအသားမဲတို့အား လွတ် မြောက်စေပြီ ဖြစ်ပါသည်။ အာဗြဟံလင်ကွန်းမှာ ဘုရားတရားကြည်ညိုသူ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။ သင်သည် အနည်းဆုံးပါတီတစ်ခုခုကို ထောက် ခံထားရမည် ဖြစ်ပါသည်။ သို့မှသာသင်မဲဆန္ဒပေးနိုင်မည်ဖြစ်ပါသည်။ (တမန် ၁၇း၂၆)သို့သော်လည်းကျွန်တော်ကသင့်ကိုတစ်ခုပြောချင်ပါသည်။ ကျောင်းများရှိသဖြင့်လူကလေးမှာ ကျောင်းနေခွင့်မရပါ။ ထိုက လေးငယ်မှာ နိုင်ငံသားဖြစ်ပါသည်။ အမေရိကန်ကလေးတစ်ဦးဖြစ်ပါ သည်။ လူတိုင်းလွတ်လပ်ခွင့်ရှိပါသည်။ အသားအရောင်ကြောင့် ဘာမှ ပြောင်းလဲမှုမရှိပါ။ ခြားနားမှုမရှိပါ။ ဘုရားသခင်က လူသားတိုင်းသည် တစ်သွေးတည်း တစ်သားတည်း တစ်နိုင်ငံတည်းသားများ သာဖြစ်ကြ သည် ဟု ဆိုပါသည်။ ကျွန်တော်တို့အားလုံးမှာ တစ်လုံးတစ်ဝတည်းသာ ဖြစ်ကြ ပါသည်။

150 ၁၅၀။ သို့သော်လည်း ထိုလူငယ်ကလေးမှာ စစ်သားကလေးဖြစ်ပါသည်။ သူသည် စစ်ပြန်ရဲဘော်ဟောင်းကလေး ဖြစ်ပါ သည်။ တရားမျှတမှုအတွက် သူသည်တိုက်ပွဲဝင်ခဲ့ပါသည်။ သူ့မှာကျောင်းနေခွင့်ရှိပါသည်။ ကျောင်းများ စွာရှိသော်လည်း သူသွားပြီး ကျောင်းမတက်နိုင်ပါ။ ထိုကဲ့သို့ဖြစ်ရခြင်းအ ကြောင်းရှိနေပါသည်။ သင်သည် ထိုကိစ္စ၏နောက်ကွယ်ကို စဉ်းစားကြည့် ပါက လက်ရှိခေတ်ကာလ၏ဂိုဏ်းဂဏဆိုင်ရာ ခွဲခြားမှုနှင့်ပတ်သက်နေ ကြောင်း သိရပါသည်။ ဘာကြောင့်လဲ¿ သူတို့မှာပြောင်းလဲမှုများဖြစ်နေပါသည်။ ရစ်ပါပလက်ကင်ကနေ ဒီမိုကရက်ကိုမဲဆန္ဒပေးခြင်းများ၊ အသား မဲလူများက မဲပေးခြင်းများ

စသည်တို့ဖြစ်ပါသည်။ သူတို့၏သားဦးအရာများကို ရောင်းချနေပါသည်။ အမှန်အကန်ပင်ဖြစ်သည်။ သန့်ရှင်း သော ဝိညာဉ်တော်က ညဏ်ပညာရှိသောသူသည် နားလည်ပါစေ အသိတရားရှိ သောသူသည်နားလည်ပါစေ ဟုဆိုထား ပါသည်။ အသင်းတော်ကဲ့သို့ပင် ဖြစ်ပါသည်။ လက်ရှိဤခေတ်ကာလ၏ အသင်းတော်ပင် ဖြစ်ပါသည်။ မိမိကိုယ် ကိုရောင်းစားနေခြင်း ဖြစ်ပါသည်။ ဘာဖြစ်နေသည်ကိုသင်မတွေ့ ဘဲနေပါသလား။ ဘာဖြစ်နေပါသနည်း။ ကျွန်တော်၏ မိခင်အိုကြီးက ပြောပါသည်။ နတ်ဆိုးနှင့်ဆ်ိုင်သောအရာကို နတ်ဆိုးအားသာပေးလိုက်ပါဟု ပြောပါသည်။

အသိညဏ်ရှိစွာဖြင့် ပြုလုပ်နိုင်သောသူ တစ်ဦးတည်းသာ ရှိပါသည်။ သူသည် ကက်စထရိုပင်ဖြစ်ပါသည်။ အရင်းရှင်များ ရှိသမျှအားလုံးကို ပ်ိုင်ဆိုင်ထားကြပါသည်။ ကျန်များအားလုံးကို အရာခပ်သိမ်းကို ပိုင်ဆိုင်ထား ကြပါသည်။ အမေရိကန်နိုင်ငံ ကဲ့သို့ ရွှေနှင့်တိုင်းတာကြပါသည်။ ကက်စထရိုက ဘာလုပ်ပါသနည်း။ သူသည်စာချုပ်များအားလုံး ကိုဝယ်လိုက်ပါ သည်။ ရနိုင်သမျှ ပိုက်ဆံများအားလုံးနှင့် ဝယ်လိုက်ပါသည်။ ၎င်းနောက် သူဘာလုပ်ပါသနည်း။ သူကငွေကြေးကို ပြောင်းလဲပစ် လိုက်ပါသည်။ ပြန် ပြီးလှည့်ထားလိုက်ပါသည်။ ထိုကဲ့သို့ပြုလုပ်နိုင်သောနိုင်ငံ ထိုတစ်နိုင်ငံတည်းသာ ရှိပါသည်။

151 ၁၅၁။ လိုက်ဖ်လိုင်းနှင့်ပတ်သက်သည့်အကြောင်းအရာကို တနေ့မနက်က ပြောကြားခဲ့သည်ကို သင်ကြားပါသလား။ အဘယ်ကြောင့်နည်း။ သင်သည် စာချုပ်များကို ရွှေနှင့်အရောင်းအဝယ်လုပ်သကဲ့သို့ ဖြစ်ပါသည်။ စာချုပ် များကိုယူ လိုက်ပြီးဖြစ်ပြီး ယခုလက်ရှိအစိုးရက ငွေများကိုအစိုးရက ငွေများကို ဘာအတွက် သုံးနေပါသနည်း။ အမြတ်တော်ငွေများကို သူတို့နောင်နှစ် ပေါင်း(၄၀)အတွင်းယခုမှစ၍ကောက်ခံမည်ဖြစ်ပါသည်။ ထိုအခါမှာ လိုက်ဖ်လိုင်းပင် ဖြစ်ပါသည်။ ဝါရှင်တန် ဒီစီမှ ထုတ်ပြန်၍တစ်နိုင်ငံလုံးကို ဖြန့်ဖြူးခြင်းပင် ဖြစ်ပါသည်။

အမြတ်ခွန်ငွေများဖြစ်ပါသည်။ သူတို့ကအသုံးချပြီးနိုင်ငံခြားငွေ ပြန်၍ဝယ်ယူရန် ကြိုးစားပါသည်။ သူတို့က ငွေများကို သုံးပစ်လိုက်ခြင်း ဖြစ်သည်။ သူတို့လုပ်နေသောအရာမှာလည်း ထိုအရာပင် ဖြစ်ပါသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းမှာ ဘာဖြစ် ပါသနည်း။ ယခုအခါ နိုင်ငံတော်မှာ ငွေဖောင်းပွလျှက်ရှိပါသည်။ တစ်ခုတည်းသောလုပ်နိုင်သည်အရာမှာ ဘဏ်မှာ ငွေဘာမှ မရှိခြင်းပင် ဖြစ်ပါသည်။ ထိုနည်းသာ အသင့်လျှော်ဆုံးနည်း ဖြစ်ပါသည်။ ငွေကြေးများကို လဲလှည်ပစ်ရမည်ဖြစ်သည်။

သို့သော်လည်း သူတို့ကထိုသို့ မပြုလုပ်ပါ။ လက်ရှိအုပ်ချုပ်ရေး စံနစ်အရ ရိုမန်ကက်သလစ်အသင်းတော်က ကမ္ဘာ၏ရွှေများ ကို ပိုင်ဆိုင်ထား လျှက်ရှိပါသည်။ သူတို့ဘာလုပ်မည်ဆိုလျှင် ရောင်းထုတ်မည်ပင် ဖြစ်ပါသည်။ ချမ်းသာသောသူများ၊ ကမ္ဘာ လောကကြီး၏ အချမ်းသာဆုံးသောသူများသည် သမ္မာကျမ်းစာ၏ဆိုထားသကဲ့သို့ ဘာလုပ်ပါမည်နည်း။ ရောင်း နှင့်ဝယ်လ် တန်ဆေးရွက်ကြီးကုမ္ပဏီကိုကြည့်ပါ။ များသောအားဖြင့် ကက်သလစ်များ ဖြစ်ကြပါသည်။ ထိုကုမ္ပဏီကို အရှုံးမပေါ်မှီပင် သူတို့ဘာလုပ် ကြပါသနည်း။ သူတို့လက်ခံပါသည်။ ရောမမှငွေကို ယူပါသည်။ နောက်ပြီး သူတို့၏သားဦးအရာကို သူရောင်းလိုက်ပါသည်။ ရောမက နောက်ခံအား ပေးပါသည်။ နောက်မှနေ၍ အားပေးအားမြှောက်ပြုလုပ်ပါသည်။ သူတို့မှာ ယခုအခါ ပေါ်လစီရှိနေပြီး ဖြစ်ပါသည်။ သူတို့ဟာ တက်ကနက်ထဲကို ယူဆောင်လာပါသည်။ မစ္စတာကနယ်ဒီကလည်း ယခုဘာကိုတောင်းဆို နေသလဲဆိုသည်ကိုကြည့်ပါ။

152 ၁၅၂။ မဲဆန္ဒပေးရန် လုံးဝမလိုတော့ပါ။ မဲဆန္ဒပေးရန်အတွက် ဘာလို တော့ပါမည်နည်း။ သူတို့ကစာရွက်ပေါ်တွင်ရေးပြီး လူထုရှေ့တွင် သက်သေချပြပါသည်။ ထိုအရာနှင့်ပတ်သက်၍လည်း သူတို့က ဘာမှမလုပ်ရန်ပြော ဆိုကြပါသည်။ တနိုင်ငံ လုံးတွင် မဲရေတွက်သည့်စက်ကို ထားသောအခါ သူတို့က မစ္စတာကနေဒီကို ရွေးချယ်လိုက်ပါသည်။ မဲလိမ်၍ရွေးချယ်လိုက် ခြင်းဖြစ်သည်။ သမ္မာကျမ်းစာက သူသည်လှည့်ဖျားသောသူ၊ မုသာစကား ပြောသောသူဟု ဆိုထားသည်ကိုတွေ့ရပါသည်။

ကျွန်တော်က ဒီမိုကရက်ပါတီကို ဆန့်ကျင်၍ပြောဆိုနေခြင်း မဟုတ် ပါ။ ဒီပါပလေကန်ကိုလည်း အားပေးနေခြင်း မဟုတ်ပါ။ သမ္မာကျမ်းစာထဲမှာ အချက်အလက်များကို ပြောဆိုနေခြင်းသာဖြစ်ပါသည်။ မဲဆန္ဒရွေးခြင်း အားဖြင့် ဘာအသုံးဝင်ပါသနည်း။

153 ၁၅၃။ ဘယ်သူကဆက်လက်ပြီးတော့ သမ္မတ လုပ်မယ်ဆိုတာ သူတို့သိပြီးသား ဖြစ်ပါသည်။

ခင်ဗျားတို့အတော်များများ ရှယ်လီကပ်ကို သတိရကြမည်ဖြစ်ပါသည်။ ထိုနေရာတွင် အမျိုးသမီးနှစ်ဦး ရပ်နေပါသည်။ တစ်ဦးက ကျွန်မကတော့ မစ္စတာကနေဒီကို မဲဆန္ဒပေးမယ်ဟု ပြောပါသည်။ ပရိုတက်စတင့် အမျိုးသမီးကဆိုခြင်း ဖြစ်ပါ သည်။ သူတို့က ဘာကြောင့်လဲဟု မေးသည်။ အဖြေမှာ သူသည်မစ္စတာနစ်ဖဂန်ထက်ပို၍တော်တယ်လို့ ကျမထင်လို့ပါဘဲ။ သမ္မတဖြစ်လာရင် သူကပိုသာမယ်လို့ ကျမထင်ပါသည်။ ထိုအခါ သူတို့က တဖန်ပြောကြပြန်ပါသည်။ ဒီအမျိုးသမီးကတော့ ကက်သလစ် အမျိုးသမီးပါဘဲ။ ခင်ဗျားဘယ်သူ့ကို ဆန္ဒမဲပေးမှာလဲ။ သူကပြန်ဖြေပါသည်။ ကျမကကက်သလစ်၊ တစ်ကယ် သစ္စာရှိတဲ့ ရိုမန်ကက်သလစ်တစ်ဦးပါဘဲ။ ကျမက မစ္စတာနစ်ဖဂန်ကို ဆန္ဒမဲပေးမှာပါ။ ဘာကြောင့်လဲ။ ဘာကြောင့်လဲဆို တော့ မစ္စတာနစ်ဖဂန်က ပိုပြီးသာလွန်ကောင်းမွန်တဲ့ သမ္မတတစ်ဦး ဖြစ်မယ်လို့ ထင်လို့ပါဘဲ။ သူကအဖက်ဖက်က အကြောင်းအရာအမျိုးမျိုး နဲ့သူက သိပြီးသားဖြစ်တယ်။ ကျွန်မြူနစ်ဝါဒနဲ့လည်း သူကအကျွမ်းဝင်မှုရှိ တယ်ဟုပြန်ဖြေပါသည်။ ထိုအမျိုးသမီးသည် လိမ်ညာနေခြင်းဖြစ်ပါသည်။

154 ၁၅၄။ ကျွန်တော့်ထံမှာ ကျွန်တော်တို့၏ယုံကြည်ခြင်းနှင့်ပတ်သက်သည့် အချက်အလက်များဆိုသည့် စာအုပ်တစ်အုပ်ရှိပါ သည်။ အမြင့်မားဆုံး ကက်သလစ် စာအုပ်တစ်အုပ်ဖြစ်၍ ဝယ်ဖတ်နိုင်ပါသည်။ ထိုစာအုပ်ထဲတွင် ရေးသားထားသည့် အကြောင်းအရာမှာ ကက်သလစ်တစ်ဦးသည် ပရိုတက်စတင့်တစ်ဦးနှင့်ကက်သလစ်တစ်ဦးတို့ သမ္မတရွေးချယ်ပွဲကို နှစ်ဦး စလုံးဝင်ရောက်ယှဉ်ပြိုင်သောအခါ ဆန္ဒမဲပေးခွင့်လက်မှတ်ရရှိလျှင် ပရိုတက်စတင့်ကိုသွား၍ မဲဆန္ဒပေးလျှင် သူတို့၏ကက်သ လစ်အဖွဲ့ထဲကနေ မောင်းထုတ်ခြင်းခံရပါမည်။ ကက်သလစ်နှစ်ဦးစလုံး သမ္မတအရွေးခံမည် ဆိုလျှင် ပိုပြီးတော့ မိမိအသင်း တော်အပေါ်မှာ သစ္စာရှိတဲ့ကက်သလစ်ကို ရွေးချယ်ပြီး မဲဆန္ဒပေးရပါမယ်။

မည်ကဲ့သို့ လှည့်ဖျားထားသည်ကို သတိပြုမိပါသလား။ သူတို့ဘာကို လုပ်ရန်ကြိုးစားနေကြပါသနည်း။ ပိုက်ဆံပေး၍ ဝယ်ယူနေကြပါသည်။ အဘယ်ကြောင့်နည်း။ သူတို့ခွဲထွက်ရန် ကြိုးစားနေခြင်း ဖြစ်ပါသည်။ သူတို့သည် ပျက်စီးစေရန် ချိုးဖဲ့ နေခြင်းပင် ဖြစ်ပါသည်။ သို့မှသာသူမသည် ကျိုးပဲ့ပျက်စီးသွားပါမည်။

ငင်းအရာသည် ဘာဖြစ်ပါသနည်း။ ရွှေနှင့်တိုင်းတာခြင်းပင် ဖြစ်ပါ သည်။ ကက်သလစ်အသင်းတော်ကြီးတစ်ခုလုံးသည် ကမ္ဘာကြီး၏ရွှေများ ကို ပိုင်ဆိုင်ထားပါသည်။ ဘီလီယမ်သန်းပေါင်း(၁၆၈)ခန့်ရှိပါသည်။

155 ၁၅၅။ ရွှေ၏စံချိန်ဖြင့် သူ့အားပြန်လည်၍ တိုင်းတာပါမည်။ ခင်ဗျားတို့အိမ်များ၊ ပိုင်ဆိုင်သည့်အရာဝတ္ထုပစ္စည်းများကို ထားထားပါ။ ဒါပေမဲ့ ခင်ဗျားတို့ ကက်သလစ်အသင်းတော်နှင့်ပတ်သက်နေပါသည်။ အသင်းသားများဖြစ် ကြပါသည်။ နိုင်ငံ တစ်နိုင်ငံလုံးလည်း ကက်သလစ်အသင်းတော်က ပိုင်ဆိုင် ပါသည်။ သူတို့၏ငွေကြေးပမာဏအားဖြင့် အားလုံးကို ပိုင်ဆိုင်ထားပြီးသား ဖြစ်နေပါသည်။ (၁ကော ၁း၂၁၊ ၁ကော ၃း၁၉)

သမ္မာကျမ်းစာက ထိုအကြောင်းအရာကို မပြောဆိုလိုဘူးလား။ သမ္မာကျမ်းစာဆိုလိုသော အကြောင်းအရာမှာ ထိုအရာပင် ဖြစ်ပါသည်။ ကျွန်တော်ပြောဆိုလိုသောအကြောင်းအရာမှာ ထိုအကြောင်းအရာပင် ဖြစ်ပါသည်။ ဤသို့သူတို့ကပြောဆိုကြ လိမ့်မည်။ အဲဒီအသင်းတော်က အလွန် ကောင်းပါတယ်။ ပရိုတက်စတင့်တွေနဲ့ ပြန်လည်ပေါင်းစည်းညီညွတ်ခြင်း ဟာ အလွန် ကောင်းပါတယ် ဟုဆိုကြပြန်သည်။ သာမန်အားဖြင့်ဆိုလျှင် ကောင်းပြီဟုမြင်ရပြန်သည်။ သို့သော်လည်း ဤကမ္ဘာလော ကကြီးအသိတရားသည် ဘုရားသခင်ရှေ့တွင် မိုက်မဲခြင်းသက်သက်သာ ဖြစ်ပါသည်။ ပျောက်ဆုံးသောသူများကို ကယ်တင် ရန်ဟောပြောခြင်းသည် မိုက်မဲခြင်း ဖြစ်သော်လည်း ဘုရားသခင်၏စိတ်တော်နှင့် ထိတွေ့ပါသည်။ ဘုရားသခင် ၏အမှု တော်မြတ်ပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် သူ၏အသင်းတော်ကို ဘိသိတ်ပေးတော်မူ၍သူ၏အသင်းတော်ကို ဝိညာဉ် ရေးရာ အရည်အချင်းများရှိသည့်အပေါ်တွင် တည်ဆောက်ပါသည်။ ကမ္ဘာလောကကြီးက ခံယူသကဲ့သို့ တည်ဆောက်ခြင်းမ ဟုတ်ပါ။ (၂ပေ ၁း၄)

156 ၁၅၆။ ပေတရုကဆိုပါသည်။ ထိုသို့သောအားဖြင့် အလွန်ကြီးမြတ်၍အဖိုး ထိုက်သောဂတိများကို ငါတို့၌အပ်ပေးတော်မူပြီ။ အကြောင်းမူကား ထိုဂတိ တော်များကို အမှီပြု၍သင်တို့သည် လောကီအညစ်အကြေးတပ်မက်ခြင်း နှင့်ကင်းလွတ်သဖြင့် ဘုရားပကတိနှင့် ဆက်ဆံသောသူဖြစ်ရမည်အ ကြောင်းတည်း။ ငွေကိုတပ်မက်ခြင်း၊ အချိန်ကိုတပ်မက်ခြင်း၊ လောကသာ ယာမှု၊ စားသောက်ခြင်းတို့ကို တပ်မက်ခြင်း၊ လောဘလွန်ကျူးခြင်း အားလုံးတို့ကို သင်တို့သည် လွတ်မြောက်ကြပြီဖြစ်သည်။ သင်တို့ကို ယခုအခါ တွင် တည်ဆောက်ထားလျှက်ရှိပါသည်။ အသင်းတော်ကို ဆိုလိုခြင်းပင် ဖြစ်ပါသည်။ (၂ပေ ၁း၁-၄) သင်ထိုကျမ်းပိုဒ်ကို ဖတ်မိပါသလား? ရှင်ပေတရုဩဝါဒ စာဒုတိယစောင်ကို ဖတ်ကြည့်ပါ။ သူဘာကိုဆိုလိုသည်ကို နားထောင်ကြည့်ပါ။ အလွန်လှပသော အရေးအသားဖြစ်၍သူဆိုလ်ိုသည့် အဓိပ္ပါယ်မှာလည်း အလွန်ကောင်းမွန်ပါသည်။ ကျမ်းပိုဒ်ကိုပြန်၍ ဖတ်ပါမည်။ နားထောင် ကြည့်ပါ။ ယေရှုခရစ်၏ကျွန် တမန်တော်ငါရှိမုန် ပေတရုသည် ကယ်တင်တော်မူ သောအရှင် ငါတို့ဘုရားသခင်ယေရှုခရစ်၏ ဖြောင့်မတ်ခြင်းတရားကို ငါတို့ယုံကြည်သည်နည်းတူ မြတ်စွာသောယုံကြည် ခြင်းကိုရသောသူတို့အား ကြားလိုက်ပါ၏။ ဘုရားသခင်ကိုငင်း၊ ငါတို့သခင် ယေရှုခရစ်ကိုငင်း၊သိသောဉာဏ်အားဖြင့် ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်း သည် သင်တို့၌များပြားပါစေသော။ ထိုသို့နှင့်အညီ ငါတို့ကိုဘုန်းတန်ခိုး တော်နှင့်ခေါ်တော်မူ သော ဘုရားကိုသိသောဉာဏ်အားဖြင့် ငါတို့အားအ သက်ရှင်ခြင်း၊ဘုရားဝတ်၌မွေ့လျော်ခြင်းနှင့် သက်ဆိုင်သောအရာရှိသမျှ တို့ကို ဘုရားတရားတန်ခိုးတော်သည် ပေးသနားတော်မူသည်။ ထိုသို့ သောအားဖြင့်လည်း အလွန်အဖိုးထိုက်၍ ကြီးမြတ်သောဂတိများကို ငါတို့၌ အပ်ပေးတော်မူသည်။ အကြောင်းမူကား ထိုဂတိတော်များကို အမှီပြု၍ သင်တို့သည် လောကီတပ်မက်ခြင်း အညစ်အကြေးနှင့်ကင်းလွတ်သဖြင့် ဘုရားပကဂတိကို ဆက်ဆံရသောအားဖြင့် ဘုရားပကတိကို ဆက်ဆံရ သောသူဖြစ်ကြမည်အကြောင်းတည်း။

157 ၁၅၇။ ငွေကိုတပ်မက်ခြင်း၊ ကြီးမားသောအရာများကိုတပ်မက်ခြင်း၊ ထင်ပေါ်ကျော်ကြားလိုခြင်း၊ ထိုအရာများအားလုံး တို့သည် ယုံကြည်သူအတွက် အသေဖြစ်နေပါသည်။ ကျွန်တော်တို့ လုံးဝဂရုမစိုက်တော့ပါ။ တဲအိမ်ကလေးဘဲဖြစ်စေ၊ ပျဉ်ထောင် အိမ်ကလေးဘဲဖြစ်စေ၊ ဘာကိုကျွန်တော်တို့ ဂရုစိုက်ရပါမည်နည်း။ အသက်ရှင်ခြင်း သို့မဟုတ်သေခြင်း၊ နစ်မြုပ်ခြင်း ဤအရာများကိုသာ ကျွန်တော်တို့စိတ်ဝင်စားကြပါသည်။ ဘုရားသခင်၏ နိုင်ငံတော်ပင်ဖြစ်ပါသည်။ ကျွန်တော်၏ အိမ်ကို ကျွန် တော်ထိန်းသိမ်းစောင့် ရှောက်ပြီး မိသားစုကိုထိန်းသိမ်းစောင့်ရှောက်ပြီး ဘာကိုဘဲ ထိန်းသိမ်း စောင့်ရှောက်ပါ စေ။ ခရစ်တော်ကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သည်။ ခရစ်တော်သည်မြှော်လင့်ခြင်းဘုန်းတော်ပင်ဖြစ်ပါသည်။ (ဖေက် ၄း၁၁-၁၂၊၂ပေ ၁း၅-၇)

ကိုယ်တော်ရှင် ကျွန်တော့်အား တည်ဆောက်တော်မူပါ။ ခရစ်တော်သည် ကျွန်တော်၏ဦးခေါင်းဖြစ်တော်မူပါ။ ကျွန်ုပ်၏အ ခြေခံ အုတ်မြစ်အားဖြင့် အလုပ်လုပ်စေတော်မူပါ။ ကိုယ်တော်ရှင်ကို ကျွန်ုပ်၏ယုံကြည်ခြင်း ရှိပါစေ။ အပြစ်ကင်းစင်ခြင်း၊ ပညာရှိ်ခြင်း၊ ကာမဂုဏ် စောင့်ထိန်းခြင်း၊ စိတ်ရှည် သီးခံခြင်း၊ ကောင်းမြတ်ခြင်းနှင့် ညီအစ်ကိုချင်း ချစ်ခြင်းမေတ္တာတို့ ကျွန်ုပ်အထဲ၌ ထွက်လာပါစေ။ အိုကိုယ်တော်ရှင်အဖ၊ ကျွန်ုပ်၏ဆု တောင်းချက်ဖြစ်ပါသည်။ ကျွန်ုပ်သည် သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ ဘာကိုမှဂရုမစိုက်ပါ။ နစ်မြုပ်မှာ ပျက်စီးမှာကိုလည်း ဂရုမစိုက်ပါ။ ဂုဏ်းဂဏရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မိတ်ဆွေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ် စေ၊ ဘာကိုမှဂရုမစိုက်ပါ။ ကိုယ်တော်ရှင်သာ ကျွန်ုပ်အထဲမှာ အမှုဆောင် တော်မူပါ။ ခရစ်တော်၏တန်ခိုး၊ သူ၏အသိဉာဏ်၊ ကျွန်ုပ်အထဲသို့စီးဝင်၍ အခြားသောသူများအား ပြန်လည်သွန်သင်နိုင်သောအ ခွင့်ကိုပေးပါ။ ကိုယ်တော်ရှင်သည် တမန်တော်များ၊ ပရောဖက်များ၊ ဓမ္မဆရာများ၊ သင်းအုပ် ဆရာများ၊ ဧဝံဂေလိဆရာများကို အသင်းတော်တွင် ခန့်အပ်၍အားလုံး ကောင်းစေရန်အတွက် အားလုံးအတူတကွ အပြစ်ကင်းစင်စေရန်အတွက် တည် ဆောက်စေရန်အတွက် ပြုလုပ်တော်မူပါသည်။ ကိုယ်တော်ရှင်၏ တပါးတည်းသောသားတော် ပြန်လည်ကြွလာတော်မူသည့် အထိအပြစ်ကင်း စင်စေရန် တည်ဆောက်ပါသည်။

158 ၁၅၈။ ဤကျောက်တုံးတစ်တုံးစီသည် အခြားသော ကျောက်တုံးတစ်တုံးစီ၏ အစိတ်အပိုင်းဖြစ်သည်။ ဤအစိတ်အပိုင်း သည် အခြားသော ကျောက်တုံးတစ်တုံးစီ၏ အစိတ်အပိုင်းဖြစ်သည်။ ဤအပြစ်ကင်းစင်ခြင်းသည် ကိုယ်တော်ရှင်နှင့်သက် ဆိုင်ပါသည်။ ကိုယ်တော်ရှင်အပေါ်သို့ သွန်းလောင်းတော်မူခြင်းဖြစ်ပါသည်။ အာမင်။ (၁၂)နာရီထိုးပြီဖြစ်ပါသည်။ အားလုံးဘယ်ကို သွားကြပါမည်နည်း။ အာမင်။ ကိုယ်တော်ရှင်ကို သင်ချစ်ပါသလား။ သင်ထိုအရာကို ယုံကြည်ပါသလား။ နားထောင်ကြပါ။

ယနေ့မနက် စစ္စတာကစ်ပြောပါသည်။ ဘရာသာဘဲလ် ကျမတော့ ရှင့်ကိုပြန်တွေ့ရမယ်လို့ မထင်ဘူး။ ကျွန်တော်အရမ်းစိတ် နှလုံး ထိခိုက်သွားပါသည်။ သူမက အသက်ကြီးလာပြီဆိုတော့ သူမထိုကဲ့သို့ဘဲ ပြောပေမည်။ ဘုရားသခင်ထံ ကျွန်တော် ဆုတောင်းမိပါသည်။ သူမကိုအသက်ရှည်ခွင့်ပေးပါ။ ဘရာသာကစ်ကိုလည်း အသက်ရှည်ခွင့်ပေးပါ။ ကျွန်တော်ပြောပါရစေ။ ကျွန်တော်တို့ တစ်ယောက်နှင့်တစ်ယောက် ဘယ်လောက်ကြာကြာ သိကြရမည်ကို မပြောနိုင်ပါ။ ကျွန်တော်ဘယ်လောက် ကြာကြာ ခင်ဗျားတို့ နဲ့အတူရှိရမည်ကိုလည်း ကျွန်တော်မသိနိုင်ပါ။ ဒီလောကကြီးမှ ဘုရားသခင် ကျွန်တော့်ကို ခေါ်ဆောင် သွားနိုင်ပါတယ်။ တခြားအလုပ်ခွင် တခြား အမှုတော်ဆောင်ရမည့်နေရာကိုလည်း ကိုယ်တော်ရှင်ခေါ်သွားနိုင်ပါတယ်။ တနေရာရာကို ခင်ဗျားတို့ကိုခေါ်သွားနိုင်ပါတယ်။ ကျွန်တော်တို့ မပြောပြတတ်ပါ။

သို့သော်လည်း ရယူရန်ကြိုးစားကြပါစို့။ ဤအခွင့်အရေးဆုံးရှုံးမသွား စေပါနှင့်။ အခွင့်အရေးကို ရအောင်ယူပါ။ သမ္မာကျမ်းစာ ထဲတွင် ဖော်ပြထားပါသည်။ ဤနေရာတွင် ဖော်ပြထားပါသည်။ အကြောင်းအရာများနှင့် အားလုံးပင်ဖြစ်ပါသည်။ ကျွန်တော့်မှာ အချိန်ရပါက တစ်ရက်တည်းနှင့်ရ အောင်လုပ်နိုင်ပါသည်။ တစ်ခုတည်းနှင့် အားလုံးကိုစုပေါင်း၍ ချည်ထားလိုက်ပါ။ သတင်း စကားကို ရရှိပြီဆိုသည်ကို ကြည့်ပါ။ သန့်ရှင်းသောဝိညာဉ်တော် ဘာလုပ်နေသည်ကိုလည်း ကြည့်ပါ။ ဘယ်နှစ်ယောက် ရှိပါသနည်း။ ဆင်းလာကြပါ။ ထိုအတိုင်းဘဲ ပုံကိုဆွဲပါ။ ဘုရားသခင်၏ကောင်း ကင်တမန်ပုံဖြစ်ပါသည်။ (၂ပေ ၁း၅-၆)

159 ၁၅၉။ အမှန်တရားပင်ဖြစ်ပါသည်။ ထိုအမှန်တရားကိုသင် မရရှိဘဲနှင့် အဆုံးအရှုံးမခံပါနှင့်။ လက်ကိုင်ထားပါ။ သေသေချာ ချာစွဲစွဲမြဲမြဲကိုင်ထားပါ။ သင်၏ယုံကြည်ခြင်းအပေါ်မှာ သီလ၊ ပညာ၊ စိတ်ရှည်သီးခံခြင်းတို့ကို ထပ်မံပေါင်းထည့်၍ တည် ဆောက်ပါ။

ကျွန်တော့်ထံမှာ စာရွက်ကလေးတစ်ရွက်ရှိပါသည်။ ကျွန်တော်သည် စာရွက်ကလေးကို တရားဟောသည့်အခါမှာ ပျောက် ကျခြင်းမရှိပါက စာရွက်ကလေးမှာ ဤနေရာတွင်ပင်ရှိနေပါမည်။ ကျေးဇူးတင်ပါသည်။ ကျေးဇူးအများကြီးတင်ပါသည်။ ဤစာရွက်ပေါ်ကို တစ်စုံတစ်ရာသည် ဤစာရွက်ပေါ်တွင်ရှိနေပါသည်။ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်၍ရပါသည်။ သင်ကူးချ၍ရပါသည်။ ကျွန်တော်ဤနေရာမှာ ကပ်ထားပါမည်။ ခင်ဗျားသေသေချာချာ လာ၍ကြည့်နိုင်ပါသည်။ လက်နှိပ်စက်ဖြင့်လည်း ကူး၍ ရိုက်နိုင်ပါသည်။

160 ၁၆၀။ ကျွန်တော်ခင်ဗျားကိ်ု ခံယူစေချင်ပါသည်။ လေ့လာစေချင်ပါသည်။ ၎င်းနောက် နှိုင်းယှဉ်လိုပါသည်။ ပြီးလျှင်ထိုအ ပေါ်တွင် မူတည်၍လှုပ်ရှား နိုင်ပါသည်။ လေ့လာခြင်းသက်သက်သာမပြုလုပ်ပါနှင့်။ နှိ်ုင်းယှဉ်ပါ။ သင် ပြုလုပ်သည့်အရာ ပေါ်တွင် လှုပ်ရှားပါ။ သင့်အတွက် ရိုးရိုးသားသားပင် ခံယူပါ။ ကျွန်တော်နားထောင်ရတာ အင်မတန်ကောင်းပါတယ်လို့ မပြော ပါနှင့်။ ကျွန်တော်လည်းပြောခဲ့ဘူးပါသည်။ နားထောင်ခြင်းနှင့် ခံယူခြင်းမှာ ကွာခြားပါသည်။ ကွာခြားချက်ရှိပါသည်။

ဘုရားသခင်၏ ပုံသဏ္ဍာန်တော်အတိုင်း ဖြစ်စေရန် အရည်အချင်း (၇)မျိုးလိုအပ်ပါသည်။ အသင်းတော်ကိုလည်း ထိုအရည်အချင်းနှင့် ပြည့်စုံရန်အတွက် ဘုရားသခင်က ခေတ်ကာလကြီး(၇)ခုကို ကျော်လွှားစေခဲ့ပါသည်။ ထိုခေတ်ကာ လကြီး(၇)ခုအတွက် သတင်းစကားဟောကြားသူ(၇)ဦး ရှိပါသည်။ (၇၊ ၇၊ ၇)ပင်ဖြစ်ပါသည်။ (၇)သည် ဘုရားသခင်၏ ပြည့်စုံခြင်း နံပါတ်ဖြစ်သည်။ (၃)သည် ဘုရားသခင်၏ မှန်ကန်သောနံပါတ်ဖြစ်သည်။ (၃-၃ကြိမ် ၇) တွင်ပါဝင်ပါသည်။ ထို့ကြောင့် သင်္ချာအရ၊ ဝိညာဉ်ရေးရာ အရ၊ နှုတ်ကပတ်တော်အရ၊ သန့်ရှင်းသောဝိညာဉ်တော်၏ သက်သေခံချက် အရ အားလုံးမှာ အတူတကွပြည့်စုံလျှက်ရှိပါသည်။

161 ၁၆၁။ သေချာစွာ လေ့လာကြပါစို့။ ကျွန်တော်တို့၏ယုံကြည်ခြင်းကို ဤအရာများ ပေါင်းထည့်ကြပါစို့။ ၎င်းနောက် ခရစ်တော်၌ပြည့်ဝသော ပုံသဏ္ဍာန်သို့ရောက်ရှိမည် ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦးပူးတွဲ၍ ဘုရားသခင်၏မေတ္တာ၊ ဘုရားသခင်ကိုကြောက်ရွံ့ခြင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားခြင်း၊ တစ်ဦးနှင့်တစ်ဦးအ လေးအနက်ထား၍ ကြည်ညိုခြင်း၊ ညီအစ်ကိုမောင်နှမကဲ့သို့ ချစ်ခြင်းမေတ္တာ ကြင်နာခြင်းရှိခြင်း၊ ဘုရားသခင်၏သန့် ရှင်းသောဝိညာဉ်တော်၏ သန့်ရှင်းသောအသက်တာပင် ဖြစ်ပါသည်။ အတူတကွနေထိုင်၍ ခရစ်ယာန်ဖြစ်ကြပါ။ ယုံကြည်ခြင်းဖြင့် လျှောက်လှမ်း ကြပါ။ ဘုရားသခင်၏ အပြစ်ကင်းစင်ခြင်းသည် သင့်အတွင်းသို့ စီးဝင်စေပါ။ ဘုရားသခင်ကိုသိခြင်းသည် ကျွန်ုပ်တို့၏စိတ်နှလုံးအ တွင်းသို့ဝင်ရောက်၍ အမှားအမှန်ခွဲခြားနိုင်သောအခါ နတ်ဆိုးက သမ္မာကျမ်းစာနှင့်မကိုက်ညီ သောအရာတစ်စုံတစ်ခုကို တင်ပြလာမည်ဖြစ်ပါသည်။ ထိုအရာကိုရှောင် ရှားလိုက်ပါ။

162 ၁၆၂။ ကျွန်တော်သည် တမန်တော်များအကြောင်း စဉ်းစားမိပါသည်။ ကျွန်ုပ်တို့ကဲ့သို့ ပြုမူသူများမဟုတ်ပါ။ သူတို့သည် လှည့်လည်သွားလာ၍ စကားနည်းသောသူများသာ ဖြစ်ပါသည်။ သို့သော်လည်း တရားဟောစင် ပေါ်ရောက်မှသာ စကား များစွာဟောကြားခြင်းဖြစ်ပါသည်။ သူတို့သည် ဝင်လာသည်။ သူတို့လုပ်စရာရှိရာကိုလုပ်သည်။ နောက်ပြန်ထွက်သွားကြပါ သည်။ သူတို့မှာ သီလရှိပါသည်။ သူတို့မှာအပြစ်ကင်းစင်မှုရှိပါသည်။ သူတို့သည် လူများနှင့်ငြင်းခုံပြောဆိုခြင်း မရှိပါ။ သူတို့၏ ရပ်တည်ချက်ကိုလည်း သူတို့သိပါသည်။ သူတို့သည် မည်သူ့ကို သူတို့ယုံကြည်ကြောင်း သူတို့သိသည်။ ဝိညာဉ်တော်၌ လိုက်လျှောက်လျှက်ရှိပါသည်။

တစ်ညကကျွန်တော်ပြောဆိုခဲ့သည့်အတိုင်း ဖြစ်ပါသည်။ ခေါင်းလေး တစ်ချက်သာ ငုံ့လိုက်ပါ။ ဘုရားသခင်လုပ်ရန်ရှိပါသည်။ သူတို့ကိုမည်သူက မှတားဆီး၍ မရပါ။ သူတို့ဘာမေးခွန်းမှ မမေးပါ။ လေ့လည်းမလေ့လာပါ။ ကျွန်တော်တို့ကဲ့သို့လည်း စိုးရိမ်ပူပန်ခြင်း မရှိပါ။ သူတို့စိတ်ကူးထဲတွင် ဘာလုပ်ရမည် ဟိုဟာလုပ်ရမှာလား ဒီဟာလုပ်ရမှာလား စသဖြင့် ဇဝေဇဝါလည်း မရှိပါ။ သူတို့ရှေ့သို့သွား၍ အဆင်သင့်ပြုလုပ်ရန်ရှိပါသည်။ ဘုရားသခင်ထံမှ ခေါင်းငြိမ့်ချက်ကလေးတစ်ခု သာရှိပါသည်။ အားလုံးပြီး ပြည့်စုံသွားပြီ ဖြစ်သည်။

ရိုးရိုးကလေးပင် ဖြစ်သည်။

အဘယ်ကြောင့်နည်း။ သူတို့သည် ဘုရားသခင်ထံမှ ခေါင်းငြိမ့်ချက် ရပြီဟု မည်ကဲ့သို့သိပါသနည်း။ သူတို့အထဲမှာ အပြစ်ကင်းစင်ခြင်း အားလုံး ရှိနေပါသည်။ ထိုအရည်အချင်းများအားလုံးရှိနေပါသည်။ ဘုရားသခင်ထံ မှခေါင်းငြိမ့်မှုကလေး ပထမဆုံးတစ်ခါသာရှိပါသည်။ ထိုခေါင်းငြိမ့်ချက်ကလေးကို ဤအရာအားလုံးနှင့် နှိုင်းယှဉ်နိုင်ပါသည်။ သူ၏နှုတ်ကပတ်တော် နှင့်လည်း နှိုင်းယှဉ်နိုင်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ် ကြောင်း သူတို့သိသည့်အတွက် သူတို့ရှေ့ဆက်သွား၍ လုပ်ကိုင်ဆောင်ရွက် ကြပါသည်။ ဘာအတွက်ကိုမှ သူတို့စိုးရိမ်ပူပန်ခြင်း မရှိပါ။ ဘုရားသခင်က နှုတ်မှပြောလိုက်သည်နှင့် သူတို့ထွက်သွားကြပါသည်။

163 ၁၆၃။ ဘုရားသခင်က ကျွန်ုပ်တို့ အားစကားပြောပါသည်။ ကျွန်ုပ်တို့ကလည်း ပြန်၍ပြောပါမည်။ ကိုယ်တော် ကျွန်တော်တို့ စလုပ်ပါသည်။ ကျွန်တော်တို့ဒီအသက်တာမှာ ဆက်ပြီးအသက်ရှင်နိုင်ပ့ါမလား ဆိုတာကိုလည်း ကျွန်တော်တို့တွေ့ပါသည်။ ကိုယ်တော်ရှင်စိတ်ဆိုးအောင် တစ်စုံတစ်ယောက်က လုပ်တယ်ဆိုတာကို လည်းပထမဆုံးအနေနှင့် တွေ့ရပါသည်။ ထိုအရာမှာ နတ်ဆိုးပင်ဖြစ်ပါသည်။

ယနေ့မနက် ဤဝတ်ပြုစည်းဝေးသို့မလာအောင် ကျွန်တော့်အား တားဆီးသော အရာကိုကျွန်တော်တွေ့ကြုံရပါသည်။ ထိုအချိန်လေးတစ်ချိန် ကိုလည်း ရနိုင်အောင်ကြိုးစားရပါသည်။ စည်းဝေးပွဲအကြောင်းကို ပြောပြ ၍ အမြဲတမ်းအချိန်တိုင်း တိုက်ခိုက်နေရပါသည်။ ကျွန်တော်ကဖျားနာနေ သူများအတွက် ဆုတောင်းပေးရန်သွားသောအခါ တစ်စုံတစ်ယောက်က ကယ်တင်ခြင်း မရသေးပါ။ တစ်စုံတစ်ယောက်က သေလုမြောပါးဖြစ်နေပါသည်။ စသည်ဖြင့် (၁၀)မိနစ်အတွင်းအကြိမ်ပေါင်း(၃၀)လောက် ထိုမှ ဤမှ ခေါ်ဘိတ်ခြင်းကို ခံရပါသည်။ ထိုသို့အပြင်ထွက်၍သွားပြီးဆုတောင်း ပေးရန်အတွက် အတားအဆီးဖြစ်ရပါသည်။ ဘရာသာဘရမ်ဟမ် ခင်ဗျား ဒါလုပ်ရမယ် စသည်ဖြင့် ပြောကြပါသည်။ သို့သော်လည်း တနေရာတွင် အရေးပေါ်ကြုံကြိုက်လျှက်ရှိသော ဝိညာဉ်တစ်ခုတော့ ရှိပါမည်။

164 ၁၆၄။ တနေ့ညက ကျွန်တော့်အား တစ်နေရာသို့ လူငယ်တစ်ဦးက ခေါ်သွားပါသည်။ စူပါမက်ကက်ထဲသို့ သူနှင့်စကား ပြော၍ ရောက်သွားပါသည်။ လွန်ခဲ့သော နှစ်ပေါင်းအနည်းငယ်ခန့်က ဖြစ်ပါသည်။ သူသည် အရက်သမားတစ်ဦး ဖြစ်လာ ပါသည်။ လူငယ်ကလေးတစ်ဦးဘဝက သူသည် အလွန်ကောင်းသော လူငယ်ကလေးတစ်ဦး ဖြစ်ပါသည်။ သို့သော်လည်း သူသည်အပြစ်သားဖြစ်သည်။ သူ၏မိခင်က ဖုန်းဆက်၍ခေါ်ခြင်း ဖြစ်သည်။ သူမသည် ဆရာဝန်ကိုလည်း နှစ်ကြိမ်တိုင်တိုင် ခေါ်ပါသည်။ ဘီလီကိုလည်း နှစ်ကြိမ်တိုင်တိုင် ခေါ်ပါသည်။ နောက်ဆုံးတွင် ကျွန်တော်က သူတို့နှင့်အဆက်အသွယ်ရ သွားပါသည်။ သူတို့ရဲ့အကြောင်း ကိုသိရသောအခါ ကျွန်တော့်ဘဝမှာ ထိုလူငယ်ကလေးရဲ့ အသက်တာကို ပြန်လည်ရရှိရန် တိုက်ခိုက်ရပါသည်။ တစ်ခါမှ ထိုကဲ့သို့ပြင်းပြင်းထန်ထန် မတိုက်ခိုက်ခဲ့ရဘူးပါ။ ထိုနေရာ သို့ရောက်သောအခါ ထိုသူငယ် လေးမှာ ကျွန်တော့်အား မမှတ်မိတော့ပါ။ သူသည် သတိမေ့လျှက် လှဲလျောင်းနေပါသည်။ သူ၏ဖခင်က သူ့အားကျော ကိုသတ်၍ ခေါ်ပါသည်။ သူ၏ဖခင်မှာ အသက်(၅၀၊ ၅၁)နှစ်ခန့်ရှိပါ သည်။ သူ၏ဖခင်က နံမည်ခေါ်၍သူ့အား အေးဆေးစွာ လှဲလျောင်းနေဘို့ရန်အတွက် ပြောပါသည်။ သူကထရန် ကြိုးစားသည်။ သူ့ရဲ့လက်မောင်းများမှာလည်း ကြီးမား၍ တုတ်ခိုင် သည်။ ထိုလူငယ်လေးမှာ ကင်ဆာရောဂါကို ခံစားရပါသည်။ လုံးဝကင်ဆာရောဂါကို ခံစားနေရခြင်း ဖြစ်ပါသည်။ သူ၏ကိုယ် ခန္ဓာမှာရှိသမျှ အင်္ဂါတွေ အားလုံးမှာကင်ဆာရှိ နေပါသည်။ သူ၏သွေးစီးချောင်းမှာပင် ကင်ဆာရှိပါသည်။ နေရာတိုင်းမှာ တစ်ကိုယ်လုံး ပျံ့နှံ့လျှက်ရှိပါသည်။ သူကထရန်ကြိုး စားသည်။ ဆက်လက်၍ထိုင်နိုင်ရန်လည်း သူကကြိုးစားပါသည်။ လက် အိတ်ကိုလည်း ဆွဲကိုင်လိုက်ပါသည်။

165 ၁၆၅။ ဝွပ်ဒိုး၊ ဝွပ်ဒိုး ကျွန်တော် ကတော့ ဘရာသာဘရမ်ဟမ်ဘမ်လိုပါဘဲလို့ ပြောလိုက်ပါသည်။ သူ၏ဖခင်မှာလည်း ဝွပ်ဒိုး ဘရာသာဘရမ်ဟမ်ကို မင်းမမှတ်မိဘူးလား။ ဒီမှာဘရာသာ ဘရမ်ဟမ် ရောက်နေတယ်လို့ ပြောလိုက်ပါသည်။ သူကတော့ ဟွန်း ဟွန်း ဟွန်းနှင့် သာပြောနေပါသည်။ သူ့ဖခင်ကလည်း ကျွန်တော့်ကိုကြည့်ပြီး ဘီလီခင်ဗျား လာတာသိပ်နောက်ကျ နေပြီနဲ့တူတယ်လို့ ပြောလိုက်ပါသည်။

နောက်ကျတယ်ဆိုတာ မရှိပါဘူး။ ကျွန်တော်တိုက်ပွဲဝင်ခဲ့ရပါသည်။ တစ်ခြားလူငယ်ကလေးများ၊ အပြစ်သားကလေးများ မြောက်များစွာတို့ ထိုနေရာမှာ ရပ်နေပါသည်။ အချို့တို့မှာ သူတို့၏ဆွေမျိုးများ ဖြစ်ကြပါသည်။ ကျွန်တော်ကလည်း လူကလေးများ မင်းတို့အသင့်ပြင်ဆင်ကြပါ။ မင်းတို့ဒီနေရာကိုလာ တယ်ဆိုတာ လာကိုလာရမှာဖြစ်လို့ ရောက်လာကြ တာဘဲ။ ဒီကင်ဆာရောဂါကြောင့် ရောက်လာရခြင်း မဟုတ်ပါ။ တစ်ခြားအ ကြောင်းအရာတစ်ခုခုကြောင့်လဲ ရောက်လာရမှာ ဖြစ်ပါတယ်။ တနေရာ ရာမှာ သွေးထွက်လွန်ပြီး သေလုမြောပါးဖြစ်တာတို့ တစ်ခုခုဖြစ်ပြီးရောက် ရှိလာနိုင်ပါတယ်။ ခင်ဗျားတို့ ရောက်ကိုရောက်ရှိလာရမှာပါ။ ကျွန်တော်ကလည်း သူတို့ကို စကားပြောပါသည်။ ဝိညာဉ်တော်ဘာလုပ်ရမည် ဘယ်လို ပြောရမည်ဆိုတာကို ကျွန်တော်စောင့်စားနေခြင်း ဖြစ်ပါသည်။ ပထမဆုံးအကြိမ် ကျွန်တော်သည် ဘုရားသခင်၏ခေါင်းငြိမ့်အ သိအမှတ်ပြုခြင်းကို ခံရပါသည်။ သူ့အပေါ်မှာ လက်တင်ပါဟု ကျွန်တော်ခိုင်းစေခြင်းကို ခံရပါသည်။

ကျွန်တော်လည်း ထ၍လျှောက်လိုက်ပြီး ပြောလိုက်ပါသည်။ ခင်ဗျားတို့ အားလုံးခေါင်းငုံ့ကြပါ။ သူတို့အားလုံး ခေါင်းငုံ့ကြပါသည်။ အခန်းထဲမှာ နှစ်ယောက် သုံးယောက်ခန့်ရှိပါသည်။ ကျွန်တော်လည်း သူ့အပေါ်မှာလက် တင်ပါသည်။ လက်တင်ပြီးတော့ ဆက်လက်ပြီးတော့ ကျွန်တော်ဆုတောင်း ပါသည်။ ကိုယ်တော်ရှင်အဖ ဤလူငယ်ကလေးအသိတရား အသိစိတ်ရရှိပြီး သူဘာလုပ်ရ မည်ဆိုသည်ကို သူ့ကိုသိရှိစေပါ။ အကြောင်းမှာ သူသည် တစ်စုံတစ်ခုကို ရင်ဆိုင်ရတော့မည်။ သူသည်သေဆုံးရတော့မည် ဖြစ် ပါသည်။ ဒီနတ်ဆိုးက သူ့ကိုတော်တော် ထိခိုက်ဒါဏ်ရာရအောင် လုပ် ထားပါတယ်။ သူဟာသူ့ ကိုယ်သူသေတဲ့ထိတိုင်အောင် အရက်သောက် ထားတာ ဖြစ်ပါတယ်။ သူဒီအခြေအနေမျိုး ရောက်နေပါတယ်။ ကိုယ်တော်ရှင် သူ့ကိုဂရုဏာသက်တော်မူပါမည့်အကြောင်း ကျွန်တော်ဆု တောင်းပါတယ် ဟုကျွန်တော်က ပြောလိုက်ပါ သည်။ ကျွန်တော်သူ့အတွက် ဆုတောင်းသည့်အခါမှာ နောက်တစ်နေ့မနက်မှာဆိုရင် သူဟာသူ့အဖေနဲ့ ထိုင်ပြီး စကားပြောနေပါတယ်။

166 ၁၆၆။ ဘတ်တီရောဂျက်စ်တို့မိသားစုက သိပ်မကြာသေးခင်က ကျွန်တော့် အားဆေးရုံသို့ခေါ်ကြပါတယ်။ ထိုနေ့က ကျွန်တော်သည် မီးလ်တောင်းမှာ သွားပြီး တရားဟောနေတဲ့အချိန်မှာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဂျော်ဂျီ ကာတာလေး အနာရောဂါငြိမ်းသွားပါတယ်။ ခင်ဗျားတို့အားလုံး မှတ်မိကြလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။

ဘရာသာစမစ် ရှိပါတယ်။ သူကမက်သဒစ်တရားဟောဆရာတစ် ဦးဖြစ်တယ်။ သူဘာပြောသလဲဆိုတော့ သခင်ယေရှုရဲ့နာမ ၌ တစ်စုံတစ်ဦး သောသူဟာ ဗတ္တိဇံမင်္ဂလာကိုခံထားတယ်ဆိုရင် ကျွန်တော့်ရဲ့တဲအောက် ကထွက်သွားပါ ဆိုပြီးပြောပါတယ်။ တော်တန်ပွတ်မှာလည်း အစည်းအဝေး ခေါ်သောအခါ အဲဒီအစည်းအဝေးမှာ သူအဲဒီလိုပြောကြားခြင်းဖြစ်ပါတယ်။ ကျွန်တော့်ကိုအမျိုးမျိုး ကြိမ်ဆိုခြင်းများ ပြုလုပ်ပါတယ်။ ကျွန်တော် ကတော့ ဘာတစ်ခုမှပြန်မပြောပါဘူး။ ဆက်ပြီးတော့ဘဲ သွားပါတယ်။ ကျွန်တော့်မှာ မဟာအမှုတော်မြတ်တာဝန်ကြီး ရှိပါတယ်။ ကိုယ်တော်ရှင်က ကျွန်တော့်ကို ရူပါရုံပြတာကိုလည်း မြင်ရပါတယ်။ သိုးသူငယ်လေးတစ်ကောင် အောက်မှာချိတ်ပြီး ကျနေပါတယ်။ တောထဲမှာ ကျနေခြင်းဖြစ်ပါတယ်။ ခင်ဗျား တို့အားလုံး အဲဒီရူပါရုံကို သတိရကြမှာပါ။ ခင်ဗျားတို့ သတိရကြလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ မှတ်မိကြပါရဲ့လား။

167 ၁၆၇။ ကျွန်တော်လည်း တောထဲကိုဆင်းသွားပြီး အဲဒီချိတ်နေတဲ့ သိုးသူငယ်ကလေးကို ရှာပါတယ်။

ကျွန်တော်ဟာ တော်တန်ပေါ့တ်ကိုသွားပါတယ်။ ဘရာသာရိုက်က အဲဒီမှာနေပါတယ်။ သူလည်းအဲဒီအကြောင်းကို သိပါ တယ်။ ကျွန်တော်တို့ ဆက်သွားပြီး ဘာလုပ်ရမည်ဆိုသည်ကို မသိပါဘူး။ ကျွန်တော်ဟာ ဆပ်ပြာဘူးလေးကိုဘဲ ယူဆောင်လာပါတယ်။ ကျွန်တော်အပြင်ထွက်သွားပြီးတော့ ရပ်နေပါတယ်။ အဲဒီမှာဘဲ ကျွန်တော်ရပ်ပြီး တရားဟောနေပါ တယ်။ သူကတော့ တောင်ထိပ်ကိုတက်ပြီးတော့ အရောင်းအဝယ်တစ်ခုခုပြုလုပ်မယ် လို့ဆိုပါတယ်။ ကျွန်တော်လည်း သူနဲ့ လိုက်သွားပါတယ်။ အဲဒီမှာ နှစ်ခြင်းအသင်းတော်ဟောင်းကြီး တစ်ကျောင်းရှိပါတယ်။ လူမရှိပါဘူး။ အဲဒီနေရာ ရောက်တော့ ကိုယ်တော်ရှင်က ကျွန်တော့်ကိုရပ်ခိုင်းပါတယ်။

ကျွန်တော်ကလည်း ဘရာသာရိုက် ဒီနေရာမှာ ကျွန်တော်အပြင်ကို ထွက်ပါရစေလို့ ပြောပြီးတော့ ရပ်လိုက်ပါတယ်။ သူကလည်း အပေါ်ကို တက်သွားပြီးတော့ ပြန်လာပါတယ်။ ကျွန်တော်လည်းသွားတယ်။ ဒါပေမဲ့ သူက တံခါးဖွင့်လို့မရဘူး။ ကျွန်တော်ကလည်း ကိုယ်တော်ရှင်၊ ကိုယ်တော်ရှင် ဤအထဲမှာရှိ တယ်ဆိုရင် ကျွန်တော့်ကိုလည်း ဘုရားကျောင်းထဲကို ဝင်စေချင်တယ်ဆိုရင် တံခါးကို ကျွန်တော့်အတွက်ဖွင့်ပေးပါလို့ ဆိုလိုက် ပါတယ်။ ကျွန်တော်အဲဒီ နေရာမှာ ထိုင်ပြီးတော့ စဉ်းစားနေမိပါတယ်။ တစ်စုံတစ်ယောက်သောသူ လာနေတာကို ကျွန်တော်ကြားရပါတယ်။ အပေါ်ကို တက်သွားပါတယ်။ သူကလည်း ကျွန်တော့်ကိုနှုတ်ဆက်ပါတယ်။ သူကဘာပြောလဲဆိုတော့ ခင်ဗျား ဘုရားကျောင်းထဲကို ဝင်ချင်လို့လား။ ကျွန်တော်ကလည်း ဟုတ်ပါတယ်ခင်ဗျာ။ ကျွန်တော့်မှာ သော့ရှိပါတယ်လို့ သူကပြောပါတယ်။

စည်းဝေးပွဲတစ်ခုကို စတင်ခဲ့ပါတယ်။ ပထမအစမှာ ဘာမှမထူးခြားပါဘူး။ ပထမဆုံးညမှာတော့ ပရိသတ်ရှိပါတယ်။ ဘရာသာ ရိုက်နဲ့ သူ့မိသားစု ဖြစ်ပါတယ်။ အဲဒီအပါတ်နောက်ဆုံးအချိန်ရောက်တဲ့အခါမှာ သူတို့ဟာ ဘုရားကျောင်းဝင်းထဲမှာတောင်မှ ရပ်မနေနိုင်ကြပါဘူး။ အဲဒီအချိန်အထိ ဘာသိုးမှလည်း ပေါ်မလာသေးပါဘူး။ ဘရာသာဟောလ်ကတော့ အဲဒီအ ချိန်မှာ ကယ်တင်ခြင်းရပါတယ်။ သူဟာအခု အဲဒီမှာသင်းအုပ်ဆရာ ဖြစ်နေပါတယ်။ ကျွန်တော်ဟာ ဒီသိုးသူငယ်လေး ဘယ်နေရာမှာ ရှိတယ်ဆိုတာ ဘယ်လိုမှ ရှာလို့မရပါဘူး။

မကြာခင်မှာဘဲ ခရစ်တော်အသင်းတော်ရဲ့အပြင်ဘက် တောင်ကုန်း လေးအောက်မှာ အသက်(၉)နှစ်နှင့်(၈)လအရွယ်ခန့် မိန်းကလေးတစ်ယောက် မလှုပ်ရှားနိုင်ဘဲ အဲဒီမှာတုံးလုံးလဲနေပါတယ်။ အဲဒီမှာဘဲ ဇာတ် လမ်းအစအဆုံးကို ခင်ဗျားတို့လည်း သိကြပါတယ်။

168 ၁၆၈။ ထိုနေ့နေ့လည်မှာ ဘက်တီရောဂျက်က အဲဒီမှာရပ်နေပါတယ်။ ကျွန်တော်အပြင်ကိုထွက်သွားပြီး ဘရာသာစမစ်ပရိ သတ်ကလည်း အဲဒီမှာ ရပ်နေကြပါတယ်။ ကျွန်တော့်ကို ဟာသလုပ်ကြပါတယ်။ သခင်ယေရှုရဲ့နာမ၌ ဗတ္တိဇံပေးတယ် ဆိုတာကို သူတို့က ဟာသလုပ်ကြပါတယ်။ (တမန် တော် ၂း ၃၈)

ရွံ့ပေနေတဲ့ တက်တန်စစ်ရဲ့ရေထဲမှာ ကျွန်တော်လမ်းလျှောက်ရပါတယ်။ အဲဒီမှာ ချောင်းကလေးတစ်ခုရှိပါတယ်။ ချောင်းက လေးဟာ ရေစီးလည်း တော်တော်သန်ပါတယ်။ ကျွန်တော်နဲ့အတူ သင်းထောက်နှစ်ဦးလည်း လျှောက်လာကြပါတယ်။ ကျွန်တော်က ကျွန်တော်ဒီနေ့လည်မှာ ဒီမှာရောက်ရှိပြီးနေရတဲ့အကြောင်းကတော့ ဘုရားသခင်ရဲ့နှုတ်ကပတ် တော်မြတ်ကို တင်ပြဘို့အတွက် ဖြစ်ပါတယ်။ သမ္မာကျမ်းစာထဲမှာ ရှင်ပေတရုပြောထားတဲ့ကျမ်းချက်ကို ကျွန်တော်ဖတ်မိပါတယ်။ သခင်ယေရှုရဲ့နာမ၌ ဗတ္တိဇံခံပါ။ နောင်တရကြပါ။ မိမိတို့ရဲ့အပြစ်ကို ဖြေလွတ်ခြင်းရရှိနိုင် ဘို့ရန်အတွက် ယေရှုနာမ၌ဗတ္တိဇံ ကိုခံပါလို့ ပေတရုကပြောခဲ့ပါတယ်။

ကျွန်တော်လှည့်ကြည့်လိုက်တဲ့အခါမှာ သင်းထောက်တစ်ယောက်ကို ကျွန်တော်က စာအုပ်ပေးလိုက်ပါတယ်။ ပေးပြီးထွက် သွားပါတယ်။ ထွက်သွားပြီးတော့ ကျွန်တော်ပြောမိပါတယ်။ ဘယ်သူဘဲဖြစ်ဖြစ်နောင်တရတယ် ဆိုရင် လာခဲ့ပါလို့ ကျွန်တော် ဘိတ်ခေါ်လိုက်ပါတယ်။ ရေထဲကိုလည်း လျှောက်ခဲ့ပါတယ်။ ကျွန်တော့်စိတ်ထဲမှာလည်း ကောင်းကင်တမန်တွေဟာ ဘေး တစ်ဖက်တစ်ချက်စီမှာ ထိုင်ပြီးကြည့်နေတယ်လို့ ထင်မှတ်မိရပါတယ်။ နှုတ်ကလည်း ကျွန်တော်ဖွင့်ဟပြီး ပြောဆိုမိပါ တယ်။

169 ၁၆၉။ အဲဒီအချိန်မှာ နှစ်ယောက်၊ သုံးယောက်လောက်ကို ဗတ္တိဇံပေးလိုက်ရ ပါတယ်။ သူ့ရဲ့ပရိသတ်တွေအားလုံးလည်း အဲဒီ မှာရှိပါတယ်။ ပိုးထည်တွေ အကောင်းစားတွေဝတ်ထားတဲ့ အမျိုးသမီးတွေလည်း ပါတယ်။ ရေကိုထိမိတာနဲ့ အသံကုန်အော် ဟစ်ကြပါတယ်။ သူ့ရဲ့အသင်းသားအားလုံးကို ယေရှုနာမ၌ ကျွန်တော်ဗတ္တိဇံပေးခဲ့ပါတယ်။ ခင်ဗျားတို့အားလုံးလည်း ဒီအ ကြောင်းကိုသိပါစေ။ ကျွန်တော်ဓါတ်ပုံရိုက်လာခဲ့ပါတယ်။ သင်တို့ယုံကြည်ခြင်းကို အပြစ်ကင်းစင်ခြင်းနဲ့ပေါင်းထည့်ခြင်းပင် ဖြစ်ပါတယ်။ ဘုရားသခင်က ဘယ်လိုလုပ်ရမလဲဆိုတာကို သိပါတယ်။ ဒီအရာတွေအားလုံးဖြစ် ပျက်လာဘို့ ဘုရားသခင်က ဘယ်လိုလုပ်ဆောင်ရမလဲဆိုတာကို သိပါတယ်။

သူတို့ဘာလုပ်ချင်သလဲဆိုတာကိုသာ ပြောကြပါစေ။ ဘာမှထူးခြား တဲ့အရာတွေကို မလုပ်ပါနဲ့။ ပုံမှန်သက်သက်သာ ဆက်ပြီးလုပ်ဆောင်သွားပါ။

ဘာစကီရုကြာက အဲဒီမှာရပ်နေပါတယ်။ သူကအဲဒါကိုတွေ့တဲ့အခါမှာ ဘာပြောသလဲဆိုတော့ ကျွန်တော့်ရဲ့စိတ်နှလုံး အကြွင်းမဲ့ ကျွန်တော်ယုံကြည်ပါတယ် ဟုဆိုပြီးတော့ ရေထဲကိုဆင်းလာပါတယ်။ သူ့ရဲ့အင်္ကျီအကောင်းကြီးတွေကိုဝတ်ပြီး ဆင်းလာပါတယ်။ ယေရှုနာမ၌သူဟာ ဗတ္တိဇံကိုခံပါတယ်။

170 ၁၇၀။ လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်ကဆိုရင် သူတို့ဟာအယ်လ် ဘာနီမှာရှိတဲ့ဆေးရုံမှာ ကျွန်တော့်ကိုဘိတ်ခေါ်ပါတယ်။ အဲဒီအချိန်မှာ သူရှိပါတယ်။ ကင်ဆာနဲ့သေလုမြောပါးဖြစ်နေပါတယ်။ ကင်ဆာရောဂါကို သူခံစားနေရပါတယ်။ ဆရာဝန်တွေ က သူဟာ နောက်တစ်နေ့မနက်အထိ သာ အသက်ရှင်လိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။ သူသေလုမြောပါး ဖြစ်နေပါတယ်။ ချက်ချင်းဘဲလာပါလို့ ခေါ်ကြပါတယ်။ ကျွန်တော်ဟာ အခန်းထဲဝင်သွားပါတယ်။ ကျွန်တော်အဲဒီအခန်းထဲမှာ မတ်တပ်ရပ်ပြီး ဆုတောင်း နေတဲ့အခါမှာ သူကပြောတယ်။ ဘီလီ အဲဒီဒေါင့်မှာဆိုရင် သက်တံ့တစ်ခု တွေ့ရတယ်။ သက်တံ့တစ်ခု ဝိုင်းရံပတ်နေတယ်ဆိုတာကို တွေ့ရတယ်လို့ ပြောပါတယ်။ (ဟေရှာယ ၅၃း၅၊ ၁ပေ ၂း၂၄) ကျွန်တော်လှည့်ပြီးတော့ ကြည့်လိုက်ပါတယ်။ နောက်ပြီးတော့လည်း ပြောပါတယ်။ ဘာစကီအဲဒါဟာ ပဋိညာဉ်ဘဲ။ မင်းမသေတော့ဘူး။ ဘုရားသခင် ရဲ့ ပဋိညာဉ်အသွေးတော် ဟာ မင်းကို ကယ်တင်တော်မူပြီ။ ကျွန်တော်သူ့အပေါ်ကို လက်တင်မယ်။ ပြီးတော့ဆက်ပြီးတော့ ဆုတောင်းမယ်။ ကိုယ်တော်ရှင်ဘုရား ကိုယ်တော်ရှင်ဖေါ်ပြတဲ့ ရူပါရုံအရ ကိုယ်တော်ရှင်ဒီမှာရှိတယ်ဆိုတာကို သက်သေပြ လျှက်ရှိပါတယ်။ ကိုယ်တော်ရှင်ရဲ့ ပဋိညာဉ်အရ သူ့ရဲ့ဒါဏ်ချက်တော်များအားဖြင့် ကျွန်တော်တို့အားလုံးဟာ အနာငြိမ်း လျှက်ရှိပါတယ်။ ကိုယ်တော်ရှင်လက်တော်ဟာ သူ့အပေါ်မှာတင်ပြီးတော့ ပေးပျောက်တော်မူပါလို့ဆုတောင်းတဲ့အခါမှာ သူဟာရောဂါပျောက်ကင်းသွားပါတယ်။ အိမ်ကို ပြန်ခွင့်ရသွားပါတယ်။

171 ၁၇၁။ လွန်ခဲ့တဲ့ လေးငါးနှစ်ခန့်က ဖြစ်ပါတယ်။ လေးနှစ်လောက် ဖြစ်မယ် လို့ထင်ရပါတယ်။ မြစ်ထဲမှာ ငါးမျှားနေတဲ့အချိန်မှာ ကင်ဆာရောဂါကိုစ တင်ခံစားရခြင်း ဖြစ်ပါတယ်။ ကင်ဆာရောဂါက လည်ချောင်းတစ် လျှောက်ကနေပြီးတော့ အစာအိမ်ထဲ ကို ကူးစက်သွားပါတယ်။ မာကြောတဲ့ အထုံးကြီးတစ်ထုံးဖြစ်နေတယ်လို့လည်း ဆရာဝန်တွေက ပြောပါတယ်။ ဆရာဝန်တွေ က သူ့ကိုကိုယ်ဖေါ့နည်းနဲ့ ကြိုးစားပြီးတော့ ကုသကြပါတယ်။ ဆွဲဆန့်ပြီးခြစ်ထုတ်၍ သူ့ကိုအစာများများ မြိုချနိုင်အောင် လုပ်ပေးရပါတယ်။ အစာဝင်လို့ရအောင် သူခက်ခက်ခဲခဲနဲ့ မြိုချရပါတယ်။ ဖြည်းဖြည်းချင်း အစာကိုစားရပါတယ်။ အစာတစ်ခါ စားဘို့အတွက် သူတော်တော်အခက်အခဲ ကြုံရပါတယ်။ သူအဲဒီမှာရောက်ရှိနေကြောင်း ကျွန်တော်လည်း မသိခဲ့ပါ။

သူတို့က သူ့အားခွဲစိတ်ကုသသည့်အခါ သူ့မှာအလွန်ဒုက္ခရောက်ခဲ့ ရပါတယ်။ လေဖြတ်သကဲ့သို့ဖြစ်ပြီးတော့ ဘေးတစ်ခြမ်းသေသွားပါတယ်။ သူဘာမှ မလုပ်နိုင်တော့ပါဘူး။ သူလုပ်နိုင်တာကတော့ အော်ဟစ်ငြီးတွားခြင်းသာ ဖြစ်ပါတယ်။ သူဟာလှုပ်ရှားနိုင်တဲ့ လက်တစ်ဘက်နဲ့ စာရေးပါတယ်။ တုန်ခါနေပါတယ်။ သူ့ရဲ့လက်တစ်ဖက်နဲ့ဘဲ စာရေးချရပါတယ်။ သူ့ရဲ့အခြားရဲ့လက်တစ်ဖက်ကတော့ လေဖြတ်ပြီးတော့ တွဲလောင်းကျနေပါ တယ်။ သခင်ယေရှုကယ်တင်တော်မူတယ်။ (၁၉၀၀)နဲ့ဘယ်နှစ်ခုနှစ်မှာ ဟုသူကရေးသားပါတယ်။ ဒါပေမဲ့လည်း ဆက်မရေးနိုင်တော့ပါဘူး။

အခုအခါမှာတော့ သူ့ဇနီးကဆိုပါတယ်။ ဘရာသာဘရမ်ဟမ် သူဘာဆိုလိုလဲဆိုတာ အဲဒီတုန်းက ကျမမသိပါဘူး။ ကျွန်တော်ကတော့ မစ္စစ်ရုကြာ သူဆိုလိုတာကတော့ (၁၉၀၀)ဘယ်နှစ်ခုနှစ်မှာ သူကယ်တင်ခြင်းရတယ်။ ယေရှုနာမ၌ ဗတ္တိဇံခံတယ်။ စသည်ဖြင့် သူရေးသားထားတာဖြစ်မှာပါ။ သူဟာသေဆုံးရမှာကို မကြောက်ဘူးဆိုတဲ့ သဘောလည်း ဖြစ်ပါ လိမ့်မယ်လို့ ကျွန်တော်ပြန်ဖြေပါတယ်။

ကျွန်တော်ကဆက်ပြီးတော့ ဆုတောင်းပါတယ်။ ကိုယ်တော်ဘုရား သူ့ရဲ့အသက်တာကို မရုပ်သိမ်းပါနဲ့။ သခင်ယေရှုရဲ့နာမ၌ ကျွန်တော်ဆက် ပြီးတော့ဆုတောင်းပါတယ်။ သူ့ရဲ့အသက်ကို မရုပ်သိမ်းပါနဲ့ဆိုပြီး သူ့အပေါ်မှာ လက်တင်ဆုတောင်း ပါတယ်။ လေဖြတ်တာကို ပျောက်သွားပြီးတော့ သူဟာ အိပ်ယာပေါ်မှ ထထိုင်နိုင်ပါတယ်။ အခုအခါမှာသူ သက်သေခံနိုင် ပြီဖြစ်ပါတယ်။

172 ၁၇၂။ သင်တို့သည် ယုံကြည်ခြင်း၌ သီလကိုငင်း၊ သီလ၌ပညာကိုငင်း၊ ပညာ၌ကာမဂုဏ်ချုပ်တည်းခြင်းကိုငင်း၊ ကာမဂုဏ် ချုပ်တည်းခြင်း၌သီးခံခြင်းကိုငင်း၊ သီးခံခြင်း၌ ဘုရားဝတ်ကိုပြု၍မွေ့လျော်ခြင်း၌ငင်း၊ ထိုမွေ့လျော်ခြင်း၌ ညီအစ်ကိုစုံ မက်ခြင်းကိုငင်း၊ ညီအစ်ကိုစုံမက်ခြင်း၌ ချစ်ခြင်းမေတ္တာကိုငင်း အလွန်ကြိုးစား၍ ထပ်ဆင့်ကြလော့။ သန့်ရှင်းသောဝိညာဉ် တော်နှင့်ခရစ်တော်သည် ကြွလာတော်မူမည်။ ကိုယ်တော်ရှင်နှင့်အတူ သန့်ရှင်းသောဝိညာဉ်တော်ရှိတော်မူပါသည်။ သခင်ယေရှုခရစ်၏ ဝိညာဉ်တော်သည်အသင်းတော်ထဲတွင် ထိုသီလနှင့်ပြည့်စုံသောအရာများကို ဖေါ်ပြမည် ဖြစ်ပါသည်။

(၁၂)နာရီထိုးရန်(၁၅)မိနစ်ပင်ရှိနေပါပြီ။

ကျွန်ုပ်ကိုယ်တော် ကိုချစ်ပါသည်။

ကျွန်ုပ်ကိုယ်တော်ကို ချစ်ပါသည်။

အကြောင်းမှာ ကိုယ် တော်က ကျွန်ုပ်ကိုပထမဆုံး စ၍ချစ်သောကြောင့် ဖြစ်ပါသည်။

ခင်ဗျားတို့ မပြန်ခင် ဒီသီချင်းကို ဆိုကြပါ။

ကျွန်ုပ်အတွက် ကယ်တင်ခြင်းကို ကိုယ်တော်ရှင်ဝယ်ယူခဲ့ပါသည်။

ကိုယ်တော် ဘာလုပ်ပါသနည်း...

ကျွန်ုပ်အတွက် ကယ်တင်ခြင်းကို ...ကိုယ်တော်ရှင်သည် ကားတိုင်ပေါ်တွင် ဝယ်ယူခဲ့ပါသည်.....ကိုယ်တော်ရှင်သည် ကျွန်ုပ်ကိုစ၍ချစ်သောကြောင့် ကျွန်ုပ်မည်သို့လုပ်ရပါမည်နည်း......ကိုယ်တော်ကို ကျွန်ုပ်ချစ်ပါသည်...... ကိုယ်တော်ကိုကျွန်ုပ်ချစ်ပါသည်......

ကိုယ်တော် ကျွန်ုပ်ကိုစ၍ ချစ်သောကြောင့်ဖြစ်ပါသည်.... အကြောင်းရှိပါသည်....

ကိုယ်တော်သည် ကားတိုင်ပေါ် တွင် ကျွန်ုပ်အတွက် ကယ်တင်ခြင်းကို ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်....

173 ၁၇၃။ ယနေ့မနက် ကိုယ်တော်ရှင်နှင့်အတူ ကျွန်ုပ်တောင်းခံလိုပါသည်။ စိတ်နှလုံးအကြွင်းမဲ့ တောင်းခံလိုပါသည်။ ကိုယ်တော်ရှင်၏ကျေးဇူးတော် ကိုယ်တော်ရှင်၏တန်ခိုးတော်အားဖြင့် ကျွန်ုပ်ဆုတောင်းပါသည်။ ကျွန်တော်နေ့စဉ်မပြတ် ဆုတောင်းခြင်းနှင့် ရှိနေပါမည်။ ဟောင်းနွမ်းသော ကျွန်ုပ်၏ဇာတိအရာများဖယ်ရှား၍ ကျွန်တော်သည်တစ်ဦးစီမှာ အသစ် သောဝိညာဉ်သဘောများ ရရှိနိုင်သည်အထိ ကျွန်တော်ဆုတောင်းပါမည်။ ကျွန်တော်၏အသက်တာသည် အသက်ရှင် တော်မူသော ခရစ်တော်၏ပုံသဏ္ဍာန်တော်ကို ဖေါ်ပြနိုင်သည်အထိ ဆုတောင်းပါမည်။ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အ တွက် အပြစ်သားဖြစ်ခဲ့ပါသည်။ ဘုရားသခင်ကဲ့သို့ဖြစ်ရန် အတွက် ဖြောင့်မတ်ခွင့်ရရန်အတွက် ကိုယ်တော်ရှင်က အပြစ်ကို ခံယူခြင်း ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် ကျွန်ုပ်ကိုယ်စား ခံယူခဲ့ပါသည်။ ကိုယ်တော်ကဲ့သို့ ကျွန်ုပ်ခံယူပါရစေ။ ကိုယ်တော်ရှင်သည် ကျွန်ုပ်အတွက် အသေခံသောကြောင့်ပင် ဖြစ်ပါသည်။

ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ဘယ်နှစ် ယောက် ထိုကဲ့သို့ဆုတောင်းပါမည်နည်း။ ယခု ကျွန်ုပ်တို့အားလုံး ခေါင်းငုံ့လျှက် လက်များကိုမြှောက်ထားလျှက် သီချင်း ဆိုကြပါစို့။

ကိုယ်တော်ကို ကျွန်ုပ်ချစ်ပါသည်။

ဤအသင်းတော်သည်လည်း ဆုတောင်းလျှက်ရှိပါသည်။

ကျွန်ုပ်လည်း ဆုတောင်းလျှက်ရှိပါသည်။

ခရစ်တော်၏ပုံသဏ္ဍာန် တော်ပြည့်ဝလျှက်ရှိနေစေရန် ဆုတောင်းပါသည်။

ကိုယ်တော်ရှင် ကျွန်ုပ်ကို ပထမစ၍ ချစ်သောကြောင့် ဖြစ်ပါသည်။

ကျွန်ုပ်၏ကယ်တင်ခြင်းအတွက် ကားတိုင်ပေါ်တွင် ဝယ်ယူသောကြောင့် ကိုယ်တော်ရှင်သည် ကျွန်ုပ်အား ပထမစ၍ ချစ်သောကြောင့်ဖြစ်ပါသည်။

MESSAGE hub online

ဒေသနာ ဝေငှသူ

**ဝီလီယမ်မာရီယမ် ဗရမ်ဟမ်**

'... နေ့ရက်များ၏ ကြွေးကြော်သံ ... ' (ဗျာဒိတ် ၁၀:၇)

www.messagehub.info